စာရေးသူ၏ (၉၀) အုပ်မြောက်

# မမသဒ္ဒါမောင်

## ရင်ခွင်ထဲက...အသည်းပန်းချီ



( အချစ်လုံးချင်းဝတ္ထုသစ် )

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၆၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုတော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၃၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ ⋅ ၈၃
မမသဒ္ဒါမောင်
ရင်ခွင်ထဲက အသည်းပန်းချီ/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၃၀၂ – စာ ၊ ၁၂ ⋅ ၃ × ၁၈ စင်တီ။
(၁) ရင်ခွင်ထဲက အသည်းပန်းချီ

# မမသဒ္ဒါမောင်

## ရင်ခွင်ထဲက အသည်းပန်းချီ

အချစ်ရဲ့နောက်ဆက်တွဲတမျက်နှာမှာ အမုန်းတွေ၊ နာကြည်းမှုတွေ၊ အာဃာတ,တရားတွေ ရှိနေလိမ့်မယ်လို့ ကိုယ်ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိတာအမှန်ပါ "နွေ"။ မင်းကို ရင်ထဲရှိသမျှ အကုန်ပုံပေးပြီး ချစ်ခဲ့မိတာပါ။ အခုတော့ မင်းကြောင့် မင်းအတွက်နဲ့ အချစ်တွေအားလုံး ပျက်သုဉ်းပြီး ငါ့ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သပ်ကုန်ပြီ။ ငါ့ကိုချစ်တယ်ဆိုတဲ့ မင်းရဲ့အချစ်တွေက ဒါတဲ့လား။

**မင်းသုတ**

Let not your wits go wool - gathering.

သင်၏စိတ်ကို မလွင့်ပါး ပါစေနှင့်၊ ..

# အခန်း (၁)

တစ်နေ့လုံး ပူထားခဲ့သည့် နေအရှိန်က ညနေမှာပင် မလျော့သေးပါ။ လေခပ်နွေးနွေးတိုက်နေတာမို့ အနည်းငယ်သာ အေးစေလေသည်။ သဘာဝလေကပင် သူ့ရင်ကို မအေးချမ်းစေပါလေ။ အထူးသဖြင့် နှလုံးသားမဲ့စက်ရုပ်နှယ် နေ့စဉ်လှုပ်ရှားနေရတာကိုက အဓိပ္ပာယ်မရှိသည့်ဘဝကို ဖြတ်သန်းနေရသည့်နှယ်ပါ။

"ဒေါက်! ဒေါက်! "

ရုံးခန်းတံခါးကိုခေါက်သံပေး၍ ရပ်နေသည့် မိန်းကလေးက သူ့ကို ခပ်ညှုညှုလေးကြည့်ရင်း ပြုံးပြနေလေ၏။ လှသည်၊ ချောသည်၊ တောင့်သည်၊ ဖြောင့်သည်၊ ပြည့်စုံသည် ဟူသည့်အချက်တို့ဖြင့် အရာအားလုံးတို့၏ပိုင်ရှင်က "မျက်ဝန်းညို" ပင် ဖြစ်ပါသည်။

အမည်နှင့်လိုက်ဖက်လွန်းပါသည့် ချောကလက်ရောင် မျက်ဝန်းတို့ကို ပိုင်ဆိုင်ထားသည့် မိန်းမချောလေးပါပဲ။

"ဒီနေ့ ပြန်ဖို့စိတ်ကူးရော ရှိရဲ့လား"

"ပြန်မှာပေါ့၊ အလုပ်လက်စမှ မသပ်ရသေးတာ"

"ညနေ (၅) နာရီကျော်နေပြီ သုတရဲ့"

"အိမ်က ထွက်မပြေးပါဘူးကွာ"

"အိမ်က ထွက်မပြေးမှန်းတော့ သိတာပေါ့၊ လူက ထွက်ပြေးသွားရင် ဘယ်နှယ်လုပ်မလဲ"

နောက်လိုက်မှန်းသိသော်ငြား ရင်ထဲ အောင့်သွားတာအမှန်ပါ။ စေ့စပ်ပွဲနီးလာသည်နှင့်အမျှ သူ့အပေါ် မျက်စိအောက်က အပျောက်မခံနိုင်အောင် စောင့်ကြည့်နေသည့် 'မျက်ဝန်း' ပင် မဟုတ်ပါလား။ ငယ်သူငယ်ချင်းဖြစ်နေသည့်အလျောက် လိုက်လျောစွာ ဆက်ဆံမှုတို့က အဖြူရောင်သက်သက်ချည်းသာ ဖြစ်လေ၏။ ချစ်သူဖြစ်ဖို့အတွက် အဆင့်ကို သူ လှမ်းတက်ဖို့ စိတ်ကူးမရှိပေမယ့် မိဘတွေကြောင့် စေ့စပ်ဖို့အထိ ဖြစ်လာရချေပြီ။

"ပြီးတယ်ပေါ့လေ"

"မပြီးလို့ မဲ့ပြရမှာလား"

"စကားကို ကန့်လန့်ပြောပြီ"

ရုံးခန်းထဲဝင်လာနေပြီမို့ computer ခလုတ်ကို နှိပ်ကာ





လုပ်လက်စအလုပ်တို့ကို save လုပ်ပြီး သိမ်းလိုက်ရတော့၏။ သူမ, သူ့ဘေးသို့ရောက်လာတိုင်း ဘာမှဆက်လုပ်၍မရအောင် အနှောင့်အယှက် ဖြစ်တတ်လို့ပါပဲ။ တစ်ကုမ္ပဏီတည်း အတူတူလုပ်ရပြီး ဌာနမတူတာတောင်မှ လစ်ခနဲဆို သူ့ထံ ရောက်လာတတ်သဖြင့် သူ အခက်ကြုံရလေ၏။

"တက်နေဝန်း" ကုမ္ပဏီ၏ MD ဖြစ်သူ "ဦးနေလင်း" နှင့် "ဒေါ်သက်ထားဝေ" ၏ တစ်ဦးတည်းသော သမီးနှင့် သူ့ကို လက်ထပ်မည့်ချစ်သူတွေဟု တစ်ကုမ္ပဏီက လူတွေအကုန်သိထားတာမို့ သူမ ဤသို့ ရဲတင်းပြဝံ့တာလည်း ဖြစ်ပါသည်။ တစ်ချောင်းချောင်း လာနေတာကို "မလာနှင့်" ဟု သူ မည်သို့တားလို့ရပါမည်နည်း။ သူမက သူ့ထိုင်နေပါသည့် ဆုံလည်ထိုင်ခုံ၏ လက်ရမ်းကို ခပ်မှီမှီ လာရပ်လိုက်လေ၏။ အနှောင့်အယှက်ကတော့ စလေပြီ။

"ဒီလောက် ရာသီဥတုပူနေတာကို"

"ဘာလဲ မျက်ဝန်းကို ပူတယ်လို့ပြောချင်တာပေါ့လေ"

"လူမှာ ကိုယ်ငွေ့ရှိတာ မသိဘူးလား။ ပြီးတော့ ကိုယ်လည်း တစ်နေကုန် အလုပ်ထိုင်လုပ်နေရတော့ ချွေးနံ့တွေစွဲကုန်မှာစိုးလို့ပါ"

"အဲဒီအနံ့ကိုပဲ မျက်ဝန်းက နှစ်သက်ခဲ့တယ်ဆိုရင်ကော"

ကဲ! ... အဲဒါပါပဲ။ Computer ကို Power ပိတ်ပြီးသည်အထိ စောင့်ပြီးမှ စားပွဲထက်ရှိ ရှုပ်နေသမျှတို့ကို ခပ်သွက်သွက်

သိမ်းရလေ၏။ သူက တစ်ယောက်သူနှင့်မှလွဲ၍ စကားများများ ပြောခဲ့တာမှ မဟုတ်တာ။ အထူးသဖြင့် သူ့ကို လိုသည်ထက်ပို၍ သံဓါပိုလွန်းနေပါသည့် သူမကို တီတီတာတာစကားတို့ မပြောလိုပါလေ။

“သုတ”

“အင်း”

အံ့ဆွဲထဲသို့ ပစ္စည်းတွေ ထည့်နေတာကိုသာ အာရုံစိုက်နေပြီး သူမကို လှည့်မကြည့်ဖြစ်ပါ။ အေးအေးလူလူနေတတ်သည့် သူ၏ စရိုက်နှင့် သွက်သွက်လက်လက် နေတတ်သည့် သူမ၏အကျင့်က တကယ့်ကို လားရာဆန့်ကျင်ဘက်ပင် မဟုတ်ပါလား။ ဤသို့သော လူငယ်နှစ်ယောက်ကိုမှ မိဘတွေက နှစ်အိမ်ကို ရွှေလမ်း ငွေလမ်း ဖောက်ပြီး ခင်းပေးချင်ရတယ်လို့ ခက်ပါရဲ့။

“ခေါ်ရင်ကြည့်လေ”

သူ သက်ပြင်းရှိုက်မိတော့၏။ အလိုက်မသိတာကတော့ ရှေ့ဆုံးမှာပါပဲ။ မိဘတွေ၏ ချမ်းသာမှုအရှိန်အဝါက “မျက်ဝန်းညို” အပေါ်မှာ အပြည့်အဝ ဖုံးအုပ်ထားသည့်နယ်ပါ။ ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်ချင်တာကိုသာ ရှေးရှု၍ လုပ်ဆောင်တတ်သလို တစ်ပါးသူ၏ စိတ်ကို နည်းနည်းလေးမှ ငဲ့ကွက်မှုမရှိတာ မဟုတ်ပါလား။ ငယ်စဉ်ကတည်းက အတန်းဖော်တွေအပေါ် အနိုင်လုပြီး မာနကြီးခဲ့သည့် မိန်းကလေးပါပဲ။





“ဘာလဲ မျက်ဝန်းရာ။ ကိုယ် ဒီမှာ အလုပ်မပြီးသေးတာ မြင်ရဲ့သားနဲ့”

“အဲဒါမျိုးတွေကို မကြိုက်တာပေါ့”

“ဘယ်လို”

“မျက်ဝန်းခေါ်နေရင် ကြည့်ပေါ့ သုတရယ်”

“ကျစ်!”

“ဒယ်ဒီနဲ့ ပြန်တိုင်မှာနော်”

လက်မောင်းကို ဖတ်ခနဲပိတ်ရိုက်ခြင်းခံရလေ၏။ မတူတာမှ နည်းနည်းလေးမှ မတူတာအမှန်ပါ။ အသံကျယ်ကျယ် ပြောတတ်တာ လေသံမာနှင့် ခပ်ဆတ်ဆတ်အသံမျိုး တစ်ဖက်သားကို ခပ်နှိမ်နှိမ် အထင်တသေးဖြင့် ဆက်ဆံတာ၊ သိမ်မွေ့နူးညံ့မှုမရှိဘဲ ဘောက်ဆတ် ဘောက်ဆတ် လမ်းကိုလျှောက်တာတို့က “မျက်ဝန်းညို” ထံမှသာ ရှိနေတာလေ။

ကျောလယ်ခန့်ရှိသည့် ဆံပင်ရှည်ကို တစ်လကောက်လိုက်၊ နောက်လပြန်ဖြောင့်လိုက် သိပ်မကြာခင် step ညှပ်လိုက်ဖြင့် စိတ်အပြောင်းအလဲမြန်လွန်းသည့် မိန်းကလေးပါ။ တစိုက်မတ်မတ်ဖြင့် အာရုံတစ်ခုတည်းရှိတာကဖြင့် သူ့ကိုသာ ဖြစ်လေသည်။ သူငယ်ချင်းမို့ သည်းခံခွင့်လွှတ်ပေးခဲ့တာဖြစ်သော်ငြား လိုတာထက် ပိုရောင့်တက်ချင်လာတတ်တာကိုဖြင့် သူမအပေါ် သူ စိတ်ခုချင်တာအမှန်ပါ။

"ကုမ္ပဏီမှာရှိနေရင် အလုပ်ချိန်ပဲဆိုတာ သိသင့်တာပေါ့"

"I don't care anybody"

"အဲဒီလိုလုပ်လို့မရဘူးလေ။ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေရတာ အများအမြင် မသင့်လျော်တာမျိုးကို ရှောင်ရတဲ့ လူ့စည်းဆိုတာ ရှိတယ်"

"ပြောစမ်းပါဦး။ မျက်ဝန်းက ဘာအမှားလုပ်မိလို့လဲ"

"ပြောမှသိ၊ ထိမှနာ" ဆိုသည့် အစားထဲကပါပဲလား။ စိတ်ညစ်လိုက်တာ 'နွေ' ရယ်။ ကိုယ်က 'နွေ' ကို အသက်လိုချစ်ခဲ့ပေမယ့် လမ်းခွဲလိုက်ကတည်းကစပြီး ဒီနေ့အထိ အဆင်ပြေသည့်နေ့ရယ်လို့ တစ်ရက်မှ မရှိခဲ့ပါလေ။ အချစ်တွေအကုန်ပုံပေးခဲ့တာမို့ ရင်ထဲမှာ အချစ်ဆိုသည့်အရာက သေးသေးလေးတောင် မရှိသလို အပျော်ဆိုတာက နှင်းပျောက်သည့်နွေနှယ် အရိပ်တောင်မှ မရှိတော့ပါချေ။

"အမှားမဖြစ်ခင် ကြိုပြီး ဆင်ခြင်တာက ပိုမကောင်းဘူးလား"

"စကားလုံးအကြီးကြီးတွေ မပြောချင်ပါနဲ့လား သုတရယ်"

"ကြီးကျယ်ပြီးပြောတာ မဟုတ်ရပါဘူး။ ကိုယ့်အိမ်မဟုတ်တဲ့နေရာမှာ ကြည့်နေမယ့် မျက်လုံးတွေက အများကြီးရှိတယ်လေ"

"မျက်ဝန်းတို့က Engage ပဲ လုပ်ကြတော့မယ့်ဟာ။ ဘာကို ဆင်ခြင်ပြီး နေပြရမှာလဲ။ အရေးမပါတာ"





"မျက်ဝန်းကလည်းကွာ၊ ပြောရတာခက်လိုက်တာ"

"ဘာခက်လို့လဲ"

"ကုမ္ပဏီမှာ စကားမများချင်ဘူး"

"ကြည့်!"

သူ့မျက်မှောင်ကြုတ်လျက် ထရပ်လိုက်ပါ၏။ ပြိုင်ပြောလို့လည်း နိုင်မည်မထင်ပါလေ။ အမြဲတစေ "စကားနည်းရန်စဲ" နေတတ်ခဲ့ပေမယ့် "မျက်ဝန်းညို" က မီးစရှာတတ်သည့် Gas နှယ် အန္တရာယ်များ လွန်းတာပါ။ ခက်သည်က သမီးမိန်းကလေးလိုချင်သည့် မေမေ 'ဒေါ်ဆွေဇင်မြင့်' က 'မျက်ဝန်း' ကို ရင်နှင့်အမျှ ချစ်ခဲ့တာဖြစ်လို့ပါပဲ။

"မျက်ဝန်းအပေါ်ကို ဘယ်အခါမှ ကြင်ကြင်နာနာ ပြောမှာလဲ"

"ဟော!...လုပ်ပြန်ပြီ"

"ဟုတ်တယ်လေ၊ ဆံပင်အရှည်ထားမှလား။ ဒါမှမဟုတ် ဆေးထိုးအပ်တွေ နားကျပ်တွေကိုင်တဲ့"

"တော်တော့! မျက်ဝန်း။ ဆက်မပြောနဲ့တော့ ကိုယ်မကြားချင်ဘူး"

"အနာထိလိုက်ရင် ဆတ်ဆတ်ထိကို မခံဘူး။ တကယ်ပဲ"

"အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ ကြာနေပြီ။ မေ့ထားတဲ့

ကိစ္စကို အစပြန်မဖော်ချင်ပါနဲ့လား"

"မေ့ရော မေ့နိုင်လို့လား။ အမှတ်မထင်လေး တစ်ခွန်းပြော လိုက်တိုင်း မျက်နှာက သိသိသာသာ ကြီးပျက်နေတာပဲ။ ပါးစပ်ကသာ မေ့တယ်ပြောတာ ရင်ထဲကဖြင့်"

"အဲဒီကိစ္စကို ဒီလိုပဲ တစ်သက်လုံး တေးမှတ်ပြီး ပြောနေ မယ်ဆိုရင် ကိုယ်တို့ စေ့စပ်မယ့်ကိစ္စကို ရှေ့ဆက်ဖို့ စဉ်းစားရလိမ့်မယ်"

"သိပါတယ်, သိပါတယ်၊ တစ်ဆိတ်ရှိ ဒီအညှာကိုပဲ ကိုင် လှုပ်မယ်ဆိုတာကို။ မျက်ဝန်းကဖြင့် ဒီလောက်သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးလိုက်ရတာ၊ နားလည်ပေးလိုက်ရတာ၊ သုတရင်ထဲမှာ မျက်ဝန်းက အရိပ်လေးတောင်မှ ရှိပါရဲ့လား"

ဒေါသဖြင့် အော်လေပြီ။ အဲဒါတွေကိုပဲ သူမကြိုက်တာပါ။ လက်တွဲဖော် အိမ်ထောင်ဦးစီးဖြစ်လာမည့် လူကို နည်းနည်းမှ လေးစား မှုမရှိသလို အားကိုးဖို့ဆိုသည်က ဝေလာဝေးပါပဲ။ ယုံကြည်မှုမထားနိုင် သည့် အိမ်ထောင်ရေးကို မည်သို့ထူထောင်၍ ရပါမည်နည်း။ အိမ် ထောင်မှုအလုပ်ဆိုလည်း ကြက်မွေးတဲ့မြက်စည်းပင် ယောင်၍မျှမကိုင် လက်ရေမစိုအောင် ဖူးဖူးမှုတ်အလိုလိုက်ခြင်းတို့ဖြင့် ရှင်သန်ခဲ့ရသည့် ခပ်ပေါ့ပေါ့ သူဌေးသမီးမို့ ဘာမှ အလေးအနက်မရှိပါလေ။

"စိတ်ကောက်မနေနဲ့၊ အိမ်ပြန်မယ်ဆိုပြီး"

"ကောက်တော့ရော ချော့လို့လား"





မျက်စောင်းခဲလေ၏။ လှသည့်မိန်းကလေးဆိုတာကိုတော့ သူ ဝန်ခံပါသည်။ သို့သော် တစိမ့်စိမ့်အကြည့်ခံသည့် ရုပ်ရည်တော့ မဟုတ်ပါ။ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်း၊ နှာခေါင်း၊ နှုတ်ခမ်း၊ လည်တိုင်၊ ဆက်တံ၊ လက်ချောင်း စသဖြင့် အနုစိတ်အကြည့်ခံသည့် မိန်းကလေး နှင့် မနှိုင်းယှဉ်မိအောင် စိတ်ကို အမြဲထိန်းထားခဲ့ရတာပါ။ စကားကို လေသံသွဲ့သွဲ့မျှသာ တိုးတိုးပြောလျက် သိမ်မွေ့ခြင်းတို့ဖြင့် ဣန္ဒြေရှင် တဖြင့် အခုတော့ သူ့အနီးမှာ မရှိတော့ပြီ။

"ချော့တာ စိတ်မရှည်တာ သိလျက်သားနဲ့"

"မျက်ဝန်းအတွက် သုတအသည်းက ခပ်မာမာပဲရှိတာလား"

"အသည်းတွေ,အသက်တွေ ဒီမှာ ဆွေးနွေးစရာလား။ ပြန် ကြမယ်"

"သုတ"

"ကားမယူလာဘူး မဟုတ်လား"

"မယူလာဘူး၊ မနက်က ဒယ်ဒီ့ကားနဲ့ ကပ်လိုက်လာတာပါ"

"ဒါဖြင့် ကိုယ့်ကားနဲ့လိုက်မှာ မဟုတ်လား၊ သွားကြမယ်"

မျက်နှာရှုပ်၍ ရပ်နေသေးတာမို့ သူ အတော်လေးစိတ်ပျက် ရလေ၏။ မဖြစ်သေးပါဘူး 'မျက်ဝန်း' နှင့် ပြဿနာဖြစ်တာကိုသိတိုင်း သူ့ကို မေမေက အမြဲဆူပူတတ်တာပါ။ အညှာကိုကိုင်တယ်ဆိုပြီး ပြောရတယ်လို့၊ တကယ်တမ်း အညှာအကိုင်ခံရသည်က သူကိုယ်တိုင်

သာ ဖြစ်နေတာပါလေ။ မေမေချစ်သည့် 'မျက်ဝန်း' အပေါ် သူ
ဘယ်လို ဆန့်ကျင်လို့ရပါမည်နည်း။

လက်ကောက်ဝတ်မှ ဆွဲခေါ်ခဲ့စဉ် သူ့မမျက်နှာထက်မှာ အပြုံး
က ချက်ချင်းဖြစ်တည်လေ၏။ ကုမ္ပဏီထဲမှထွက်ခဲ့စဉ် သူ့လက်မောင်း
ကိုမှီ၍ လျှောက်နေသဖြင့် သက်မောရှိုက်မိရပြန်လေသည်။

* * *



## အခန်း (၂)

အိမ်ဘေးရှိ ကာရံထားပါသည့် ရေချိုးခန်းလေးထဲမှ ထွက်
လိုက်၏။ တစ်ရက်စာဝတ်ထားပါသည့် Uniform ကို တစ်ခါတည်း
လျှော်သည့်အကျင့်ကရှိတာမို့ ညနေတိုင်း လျှော်ဖြစ်လေသည်။ ဇလုံထဲ
မှအင်္ကျီကို ချိတ်ဖြင့်ခါပြီး ချိတ်လှန်းလိုက်ပါ၏။ လုံချည်ဇလုံထဲမှ
လုံချည်နီနီလေးကို အနိမ့်ကတန်းမှာ လှန်းထားလိုက်ပါသည်။

ရင်ဘက်ထက် လွှမ်းထားပါသည့် မျက်နှာသုတ်ပဝါဖြင့်
မျက်နှာကို ပွတ်သုတ်လိုက်စဉ် ရင်ထဲမှာတစ်မျိုးကြီး ဖြစ်သွားရပါ၏။
ကျွန်မကို တစ်စုံတစ်ယောက်က ကြည့်နေသလိုပါပဲလား။ အိမ်နောက်
ဘက်ရှိ တိုက်ပေါ်သို့ မကြည့်မိအောင် စိတ်ကိုတင်းထားရလေသည်။
မတွေ့ချင်မြင်လျက်သားဆိုသကဲ့သို့ ကျောချင်းကပ်ခြံမှာနေခဲ့ရတာပါ။

အမှတ်မထင် တစ်ခါတစ်ရံ ဆုံနိုင်ပေမယ့် တမင်တကာကို မသိမမြင် ယောင်ဆောင်ရတာက ပို၍ ခက်ခဲလွန်းလေ၏။

"သမီး ရေချိုးတာပြီးပြီလား"

"ဟုတ်ကဲ့ မေမေ"

"ဒါဖြင့် သိပ်မမှောင်ခင် ထမင်းစားကြစို့ကွယ်"

"ဟုတ်ကဲ့ပါ မေမေ၊ နွေ ဟင်းရည်အိုးပူအောင် နွှေးလိုက်ဦး မယ်"

"အေး ... အေး"

မေမေ 'ဒေါ်နှင်းမြ' က ကြမ်းထက်ရှိ ဖျာပေါ်မှာ လာအိပ် ထားပါသည့် ဝိတ်စတွေကို အကျိုးပုံစံချ၍ ဂရုစိုက်ညှပ်နေလေသည်။ ကျွန်မက ဆေးရုံမှာ သူနာပြုအလုပ်ဝင်လုပ်နေသလို မေမေသည် လည်း တစ်ဖက်တစ်လမ်း အိမ်မှာစက်ချုပ်၍ ဝင်ငွေရှာတာမို့ သားအမိ နှစ်ယောက် စားလောက်သလို ပိုငွေအနည်းငယ်ကို စုမိကြပါ၏။ လောဘကင်းသည့် သမာအာဇီဝအလုပ်မို့ မည်သည့်အပူမှ မရှိပါဘဲ အစဉ်အေးချမ်းမှုရှိသည့် တစ်ထပ်အိမ်လေးက အမြဲတစေ တိတ်ဆိတ် ငြိမ်သက်နေတာပါ။

အခန်းတွင်းသို့ဝင်ကာ ပြတင်းလိုက်ကာကို အလင်းရောင်ဝင် ရန် အနည်းငယ်မျှ ဟထားလိုက်ပါ၏။ မှန်တင်ခုံစားပွဲဘေး ထောင် ထားပါသည့် ကျောက်ပျဉ်ကို ချလျက် ရှင်မတောင်သနပ်ခါးတုံးကို





ရေများများဖြင့် အားပါးတရ သွေးလိုက်ပါသည်။ မျက်နှာနှင့်လည်ပင်း၊ ခုံး၊ လက်မောင်း နှစ်ခုစလုံးကို ဖွေးအောင်လူးလိုက်သလို အနည်းငယ် ပိုနေသေးပါသည့် သနပ်ခါးကို လက်ဝါးထဲသို့ ထည့်လိုက်ပြီး ခြေ အနည်းငယ်ဆင်းလျက် လိမ်းလိုက်ပါ၏။

လေတဖြူးဖြူးတိုက်နေသဖြင့် သနပ်ခါးက တစ်ခဏနှင့် ခြောက်သွားလေသည်။ မျက်နှာကို သွားပွတ်တံနှုန်ဖြင့် ခပ်ဖွဖွခြစ်ကာ သနပ်ခါး မကွက်အောင် ညှိလိုက်ပါ၏။ အဝတ်ဗီရိုအပုလေးကို ဖွင့်၍ အိမ်နေတစ်ပတ်နွမ်းရင်စေ့ ဘလောက်စ်အကျီနှင့် ပါတိတ်ခပ်နွမ်းနွမ်း ကို ယူဝတ်လိုက်ပါသည်။ ပြီးနောက် မှန်ရှေ့မှာ ပြန်ထိုင်လျက် တီး ကျော့ပတ်ထားပါသည့် ဆံနွယ်ရှည်တို့ကို ဖြည်ချလိုက်၏။

"နွေ့ဆံပင်လေးတွေကို မောင် သိပ်ချစ်တာ"

နားထဲကြားယောင်လိုက်မိသဖြင့် ခေါင်းကို ဆတ်ခနဲ ခါ လိုက်ရပါသည်။ ဆံနွယ်တွေကို ရှင်းတိုင်း သူပြောသည့်စကားတို့ကို ပြန်ကြားယောင်နေဆဲပါ။ ဆေးနံ့တွေစွဲမနေစေရန် လက်နှစ်ဖက်ကို သေချာဆေးတိုင်း ဒီလက်ဖမိုးတို့ကို အမြတ်တနိုးဖြင့် သူ တယုတယ ဆုပ်ကိုင်နမ်းရှိုက်ခဲ့တာတို့က အမြဲအမှတ်ရစရာတွေပါလေ။ မေ့နိုင်ဖို့ ကြိုးစားရသည်က အင်အားတို့ နည်းလွန်းနေရတာမဟုတ်ပါလား။

"သရက်ချဉ်လေး သုပ်လိုက်မယ်နော် မေမေ"

"ကောင်းတာပေါ့ သမီးရယ်။ ရာသီဥတုက သိပ်ပူတော့

အချဉ်လေးနဲ့တွဲစားရမှ အဆင်ပြေမှာ''

မနက်က ချက်သွားပါသည့် ပဲနီလေးဟင်းချိုအိုးကို အဖုံးဖွင့်လျက် လျှပ်စစ်မီးဖိုဖြင့် ပြန်နွှေးလိုက်ပါ၏။ ရေမချိုးခင်က ခြွေထားပါသည့် ကန်စွန်းရွက်ဆေးထားသည့် ဆန်ခါကုံးကို သွားယူကာ ကြက်သွန်ဖြူဥတစ်လုံးလေးတွေကို ငါးလုံးခန့် ဝရုတ်ကျည်ပွေ့ဖြင့် ခပ်ဖွဖွ ထုလိုက်ပါသည်။ ပဲအိုးပူတော့မှ ဟင်းရည်အိုးကိုချ ဆီအိုးတည်၍ ကြက်သွန်ဖြူဆီသပ်ကာ ကန်စွန်းရွက်ကြော်လိုက်၏။ အငန်များသွားမည်စိုးသဖြင့် ဆားနှင့်ဟင်းခတ်မှုတ်ကိုသာဖြူး၍ နှံ့အောင်ဂေါ်ဖြင့် လိမ့်ကာ အဖုံးအုပ်လိုက်ပါသည်။

ကြက်သွန်နီတစ်လုံးကို အခွံနွာ၍ ရေဆေးကာ စဉ့်တီတုံးထက် ပါးပါးလှီးလိုက်၏၊ အသုပ်အမြဲလုပ်စားတတ်သဖြင့် ကြက်သွန်နီဆီချက် ချက်ထားပါသည့် ပုလင်းကို ကြောင်အိမ်ထဲမှသွားယူလိုက်ပါသည်။ ရေခဲသေတ္တာသေးသေးလေးထဲမှ သရက်ချဉ်ထုပ်ကို ယူလိုက်ပြီး ပန်းကန်ပြားထဲ အနည်းငယ်ထည့်စဉ် ကန်စွန်းရွက်ကြော်အနေတော် ခပ်စိမ်းစိမ်းကျက်ပြီမို့ မီးခလုတ်ပိတ်လျက် အိုးကို ချလိုက်ပါ၏။

သရက်ချဉ်ကို ပုစွန်ခြောက်အနည်းငယ်ထောင်း၍ ကြက်သွန်နီပါးပါးလှီးထားတာနှင့် ဆီချက်၊ ငံပြာရည်နည်းနည်း ဟင်းချိုမှုန့်အနည်းငယ်၊ ငရုတ်သီးအကျက်မှုန့်နည်းနည်းဖြင့် သုတ်လိုက်ပါသည်။ လက်ကိုစင်အောင် သေချာပြန်ဆေးလိုက်ပြီး ဟင်းပန်းကန်တို့ကို





အရင်ဆုံး ပြင်လိုက်၏။ ပုစွန်ခပ်လတ်လတ်လေးတွေ အခွံချွတ်၍ ဆီပြန်လေးကတစ်ခွက်၊ ကန်စွန်းရွက်ကြော်က တစ်ပန်းကန်၊ သရက်ချဉ်သုပ်နှင့် ပဲဟင်းချိုတို့ကို ထည့်ပြီးမှ ပုလင်းထဲမှ ငါးပိကြော်ကို ပန်းကန်ပြားလေးဖြင့်ထည့်၍ ဖွန်းသေးလေးတပ်လိုက်ပါသည်။

နောက်ဆုံးမှ ပေါင်းအိုးထဲမှ ထမင်းပူပူကို ကြွေပန်းကန်နှစ်ချပ်ထဲ ပြင်ထည့်လိုက်ပြီး ကြွေရည်သုတ်ထမင်းအုပ်အသေးလေးထဲမှာ လိုက်ပွဲထမင်းကိုထည့်လိုက်ပြီး ဖွန်းကြီးတပ်လိုက်၏။ အိမ်ရှေ့ (ဘုရားစင်ရှေ့ရှိ အခန်းကျယ်) မှာပင် စားပွဲဝိုင်းလေးကို အရင်ချ၍ အဝတ်ဖြင့် ဖုန်မရှိစေရန် သုတ်လိုက်ပြီးမှ နောက်ဖေးမှာပြင်ထားပါသည့် စားစရာတို့ကို တစ်ခုစီ လင်ပန်းထဲမှာအကုန်စုထည့်သယ်လာပြီး ထမင်းပွဲပြင်လိုက်ပါသည်။

''ညစာပြင်ပြီးပါပြီ မေမေ''

''အေး . . . မေမေ လက်ဆေးလိုက်ဦးမယ်''

ခုတ်ဘူးထဲမှ ရေနွေးပူပူကို လက်ဖက်ခြောက်နှပ်ထားပါသည့် ကြွေခရားထဲ ရောလိုက်ပြီး အကြမ်းပန်းကန်လုံးနှစ်ခုထဲသို့ ရေနွေးကြမ်းဝါဝါလေးတွေ ငှဲ့ထည့်လိုက်ပါသည်။ မေမေ့ ထမင်းပန်းကန်အနီးမှာတစ်ခွက် ကျွန်မသောက်ဖို့အတွက် တစ်ခွက် နေရာချ၍ ထားလိုက်၏။ မေမေ လက်ဆေးပြီးရောက်လာစဉ် ထမင်းပွဲပြင်စဉ်က ရှေ့သို့ကျလာပါသည့် ကျစ်ဆံမြီးကျစ်ထားပါသည့် ဆံပင်ကို

ကျောဘက်သို့ပြန်ရွှေ့လိုက်ပါသည်။

''စံပယ်ဖူးမှာထားတာ လာမပို့သေးပါလား''

''အချိန်ရှိသေးရင် နွေ့ပဲ သွားယူလိုက်ပါ့မယ် မေမေ။ ထမင်းစားပြီး အညောင်းပြေလမ်းလျှောက်ရင်းပေါ့''

''မေမေ့သမီးလည်း ပင်ပန်းလှပါပြီ''

''မေမေကမှ တစ်နေကုန်အညောင်းမိနေတာ ပိုပင်ပန်းတာပါ''

''နားနားနေနေ ချုပ်ပါတယ် သမီးရယ်။ ဒီရက်ပိုင်းက ရှင်ပြုနားသ အလှူတွေနဲ့ မင်္ဂလာဆောင်တွေ ဆက်နေလို့ အပ်ထည်တွေ များနေတာပါ''

''မေမေ့ကို ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ''

''သမီးသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါကွယ်။ နေ့တစ်လှည့် ညတစ်လှည့်နဲ့ အလုပ်လုပ်နေရတာ စိတ်ရောကိုယ်ပါ ပင်ပန်းတယ် မဟုတ်လား။ ပိန်လည်း ပိန်သွားသလိုပဲ''

လူပင်ပန်းတာထက် စိတ်ပင်ပန်းတာကသာ ပိုပင်ပန်းတာပါလေ။ ခေါင်းထဲမှာ အတွေးတွေရှိတိုင်း မျက်ရည်ဝဲလာတာမို့ ကိုယ်ခန္ဓာကို ပင်ပန်းအောင် အလုပ်ထဲမှာနစ်ပြီး ခိုင်းတာမို့ ညဘက်မှာ မောမောနှင့် အိပ်ပျော်ခဲ့တာ ဘယ်လောက်ကြာခဲ့ပါပြီလဲ။ စိတ်ကို အလိုလိုက်ခဲ့မိလို့ နှလုံးသားက နာကျင်ခံစားခဲ့ရတာလေ။





သတိမရချင်ပါ၊ မတမ်းတလိုပါ၊ မလွမ်းချင်လို့ပါပဲ။ သတိရတဲ့အခါ အတိတ်ကို မမေ့နိုင်သလို ဖြစ်တော့မှာလေ။ တမ်းတမိသည့်အခါ သူ့ကိုမြင့်ချင်သည့် လောဘက ရှိလာပါလိမ့်မည်။ လွမ်းဆွတ်မိသည့်အခါမှာဖြင့် မျက်ရည်တို့က ဖင်လယ်ပမာ ပြည့်လျှံလာပါလိမ့်မည်။ ဒီတော့ ဘာကိုမှ မစဉ်းစားမိစေရန် စိတ်ကို ထိန်းချုပ်ထားရတော့တာပါပဲ။

''နွေက နဂိုကတည်းက ဘယ်မှာအသားရှိလို့လဲ မေမေရယ်''

''မျက်နှာလည်း ချောင်သွားတာ မြင်နေရလို့ပါ သမီးရယ်။ ပြီးခဲ့တာတွေကို ပြန်အမှတ်ရမနေဘဲ ကိုယ့်ဘဝရှေ့ရေးကိုသာ ကြည့်ပါ။ သိပ်ကြီးအမြင့်မှန်းသလိုလည်း ထပ်မဖြစ်စေနဲ့ပေါ့။ တစ်ကြိမ်မှန်းခဲ့ရဖူးတာကို သင်ခန်းစာယူပါ''

အမြင့်ကို မှန်းသတဲ့လား။ ကျွန်မက ကျွန်မက 'မောင့်' အပေါ် ချစ်ခြင်းတွေ ပေးခဲ့မိတာက အမြင့်ကိုမှန်းတာတဲ့လားကွယ်။ 'မောင်' ရော ဤသို့ ထင်မှတ်ယူဆခဲ့ပါသလား။ မတူနိုင်တဲ့အဆင့်ကို ဆက်ကြည့်ဖို့ စိတ်မကူးခဲ့ပါ။ မမီတဲ့ပန်းကို တံချူနှင့်ချူပါသည်ဟု အပြောခံရမှာစိုးပြီး ခေါင်းကို အတန်တန်ခါခဲ့ပါလျက် နှလုံးသားကို ညာ၍မရခဲ့ခြင်းကြောင့်ပါလေ။

''သူနဲ့ထပ်မဆုံတော့ပါဘူး မေမေ။ တမင်တကာ မတွေ့

အောင်လည်း အတတ်နိုင်ဆုံး ဆင်ခြင်ပါတယ်''

''ကိုယ့်ကို တန်ဖိုးထားတဲ့သူ၊ ဇနီးမှတ်မှတ် ချစ်မြတ်နိုးမယ့် အမျိုးသားမျိုးနဲ့ တွေ့ဖို့ကိုပဲ မေမေ သမီးအတွက် ဆုတောင်းပေးပါတယ်ကွယ်။ နောက်တစ်ခါမှာသာ စိတ်ကို အလိုမလိုက်ဘဲ ဦးနှောက်နဲ့သာ ရွေးချယ်ဆုံးဖြတ်ပါ''

''ဟုတ်ကဲ့ပါ''

စိတ်အလိုလိုက်ခဲ့ပါသတဲ့။ ရိုးရိုးမိုက်မိုက်အရွယ်မျိုးမဟုတ်ပါဘဲ 'မောင့်' အပေါ် ကျွန်မချစ်ခဲ့ရတာပါ။ မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်တကြည့်ကြည့်ရှိခဲ့တာ။ ရင်ခုန်သံတွေ ပြောင်းဆန်အောင် အကြည့်နက်နက်တို့ဖြင့် ညှို့ယူခဲ့တာ။ နှလုံးသားတဆတ်ဆတ်တုန်အောင် အထွေးအပွေ့ အဖက်အပိုက်မှာ ရုန်းထွက်လို့မရဘဲ နစ်မြုပ်ခဲ့ရလို့ပါပဲ။

''အချစ်'' ဟူသည့်အရာကို နားလည်တတ်ကျွမ်းစေရန် 'မောင်'သာ ကျွန်မကို သင်ပေးခဲ့တာပါလေ။ နှလုံးသားက ချစ်တတ်လာလေမှပဲ ကျွန်မတို့ချစ်ခြင်းတွေကို ရပ်တန့်ပစ်ခဲ့ရတယ်လို့ ချစ်သူဆိုသည့် ကျွန်မနှင့် 'မောင်' ကာယကံရှင်နှစ်ယောက်၏ ဆန္ဒကဖြင့် မြူမှုန်မျှ နည်းနည်းလေးတောင်မပါပါဘဲ ဝန်းကျင်မှဂယက်ကြောင့် ကျောခိုင်းလမ်းခွဲခဲ့ရတာလေ။

နောက်ဆုံးလမ်းခွဲမှာ နောက်ဆုံး မျက်ရည်ကိုမကျစေဘဲ နောက်ဆုံးအသည်းကွဲပြဇာတ်ကို ပီပီပြင်ပြင် ကပြသရုပ်ဆောင်ပြခဲ့သည်က 'နွေပန်းချီ' ဆိုသည့် ကျွန်မပါပဲ။ အခုတော့ တွေ့လည်းမြင်သလို မြင်လည်းမသိသလို ဘယ်တုန်းကမှ မချစ်ခဲ့ဖူးသည့်သူစိမ်းတွေနှယ် ဘာသိဘာသာဖြင့် အကြည့်လွှဲခဲ့ကြရတာ မဟုတ်ပါလား။ ဟိုတုန်းက ချစ်ခြင်းတို့က နွေလယ်မှာ ပျက်တဲ့ အိပ်မက်နှယ် ခြောက်ခြားစရာအတိနှင့် ပြည့်ဖုံးကားချခဲ့ရတာပါလေ။ အချစ်ဆိုတာ လူနှစ်ယောက်ရဲ့ရင်ထဲက စိတ်ဝိညာဉ်အသက်ပါပဲ။ ထိုအရာ သေဆုံးပျောက်ကွယ်သွားမှုဖြင့် အခွံချည်းသပ်သပ်သာ ရှိခဲ့တာပါ။

ဩော် 'မောင်' ရယ်။ မုန်းမေ့နိုင်မယ့်နေ့ကို အမြန်ဆုံးရောက်နိုင်တဲ့အတွက် 'မောင့်' ကို ကျွန်မ ကျေးဇူးတင်ပါတယ်လေ။

''မောင်တော့မယ် သမီးရယ်၊ မြန်မြန်သွက်သွက် သွားလိုက်ဦး''

''ဟုတ်ကဲ့''

ထမင်းစားပြီး ပန်းကန်အပေတို့ကို ရေကပြင် ကျောက်ပြားထက် ခပ်သွက်သွက် ဆေးလိုက်ပါ၏။ ဒီနေရာက အမိုးသာရှိပြီး အကာမရှိသည့်နေရာမို့ နောက်ဖေးဘက်အိမ်မှ အထင်းသားမြင်နေရတာပါ။ အရင်ကတော့ ဒီမှာ ကျွန်မရှိနေစဉ် သူက အိမ်ပေါ်မှ လှမ်းကြည့်ရင်း စကားပြောတတ်ကြတာပါလေ။ ခုတော့လည်း ဘာမှမဟုတ်တော့သည့်နှယ်ပါ။

''နွေ, သွားတော့မယ် မေမေ''

ညက စ၍မှောင်ကာနီးမို့ မေမေက စက်ချုပ်သည့်အလုပ်ကို ရပ်လိုက်ပါ၏။ ကြယ်သီးတပ်စရာတွေ၊ လက်ချုပ်လိုက်စရာတွေကို တော့ ကျွန်မက ကူလုပ်ပေးသဖြင့် မေမေ့အလုပ်က အမြန်ဆုံးပြီးလေ သည်။ စီးနေကျစက်ဘီးကို ဆေးထားပြီးပြီမို့ ပြန်ထုတ်၍ မစီးတော့ပါ ဘဲ ခြံဝင်းလေးထဲမှထွက်လိုက်ပါ၏။ လမ်းထိပ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်ရင်း ရပ်ကွက်ဈေးဘက်သို့ ဦးတည်လိုက်ပါသည်။

''တီ!''

နောက်ဘက်မှ ကားဟွန်းသံကြောင့် လမ်းဘေးသို့ပိုကပ်၍ လျှောက်လိုက်ပါ၏။ မှောင်ခါစဖြစ်နေသော်ငြား ဘယ်သူ့ကားမှန်း ကျွန်မ သဲသဲကွဲကွဲ သိနေပါသည်။ လမ်းကြားထဲမှာ အရှိန်ကိုပြင်း၍ မောင်းသွားသဖြင့် ကားအိပ်ဇောပိုက်မှအငွေ့တွေက ထောင်းခနဲ ပျံ့ ကုန်လေ၏။ ဝန်းကျင်ကို ခုထိ အနှောင့်အယှက်ပေးတတ်တုန်းပါပဲ လား။

လာပို့ပြီး ပြန်သွားတာပေါ့လေ။ မတွေ့ချင်ပါဘူးဆိုတာကို အရိပ်အယောင်ပြရတယ်လို့။ နှာခေါင်းနှင့်ပါးစပ်ကို လက်ဖြင့်အုပ်၍ ဆက်လျှောက်ခဲ့စဉ် လမ်းမကြီးမှ ကွေ့ဝင်လာသည့် စက်ဘီးကို မြင် လိုက်ရပါသည်။ အခုပဲ သွားမယ့်ဟာ ကျွန်မ မပင်ပန်းရလေအောင် ပန်းပို့သမားလေးက ရောက်လာပါရောလား။





''ကလင်! ကလင်!''

''မနွေ!''

''ဖိုးကျော်၊ အခုပဲ မလာအားဘူးထင်လို့ လာယူတော့မလို့''

''လာပို့ပေးမှာပေါ့ဗျာ၊ ဝယ်နေကျဖောက်သည်ကို မိတ်ပျက် အောင် လုပ်ပါ့မလား။ ရေမတောက်နဲ့တော့နော်။ ဒီအတိုင်းပဲ ချိတ် ထားလိုက်။ မနက်ကျ သူ့ဘာသာပွင့်လိမ့်မယ်၊ ရော့''

''ကျေးဇူးပါပဲ''

အပ်ချည်ကြိုးဖြင့်သီ၍ စုစည်းထားပါသည့် စံပယ်ကုံးတို့ကို လှမ်းယူကာ ငွေတစ်ထောင်ပေးလိုက်ပါ၏။ 'ဖိုးကျော်'က စက်ဘီးကို ပြန်လှည့်မောင်းသွားလေတော့သည်။ စံပယ်ကုံးတွေကို ခပ်မြင့်မြင့် လေးကိုင်လျက် အိမ်ဘက်သို့ ပြန်လျှောက်လာစဉ် ခြံဝမှာရပ်နေပါ သည့် သူမကို တွေ့လိုက်ရလေ၏။

လူကို အထင်သေးဟန်ဖြင့် မဲ့ပြကာ ခြံတံခါးကို အသံမြည် အောင် တမင်ဆောင့်၍ပိတ်လိုက်လေသည်။ 'မျက်ဝန်းညို', နင်က ငါ့ကို အထင်တသေးနှင့် စောင့်ကြည့်နေတုန်းပဲလား။ စောစောက ကားဖြင့်ပြန်သွားသည့် 'မင်းသုတ' နှင့် စကားပြောလား။ မျက်လုံးဖြင့် ကြည့်ပြီး ဆုံသလားဆိုတာကို သိချင်နေမှန်း ကျွန်မသိနေပါသည်။ အချိန်တစ်နှစ်ကျော်ကြာခဲ့တာတောင်မှ စိတ်မချသေးဘူးပေါ့လေ။

❋ ❋ ❋

# အခန်း (၃)

Breakfast ဝိုင်းမှာထိုင်တိုင်း၊ အစားအသောက်စားဖြစ်တိုင်း တစ်ယောက်သောသူကို သတိရဆုံးအချိန်တွင် ဖြစ်နေတုန်းပါပဲ။ သူတို့ 'မျက်ဝန်း' တို့အိမ်တွေမှာ မနက်စာကို ကော်ဖီနှင့် မုန့် အမြဲတစေ သောက်တတ်ပေမယ့် 'နွေ' ကဖြင့် ဆီပါလေရုံမျှ လိမ့်ကြော်ထားပါ သည့် ထမင်းလော့်ကို ငါးပိရည်ဆမ်း၍ဖြစ်စေ၊ ပဲပြုတ်နှင့်ရောကြော် ၍ဖြစ်စေ ဒါမှမဟုတ် ထမင်းကြမ်းအဖြူကိုပဲ ဆားအနည်းငယ်ဖြူး၍ နယ်ကာ ပဲကပ်ကြော်၊ ဘူးသီးကြော်တစ်ခုခုဖြင့် ဖိုက်ပြည့်အောင် စားလေ့ရှိလေသည်။

သူတို့အိမ်မှာ အသားဟင်းမျိုးစုံကို မရိုးအောင်ချက်စားလေ့ ရှိပေမယ့် 'နွေ' တို့အိမ်မှာကဖြင့် အရွက်ကြော်၊ အသုပ်၊ ဟင်းချို





ငါးပိချက်၊ ငါးပိရည်တို့စရာတို့က အမြဲတစေ အဓိကဟင်းဖြစ်ပြီး ငါး ပုစွန်၊ ငါးခြောက် စသည့် အသားတို့က တစ်ခါတစ်ရံသာ ချက်ဖြစ်သည့် အရန်ဟင်းလျာသာ ဖြစ်ခဲ့ပါသည်။ ဆီပါလေရုံ အနံ့ မွှေးမွှေးဖြင့် အိုးကပ်လေးချက်သည့် ငါး၊ အာလူးသေးသေးလေးတွေ ဖြင့် အချဉ်ချက်ထားသည့် ငါးနီတူငါးခြောက်၊ အကောင်ကြီးကြီး မဟုတ်ပါဘဲ ခပ်သေးသေးပုစွန်ကိုသာ ဈေးတော်၍ ဝယ်စားသည့် ဆီပါလေရုံ ပုစွန်ဟင်းကပ်မွှေးမွှေးလေးက အရသာရှိအောင် ချက်စား တတ်တာအမှန်ပါ။

ထမင်းစားမြိန်အောင် တစ်ခွက်အမြဲပါလေ့ရှိသည့် သရက်ချဉ် သုပ်၊ ပဲပြားသုပ်၊ ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ်၊ မျှစ်သုပ်၊ ကန်စွန်းရွက်ပြုတ်သုပ်တို့က တခြားသောအိမ်တို့မှာ ဘယ်သောအခါမျှ မစားရသည့် ဟင်းလျာပါပဲ။ ငါးပိရည်တို့စရာက အမြဲပါတတ်သလို တစ်ခါတစ်ရံ ငန်ပြာရည်ချက်လို၊ ငါးပိချက်၊ ငါးပိကြော်လေးဖြစ်ဖြစ် ပါအောင် ချက်စားကျင့်ရှိကြတာပါ။

ထိုသို့သောလက်ရာကို စားဖူးပြီးကတည်းက ထမင်းကို ဟက်ဟက်ပက်ပက် မစားဖြစ်သည့် 'မင်းသုတ' တစ်ယောက် မြိုးမြိ ချွေတာစားရပါသည်ဆိုသည့် 'နွေ' တို့အိမ်မှာ ထမင်းနှစ်ပန်းကန် အမြဲစားဖြစ်တော့တာပါလေ။ မိန်းမသားတို့တပ်အပ်သည့် အချက် အပြုတ် အချုပ်အလုပ်စသည်တို့ကို တတ်ကျွမ်းရုံမျှမက အပြင်ထွက်

ပြီး ဝင်ငွေပါရှာနိုင်စွမ်းရှိသည့် မိန်းမသားတွေထဲမှာ သူ၏ 'နွေပန်းချီ' က ထိပ်ဆုံးစာရင်းဝင်တစ်ယောက်ပါပဲ။

လှပယဉ်ကျေးသော၊ သိမ်မွေ့နူးညံ့သော၊ အလှတွင် အယဉ်ဆင့်သည့် နုပျိုချောမိန်းမပျိုလေးကို နေ့စဉ်နှင့်အမျှ အရိပ်တကြည့်ကြည့်ဖြင့် ပိုင်ဆိုင်လိုစိတ် လောဘတို့က ရင်တွင်းမှာ ဖြစ်တည်ခဲ့ရတာပါ။ ဖွဲ့ကြိုးသူတစ်ယောက်၏ ချစ်ခြင်းကွန်ရက်ကြားမှာ ရုန်းမထွက်နိုင်အောင် အချစ်တို့ဖြင့် နွေတစ်ယောက် ပိတ်လှောင်ခဲ့မိတာပါလေ။

မိုးမမြင်လေမမြင် ချစ်ခဲ့ကြပါ၏။ စက္ကန့်နှင့်အမျှ အရိပ်ကြည့်ပြီး ဆုံခဲ့မိပါသည်။ 'နွေ့' အပြုံးနုနုလေးအောက်မှာ သူ အဘယ်မျှ ပျော်ဝင်ခဲ့ရပါသလဲ။ 'နွေ့' ပါးပြင်ထက်ရှိ ပါးချိုင့်လေးကို လက်ညှိုးဖြင့် တို့၍ဆော့ကစားမိတိုင်း၊ 'နွေ့' ဆံနွယ်ရှည်တို့ကို ဆွဲကိုင်ချော့မြူမိတိုင်း၊ 'နွေ့' လက်ဖမိုးဖြူဖြူလေးကို ငုံ့မွှေးလိုက်မိတိုင်း 'မင်းသုတ' ၏ နှလုံးသားက ရေစပ်မှပုစွန်ဆိတ်လေးတွေနှယ် တဖျတ်ဖျတ် ခုန်ပေါက်လာခဲ့ရတာပါ။

တစ်နေ့မမြင်ရလျှင် မနေနိုင်အောင်၊ တစ်ညစကားမပြောရလျှင် နေမထိထိုင်မသာဖြစ်ရလေအောင် တကယ့်ကို အရူးအမူး ချစ်ခဲ့မိကြတာပါ။ အနာဂတ်ကို မျှော်တွေးဖို့ထက် လက်ရှိပစ္စုပ္ပန်မှာပဲ ပျော်ချင်သလိုပျော်ရွှင်ခဲ့ကြတာအမှန်ပါလေ။ ကံကြမ္မာဆိုတာ လူတွေကို ဘယ်တော့မှ မျက်နှာသာမပေးဘူးဆိုသည့်စကားပုံက သူနှင့် 'နွေ'





အတွက် အမှန်ကန်ဆုံးဖြစ်လာခဲ့လေ၏။

လမ်းခွဲစဉ်မှာ မျက်ရည်တစ်ချက်မကျပါဘဲ တုန်လှုပ်ခြင်း ကင်းစွာဖြင့် သူနှင့် မျက်လုံးချင်းဆုံကာ 'လမ်းခွဲကြစို့' ဟု ပြောတာကို ကြားခဲ့ရတာပါ။ အကြောင်းပြချက် မယ်မယ်ရရမရှိပါဘဲ 'မချစ်နိုင်တော့လို့ပါ' ဟူသည့်စကားကို သူ အဘယ်မျှ အံ့ဩခဲ့ရပါသလဲ။ ဘာကြောင့်လဲ ဘာဖြစ်လို့လဲဟူသည့် မေးခွန်းတွေကို ထိုစကားတစ်ခွန်းနှင့်သာ အဆုံးသတ်ခဲ့ရတာပါလေ။

"သား ဘာတွေစဉ်းစားနေတာလဲ"

မေမေ့အသံကြောင့် အတွေးလွန်နေရာမှ သတိဝင်သွားရပါ၏။ လူက အရယ်အပြုံးမဲ့ခဲ့တာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။ နှစ်ကိုယ်တူချစ်ခဲ့ကြချိန်မှာ အချိန်နာရီတွေ၊ နေ့ရက်တွေက အမြန်နှုန်းဖြင့် ပြောင်းလဲခဲ့ပေမယ့် အထီးကျန်အသည်းကွဲခဲ့ချိန်မှာဖြင့် တစ်စက္ကန့် တစ်မိနစ် တစ်နာရီ တစ်နေ့ရက်ကဖြင့် အချိန်အကြာဆုံးဖြစ်ခဲ့ရတာပါလေ။ တစ်နှစ်ဟူသည့်ကာလက သုံးရာသီစက်ဝန်းဖြင့် ကမ္ဘာကြီးလည်ခဲ့ပေမယ့် ရှည်ကြာလွန်းသည့် ကာလရှည်ကြီး ဖြစ်ခဲ့ရပါ၏။

"ဘာမှမစဉ်းစားပါဘူး မေမေ"

"ခုထိ မမေ့နိုင်သေးဘူးလား"

အရှိက်ကို ထိလေ၏။ အပေါ်ထပ်နောက်ဖေးဝရန်တာတံခါးကို မဖွင့်မိအောင် အမြဲပိတ်ထားခဲ့ရတာ။ နောက်ဖက်ခြံကို ယောင်၍မျှ

မကြည့်မိအောင် အမြဲသတိထားချုပ်ထိန်းနေရတာက အဘယ်မျှ
ခက်ခဲလွန်းပါသလဲ။ ပြတင်းပေါက်မှ အလင်းဝင်အောင် ဖွင့်တိုင်း
ပျံ့ထောင်အိမ်အပုလေးကို ဖျတ်ခနဲကြည့်မိပေမယ့် အရိပ်မမြင်အောင်
လိုက်ကာကို အမြန်ဆွဲပိတ်မိစဉ်ကော မျက်ရည်တို့ ဝဲခဲ့ရတာက နေ့စဉ်
နှင့်အမျှပါပဲ။

သူတစ်ယောက်တည်းကိုသာ ပထမဦးဆုံး ချစ်ခဲ့သည့် အချစ်
ဦးချစ်သူအဖြစ် သတ်မှတ်ယူဆခဲ့ပါသည့် 'နွေပန်းချီ' ၏အသည်းက
ဤမျှ မာနေမည်ဟု မထင်ခဲ့မိပါချေ။ နောက်ထပ် အသစ်တစ်ယောက်
တွဲတာကို အခုအချိန်အထိ မတွေ့ရပါဘဲ သူ့ကိုချန်ရစ်ခဲ့ ထားရစ်ခဲ့
ပစ်ပယ်ခဲ့သည့် မိန်းမလှလေး၏အမုန်းကဖြင့် အုံ့ညြွဖွယ်ရာပါ။

သူ၏ ရင်နှင့်နှင့်အလွမ်းတို့ ယခုတိုင် အစိမ်းသက်သက်
အတိုင်း ရှိနေဆဲပါလေ။

"မမေ့လို့ဘယ်ဖြစ်ပါ့မလဲ။ Sweety လေးနဲ့ စေ့စပ်ဖို့အထိ
အခြေအနေတောင်ရောက်နေပြီကို။ အစ်ကို့သားကသာ မတုန်မလှုပ်
ကျောက်ဆစ်ရုပ်လုပ်နေတာ"

မေမေဝင်ပြောတာက သူ့ကို ပို၍စိတ်ရှုပ်စေပါ၏။ ငယ်စဉ်
ကတည်းက ဖယ်ရီအတူစီးပြီး ကျောင်းအတူတက်ခဲ့သည်က 'မျက်ဝန်း
ညို' နှင့်သူပါ။ ထိုသို့ အတူသွားလာကစားခဲ့ပါသည့် မိန်းကလေးက
သူ့ရင်ကိုမခုန်စေပါဘဲ လွယ်အိတ်လေးပိုက်ကာ ရပ်ကွက်အနီးရှိ





ကျောင်းဆီ ခပ်သုတ်သုတ်လေး လျှောက်နေပါသည့် ကျစ်ဆံမြီးနှစ်
ချက် ပါးကွက်ကြားနှင့် ကောင်မလေးကိုမှ နှလုံးသားက ကရုဏာမိုးစွေ
ရွာခဲ့မိတာပါ။

ဆီဦးထောပတ် အကောင်းစားအစားအစာတွေထက် 'နွေ'
တို့အိမ်မှ ဆီမပါသည့် ကန်စွန်းရွက်ချဉ်ရည်ဟင်းကိုမှ ဘာကြောင့်
သွားအရသာတွေ့ခဲ့ရပါသလဲ။ ခြံထဲမှာ လုပတန်ဖိုးရှိသည့် သစ်ခွတွေ
ပန်းဆီတွေ မြောက်များစွာပွင့်တာကို မြင်ရပါလျက် ပိတုန်းရောင်
ဆံနွယ်ထက်ရှိ စံပယ်တစ်ပွင့်၊ ကံ့ကော်တစ်ခက်၊ ခရေတစ်ကုံးကိုမှ
သဘောကျပြီး ပြုံးခဲ့မိရပါသလဲ။

မိုးသားပြာပြာကို နောက်ခံပြုထားပါသည့် မျက်ဝန်းအစုံက
မွေးကင်းစကလေးလေးနှယ် ကြည်လင်နေပြီး မျက်ဆံနက်နက်လေး
၏ အကြည့်က အလွန်တရာမှ အပြစ်ကင်းစင်လွန်းခဲ့တာပါ။ အဲဒီ
အကြည့်နက်နက်လေးကပင် 'မင်းသုတ' ၏ ရင်ဘတ်ထဲမှ နှလုံးသား
တစ်ခုလုံးကို သိမ်းပိုက်ယူငယ်သွားခဲ့ရတာလေ။

မင်းကို 'မောင်' သိပ်ချစ်ခဲ့ရပါတယ် 'နွေ'။

"ဘယ်လိုလဲ သား"

"ကျွန်တော် ပြောခဲ့ပြီးပါပြီ၊ မေမေတို့သဘောပါလို့"

"ဘယ်လိုကြီးလဲ သားရယ်။ အိမ်ထောင်ပြုရမှာက သားပါ။
လူကြီးတွေသဘောကျရင် ပြီးရောဆိုပြီး မျက်စိမှိတ်လက်ထပ်

ဖြစ်အောင် သားက အသက်မဲ့နေတဲ့အရုပ်မှ မဟုတ်တာ''

''မျက်ဝန်းကို မေမေသိပ်ချစ်တယ် မဟုတ်လား''

''မှန်တယ်လေ''

''အဲဒါဆို ပြီးပြီပေါ့၊ မေမေ သဘောကျမယ့်ချွေးမကို ရွေးထားပြီးပြီပဲ''

''သုတ မေမေ့ကို မရွဲ့နဲ့နော်''

''ကျွန်တော် မှန်တာကိုပြောတာပဲ''

''အဲဒီအကြည့်၊ အဲဒီမျက်နှာပေးမျိုးကိုပဲ မကြိုက်တာ။ Sweety က သားအတွက် ဘာများငြင်းစရာရှိတဲ့ မိန်းကလေးမို့လို့ မကြည်မသာ ဖြစ်နေရတာလဲ''

''ဒီလိုပဲနေတတ်တာ မေမေ သိပါတယ်''

''အဲဒီလိုတော့ မပြောနဲ့ မင်းသုတ၊ သားကို မေမေမွေးခဲ့တာပါ။ မျက်နှာတစ်ချက်ကြည့်ရုံနဲ့ စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ မေမေ သိပြီးသား။ ညာတယ်ဆိုလည်း ပိပိရိရိရှိသင့်တာပေါ့။ ကြက်ကြီး လည်လိမ်ဝင်နေသလိုပုံစံမျိုး ဖြစ်နေတာက ဘယ်တော့မှ ပျောက်မှာတဲ့လဲ''

စိတ်ထဲမြင်နိုင်တယ်တဲ့လား။ ဒါဖြင့် ရင်ဘတ်ထဲကဒဏ်ရာဗလပွ၊ မှန်းရာအပြည့်နှင့် သူ့နှလုံးသားကိုရော မမြင်ဘူးလား။ ဦးညွှတ်ခစားခဲ့ပါသည့် အရှင်သခင်မ၏ စွန့်လွှတ်ခြင်းခံရပါသည့် ဥပေက္ခာ





အမိန့်အောက်မှာ ငုတ်တုတ်သေဆုံးခဲ့ရပါသည့် သူ၏ သနားဖွယ်ရာနှလုံးသားလေးကိုပါလေ။

''ကျွန်တော် မျက်ဝန်းကို သူငယ်ချင်းလိုပဲ သဘောထားတာခုချိန်ထိပါ''

''မချစ်နိုင်ဘူးလို့ အပြတ်ပြောတာပေါ့လေ''

''ဆွေ''

''အစ်ကို့သားပြောပုံကို မမြင်ဘူးလား''

''လူကြီးမိဘတွေ စီစဉ်ပေးတာကို ဟုတ်သလို ခေါင်းညိတ်ပြီး ငြိမ်ခဲ့တဲ့လူက စေ့စပ်ပွဲနီးလာမှ ဘာထဖောက်ရတာလဲ သား။ ဖေဖေတို့ မျက်နှာပျက်ရအောင် မလုပ်ပါနဲ့''

''ကျွန်တော် လက်ခံပါတယ် ဖေဖေ''

''ဘာ''

''မျက်ဝန်းကို ငြင်းနေတာမှ မဟုတ်တာ။ တစ်ခုပါပဲ သူ့ကို ချစ်ဖို့အတွက် ကျွန်တော့်နှလုံးသားမှာ နေရာမရှိဘူးဆိုတာပါ''

''ကြည့်!''

''သားလုပ်ပုံတွေ မဟုတ်သေးဘူးနော်။ မိဘက အတင်းနိုက်ပြီး ပေးစားရအောင် မသိနားမလည်တဲ့ကလေးလည်း မဟုတ်ဘူး။ ဥပဒေအရလည်း အရာမရောက်တဲ့ စေ့စပ်ပွဲမျိုးကို ဘယ်လိုရှေ့ဆက်လို့ရမှာလဲ''

''ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိပါလား။ မဆင်မခြင်နဲ့ ကိုယ်နဲ့ အဆင့်အတန်းမတူတဲ့ မိန်းကလေးကိုမှ သွားကြိုက်မိတာကိုး ဟိုကလည်း အမြင့်မှန်းပြီး မဟာန်တော့မှ မင်းကို တီခနဲဖြတ်ချလိုက် တာ လက်တွေ့ပဲလေ။ ဒါကိုမှ မနာတတ်ရင် မင်းကို''

''နွေ့ကို အဲဒီလိုမပြောပါနဲ့ မေမေ။ ကျွန်တော် တောင်းပန် ပါတယ်''

''အဲဒါတွေ မကြိုက်တာပေါ့။ ဟိုက စားကောင်းအိပ်ကောင်း အသွားအလာမပျက် ဟန်တစ်ခွဲသားနဲ့ ခေါင်းမော့နေနိုင်တယ်။ ဘာ မဟုတ်တဲ့ကိစ္စလေးကို ပေါ့ပေါ့လေးပဲ သဘောထားပြသွားတာ။ ဒါ သားက ဣန္ဒြေမဆည်နိုင်အောင် သူ့အကြောင်းပြောတိုင်း မျက်နှာပျက် တုန်းပဲလား''

ဒဏ်ရာကို ဆူးဖြင့် ထိုးဆွလိုက်သည့်နှယ်ပါ။ ဘာမဟုတ်တဲ့ ကိစ္စလေးတဲ့လား။ အများအမြင်မှာ ဤသို့ မြင်ကောင်းမြင်နိုင်ပေမယ့် ကာယကံရှင်ဖြစ်သည့် သူ့မှာဖြင့် ရင်ကွဲပက်လက်ဖြစ်ခဲ့ရတာပါလေ။ ဆယ်ကျော်သက်အရွယ်လည်း မဟုတ်တော့ပါဘဲ အသည်းကွဲသည့် ဝေဒနာကို အလူးအလဲဖြင့် ခံစားနေခဲ့ရတာပါ။ အချစ်ဆိုသည်က အခု ဖြစ်တည်၊ အခု ပျောက်ကွယ်တတ်သည့်အရာမှ မဟုတ်တာလေ

''နွေ့ကို ကျွန်တော်ချစ်ခဲ့တာ တစ်သက်တာအတွက်ပါ မေမေ''





''မင်းသုတ''

''ဒီလောက်အချိန်ကြာနေပြီမို့ မေ့နိုင်ပြီထင်ထားခဲ့တာ မှားပါ ရောလား။ သားတို့ကိစ္စကိုဆက်ဖို့ စဉ်းစားရဦးမယ်။ ခွေလည်း စိတ် ကိုထိန်းပါ။ စောစောစီးစီး ဒေါသထွက်မနေနဲ့''

''ကျွန်တော် ကုမ္ပဏီသွားတော့မယ်''

ကော်ဖီဝိုင်းမှ ထလိုက်ရပါ၏။ အိမ်မှာလည်း စိတ်မကြည် လင်၊ အလုပ်မှာလည်း စိတ်အနှောင့်အယှက် ဖြစ်နေမှတော့ ဘာဝက နေပျော်စရာမှ မရှိတော့တာလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ အသက်ရှင် နေစဉ်တော့ ဆန္ဒမပြည့်ပါဘဲ ဒီအတိုင်းလှုပ်ရှားနေရဦးမှာပါ။

အပေါ်ထပ်အိပ်ခန်းဆီ အဝတ်လဲရန် တက်ခဲ့ပါ၏။ ရာသီ ဥတုပူနေသဖြင့် အဝတ်အစားအေးအေးလေးကို ရွေးပြီး ဝတ်နေရပါ သည်။ ဗီရိုကို ဖွင့်လိုက်စဉ် ချည်သားအင်္ကျီအထပ်ကို လက်က ကိုင် ကြည့်မိသားဖြစ်သွားရလေ၏။ တကယ့်ကို အေးသည့်အစဖြင့် 'နွေ' ကိုယ်တိုင်ချုပ်ပေးထားပါသည့် ရှပ်လက်တိုတို့ကို မဝတ်ဖြစ်ခဲ့တာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။ မေမေ မီးပူထိုးပေးပြီး Plastic အိတ်ဖြင့် ထည့်သိမ်းပေးထားတာမို့ ဘောင်းဘီနက်ပြာနှင့် လိုက်ဖက်သည့် အပြာနုနု ရှပ်အင်္ကျီကို ဆွဲယူထုတ်လျက် ဝတ်လိုက်မိပါသည်။

မှန်ထဲကြည့်ကာ ကြယ်သီးတပ်နေစဉ် သူ့ကိုယ်သူ ပြန်မြင် နေရပါ၏။ မျက်နှာရော ကိုယ်ခန္ဓာပါ အတော်လေးကျနေပါရောလား။

ခါတိုင်းဆိုလျှင် မနက်စောစောလေးထပြီး နောက်ဘက် ဝရန်တာ
အလေးမတာ၊ ဒိုက်ထိုးတာ စသည့် လေ့ကျင့်ခန်းတို့ကို လေသန့်
ရှူပြီး လုပ်ဖြစ်ခဲ့တာပါ။ အခုတော့ ပြည်ဖုံးကားချထားပြီးပါသည့်
အချစ်ဟောင်းကို မကြည့်မိစေရန် တမင်တကာ ရှောင်ရှားနေခဲ့ရသဖြ
ခြံထဲ လမ်းလျှောက်ရုံသာ လုပ်ဖြစ်ခဲ့ရတာလေ။

ယူသွားရမည့်ပစ္စည်းတွေကို တစ်ခုစီသေချာထည့်လိုက်
လေတိုက်လိုက်သဖြင့် ပြတင်းပေါက်မှ ပိတောက်ရွက်ခြောက်
ဝင်လာလေ၏။ အခန်းထဲ အမှိုက်ပွတာကို မနှစ်သက်သည့်သူ
သစ်ရွက်ခြောက် လေးငါးရွက်ကို ကောက်လိုက်ပြီး ပြတင်းပေါက်
ပစ်ချရန် လိုက်ကာကို ဆွဲဖွင့်လိုက်မိပါသည်။

"ဟင်"

မကြည့်မိရန် သတိထားနေပေမယ့် မျက်စိက နောက်ဖေး
ကို အလိုလိုရောက်သွားရပါ၏။ လှမ်းမြင်လိုက်ရပါသည်။ အင်္ကျီအဖြူ
နှင့် လုံချည်အနီဝတ်ထားပါသည့် မိန်းကလေးကို ဝေးခနဲ ကြည့်မိသွား
ရလေသည်။ အရင်လို ဆံပင်ရှည်တို့ကို ကျစ်ဆံမြီးကျစ်၍ ပြန်ထုံးထား
ပါ၏။ အရင်လို ယဉ်ယဉ်လေးလှနေဆဲပါပဲ။ ဖိနပ်ဖြူဖြူပါးပါးလေး
အင်္ကျီရင်ဖုံးလက်စကနှင့် တွဲဝတ်ထားပါသည့် လုံချည်အနီရဲရဲစိုစိုလေး
က လှပလွန်းပါသည့် ခန္ဓာကိုယ်ထက် ချပ်ချပ်ရပ်ရပ်ကြည့်ကောင်းစွာ
ရှိနေလေသည်။





ညကလျှော်ထားပါသည့် အဝတ်တွေရော၊ အန်တီ 'ဒေါ်နှင်း
မြ' ချုပ်ထားပါသည့် အပ်ထည်တွေကိုပါ လျှော်ပြီး လှန်းနေတာပါ။
ဘယ်ကိုမှ လှည့်မကြည့်ပါဘဲ လုပ်လက်စအလုပ်ကိုသာ ဂရုတစိုက်ဖြင့်
လုပ်ဆောင်နေပါသည့် 'နွေပန်းချီ'ကဖြင့် ဘာတစ်ခုမှ မပြောင်းလဲသေး
ပါလေ။ ဒါဖြင့် ရင်ထဲမှ နှလုံးသားက မည်သို့ဖောက်လွှဲဖောက်ပြန်ဖြင့်
အရောင်ပြောင်းလဲခဲ့ရပါသလဲ။

❋ ❋ ❋

## အခန်း (၄)

''နွေ့, သွားပါဦးမယ် မေမေ''

''အေး အေး . . . သမီး''

စက်ချုပ်နေပါသည့် မေမေ့ကို ရှိုးကန်တော့လိုက်ပြီးနောက်

ထမင်းချိုင့်နှင့် တခြားပစ္စည်းတွေ ထည့်ထားပါသည့် အိတ်လေးကို ယူ၍ လေ့ကားထစ်သုံးဆင့်ကို ဆင်းလိုက်ပါ၏။ စက်ဘီးရှေ့ခြင်းထဲသို့ အိတ်ကိုထည့်လိုက်ပြီး စက်ဘီးဒေါက်ကို အသာဖြုတ်လိုက်ပါသည်။ ခြံဝိုင်းလေးထဲမှ အသာတွန်း၍ ထွက်ခဲ့ပြီး လမ်းကြားသို့ရောက်စဉ် တက်စီးနင်းလိုက်ပါ၏။

တာဝန်ကျရာဆေးရုံသို့ လိုင်းကားစီးသွားလျှင်ရပေမယ့် ကား ကြပ်တာ၊ ကားစောင့်ရတာကို မနှစ်သက်တာမို့ လေးမှတ်တိုင်ခရီးကို





စက်ဘီးဖြင့်သာ နေ့စဉ်အသွားအပြန်လုပ်ဖြစ်ခဲ့ပါသည်။ မနက်စောစော နေရောင်က အင်အားရှိစွာထွန်းလင်းနေလေ၏။ စက်ဘီးကို မှန်မှန် လေး နင်းခဲ့သဖြင့် လေထုက ကျွန်မထံ အလုအယက်ဖြင့် တိုးဝှေ့ တိုက်ခတ်ကြလေသည်။

မိုးတွင်းမှာ ကားတွေ လမ်းချော် slip ဖြစ်တတ်ကြသဖြင့် အန္တရာယ်များလွန်း၍ ဝီရိယရှိစွာ စောစောထပြီး Bus စောင့်စီးခဲ့ရ ပါသည်။ ဆောင်းတွင်းနှင့် နွေရာသီမှာတော့ စက်ဘီးကိုသာ သုံးဖြစ်ခဲ့ လေ၏။ ခပ်စောစောမို့ ကားတွေ သိပ်ပြီးရှုပ်မနေပါလေ။ ယာဉ်ကြော ကို အသေအချာ ဂရုစိုက်ကြည့်ပြီးမှ ရပ်သင့်သည့်ပွိုင့်မှာ ရပ်ရတာ ကားမှတ်တိုင်ရှိနေလျှင် သတိထားရတာတို့ကို လုပ်ရပါသည်။

ဆေးရုံဝင်းရှေ့ရောက်စဉ် စက်ဘီးပေါ်မှ ဖျတ်ခနဲဆင်းလိုက် ရပါ၏။ ကားတွေဝင်သည့်ဝင်ပေါက်မို့ စက်ဘီးစီးပြီးဝင်ခြင်းကို တားမြစ် ထားလေသည်။ ပေါ်တီကိုရှိရာအထိ စက်ဘီးကို ဖြည်းဖြည်းချင်း တွန်းပြီးဝင်လာပါ၏။ ဆရာဝန်တွေ၊ ပါရဂူတွေ၊ အထူးကုတွေ၏ ကားတို့က တစ်စီးပြီးတစ်စီးမှ ဖြတ်မောင်းပြီး ဝင်လာကြလေသည်။

''တီ! ''

''အမေ့! ''

တခြားကားတွေက ဆေးရုံထဲ ဟွန်းမတီးဘဲ (တားမြစ်ချက် ကိုသိသဖြင့်) ဝင်တတ်ကြပေမယ့် ဘယ်လိုဖြစ်ပြီး ဒီကားက ကားဟွန်း

တီးပြီး ဝင်လာရတာပါလိမ့်။ ကားက အသစ်စက်စက်နီနီရဲရဲလေး လေ။ ကျွန်မ စက်ဘီးအရောင်နှင့် ဆင်တူနေတာကို သတိပြုမိလေ၏။

စက်ဘီးရပ်ရမယ့် ကားပါကင်ဘေးရှိနေရာကို ကွေ့၍ လျှောက်လိုက်စဉ် စောစောကကားက ဆင်ဝင်အောက်မှာပင် ရပ်သွား လေသည်။ ဝန်ထမ်းတွေကို ကားပါကင်ထိုးခိုင်းသည့် ဆရာဝန်တွေ လည်း ရှိတာမို့ ကိုယ့်စက်ဘီးကိုသာ နေရာမှာရပ်ကာ သံကြိုးဖြင့်ချည် ၍သော့ခတ်ခြင်းကိုသာ မြန်မြန်လေးလုပ်လိုက်ပါ၏။

ထမင်းချိုင့်အိတ်ကိုယူလိုက်ပြီး ဆေးရုံကြီး၏ဘေးပေါက်မှ ဝင်လိုက်ပါသည်။ ဝန်ထမ်းနားနေဆောင်ဘေးရှိ locker ထဲမှာ သော့ ဖွင့်၍ အိတ်ကိုထည့်ကာ နာမည်ရင်ထိုးကတ်ကို ရင်ဖုံးအင်္ကျီထက် clip ဖြင့်ညှပ်၍ တပ်လိုက်၏။ ပြီးနောက် Nurse ဦးထုပ်ကို ဆံထုံးနှင့် အံဝင်ခွင်ကျဖြစ်စေရန် တပ်လိုက်ပြီး မှန်ထဲ ကစ်ချက်ကြည့်လိုက်မိ သည်။ ဦးထုပ်စောင်းမနေတာ၊ တံဆိပ်ရွဲ့မနေတာကို စိတ်တိုင်းကျမှ သာ locker ကိုပြန်ပိတ်၍ သော့ခတ်လိုက်ပြီး သော့ကို ဌာန board ရှိ ချိတ်လေးမှာ ချိတ်မှာ ချိတ်လိုက်ပါ၏။

"ဆေးရုံအုပ်ကြီးရဲ့သား အလုပ်ဆင်းပြီတဲ့"

"ဟုတ်လား . . . ရောက်နေပြီလား"

ကျွန်မအနောက်မှ လိုက်ဝင်လာပါသည့် သူနာပြုဆရာမလေး တွေက ခပ်တိုးတိုးဖြင့် သတင်းပေးနေကြလေသည်။ ပညာတော်သင်





အဖြစ် လွှန်ယူဖို့ နိုင်ငံခြားမှာ ကျောင်းဆက်တက်ပြီး MCh (master of surgery) ခွဲစိတ်မှု မဟာဘွဲ့ ရခဲ့ပါသည့် ဒေါက်တာတစ်ဦး တော့ ဒီဆေးရုံကိုရောက်လာပြန်ချေပြီ။

အသစ်ရောက်လာသည့် ဘယ့်ဆရာဝန်ကိုမဆို ဝန်ထမ်း တွေ လုပ်ဖော်ကိုင်ဖက်တွေကြားမှ နာမည်သတင်းကြီးခဲ့ကြပြီး သုံးလ ကြာသည်နှင့် ဒီသတင်းက ရိုးသွားတော့တာပါ။ အခုလည်း ဆေးရုံ အုပ်ကြီး 'ဒေါက်တာမိုးညို' ၏သား ဖြစ်သည့် specialist အကြောင်း က လောလောဆယ် သတင်းမွှေးဦးမှာပါပဲ။

"Morning နွေ"

"Morning ပါ မမချို"

"နွေ့ကိုကြည့်လိုက်တိုင်း ဘယ်အချိန်မဆို ရင်ထဲကို အေး သွားတာပဲကွယ်"

"ကျေးဇူးပါ မမရယ်"

'ဒေါက်တာချိုသာရီ'က အရင်ဆုံး နှုတ်ဆက်ပြီး ဆရာဝန် တွေ၏ ရုံးခန်းတွင်းသို့ ဝင်သွားလေ၏။ ကျွန်မက သူနာပြုတွေနှင့် Matron တွေစုပြီးထိုင်ရသည့် ရုံးခန်းရှိရာဆီသို့ ဆက်လျှောက်လာခဲ့ ပါသည်။ သတင်းအထူးအဆန်းကြားရသည်ထက် ကိုယ့်တာဝန် ကျေပွန်ဖို့ကသာ အဓိကကျတာမဟုတ်ပါလား။

"ကြားပြီးပြီလားဟေ့"

"ဘာကိုလဲ မမကြီး"

"Update New လေ"

"ဩော် ... ဆေးရုံအုပ်ကြီးရဲ့"

"နွေလည်း သိနေတယ်ပေါ့"

"နော်အဲလာတို့ပြောနေတာကို ကြားလိုက်လို့ပါ မမကြီးရဲ့"

"စိတ်မဝင်စားဘူးလား"

"ဒီလိုပါပဲ"

"နွေကတော့လေ male patient တွေ၊ male nurse တွေ အကုန်နီးပါး စိတ်ဝင်စားသမျှကို ရှောင်ရှားနိုင်တတ်တာ အံ့ပါရဲ့။ နည်းနည်းပါးပါးလည်း ဖူးစာရှင်ရှာဖို့အတွက် မျက်စိလေး ကစားပါဦးလား"

"မအားလို့ပါရှင်"

ကျွန်မတို့ကိုအုပ်ချုပ်ရသည့် သူနာပြုအုပ် 'ဒေါ်စမ်းသော်တာ' က မျက်စောင်းခဲလေ၏။ တခြား nurse တွေက ဘယ်သူနှင့်မဆို ရင်းနှီးဖော်ရွေစွာ ပေါင်းသင်းပြောဆိုတတ်ကြပေမယ့် ကျွန်မကဖြင့် လိုသည်ထက် ပို၍ မချိုသာဖြစ်ပါလေ။ ထမင်းစားချိန် တစ်ပိုင်းတည်း ထိုင်ဖြစ်ကြလည်း စကားရောဖောရောဖြင့် ကပ်လာသမျှ ပုရိသတို့ကို ခပ်စိမ်းစိမ်းသာ ကြည့်လိုက်ဖြစ်လေ၏။

"မိုးကိုမျှော်သည်"၊ "ငါးပိစားသည့်လက်က ကြက်သားဟင်း





ချက်ကို လှမ်းချင်သည်"၊ "မတန်မရာမှန်းသည်" ဟူသည့်စကားလုံး ...းခါးတို့ကို နောက်ထပ်မကြားလိုတော့ပါ။ မိုးတွင်းမို့ ပွက်အိုင်ကို ...တော်တဆ နင်းမိစေသည့် ချိုင့်ခွက်၊ ဆောင်းတွင်းမို့ ပခုံးထက် ...ာမျှတင်မိသည့် နှင်းစက်၊ နွေရာသီမို့ ခြေထောက်အနီး ကြွေကျ သည့် သစ်ရွက်နှယ် ဖိနှိပ်ပြောဆိုသည့် စကားနက်နက်တို့က နှလုံး သား တစ်ဆုံးတိုင် စူးဝင်ခဲ့ရတာလေ။

ကျွန်မ ချစ်ခဲ့မိလို့ အပြစ်ရှိခဲ့တာတဲ့လား 'မောင်' ရယ်။

"ငါတွေ့ခဲ့တယ်ဟဲ့၊ ကားအနီလေးနဲ့ရောက်လာတာ။ ဒေါက်တာကအလန်းပဲဟယ်"

"Rose တို့ကတော့ ရောဂါထပြန်ပြီဟေ့"

တိုးတိုးကျိတ်ကျိတ် ရယ်ကြလေ၏။ အတည်မဟုတ်သော် ...ား အပြောင်အပျက်ပြောခွင့်ရှိကြသည့် နှစ်မလေးတွေပါပဲ။ စိတ်ကူး ...နဲ့ ရှူးပြီးပျော်နိုင်ကြပါ၏။ ကျွန်မမှာဖြင့် နှုတ်ရော စိတ်ပါ မဖွင့်ဟရဲ အောင် 'ဆွံ့အ' နေဖြစ်ခဲ့တာ ကြာခဲ့ပါပြီ။ ဟိုအရင် 'နွေပန်းချီ' ကဖြင့် ...းချိုင့်ပေါ်အောင်ပြုံးပြသည့် အပြုံးချိုချိုနှင့်အတူ ချိုသာသည့်စကား တို့ကို တီတီတာတာဖြင့် ပြောဆိုတတ်ခဲ့တာပါလေ။

"နွေရေ round လှည့်မယ့်ဒေါက်တာအဖွဲ့နဲ့ အတူလိုက်ရ မယ်။ နှစ်ဖူးငုံပါ အတူတူနော်"

Schedue ကိုကြည့်ပြီး သတိပေးလိုက်သဖြင့် လယ်ဂျာ

စာအုပ်မှာ လက်မှတ်ထိုးလိုက်ပြီး ဘော်ပင်ခလုတ်လေးကို ပြန်နှိပ်၍ ဝိတ်ကာ ရင်ဘတ်နေရာမှာတပ်ထားလိုက်ပါ၏။ လူနာတွေရဲ့မှတ်တမ်း ကတ်မှာ နေ့စဉ် ဆေးထိုးဆေးတိုက်ရတိုင်း သူနာပြုနှင့် ဆရာဝန်က duty ကျတိုင်း လက်မှတ်ထိုးရသဖြင့် ဘောပင်ဆောင်ထားရလေသည်။

''သွားကြစို့ ဖူးငုံ''

''လာပြီ နွေ''

နှစ်ယောက်သား ဆရာဝန်များရုံးခန်းသို့ သွားစဉ်မှာပင် အတွင်းမှထွက်လာပါသည့် ဆရာဝန်တစ်အုပ်ကို အဆင်သင့်မြင်လိုက်ရလေ၏။ အရုဏ်တက်အလင်းနှင့်အတူ တက်ကြွသွက်လက်သည့် ခြေလှမ်းတို့ဖြင့် ဆရာဝန်တွေပါပဲလား။

''သွားပါပြီ''

''ဘာဖြစ်လို့လဲ''

''ဟို ဒေါက်တာကိုတွေ့ဖို့ chance မရှိတော့လို့လေ''

''ဩော် ... နောက်ဆို အမြဲတမ်း တွေ့ရမှာပဲဟာ''

''နောက်နဲ့အခုက တူမှမတူတာ နွေရဲ့''

စိုးရိမ်စိတ်ဖြင့် လေသံခပ်တိုးတိုးပြောလိုက်သည့် 'ဖူးငုံ' ကြောင့် ပြုံးလိုက်မိပါ၏။ ဒီသတင်းက အခုထိ ပျံ့နေတုန်းပါပဲလား။ ရှေ့မှသွားနေသည့် ဆရာဝန်အုပ်စုက ကျွန်မတို့နှစ်ယောက်ကို လှည့်





ကြည့်ပြီး စောင့်နေကြပါ၏။ Round လှည့်မည့်အုပ်စုထဲမှာ House ...င်းကာစ ဆရာဝန်လုလုချောချောလေးတွေပါ အပါအဝင်ပါပဲလား။

''ဟော! ... ဒီနေ့တော့ နေပိုသာဦးမယ် ထင်ပါရဲ့''

''ဘာဖြစ်လို့လဲ''

''နှစ်နွေပန်းချီရဲ့အပြုံးကို ဖျတ်ခနဲတွေ့လိုက်လို့လေ''

ကျွန်မမျက်နှာ ရဲသွားရပါ၏။ အမြဲတစေ မျက်နှာတည်နေ...ည့်သူမို့ အခုလိုအပြောခံရတော့တာပါ။ အလုပ်တာဝန်ကျေပေမယ့် ...နိုင်သည့်အပြုံးကဖြင့် ကျွန်မမျက်နှာထက်မှ ပျောက်ကွယ်ခဲ့တာ ...ပါပြီ။ အပြုံးကို အပြီးထားခဲ့သည့် အတိတ်ကာလကို ပြန်လှည့်ကြည့်ချင်တော့ပါလေ။ ရင်နာနာနှင့် ကြေကွဲခဲ့ရသည့်ပုံရိပ်တွေကိုဖြင့် ...ြင်ချင်တော့လို့ပါပဲ။

''ဒီနေ့ စိတ်ကြည်လင်တယ်ပေါ့လေ''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

''အတော်ရှားရှားပါးပါးနဲ့ တွေ့ရတဲ့အပြုံးက ဈေးကြီးတယ် ...ါလေ။ ဟုတ်လား''

ကျွန်မ ပြန်မဖြေပါ။ မလိုအပ်သည့်မေးခွန်း၊ မလိုအပ်သည့် ...ားအပိုမျိုးကို 'နွေပန်းချီ' က ဘယ်သောအခါမှ မပြောချင်လို့ပါပဲ။

နွေးထွေးသည့်အပြုံး၊ ဖော်ရွေသည့်လေသံ၊ ခင်မင်သည့် ...ကြည့်တို့က ကျွန်မဘဝထဲမှာ ခပ်ဝါးဝါးလေးသာ ကျန်တော့တာ

နမြောစရာပါလေ။

"Ready ဖြစ်ရင် သွားကြမယ်"

"ဟုတ်ကဲ့"

ဆရာဝန်အုပ်စုနောက်မှ လိုက်ခဲ့ရပါ၏။ 'ဖူးငုံ' နှင့်အတူ လျှောက်နေပေမယ့် အဆောင်ကူးရသည့် လမ်းတွေရောက်စဉ် 'ဖူး က ကျွန်မနှင့် ခပ်ဝေးဝေးမှာ ကျန်ရစ်ပြီး အနီးနားမှာ ဆရာဝန်တွေ ချည်း ရှိနေတော့တာပါ။ ခြေလှမ်းကို ဆက်လျှောက်ရမလား၊ ရပ် မလား ဒွိဟဖြစ်နေတာမို့ အပြင်ကော်ရစ်တာလမ်းမှာ ရပ်လိုက်မိတော့ သည်။

"ဘာဖြစ်လို့လဲ nurse"

"ဖူးငုံကို စောင့်တာပါ"

"ဘာလဲ နွေပန်းချီတစ်ယောက်တည်းပါလာလို့ ကိုယ်တို့ တွေက ကိုက်စားမှာမို့လို့လား"

"မဟုတ်ပါဘူး"

တီးတိုးရယ်ကြလေ၏။ ဖော်ရွေပါသည့် နာစ့်တွေကိုဖြ အရေးမဝင်ကြပါဘဲ ခပ်တည်တည်နေတတ်သည့် ကျွန်မကိုမှ စကား ပြောချင်ကြတာပါလိမ့်။ သိက္ခာ သမာဓိရှိသည့်ပုဂ္ဂိုလ်တွေမို့ ရိုသေသ လေးစားမှုရှိသဖြင့် ကျွန်မက ဒေါက်တာတွေအပေါ် စိတ်ခုတာမျ ဘယ်သောအခါမျှ မရှိပါ။ မောင်နှမတွေလို လုပ်ဖော်ကိုင်ဖက်အဖြ





ဖြစ်သည့်သဘောထားဖြင့် ကျွန်မကို ပြောဆိုကြမှန်း သိနေလို့ပါပဲ။

"ဒီလိုပဲ အမြဲတမ်း စိမ်းသက်သက်နဲ့ပဲ နေတတ်လို့လား နွေပန်းချီ"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ဟာ! ... နေမျိုးတို့ကတော့ Journalist လို အကုန်သိချင် နေတော့တာပါပဲ"

"ခင်လို့မေးတာပဲလေကွာ။ နွေပန်းချီ စိတ်မဆိုးတတ်ဘူး မဟုတ်လား"

"ဟောကြည့်! ... နောက်တစ်မျိုးစပြန်ပြီ"

ရယ်လိုက်ကြပြန်လေ၏။ အသက်ငယ်သူမို့ အားမနာဘဲ နောက်နေကြသည့်နှယ်ပါ။ Round လှည့်ပြီးမှ ရုံးခန်းရှိရာဆီ ပြန်ခဲ့ ရပါသည်။ တအောင့်နားပြီးရင် operation ခန်းဝင်ဖို့ duty ရှိလို့ပါပဲ။ ရုံးခန်းထဲသို့ 'ဖူးငုံ' ဝင်သွားပေမယ့် ကျွန်မက သန့်စင်ခန်းသို့ အရင် ဝင်လိုက်ပါ၏။

ကိုယ့်ကိုယ်ကိုယ် သတိပေးနေပေမယ့် ခုချိန်ထိ စိတ်ထဲမှာ ပျောက်နိုင်သေးတာ ဘာကြောင့်များပါလဲ။ စိတ်နာသွားခဲ့ရသည့် 'မောင်' ကို ခုချိန်ထိ ကျွန်မ မမေ့နိုင်သေးတာအမှန်ပါ။ ဖူးစာမင်ရည် ကွဲခဲ့လို့ လွဲခဲ့ရတယ်လို့ပဲ 'မောင်' ယူဆပါစေတော့။ လောကမှာ

ချစ်တိုင်းလည်းမညားခဲ့ကြသည့် ချစ်သူတွေစာရင်းမှာ 'မောင်' နှင့် ကျွန်မ ပါဝင်ခဲ့ရတာကိုတော့ စိတ်မကောင်းဖြစ်ရလေသည်။

ကံကြမ္မာဆိုတာ လူက ဖန်တီးတာဆိုပြီး ကိုယ်ဖြစ်စေချင်သည့်အတိုင်း ဘယ်တုန်းကများ ဖြစ်တာရှိခဲ့ပါသလဲ။ အလွှာမတူတာ အဆင့်အတန်းကွာခြားတာ၊ ဂုဏ်ရည်မညီတာတွေကို သိသိကြီးဖြစ်လို့ အတတ်နိုင်ဆုံး ရှောင်ရှားခဲ့ပါလျက် ကျွန်မနှလုံးသားကို မရအရ 'မောင်' ယူခဲ့တာ မဟုတ်ပါလား။

ဩော် . . . 'မောင်' ရယ်။

"နှစ်မိုးမိုးအေး၊ နှစ်နော်အဲလာ၊ နှစ်ရိုစီထွန်း၊ နှစ်နှင်းဝင့်ဝါ၊ နှစ်မြဖူးငုံ။ ဟော! လာပါပြီ၊ ကျွန်မတို့သူနာပြုရုံးခန်းရဲ့ အလင်းရောင်လေး နှစ်နွေပန်းချီပါ။ အားလုံးပဲ မှတ်ထားကြနော်။ ဆေးရုံအုပ်ကြီးရဲ့သား ဒေါက်တာမိုးဝသန်ပါ"

ရုံးခန်းထဲဝင်လျှင်ဝင်ချင်း matron 'ဒေါ်စမ်းသော်တာ'က မိတ်ဆက်ပေးနေသဖြင့် 'ဖူးငုံ' အနီးဝင်ရပ်လိုက်မိတာပါ။ နောက်ဆုံးမှ ရောက်လာပါသည့် ကျွန်မကို ကြည့်ပြီး ပြုံးလိုက်ပါသည့် 'ဒေါက်တာမိုးဝသန်' ၏အပြုံးတို့က ချိုမြလွန်းနေလေ၏။

❋ ❋ ❋



## အခန်း (၅)

Meeting Room ထဲမှ ထွက်ခဲ့ပါ၏။ သူက Aircon အေးတာကို မနှစ်သက်သည့်သူမို့ သူ့ရုံးခန်းထဲမှာ ပန်ကာကိုသာ ထားထားတာပါ။ ပြတင်းတံခါးကိုလည်း အမြဲတစေ ဖွင့်ထားပြီး အပြင်လေဝင်တာကိုလည်း နှစ်သက်သူ ဖြစ်လေသည်။ ဒါကိုက 'မျက်ဝန်း' နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး စကားများရသည့် ကိစ္စတစ်ခုပါပဲ။

"ဒေါက်! . . . ဒေါက်! "

"ဝင်ခဲ့ပါ"

"သုတ"

"ဟာ . . . အခုပဲ meeting ပြီးတဲ့ဟာကို ဘာလာလုပ်ပြန်ပြီလဲ"

''ဒယ်ဒီခေါ်နေလို့ပါနော်။ လာချင်လို့လာတယ်များ ထင်နေ
လား။ ယူ့အခန်းက ပူကပူနဲ့''

''ကိုယ့်ကို အခုလား''

''ဟုတ်တယ်''

ရုံးခန်းထဲ သီးသန့်ခေါ်တွေ့တာမို့ အလုပ်ကိစ္စတော့ မဖြစ်နိုင်
ပါ။ ဒါ့ပြင့် ကိုယ်ရေးကိုယ်တာကိစ္စနဲ့များ ဖြစ်နိုင်ပါ၏။ ဟိုတစ်နေ့က
မေမေတို့နှင့် သူတို့ကိစ္စကို ပြောပြီးခဲ့တာမဟုတ်လား။ လူငယ်ချင်း
မတိုင်ပင်ရသေးပါဘဲ လူကြီးတွေ အစီအစဉ်ဆွဲကြတာကို သူက
ဖျက်သလိုမျိုး ဖြစ်နေပြီ ထင်ပါရဲ့။

''ဘာလဲ လိုက်ဦးမလို့လား''

''ဒါပေါ့''

''ကိုယ့်အလုပ်ကိုယ်လုပ်မှပေါ့။ ဘယ်လိုဖြစ်ပြီး ဒီလို
လျှောက်သွားနေရတာလဲ''

''ဘာဖြစ်လဲ၊ ဒယ်ဒီ့အလုပ်ကို ကူပေးရတာပဲရှိတဲ့ဟာ။ တစ်
ချိန်လုံး ရုံးခန်းထဲမှာ မနေချင်ပေါင်၊ ပျင်းစရာကြီး''

'မျက်ဝန်း' နှင့်တော့ခက်ပါရဲ့။ ဘာမဆို ပေါ့ပေါ့တွေး ပေါ့
ပေါ့သာနေတတ်တာပလေ။ တစ်နေ့တစ်နေ့ ပိုက်ဆံဘယ်လိုဖြုန်းရ
မလဲဆိုတာကိုသာ အပေါက်ရှာပြီး shopping ချည်း ထွက်နေတာ
မဟုတ်ပါလား။ အိပ်မယ်၊ စားမယ်၊ သွားမယ်၊ ဝယ်မယ်၊ ဝတ်မယ်





ဆိုတာတွေက နေ့စဉ်လုပ်နေသည့် အလုပ်ဇယားပါပဲ။ ဘာကိုမှ
အလေးအနက်မထားတတ်သည့် မိန်းကလေးကိုမှ မေမေ ချစ်နိုင်တာ
အံ့သြမိပါရဲ့။

အပျိုဘဝမှာ မိဘထံမှ လက်ဖြန့်ပြီး သုံးဖြုန်းနေတာက
ပြဿနာမရှိပါ။ သူနှင့် အိမ်ထောင်ပြုပြီးပါက ထိုနည်းအတိုင်း ဆက်
နေနေပါက ပြဿနာအကြီးကြီးဖြစ်တော့မှာလေ။ သူမ သုံးသမျှ
သူသာ ရှာပေးရလျှင်ဖြင့် သေဖို့ပဲရှိတော့တာ မဟုတ်လား။ အိမ်ထောင်
သည်ဘဝမှာ မိဘအထောက်အပံ့ကို ယူရလျှင်ဖြင့် ရှက်ဖွယ်ရာသာ
ရှိတော့မှာလေ။

''အလုပ်ထဲရော စိတ်ဝင်စားမှုရှိရဲ့လား''

''သုတ အလုပ်ဝင်လုပ်လို့ မျက်ဝန်းလည်း ဝင်ဖြစ်ခဲ့တာလေ။
ဒါမှ အမြဲတမ်း မြင်နေရမှာ မဟုတ်လား''

ကောင်းပါလေ့၊ ရည်ရွယ်ချက်ကလည်း ကြီးမားပါရဲ့။ သူနဲ့
အမြဲတစေမြင်တွေ့ချင်လို့ ကုမ္ပဏီကို လိုက်ဝင်တာတဲ့လေ။ မွှင့်လင်း
တာကိုတော့ သူ နှစ်သက်ပါရဲ့။ သို့သော် ရဲတင်းတာနှင့် မွှင့်လင်းတာ
က တူမှမတူတာလေ။ ဖခင်၏အရှိန်အဝါဖြင့် 'မျက်ဝန်းညို'က ပိုပြီး
ကြောက်စိတ်မရှိ ရဲတင်းလွန်းတာ အမှန်ပါပဲ။

''စိတ်မဝင်စားရင်လည်း အလုပ်မလုပ်နေပါနဲ့တော့ မျက်ဝန်း
ရယ်''

"ဘာလဲ … မျက်စိပေါ်းမွေးရှူးတယ်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး"

"အဲဒါ သုတကြောင့်ပဲလေ။ အလုပ်လုပ်တဲ့မိန်းကလေးကို သဘောကျတာဆို။ အဲဒါကြောင့် မျက်ဝန်းလည်း ဒယ်ဒီ့အလုပ်ကို ဝင်လုပ်ဖြစ်တာ"

ခက်လိုက်တာနော်။ ကွာခြားတာကမှ ဆီနဲ့ရေလိုပါပဲလား။ 'နွေ'ကဖြင့် ဘဝရည်မှန်းချက်ရှိသလို အနာဂတ်အတွက် ရှေ့ကိုကြည့်ပြီး ဘာမဆို အစီအစဉ်ဖယားဆွဲပြီး လုပ်တတ်သည့်သူပါလေ။ သာမာန်ဘွဲ့လေးဖြင့် ကုမ္ပဏီလောကကို မဝင်နိုင်မှန်းသိခဲ့လို့ အဝေးသင်ဘွဲ့သာယူခဲ့ပြီး nurse သင်တန်းဆင်းခဲ့တာပါ။ သူ့ကို အဖြေပြန်ပေးခဲ့တုန်းကလည်း သင်တန်းဆင်းပြီး အလုပ်စဝင်ကာစ အချိန်လေးပါပဲ။

ဘဝအတွက် အနှောင့်အယှက်များဖြစ်စေခဲ့ပါသလား။ ဂုဏ်ရည်မတူမှန်း သိခဲ့ပါလျက် ချစ်ခြင်းတစ်ခုကလွဲပြီး ကျန်တာကို ဘာတစ်ခုမှ သူ မတွေးခဲ့မိပါ။ ချစ်ခြင်းကြောင့် ဒီလောကကမ္ဘာကြီး ဖြစ်တည်လာတာ။ ချစ်ခြင်းမေတ္တာကြောင့်ပင် စစ်မက်ကင်းမဲ့ခဲ့ရတာ။ ချစ်ခြင်းသစ္စာကြောင့်ပင် လူဦးရေတွေ တိုးပွားလာခဲ့သည် မဟုတ်ပါလား။

ထိုချစ်ခြင်းကြောင့်ပင် သူ့ရင်ထဲ အေးငြိမ်းချမ်းမြေ့စေခဲ့သလို ဤချစ်ခြင်းကပင် သူ့ရင်ကို လောင်မြိုက်စေခဲ့တာပါလေ။ 'မုန်းသည်'





ဟု အရိပ်အယောင်မျှပင် မပြခဲ့ပါဘဲ ရုတ်တရက် လမ်းခွဲမှုက သူ့ကို အိပ်မက်ဆိုးမှ လန့်နိုးစေခဲ့သည့်နှယ်ပါ။ ချစ်ခြင်းက တာရှည်မခံပါဘဲ လွယ်လင့်တကူ ပျက်ပြယ်တတ်ပါသလား။ အဆုံးသတ်မှာ အမုန်းတရားတို့နှင့် နာကျင်မှုတို့သာ ကြွင်းကျန်တတ်မှန်း ကြိုသိထားပါက 'အချစ်' ဆိုသည့် 'မီး' ကို သူတို့ထိကစားမိမည် မဟုတ်ပါချေ။

"ဒေါက်! … ဒေါက်! "

"Come in!"

ဝင်ခွင့်ပြုမှသာ MD ၏ ရုံးခန်းတံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပါ၏။ သူ့နောက်မှ ကပ်ပါလာသည့် 'မျက်ဝန်း'ကို တွေ့လိုက်စဉ် အန်ကယ် 'ဦးနေလင်း' မျက်မှောင်ကြုတ်သွားလေသည်။ သမီးဖြစ်သူက ကုမ္ပဏီမှာ မှုကြိုလာတက်နေသည့် သုံးနှစ်အရွယ်ကလေးလို ဖြစ်နေမှန်း သိပါရဲ့လား။ အပျော်လို အလုပ်လုပ်နေသည့်အတွက် ဘာများအကူအညီရပ့်ါမလဲ။

"Sweety က ဘာလာလုပ်မှာလဲ။ Jesmine ကို ကူလုပ်ဖို့ ပြောထားတယ်လေ"

"ဒယ်ဒီကလည်း"

"ဘာဒယ်ဒီကလည်းလဲ၊ အလုပ်ကို အပြောင်အပျက်နဲ့ အလေးအနက်မထားရင် မလုပ်နဲ့လို့ ပြောထားတယ်လေ။ ကုမ္ပဏီကို ကလေးကစားကွင်းများ ထင်နေလား"

"သုတကို ဘာပြောမှာမို့လို့လဲ"

"ဘာပြောပြောပေါ့။ ကိစ္စရှိလို့ခေါ်တဲ့ဟာပဲ။ သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ဒီမှာလာမရှုပ်နဲ့"

'မျက်ဝန်း' ၏မျက်နှာက ရှုပ်သွားလေတော့၏။ အမြဲတမ်းအလိုလိုက်ခဲ့တာ မုန့်ပေးမယ့်အလုပ်ကိုတော့ အလေးအနက်ထားစေချင်ပုံ ပေါ်လေသည်။ သို့တည်းမဟုတ် သူနှင့် အေးအေးဆေးဆေး တိုင်ပင်ချင်လို့ပဲ တမင်တကာ နှင်တာလည်း ဖြစ်နိုင်ပါ၏။ 'မျက်ဝန်း' က သူ့ကို မျက်စောင်းခဲလိုက်ပြီး MD ၏ရုံးခန်းထဲမှ ထွက်သွားလေတော့သည်။

"ထိုင်လေ သားရဲ့"

"ဟုတ်ကဲ့"

MD က ဆုံလည်ခုံမှ ထလာပြီး သီးသန့်ထားထားပါသည့် စားပွဲဆက်တီမှာ သူ့ကို ထိုင်စေလေ၏။ ဘာများအရေးတကြီး ပြောချင်လို့ သမီးဖြစ်သူကို ရှောင်ခိုင်းရတာပါလိမ့်။ ဆက်တီခုံမှာ MD ထိုင်မှသာ သူပါထိုင်လိုက်ရပါသည်။ ဖေဖေကရှေ့နေဖြစ်ပြီး အန်ကယ်တို့ကုမ္ပဏီမှာ အကျိုးပြုရှေ့နေဖြင့် အကြံပေးသည့်နေရာမှာ လုပ်ပေသလို ပုဂ္ဂလိကရှေ့နေအဖြစ်လည်း အလုပ်လုပ်ပေးသည့် ရှေ့နေကြီး ဖြစ်လေ၏။

အန်ကယ်'ဦးနေလင်း' နှင့် ဖေဖေက ငယ်သူငယ်ချင်း ဖြစ်





တာမို့ သူတို့ငယ်ငယ်ကတည်းက သားသမီးချင်း သဘောတူခဲ့ကြပါသတဲ့။ သို့သော်လည်း သူက 'မျက်ဝန်း' နှင့် သူငယ်ချင်းဖြစ်ခဲ့ပေမယ့် ရင်ဘတ်ထဲမှ နှလုံးသားကဖြင့် 'နွေပန်းဆို' တစ်ဦးတည်းကိုသာ အမြတ်တနိုးဖြင့် ချစ်ခဲ့ရတာလေ။ သင်တန်းသုံးနှစ်တက်ခဲ့စဉ်က သူ့ကို "ချစ်ပါတယ်" ဆိုသည့်အဖြေကို ပြန်ပေးခဲ့သော်ငြား အလုပ်ဝင်ပြီး မကြာခင်မှာပင် လမ်းခွဲစကားပြောခဲ့တာပါ။

အချစ်ဆိုတာ ဤသို့ပင် အပြောင်းအလဲ မြန်လွန်းတတ်ပါသလား။

"အန်ကယ်တို့ လူကြီးတွေ တိုင်ပင်ဆွေးနွေးဖို့ အစီအစဉ်ရှိပေမယ့် သားကို အရင်ဆုံးမေးဖို့ လိုအပ်တယ် ယူဆပြီး ခေါ်လိုက်တာပါ"

"ဘာများလဲ အန်ကယ်"

"သားနဲ့ sweety တို့ကိစ္စလေ"

"ကျွန်တော်"

ရင်ဘတ်ထဲမှာ အောင့်သွားရပါ၏။ ဘယ်လိုလုပ်ရပါ့မလဲ 'နွေ'။ အခုအချိန်ထိ မင်းကို 'မောင်' ချစ်နေတုန်းပါ။ မြင်သာမြင်မကြင်ရဘဝနဲ့ အရိပ်လေးကိုငေးကြည့်ချင်နေတုန်းပါ။ ဟိုတုန်းကမက်ခဲ့ဖူးတဲ့ အိပ်မက်တွေအတိုင်း အိပ်မက်ထဲမှာပဲ 'နွေ' ကို ပွေ့ဖက်နမ်းရှုံ့ပြီး စိတ်ကူးနဲ့ ရူးနေတုန်းပါပဲ။ အခုတော့ 'မောင့်' ကို 'မောင့်'ကို

အိမ်က စေ့စပ်ပေးချင်နေကြပြီလေ။

"သား မင်းသုတ"

"ကျွန်တော် မျက်ဝန်းအပေါ် သူငယ်ချင်းလိုပဲ သံယောဇဉ်ရှိလို့ပါ အန်ကယ်"

"ဒါများသားရယ် ... အိမ်ထောင်ကျပြီးရင် အလိုလို ချစ်လာမှာပေါ့။ စိုးရိမ်စရာမှမဟုတ်တာ"

အပြောကဖြင့် လွယ်လိုက်တာနော်။ လက်တွေ့မှာက ခက်မှာမဟုတ်လား။ အလိုလိုချစ်လာမှာပါတဲ့လေ။ ဒါဖြင့် အခုတွဲနေတာတောင်မှ ရင်ဘတ်ထဲက ငုပ်ကောင်လေးက ဘာလို့များ မခုန်ပေါက်တာပါလဲ။ 'နွေ့' ကို ကလေးဘဝကတည်းက ကျစ်ဆံမြီးလေးနှင့် သနပ်ခါးပါးကွက်လေးကို အသည်းယားပြီး တွယ်တာမိခဲ့သည့် ချစ်ခြင်း၏ ရေသောက်မြစ်က အမြစ်စိုင်မြဲလွန်းခဲ့တာ အမှန်ပါပဲ။

"သားတို့ကို Engage လုပ်ပေးချင်ပြီ။ အသက်လည်းကြီးတော့မှာလေ။ ပြီးတော့"

"ကျွန်တော် ခုချိန်ထိ ကျွန်တော့်ချစ်သူကို မမေ့နိုင်သေးလို့ပါ အန်ကယ်"

'ဦးနေလင်း' မျက်နှာပျက်သွားပါ၏။ အနေးနဲ့အမြန်ရောက်လာတော့မည့် ကိစ္စအတွက် စိတ်အတော်ပျက်မိပါသည်။ ကူကယ်မည့်သူ မရှိပါလား။ ရေနစ်သူအတွက် 'နွေ' က ကောက်ရိုးတစ်မျှင်





ဖြစ်နေတာပါလေ။ ချစ်သူအသစ်မရှာနိုင်သေးတာမို့ 'မောင့်'ကို ပြန်ချစ်လှည့်ပါလား။ 'မောင်' ခုထိ 'နွေ့' ကိုမုန်းမေ့လို့မရသေးဘူး 'နွေ'။

"သားတို့ လမ်းခွဲခဲ့ကြတာ တစ်နှစ်ပြည့်နေပြီ မဟုတ်လား"

"မှန်ပါတယ်အန်ကယ်"

"အင်းလေ ... အချစ်ဦးဆိုတော့လည်း လွယ်လွယ်နဲ့တော့ ဘယ်မေ့နိုင်ပါ့မလဲ။ ဒါပေမဲ့ တစ်ခါတလေ ဒဏ်ရာကို အစားထိုးကုသပြီး ပျောက်ကင်းတာမျိုးလည်း ရှိတာပဲသားရယ်"

အစားထိုးကုသပေးရအောင် ခန္ဓာကိုယ်အတွင်းပစ္စည်းမှ မဟုတ်တာလေ။ "အနာသိဆေးရှိ" တယ်ဆိုသည့်စကားပုံကို ကြားဖူးခဲ့ပေမယ့် အချစ်ကြောင့်ရခဲ့သည့် ဒဏ်ရာကဖြင့် မည်သို့မျှ ကုသ၍ မည်မထင်ပါလေ။ 'နွေ' ရယ်၊ 'မောင့်' ကိုကယ်ပါဦး။ 'မောင့်' ကို ငဲ့ကြည့်စာနာပေးလှည့်ပါလားကွယ်။

"ကျွန်တော် စဉ်းစားကြည့်ပါ့မယ်"

"ကောင်းပြီ၊ သားဆီကအဖြေကို အန်ကယ်တို့ စောင့်နေပါမယ်"

"ကျွန်တော့်ကို သွားခွင့်ပြုပါ အန်ကယ်"

"Ok လေ"

နောက်ကိစ္စ နောက်မှရှင်းမည်ဟု ဆုံးဖြတ်၍ ထထွက်ခဲ့ရပါ၏။ MD ရုံးခန်းတံခါးကို ဖွင့်လိုက်စဉ် အပြင်မှာရှိနေသည့် 'မျက်

ဝန်း' ကြောင့် သူ စိတ်ပိုရှုပ်သွားရလေသည်။ အထဲမှာ ဘာပြောလဲ
ဆိုတာကို နိုးနားထောင်နေသလိုပါပဲလား။ ခက်ပါရဲ့'မျက်ဝန်းညို' ရယ်

''ဘာပြောစရာကျန်သေးလို့လဲ''

''မေးစရာရှိလို့''

''ဘာလဲ''

''နင်, ငါ့ကို လိုက်ပို့တဲ့ညနေက''

''ကျစ်! ...ငါ့မှာ အလုပ်တွေအများကြီးရှိသေးတယ် မျက်ဝန်းရာ။ ကိုယ်ရေးကိုယ်တာကိစ္စကို ကုမ္ပဏီမှာ မပြောပါနဲ့''

''ခဏလေးပါ သုတရယ်၊ တစ်ခွန်းပဲမေးချင်လို့ပါ''

''ပြော''

''အဲဒီညနေက နင် သူ့ကိုမြင်လိုက်လို့ အခုလိုမျိုး စိတ်ရှုပ် ထွေးနေရတာလားများလားလို့ပါ။ ဘာကိုမှ မရည်ရွယ်ပါဘူး''

''ငါက ဘယ်သူ့ကိုတွေ့ရမှာလဲ''

''ရပြီ ...ရပြီ၊ ဘာမှမဟုတ်တော့ဘူး''

စိတ်တိုနေပြီဆိုကာမှ စိတ်ထပ်ရှုပ်အောင် လုပ်ရတယ်လို့ သူ့ရုံးခန်းရှိရာဘက်သို့ ဆက်လျှောက်ခဲ့ပါ၏။ ရုံးခန်းရှေ့ရောက်ခဲ့ ခြေလှမ်းက တုံ့ခနဲရပ်သွားရလေသည်။ အလို! သူ့ကို မျက်ဝန်းမေး သည့် မေးခွန်းကို အခုမှ သဘောပေါက်သွားရပါ၏။ တွေ့လိုက် သလားတဲ့။ အဲဒီလမ်းထဲကို သွားမှတွေ့ရတာမှ မဟုတ်တာ။





တမင်တကာရှောင်နေလို့သာ ဒီအရိပ်ကလေးကို မမြင်ရတာ ပါလေ။ သူ့အခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် 'နွေ' တို့အိမ် ကလေးကို ခပ်ပုပုလေးမြင်နေရတာပါ။ အတွင်းခန်းပြတင်းဖွင့်ထား သည့် 'နွေ' ကို သနပ်ခါးလူးတာပဲဖြစ်ဖြစ် နောက်ဖေးရေကပြင်မှာ အိုးခွက်ပန်းကန်ဆေးတာမျိုးပဲ ဖြစ်စေ အိမ်ဘေးရှိ ကြိုးတန်းမှာ အဝတ်လှန်းနေသည်ကိုလည်း တွေ့နိုင်ပါသည်။

တကူးတကသွားတွေ့ဖို့မလို၊ နောက်ဖေးဘက်ခြံတံခါးမှာ သံတံခါးအသေးလေး သော့ခတ်ထားသည်ကို သော့ဖျက်လိုက်ရုံပါ။ သူတို့နှစ်ဦးအဖြစ်က ဤသို့ ဤနှယ် ကျောချင်းကပ်ပြီး ဝေးကွာနေရ တာ မဟုတ်ပါလား။ မကြည့်ချင်မြင်လျက်သားဆိုတာထက် မြင်လျက် နှင့် မကြင်ရတာက သူ့အဖို့ ရင်နာရသည့် ပြဿနာပါပဲ။

တွေ့ချင်တယ် 'နွေ'
အမြဲမြင်နေချင်တုန်းပါ ...
အစဉ်ချစ်နေစဲပါပဲ ...
တသသ အလွမ်းတွေ
ရင်နင့်ကြေကွဲခြင်းများစွာနဲ့
မင်းကို ...
စိတ်နာနာနဲ့ ချစ်နေတုန်းပါလေ။

❋ ❋ ❋

# အခန်း (၆)

Uniform ကို သပ်သပ်ရပ်ရပ် ဝတ်ကာ မှန်ထဲကြည့်လိုက်ပါ၏။ အတော်လေး ပိန်သွားတာကတော့ အမှန်ပါပဲ။ စိတ်ကို မနည်းကြည်လင်အောင် ထားနေရပေမယ့် စိတ်ထောင်း၍ ကိုယ်ကြေဆိုတာက တကယ်ပဲ မှန်နေတာကိုး။ ကျစ်ဆံမြီးကျစ်၍ ပြန်ခွေထုံးထားပါသည့် ဆံထုံးကို မလှုပ်စေရန် ခွကလစ်သုံးလေးခုဖြင့် ထပ်ထိုးညှပ်လိုက်ပါ၏။

အခန်းလိုက်ကာကိုဖယ်၍ ထွက်လိုက်စဉ် မေမေက မနေ့က ကျွန်မလျှော်ထားပေးပါသည့် အပ်ထည်တို့ကို မီးပူတိုက်၍ ခေါက်နေလေသည်။ အထည်ချုပ်တာ ကုန်သလောက်ရှိနေပြီမို့ မေမေ အနားရတော့မှာပါ။ မိုးတွင်းပြန်ရောက်လျှင်ဖြင့် ကလေးကျောင်းအကျီတွေ၊ ဆရာမ





တွေ၏ ကျောင်းဝတ်စုံအပ်တာတို့ဖြင့် အလုပ်ရှုပ်ရဦးမှာပါ။ အပြင်မှာ dy made တွေ ချုပ်ရောင်းကြပေမယ့် မေမေ့လက်ရာက သသပ်နိုင်မှာတာမို့ ချုပ်ထည်အပ်ပြီး ဝတ်ကြသူတွေ ရှိတုန်းပါပဲ။

"သမီး အချိန်ရပါ့မလား"

"ရပါတယ် မေမေရဲ့၊ ဈေးထိပ်ကအိမ်ပဲ မဟုတ်လား။ ဝင်သွားပေးတာ နာရီဝက်မကြာပါဘူး။ နွေ စောစောထွက်မှာပဲဟာ"

"သမီးပင်ပန်းမှာစိုးလို့ပါကွယ်"

"ဩော် . . . ဒါလေးများ။ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝသမားပါ မေမေ။ ဒီလောက်ပင်ပန်းတာများ ဘာအရေးလဲ။ နေပူခါးကြီးထဲ ဈေးရောင်းရတာမှ မဟုတ်တာ။ ဒီငါးထည်လား"

"အေး . . . မေမေ အိတ်နဲ့ထည့်ပေးလိုက်မယ်"

စင်ပေါ်အဆင်သင့်တင်ထားပါသည့် ထမင်းချိုင့်အိတ်ကို ယူလိုက်သလို ကြမ်းပြင်ထက် ထိုင်ချလိုက်ပါ၏။ မေမေက ကျီထည့်ထားပါသည့်အထုပ်ကို ကိုင်လျက် မတ်တပ်ရပ်နေစဉ်မှာပင် မေ့ကို ရှိုးဦးခိုက်လိုက်မိပါသည်။ နှုတ်ဖျားမှ ဆုပေးသံက ထုံးစံတိုင်း တိုးသဲ့သဲ့မျှသာပါလေ။

"ကားကြည့်ပြီးသွားဦးနော်"

"ဟုတ်ကဲ့ပါ မေမေ၊ ငါးကြော်ရော၊ အာလူးကတ်တလိတ်ကြောင်အိမ်ထဲမှာရှိတယ်။ မေမေ ထမင်းစားကာနီး ချဉ်ပေါင်ဟင်း

ကို နွှေးပြီး ပူမှာစားနော်''

''အေးပါ''

''သမီးသွားပါဦးမယ် မေမေ''

အိမ်လေးပေါ်မှဆင်းလိုက်ပြီး စက်ဘီးခြင်းထဲသို့ ပစ္စည်းတေ သေချာစီထည့်လျက် စက်ဘီးဒေါက်ကိုဖြုတ်လိုက်ပါသည်။ ခြိုင်းလေ ထဲမှ လမ်းကြားထက်သို့ စက်ဘီးကို တွန်း၍ တက်ခဲ့မိ၏။ လမ်းပေ ရောက်မှ အရှိန်ယူ၍ စက်ဘီးနင်းလိုက်ရပါသည်။ မနက် (၇) နာရီ သာ ရှိသေးသဖြင့် နေအေးအေးမှာ လေအေးအေးအရသာကို ခံစာ ရင်း ဈေးဘက်သို့ စက်ဘီးကို ပြန်လှည့်မောင်းလိုက်ရလေ၏။

''တီတီ! ... တီတီ!''

ရုတ်တရက် ကားဟွန်းသံအဆက်မပြတ် ပေးနေသဖြ စက်ဘီးကိုအရှိန်လျှော့လျက် ကြည့်လိုက်မိပါ၏။ ကားနီနီလေး မြင်လိုက်ရသဖြင့် စက်ဘီးကို ရပ်လိုက်ရလေသည်။ အလို! ဘယ်လ ဖြစ်ပြီး 'ဒေါက်တာမိုးဝသန်' နှင့် လာတိုးရတာပါလိမ့်။

''နွှေပန်းချို''

''မင်္ဂလာပါ ဒေါက်တာ''

''လမ်းပြောင်းပြန်ကြီး သွားနေတာမဟုတ်ဘူးလား''

''ဟုတ်ကဲ့ ... ပစ္စည်းပို့စရာရှိလို့ပါ''

''ဘာလဲ ... ရွှေတွေလား၊ စိန်တွေလား''





ခပ်တည်တည်မျက်နှာလေးထက် အပြုံးယဲ့ယဲ့လေး ထင်လေ သို့သော် ခဏလေးနှင့် ပြန်ပျောက်သွားရတာပါလေ။ ဘယ်လို ပြီး ဒီမိန်းကလေးမှာ အပြုံးက ရှားပါးပစ္စည်းဖြစ်နေရတာပါလိမ့်။ စ်ခုခုကို ခံစားပြီး ဝမ်းနည်းကြေကွဲရိပ်တို့ ထင်ဟပ်နေပါသည့် က်ဝန်းလှလှလေးတွေကြောင့် သူ့ရင်ထဲကိုပါ အလွှမ်းတို့ ကူးစက် ာသည့်နှယ်ပါ။

''ရွှေတွေ၊ စိန်တွေလောက် တန်ဖိုးမကြီးပေမယ့် ထိုက်သင့် တဲ့ တန်ဘိုးတော့ ရှိတဲ့ပစ္စည်းပါ ဒေါက်တာ။ ကျွန်မကို ခွင့်ပြုပါဦး''

ဒါပဲလား။ ဒီထက်ပိုပြောစရာစကားမရှိတော့သည့်နှယ်ပါ။ ူကို ခေါင်းညိတ်ပြ၍ စက်ဘီးနင်းထွက်ပါသည့် နောက်ကျောလှလှ လေးကိုငေးရင်း ကျန်ရစ်ခဲ့ရပါ၏။ စက်ဘီးပေါ်မှာတောင် ဒီခါးကျဉ်း ည်း တင်စွင့်စွင့်လေးကို လှပစွာ မြင်နေရတာအမှန်ပါ။ အပြစ်ရှာလို့ အောင် မှုန်နှံ့သာမခြယ်သပါဘဲ နဂိုယဉ်လှပလွန်းပါသည့် အရိုင်း ယ်လေး၏သတင်းက သူတို့ဆေးရုံမှာ မွှေးလွန်းနေတာ မဟုတ် လား။

ဈေးထိပ်ကအိမ်မှာ အကျီဝင်ပေးပြီး ချုပ်ခငွေကိုယူကာ ဆေးရုံရှိသည့်လမ်းဘက်သို့ ဦးတည်၍ စက်ဘီးနင်းလိုက်ပါ၏။ ရွှေ တွေ၊ စိန်တွေတဲ့လား။ ကျွန်မနှင့်မေမေ့နားတို့မှာ တစ်လုံးတည်းသော ျာက်ဖြူလက်လက်လေးနှင့် ရွှေခပ်ပါးပါးနားကပ်ကလေးလို့ မည်

သည့် ရွှေစိန်ပစ္စည်းမှ မရှိပါ။ ပစ္စည်းဆိုတာ "ရှိလျှင်တန်ဆာ၊ မရှိလျှင် ဝမ်းစာ" ဟုသာ မှတ်ယူထားပါ၏။ အလှအပတန်ဆာပြင်သည့်ပစ္စည်း မျိုးကို ကျွန်မ ဘယ်တော့မှ မဝတ်ပါ။

ရွှေထည်တွေ fancy ပစ္စည်းတွေကို မမက်မောသ… ခေါင်းထက်အလှပြင်ရသည့် ပစ္စည်းဆိုသည့် ကလစ်တွေကအ… ပိတုန်းရောင်မည်းနက်နက် ဆံနွယ်ထက် မပေါ်လွင်အောင် အနက်… ရောင်ကလစ်နှင့် ခွကလစ်လေးတွေသာ သုံးဖြစ်လေသည်။ ပ… နှစ်သက်သည့် မိန်းကလေးမို့ ခြံဝင်းလေးထဲ စိုက်ထားပါသည်… ဖယောင်းပန်း၊ စံပယ်၊ ခရေ၊ သနပ်ခါးပန်းနှင့် စကားပွင့်တို့ကိုတော… ရာသီအလိုက် ပွင့်တိုင်း တစ်ခုခုတော့ ပန်ဖြစ်လေ၏။

ခြံထဲမှာပန်းမရှိလျှင်တော့ ဈေးထဲမှာ ဖောက်သည်ပန်းသို့… ရှိသည့် ဖိုးကျော်ကို ဘုရားပန်းအတွက်မှာရပါသည်။ ကျွန်မက ခေါ… ထက်မှာ ပန်းပန်ပြီး အလှပြင်ချင်တာမျိုး မဟုတ်ရပါ။ တစ်နေကုန်… ပန်းနံ့လေး ရှူရှိုက်ရမှ စိတ်ထဲမှာ လန်းဆန်းပြီး တစ်နေကုန်စိတ်ကြည်… လင်ရလို့ပါပဲ။ စက်ဘီးကို ဆေးရုံဝင်းရောက်စဉ် ရပ်လိုက်ပြီး တွန်း… ဝင်ခဲ့ပါသည်။ စက်ဘီးသိမ်းရာနေရာမှာ သော့ခတ်သိမ်းခဲ့ပြီး အိတ်… လေးဆွဲ၍ ဘေးပေါက်မှ ဝင်လိုက်ပါ၏။

Locker ရှိရာဘက်ဝင်ခဲ့ပြီး Uniforem ဝတ်တာပြည့်… အောင် ရင်ထိုးနှင့် cap ကို ဂရုစိုက်၍ တပ်လိုက်ပါသည်။ Lock…





…ကို သော့ပိတ်လိုက်ပြီး အခန်းပြင်သို့ ပြန်ထွက်ခဲ့စဉ် lobby ထဲမှာ …ယ်ရယ်ပြုံးပြုံးဖြင့် စကားပြောနေပါသည့် ဆရာဝန်အုပ်စုကို လှမ်း …မြင်လိုက်ရလေ၏။ Lift ဖြင့်တက်မည့် စိတ်ကူးကို ဖျက်လိုက်ရပါ …သည်။ စီးမိပါက ဤဆရာဝန်တွေနှင့် အတူတူဖြစ်မှာစိုးလို့ပါပဲ။

"နွေပန်းချီ"

လှေကားဆီသို့ ဦးတည်လျှောက်နေရာမှ ခြေလှမ်းက တုံ့ခနဲ …ပ်သွားရပါ၏။ မကြားယောင်ဆောင်လို့ မရတော့ပါ။ ဆေးရုံမို့ ဆရာဝန်တွေ၏စကားကို သူနာပြုတို့က နာခံရမှာမဟုတ်ပါလား။ ခပ် …နှိမ့်မျက်နှာဖြင့် လှည့်ကြည့်လိုက်မိစဉ် အုပ်စုထဲမှ 'ဒေါက်တာ …သန့်'က မေးဆတ်၍ ခေါ်လိုက်ခြင်းဖြစ်နေလေ၏။

"ရောင်ဖို့များ စဉ်းစားနေတာလား"

"မဟုတ်"

"အဲဒါ နွေပန်းချီရဲ့style ပဲ ကိုမိုးရေ၊ ကျွန်တော်တို့ …ယောကျ်ားလေးတွေကို danger ဆိုပြီး မြင်နေသလိုပဲ"

"ဟုတ်လား နွေပန်းချီ"

"မဟုတ်ပါဘူး"

"ဒါဖြင့် ခြေလှမ်းက ဘာလို့ stair ဘက်လှည့်နေရတာလဲ"

"အဲဒါ"

"လာပါ၊ အတူတူတက်ကြတာပေါ့"

အရေးတယူဖြင့် ခေါ်နေပြီမို့ ခက်ပါရဲ့။ ယောကျ်ားလေ
ဆရာဝန်အုပ်စုနှင့် မိန်းကလေးသူနာပြုက တစ်ယောက်တည်းဖြ
lift ထဲဝင်ရတာမို့ စိတ်အိုက်ရတာအမှန်ပါ။ ကျွန်မကို သတိထားသ
အကဲခတ်နေကြပါသည့် အကြည့်တို့ကို ရှောင်သည့်အနေဖြင့် မျက်လွ
ကိုသာ ချထားလိုက်မိပါသည်။

"ခြေထောက်လေးလှတယ်ဆိုပြီး တွေးနေလား"

"ရှင်!"

"ခြေထောက်ကို ငုံ့ကြည့်နေလို့ မေးတာလေ"

"ကျွန်မ"

"ဆရာဝန်တွေကို ရှောင်ပေမယ့် လူနာဆိုရင်တော့ ဂရုစိုက်
တယ် မဟုတ်လား။ ကိုယ် patient အနေနဲ့ ရောက်လာရင်ကော
ဂရုစိုက်ပေးမှာလား နွေပန်းချို"

"ဖွ!... လွဲပါစေ, ဖယ်ပါစေ၊ မဟုတ်တာမပြောပါနဲ့ ဒေါက်
တာ"

"ကိုမိုးက ဂရုစိုက်ခံချင်နေပြီတဲ့ နွေပန်းချို၊ ဒါလည်း dange
ပဲ"

Lift ထဲမှာ ရယ်သံတွေအတော်ကျယ်သွားရလေ၏။ ခင်မ
ရင်းနှီးလိုစိတ်ဖြင့် စနောက်ကြမှန်း သိတာမို့ စိတ်မခုမိပါ။ သို့သေ
ဒီ 'ဒေါက်တာမိုးဝသန်' နှင့် စကားပြောရတိုင်း ရင်ထဲမှာ တစ်မျိုးကြ





ဖြစ်နေတာက ကျွန်မအတွက် စိုးရိမ်ထိတ်လန့်နေရတာပါလေ။
အဆင့်မတူဘူး'၊ 'အမြင့်ကိုမျှော်မကြည့်မိစေနှင့်' ဟူသည့် သတိပေး
သံတို့ကို အလိုလိုကြားယောင်နေရလို့ပါပဲ။

Lift ရပ်ပြီမို့ ဆရာဝန်အုပ်စုက ရှေ့မှထွက်သွားကြပါ၏။
အမင် နောက်ချန်ပြီးထွက်လိုက်ပေမယ့် ကျွန်မ၏ဘေးမှာ ခပ်ဖြည်း
ဖြည်းလေးလျှောက်နေသည့် 'ဒေါက်တာမိုးဝသန်' ကြောင့် ခြေလှမ်း
ကို မြန်လိုက်မိစဉ် လက်ကောက်ဝတ်နေရာကို လှမ်းဆုပ်ဆွဲခြင်းခံ
လိုက်ရပါသည်။

"ဟော!... တွေ့လား၊ ဒီလောက်ပြောနေတာတောင်မှ နွေ
ပန်းချိုကတော့လေ"

"Duty ဝင်ရတော့မှာမို့ပါရှင်"

"(၉) နာရီမှ မဟုတ်လား။ (၁၀) နာရီခွဲမှ operation
အတူဝင်ရမှာပါ နွေပန်းချိုရယ်။ အင်း နွေလို့ပဲ ခေါ်ရင်ဖြစ်တယ်
မဟုတ်လား"

နှုတ်ဆိတ်သွားပြန်လေ၏။ သူနှင့်ပြောတိုင်း 'နွေပန်းချို' က
စကားလုံးရှားပါးနေသည့်နှယ်ပါလေ။ အမည်နှင့်လိုက်ဖက်အောင်ကို
အလွမ်းတွေနဲ့ ခြယ်သထားသည့် မျက်နှာလေးပါပဲ။ ဒီလောက်ရင်းနှီး
စွာပြောနေသော်ငြား သူမဘက်ကဖြင့် colour green ချည်း ပြန်ပေး
နေတာမို့ အခက်ပါပဲ။

"ဟုတ်ကဲ့"

"ဘာလို့ ဒီနာမည်မျိုးပေးရတာလဲ"

"ရှင်"

"နွေ့နာမည်ကြောင့် မျက်နှာမှာ အလွမ်းတွေပြည့်နေသလို ထင်ရလို့မေးတာပါ"

"နွေရာသီမှာ မွေးခဲ့လို့ မေမေ တမင်မှည့်ပေးခဲ့တာ ဒေါက်တာ"

"ဖေဖေကရော"

"ကျွန်မဖေဖေက ကျွန်မ (၈) တန်းနှစ်မှာ ဆုံးသွားပါပြီ"

"ဩော် ... sorry ပါ နွေ၊ မောင်နှမတွေရော"

"ဟင့်အင်း ... မရှိပါဘူး"

"ဒါဖြင့် သားအမိနှစ်ယောက်တည်း အတူနေတာပေါ့လေ"

ဆရာဝန်တွေ ရုံးခန်းရှေ့ရောက်ပြီမို့ သူက ခြေလှမ်းရပ်လိုက်လေ၏။ ဒီလောက်ကြီးမရင်းနှီးသေးပါပဲ ကျွန်မအကြောင်းတွေ မေးမြန်းသွားတာပါလေ။ ဦးညွှတ်၍ နှုတ်ဆက်လိုက်ပြီး သူနာပြုရုံး ဆီသို့ ခပ်သွက်သွက် လျှောက်လိုက်ပါ၏။ 'ဖူးငုံ' က ကျွန်မကို မြ သည်နှင့် လက်ပြကာ အနီးသို့ ခေါ်လိုက်လေသည်။

"ဘာလဲ ဖူးငုံ"

"ဒေါက်တာမိုးဝသန်နဲ့ နွေက ဘာလဲ"





"ဟယ်! ... ဘယ်လိုမေးခွန်းကြီးလဲ"

"နွေ့အတွက် စိုးရိမ်လို့ သတိပေးနေတာလေ"

"ဆရာဝန်မို့ လေးစားခင်မင်ရုံထက် မပိုပါဘူး ဖူးငုံရယ်။ ဘာဖြစ်လို့လဲ"

"ဒါဆိုလည်း ကင်းနိုင်သလောက် ကင်းကင်းသာနေပါ နွေ၊ OG ဌာနက ဒေါက်တာမေစံပယ်ဖူးကို သိတယ်မဟုတ်လား"

"အင်း ... သိတယ်လေ"

"အဲဒါ ဒေါက်တာမိုးဝသန်နဲ့ သဘောတူထားတဲ့ ဒေါက်တာ တဲ့လေ"

"ဩော်"

သွားတက်ဖြူဖြူလေးနှင့် ချစ်စရာကောင်းသော ဆရာဝန်မလေးရဲ့ ဖူးစာ ဖက်တဲ့လား။ ကံကောင်းလိုက်တာနော်။ ရည်မှန်းခက်ပန်းတိုင်တူနေ တာမို့ ဘယ်လောက်များ ကံထူးပါသလဲ။ ရွှေချင်းထပ်မှမြတ်သလို မြိုကို စိန်ရံသည့်ပုံစံမျိုးပါပဲ။ ဘဝအဆက်ဆက် ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ခဲ့တဲ့ လူတွေပါပဲ။

"နွေ"

"ဟင်"

"ခေါ်နေပြီ"

မှတ်တမ်းစာအုပ်ကို ဖွင့်ပြည့်ရင်း ငေးငိုင်နေတာမို့ ရုံးခန်းဝ

မှာ လှမ်းခေါ်သံကို မကြားမိလိုက်ပါချေ။ ဘေးမှာရှိနေသည့် 'မြဖူး' က ကျွန်မလက်မောင်းကို ဖျတ်ခနဲ လှမ်းရိုက်လိုက်သဖြင့် လန့်သွားရပါ၏။ ရုံးခန်းထဲကို ဝင်လာသည့်ဒေါက်တာကြောင့် ခုံမှ အမြန်ထလိုက်ရပါသည်။

"ဖြည်းဖြည်း နွေ၊ ဖြည်းဖြည်းပါ။ စိတ်လောပြီးလုပ်ရင် အမှားပါတတ်တာ သိတယ်မဟုတ်လား။ Operation ခန်းဝင်ဖို့ ready ဖြစ်မှသွားမှာပါ"

"ကျွန်မ အဆင်သင့်ပါပဲ ဒေါက်တာ"

"Ok! ဒါဖြင့် သွားကြစို့"

ဆရာဝန်ကို မခေါ်ရပါဘဲ သူနာပြုကို လာခေါ်တာက ပြောင်းပြန်ဖြစ်နေလေပြီ။ ကိစ္စမရှိပါ။ ဒီတစ်ကြိမ်ပါပဲ။ 'နွေပန်းချီ' ဆိုတာ အမြဲတမ်းနောက်ကျတာမျိုး မဖြစ်အောင် လေ့ကျင့်ပြီးသားပါလေ။

❋ ❋ ❋



## အခန်း (၇)

Sunday မို့ ကုမ္ပဏီမသွားရသဖြင့် အိပ်ရာထဲမှာ နေမြင့်သည့်အချိန်ထိ နှပ်နေတုန်းပါပဲ။ နွေရာသီမို့ ညဘက်အထိ ရာသီဥတုက အရမ်းပူပြီး မနက်မိုးလင်းခါနီး (၂) နာရီကျော်မှ အေးတာပါ။ ဒီလို မိုးလင်းအချိန်ဆို ခပ်အေးအေးလေးမို့ တစ်ရေးပြန်အိပ်တာက အရသာရှိတာမဟုတ်လား။

"ဒေါက်! ... ဒေါက်! "

"သားရေ ... မိုးလင်းနေပြီ ထတော့လေ"

ဖက်လုံးကို ခွထားလျက်မှ တစ်ဖက်သို့ လှည့်လိုက်ပါ၏။ ဆိုက်ကာသာပိတ်ထားသည့် ပြတင်းပေါက်မှ လေအေးတို့က ဝှေ့ခနဲဝင်လာတာမို့ သူမျက်နှာကို အေးသွားစေတာပါ။ လူငယ်မဟုတ်တော့

ဘူးလား။ တစ်ခါတလေ အပျင်းထူခွင့်ရှိခဲ့သည့်ကာလတိုလေးကို သတိ
ရလိုက်မိလေသည်။

"ဟင်! "

နှာဝမှ ရှူရှိုက်လိုက်ရသည့် ပန်းရနံ့ကြောင့် အံ့ညြသွားရပါ၏
ပိတောက်ပင်တွေပွင့်လေပြီလား။ သကြန်ရက်ရှည်အလုပ်မပိတ်သေး
ခင် ကြိုပြီးပွင့်ပြီထင်ပါရဲ့။ ခုတင်ပေါ်မှ အမြန်ဆင်းကာ အိမ်ရှေ့
ဝရန်တာသို့ ထွက်လိုက်မိ၏။ သူတို့အိမ်ရှေ့အပင်မှာက ပိတောက်ပု
တွေသာရှိနေတုန်းပါလေ။ ဒါဖြင့် တခြားခြံက ပွင့်တာထင်ပါရဲ့။

နှစ်ဆန်းတစ်ရက်နေ့မှာ မွေးခဲ့သည့်ချစ်သူကို သတိရမိပြ
၏။ သကြန်နှင့်တွဲဖက်ဖြစ်ခဲ့တာ မဟုတ်ပါလား။ ပိတောက်တစ်ခက်
ချစ်သက်လက်ဆောင်ပေးရင်း အဖြေပြန်ရခဲ့တာက သူနှင့် 'နွေ'
တို့ရဲ့ အမှတ်တရလေးပါပဲ။

နွေရောက်ပြီ 'နွေ' . . .

ပိတောက်နဲ့ငုဝါတို့ ပွင့်ပြန်လေပြီ . . .

ဩော် . . . 'နွေ' ရယ် . . .

"သားရေ"

"လာပြီ မေမေရေ . . . လာပြီ"

ရေချိုးတာပင် ဖိမ်ရှိရှိ မချိုးရပါ။ မေမေ မကြာခဏ ခေ
နေသဖြင့် အောက်ထပ်သို့ အမြန်ပြေးဆင်းလိုက်ရပါ၏။ တစ်ခ





ဤသို့ တကြော်ကြော်ခေါ်လေ့မရှိသဖြင့် တစ်ခုခုထူးခြားနေသလိုပါပဲ။
ဧကြည့်ခန်းဘေးရှိ အိပ်ခန်းထဲမှ မေမေထွက်လာလေသည်။

"ဘာဖြစ်လို့လဲ မေမေ"

"နွေ အလုပ်သွားပြီလား"

"ဗျာ! "

"ဩော် သားဖေဖေ ခေါင်းမူးနေလို့ ခဏခေါ်ပေးစမ်းပါ"

"အာ . . . ကျွန်တော်မခေါ်ချင်ဘူး။ ဆရာဝန်ဖြစ်ဖြစ် မပင့်
ဘဲနဲ့"

"ဟဲ့! . . . ဆရာဝန်က ခုချက်ချင်း လာနိုင်တာမှမဟုတ်တာ။
အရေးအကြောင်းဆို နွေပဲ လာကြည့်ပေးနေကျ။ ဘာမှမဖြစ်ဘူး။
သွားခေါ်ပေး"

"မသိဘူးဗျာ"

"အဖေတစ်ယောက်လုံး နေမကောင်းဖြစ်နေတာ အလိုက်
သိဘူး။ ဘယ်လိုကလေးလဲ"

"နောက်ဖေးခြံတံခါးက သော့ပိတ်ထားတဲ့ဟာ"

"အဲဒီသော့ သံချေးကိုက်နေလို့ ဖျက်ထားတာ ခုထိ အသစ်
တပ်ရသေးဘူး။ သွားဆို သွားခေါ်ပေးစမ်း, မင်းသုတရယ်၊ ခေါင်းမာ
လိုက်တာနော်"

"ပြီးရော . . . ပြီးရော"

''ခေါင်းမူးတာ မျက်စိမဖွင့်နိုင်ဘူးလို့ ပြောပြီး ခေါ်လာခဲ့''

အိမ်နောက်ဖေးပေါက်မှ ထွက်လိုက်ပါ၏။ ခြံတံခါးအသေး လေးရှိရာဆီ လျှောက်ခဲ့စဉ် ဟိုတုန်းက ရင်ခုန်သံတို့က ထပ်ကြားရပြန် ချေပြီ။ အရင်က ဒီတံခါးကို အသံမပြည်အောင် ဖွင့်ပြီး 'နွေ' ရှိရာဆီ တိတ်တိတ်ကလေး သွားခဲ့တာမဟုတ်လား။ အခုက ဘယ်လိုသွားတွေ့ ရမှာပါလိမ့်။ ငနရခက်လိုက်တာနော်။

တကယ်ပင် သော့ခလောက်မရှိတဲ့ ဂလန့်ပဲတပ်ထားတာပါ။ ဆီလည်းထည့်ထားသဖြင့် ရှောရှောရှူရှူပင် ဖွင့်လို့ရသွားပါ၏။ ခြံလေး ထဲ ဝင်လိုက်စဉ် နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်သံက ပိုကျယ်လာ လေတော့သည်။ သူမ ဘာများလုပ်နေမည်နည်း။

''နွေ''

ခပ်အုပ်အုပ်ခေါ်လိုက်သော်ငြား ပြန်ထူးသံမကြားရပါ။ မီးဖို ခန်းထဲရှိနေပါက သူခေါ်သံကို ကြားရမည်သာ။ ဒီအချိန် အိပ်ခန်းထဲမှာ ရှိတတ်တာမှ မဟုတ်တာ။ တိတ်ဆိတ်နေပါသည့် အိမ်လေးကြောင့် ရင်ထိတ်သွားရလေ၏။ အလို! 'နွေ' အလုပ်များသွားနှင့်ပြီလား။

''နွေ''

''ဘယ်သူ . . . ဩော်, သားကိုး''

''နွေရော အန်တီနှင်း''

''သမီး ဈေးသွားတယ်ကွယ့်။ ပြန်လာတော့မှာပါ''





''အလုပ်ဆင်းရမှာလား''

''အေး . . . ဆင်းရမယ်။ ညဂျူတီဆိုလား။ ဟော! ပြောရင်း ပြန်လာပြီ''

အန်တီဒေါ်နှင်းမြက ဘုရားရှိခိုးနေပြီး သူကိုလှည့်ကြည့်ရင်း တွေ့သွားတာပါ။ ဈေးသွားပါသည့် မိန်းကလေးက စက်ဘီးဖြင့် ခြံဝင်း ထဲသို့ လျှာခနဲ ပြေးဆင်းလာလေ၏။ စက်ဘီးလဲတော့မှာပဲဟု ထိတ်သွားမိပါသည်။ အရင်လို ဆူပေါက်ခွင့်မှ မရှိတော့တာလေ။

အကြည့်ချင်းဆုံသွားရပါ၏။ ချက်ချင်းပင် ဖျတ်ခနဲ အကြည့် လွှဲလိုက်သည်က 'နွေ' ပါပဲ။ သူတို့နှစ်ဦးကြားမှာ စိမ်းသက်သည့် ရစ်မ်းချောင်ကော်ဇောကြီး ခင်းထားသည့်နှယ်ပါလေ။ မကြည့်ချင်တော့ ဘူးလား။ သူငယ်ချင်းတွေလို စကားတောင် မပြောချင်တော့သလိုပါ လေ။

''ငါးသေတ္တာငါးလတ်တာနဲ့ ဝယ်လာတယ်, မေမေ ပေါင်း စားချင်တယ်ဆိုလို့''

''နွေ''

''သမီးကို မောင်သုတ လာရှာတယ်''

စက်ဘီးနောက်ခုံမှာ ကြိုးဖြင့် သိုင်းလာသည့် ဈေးခြင်း တောင်းကိုဖြုတ်စဉ် လဲမလိုဖြစ်သွားပါသည့် စက်ဘီးကို သူ လှမ်းထိန်း ပေးလိုက်ရပါ၏။ သူကိုယ်တိုင် ဆေးမှုတ်ပေးထားခဲ့သည့် စက်ဘီးနီနီ

လေးက ခုထိ သစ်လွင်တောက်ပနေတုန်းပါပဲ။ တရိုတသေ စည်း
ကမ်းတကျ စီးပြီး ရေဆေးသိမ်းဆည်းတတ်တာကြောင့်လည်း ဖြစ်
ပေမည်။

"ဘာကိစ္စရှိလို့လဲ"

ရင်ထဲအောင့်သွားရပါ၏။ ထင်ပါတယ်၊ ဒီလိုလေသံမျ
ဒီလိုမျက်နှာထား တည်တည်တင်းတင်းနှင့် ပြောမည်ဆိုတာကိုပ
ဒါကြောင့် မလာချင်ဘူးဟု သူပြောတာမဟုတ်လား။ မာနရှင်၏စိတ်က
အထင်းသားပေါ်လွင်နေပါ၏။ ဒီမာနလေးကိုချစ်ခြင်းဖြင့် သူချိုးနှိမ်နိုင်
ခဲ့တာပါလေ။

"ဖေဖေ ခေါင်းမူးနေလို့ မျက်စိတောင်မဖွင့်နိုင်ဘူး"

"ဟင်! . . . အဲဒါ စောစောက ပြောပါလား"

"နွေမှမရှိတာ"

"သမီး ခဏလိုက်ကြည့်ဦးမယ် မေမေ ဈေးခြင်းယူလိုက်ပါ"

"အေး အေး . . . သွား သွားသမီး"

အိမ်လေးပေါ်သို့ အပြေးတက်ပြီး ဆေးပစ္စည်းထည့်ထားပါ
သည့် ဘူးကိုယူ၍ ပြန်ဆင်းလိုက်ပါ၏။ လှေကားမှဆင်းစဉ် သတိရ
အိမ်ပေါ်ပြန်တက်ရပြန်လေသည်။ သွေးတိုးရှိသည့် ဦးဦးမို့ သွေးပေါင်
ချိန်ကျစေရန် သံပရာသီးဝယ်လာသည့်ထဲမှ နှစ်လုံးကို ယူလိုက်ပါ၏
ပြီးနောက် သူနှင့်အတူ လိုက်လာခဲ့ပါသည်။





"ညကတည်းက မူးတာလား"

"မဟုတ်ဘူး။ ဒီမနက်မှ"

"ညက ဘာစားမိသေးလဲ"

"မသိဘူးလေ"

"အိမ်မှာ ချက်စားတဲ့ဟင်းကိုတောင် မသိဘူးလား"

"ကိုယ်မှ ထမင်းမစားတာ"

မျက်စောင်းခဲလိုက်လေ၏။ မမြင်ရတာကြာပြီဖြစ်သည့် မျက်
စောင်းလှလှလေးပါပဲ။ နောက်ဖေးတံခါးဝမှာပင် ဖိနပ်ချွတ်ပြီး သူမ
အိမ်ထဲသို့ လိုက်ဝင်လာလေသည်။ အခန်းတံခါးကိုဖွင့်လိုက်စဉ် မေမေ
က ဖေဖေ့နဖူးကို အကြောဆွဲပေးနေလေ၏။

"နွေရောက်ပါပြီ အန်တီ"

"ဪ . . . လာ လာ၊ သမီး . . . သမီးရဲ့ဦးဦးကို ကြည့်ပေး
ပါဦးကွယ်"

မေမေက ဘေးမှာထိုင်နေရာမှ ဖယ်ပေးလိုက်သဖြင့် ခုံမှာ
သူမ ဝင်ထိုင်လိုက်လေသည်။ သွေးပေါင်ချိန်ပေးတာ၊ နားကျပ်ဖြင့်
နားထောင်တာတို့ကို ဆရာဝန်တစ်ယောက်နှယ် ကျွမ်းကျင်စွာလုပ်ပေးနေ
ပါ၏။ တစ်ချောင်းတည်းကျစ်ထားပါသည့် ကျစ်ဆံမြီးက ခုံမှာထိုင်
လိုက်သည့် နွေကြောင့် ကြမ်း (ပါကေး) ခင်းထက် ပုံကျသွားလေ
သည်။ သူက မရည်ရွယ်ပါဘဲ သူမဆံပင်ကို သွားကိုင်၍ ပေါင်ပေါ်သို့

တင်ပေးလိုက်မိသဖြင့် အံ့ဩစွာ လှည့်ကြည့်လိုက်လေ၏။ တကယ့်
မရည်ရွယ်ရရိုးအမှန်ပါလေ။

''သေချာတာပေါ့၊ သွေးပေါင်တက်နေတာ၊ ဦးဦး အစား
သေးလား''

''မနေ့က ဝက်သားပေါင်းစားချင်တယ်ဆိုလို့ သုံးလေး
တော့ စားလိုက်တာပဲ သမီးရယ်။ အန်တီ အလိုလိုက်မိတာ မှား

''သွေးတိုးစာစားပြီးရင် ဆေးသောက်ဖို့ မမေ့ပါနဲ့ ဦးဦး
အစာစားပြီးတိုင်း သံပရာရည် ပုံမှန်သောက်ဖို့ အန်တီ့ကို နွေမှာထ
ပေးတယ်လေ''

''ဟုတ်တယ် . . . အန်တီမေ့တာ။ သူတို့သားအဖက
မဆို အန်တီလုပ်ပေးတာကိုပဲ စောင့်နေကြတာ သမီးသိပါတယ်''

''နွေ့, ဆေးထိုးပေးမယ်နော်။ ညနေ ဆေးရုံမသွားခင်
ချက်လာကြည့်ပေးပါမယ်။ သံပရာရည်ချိုချိုလေး ဖျော်တိုက်ပေ
အန်တီ။ နွေ အခုပဲ ဈေးကဝယ်လာတာ ယူလာပေးတယ်။ ဒီ
အဆင်သင့် ရှိ မရှိ မသေချာလို့ပါ''

''ဟုတ်တယ်၊ ဈေးမသွားဖြစ်သေးလို့ ကုန်နေတာအမှ
ကွယ့်''

မေမေက ဖျော်ရည် ဖျော်ရန် ထွက်သွားသဖြင့် ဖေဖေ
ဆေးထိုးပေးတာကို သူပဲ ကူညီပေးရပါ၏။ ဆေးနှစ်မျိုးစပ်တာ





သေထုတ်တာတို့ကို ခပ်သွက်သွက်လုပ်ကာ အရက်ပျံဖြင့် လက်ကို
အရင်သုတ်ပြီးမှ တစ်ခါသုံးအပ်ဖြင့် ဆေးထိုးပေးလေသည်။ သုံးပြီး
သား အပ်နှင့် ဆေးပုလင်းတို့ကို plastic ဖြင့် သေချာပိတ်ကာ
အမှိုက်ပုံးထဲ သွားထည့်တာကအစ လုပ်ရိုးလုပ်စဉ်အတိုင်း မြန်မြန်ပါပဲ
သား။

''နွေ ပြန်ပါဦးမယ် ဦးဦး။ နေရတာ မသက်သာရင် လှမ်း
ခေါ်လိုက်နော်။ ညနေ (၅) နာရီအထိ အိမ်မှာပဲရှိနေမှာပါ''

''အင်း''

''သံပရာရည်ရပြီ''

''ထမင်းကို ဆီလေးဘာလေးနဲ့ပဲဖြစ်ဖြစ်၊ အရည်တစ်ခုခုနဲ့ပဲ
ဖြစ်ဖြစ် ကျွေးပါအန်တီ။ ငါးကြော်ကလွဲပြီး တခြားအသားတွေ မစားပါ
စေနဲ့။ သွေးပြန်တိုးနေမှာစိုးလို့ပါ''

''ကျေးဇူးပါ သမီးရယ်''

''နွေ သွားပါဦးမယ်''

''သမီးကို တစ်ခုခုဖြစ်ဖြစ်''

''နေပါစေ အန်တီ၊ အိမ်မှာ ဈေးဝယ်ထားတာတွေ ချက်ရ
ပြုတ်ရဦးမှာမို့ပါ''

အပိုစကားတစ်ခွန်းမှ မပြောပါလား။ အဲဒီလောက်ထိ စိမ်း
ကားခြင်းတွေချည်း ပေးနေတာလား, 'နွေ'။ ခင်မင်ရင်းနှီးခဲ့သည့်

မိတ်ဆွေသူငယ်ချင်းလိုမျိုး အပြုံးယဲ့ယဲ့လေးသော်မျှ တွေ့ခွင့်မရ

ပါ။ ဒီလိုမျိုးအကြည့်နှင့် ဒီလိုအပြောမျိုး ပြောချင်လို့ အခုလို

လမ်းခွဲဖြတ်တောက်ပစ်ခဲ့တာပါလား။

"လိုက်မလာနဲ့"

"ခြံတံခါးပိတ်ဖို့ ထွက်လာတာ၊ လိုက်လာချင်လို့ မထင်

ပက်ခနဲ ပြောလိုက်သဖြင့် ဆတ်ခနဲ အကြည့်ကိုမြင်လိုက်

၏။ အလို! မျက်ရည်များ ဝဲသွားလေသလား။ ခဏလေးပါ။ တစ်

လေးမှာတင် ထိုအရည်ကြည်လေးက ပျောက်ကွယ်သွားတော့

လေ။ ဟန်ဆောင်လိုက်တာလား 'နွေ'။ ဒီလို အတတ်အပညာမျိုး

ဘယ်သူဆီကသင်ပြီး ဘယ်လိုများ တတ်မြောက်ခဲ့ပါသလဲ။

"ပိန်သွားတယ်၊ ကျန်းမာရေးဂရုစိုက်ဦး"

"လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ ရှိပါတယ်နွေ"

တံခါးအပြင်မထွက်ဖြစ်သေးပါဘဲ ခြံဝမှာပင် သူမ ရပ်နေ

၏။ ဘာများပြောဦးမှာပါလိမ့်။ ပြောပြန်တော့လည်း ဘုစကား

ချည်း သူပြောနေမိတာလေ။ တကယ်ဆို ဖေဖေ့ကို ဆေးလာကု

သည့်အတွက် ကျေးဇူးတင်စကားတော့ အနည်းဆုံးပြောသင့်

မဟုတ်လား။ တကယ်တမ်းပြောဖြစ်သည်က ကန့်လန့်သဘော

ချည်းသာ ဖြစ်နေလေသည်။

"Congratulation ပါ"





"ဘာ"

သူ အံ့သြသွားရပါ၏။ ဘာကိုများ သတင်းကြားလို့ အခုလို

ယူကြောင်း ပြောရပါသလဲ။ ရုတ်တရက်အံ့သြလျက် သူမကို

ငေးသားကြည့်နေမိပါ၏။ မိန်းမတွေ၏အတွင်းစိတ်ကို သူ တကယ်

နိုင်သေးဘူးဆိုတာ မှန်နေပါရောလား။ အခုလည်း 'နွေ' စိတ်ထဲ

ကိုတွေးနေမည်ဆိုတာကို သူ မသိနိုင်ပါလေ။

"မျက်ဝန်းနဲ့စေ့စပ်တော့မယ်ဆိုလို့ပါ"

"ဘယ်လို . . . ဘယ်သူပြောလို့ သိရတာလဲ"

သူမ မျက်လွှာချသွားလေ၏။ ဝမ်းနည်းမှု၊ ကြေကွဲမှု မပေါ်

င်အောင် ထိန်းထားတာများလား။ ဒေါသတကြီးဖြင့် အော်ခဲ့တာ။

ဟုန်းဟုန်းတောက်လောင်နေသလို မျက်ဝန်းမျိုးဖြင့် သူ့ကိုကြည့်ခဲ့ပါ

ည့် 'နွေပန်းချီ'က ဘယ်များရောက်သွားခဲ့ပါသလဲ။ ဘယ်သူကများ

မုန်းမီးရှို့ခဲ့လို့ သူ၏ 'နွေ' က အမုန်းမီးလျှံတွေနှင့် တောက်လောင်

ပါလိမ့်။

"ဘယ်သူပြောပြော သိဖို့က အဓိကပဲ မဟုတ်လား"

"ဇာ့လည်ကြောင်ပတ် မပြောပါနဲ့၊ ကိုယ် တကယ်သိချင်လို့

နေတာ"

"မေမေက အန်တီပြောလို့ သိတာပါ"

"ဒါဖြင့် နွေကရော"

ပြန်မဖြေပါ။ လက်ခနဲလင်းသွားပါ၏။ မျက်ဝန်းထဲမှ
နာကျင်သည့်အရိပ်တွေကို မြင်လိုက်ရလေသည်။ မင်း, ကိုယ့်ကို
မမုန်းဘူး မဟုတ်လား 'နွေ'။ မမေ့နိုင်သေးလို့ ဒီလိုအကြည့်မျိုးနဲ့
ကိုယ့်ကို ကြည့်နိုင်တာမဟုတ်လား။ ဒါဖြင့် ဘာအကြောင်းနဲ့မှ
ကိုယ့်ကို လမ်းခွဲခဲ့ရပါသလဲ။

'မောင့်' ကို ချစ်သေးရဲ့လား 'နွေ'။

''ဝမ်းသာပါတယ်၊ တကယ့်စိတ်ရင်းနဲ့ ပြောတာပါ''

''နွေ''

လက်ကောက်ဝတ်နေရာကို ဖမ်းဆွဲလိုက်စဉ် သူမ ရုန်းဖယ်
လေ၏။ ဘုရားရေ! . . . ငိုတော့မှာမို့များလား။ 'မောင့်' ကြောင့်
'မောင့်' အတွက်နဲ့ မင်းရင်ထဲမှာ မျက်ရည်ဆိုတာတွေ ရှိနေသေးရင်
ချစ်ခြင်းရဲ့အကြွင်းအကျန် သေးသေးလေးတော့ ရှိနေဦးမှာလို့ မျှော်
လင့်မိပါရဲ့။

''ကျွန်မတို့ လမ်းခွဲခဲ့တာကြာခဲ့ပြီပဲ . . . သွားတော့မယ်''

'ကျွန်မ'တဲ့။ စိမ်းကားခြင်းများစွာနဲ့ အချစ်၊ ထို့နောက် ဟင်း
လင်းပြင်ကြီးသာ ကျန်ရစ်ခဲ့လေတော့၏။

❋ ❋ ❋



## အခန်း (၈)

''နွေပန်းချီဆိုတာ''

''ဟုတ်ကဲ့၊ ကျွန်မပါပဲ ဒေါက်တာ''

Nurse ရုံးခန်းထဲသို့ ဝင်လာပါသည့် ဒေါက်တာချောချော
လေးကို မတ်တပ်ရပ်၍ ကြိုလိုက်ရပါ၏။ အမည်ခေါ်၍ ဝင်လာတာမို့
duty ဝင်ဖို့လည်း ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်မက သားဖွားဆီးယပ်
သင်တန်းဆင်းခဲ့သည့် သူနာပြုမဟုတ်တာမို့ OG ဒေါက်တာနှင့်
လုပ်ငန်းသက်ဆိုင်မှု မရှိပါချေ။

''ဩော် . . . ထင်တော့ထင်သား''

''ဘာကိစ္စများရှိလို့ပါလဲ ဒေါက်တာ''

''ကိုမိုးပြောလို့ လာကြည့်တာ၊ တခြားကိစ္စ မရှိပါဘူး''

"ရှင်!"

သွားစွယ်လေးပေါ်အောင် ပြုံးပြလိုက်တာမို့ အံ့ဩမှင်တက် စွာဖြင့် ကြည့်နေမိပါ၏။ ဒါ, 'ဒေါက်တာမေစံပယ်ဖူး' မှန်း စိတ်ထဲမှ သိနေတာမို့ပါပဲ။ ဘုရားရေ! ဟိုတစ်နေ့ကပဲ 'မောင်' နှင့် ထပ်ဆုံခဲ့ ပြီး ရင်ထဲ နာကျင်နေသည့်ဒဏ်ရာက ပိုတိုးနေကာမှ အခုတစ်ခါ 'ဒေါက်တာမိုးဝသန်' ကြောင့် ပြဿနာဖြစ်တော့မှာထင်ပါရဲ့။

"Hi! Jes"

"ကိုမိုး"

နောက်မှလိုက်ဝင်လာပါသည့် 'ဒေါက်တာမိုးဝသန်' ကြောင့် အလိုလိုနေရင်း တုန်ရင်လာရလေ၏။ ဆရာဝန်တွေနှင့် ပတ်သက်ပြီး ပြဿနာမဖြစ်ချင်ပါ။ အထူးသဖြင့် ကိုယ်ရေးကိုယ်တာကိစ္စကြောင့် နာမည်ပျက်သွားပါက ကျွန်မအလုပ်အတွက် ထိခိုက်နစ်နာစရာတွေ ဖြစ်လာမှာမို့ပါပဲ။ ဘုရား! ကယ်တော်မူပါ။

"ဘာကိစ္စလဲ"

"ကိုမိုးသဘောကျနေတယ်ဆိုလို့ လာကြည့်တာလေ"

"Jes တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ကိုယ်ကဖြင့် နွေ့ကို ဘာအရိပ်အယောင်မှ မပြရသေးဘူး"

"နာမည်တောင် တရင်းတနှီးခေါ်နိုင်မှတော့ မဆိုးပါဘူး။ အခြေအနေကောင်းသားပဲ ကိုမိုးရဲ့"





ကျွန်မ မျက်နှာရဲသွားရပါ၏။ ဆရာဝန်နှစ်ဦး အပြန်အလှန် ပြောနေပုံက ထမင်းစားရေသောက်နှယ် အခြေအနေပါ။ သို့သော် ထုကို ဤဆရာဝန်နှင့် ဘာတာညာညာထင်ပြီး ပြောနေပုံက အဘယ်မျှ ဒီကွာကျစေပါသလဲ။ Night duty ထွက်ကာစမို့ လူက မလန်းဆန်း သလို ဖြစ်နေချိန်မှာမှ စိတ်ရှုပ်အောင် စောစောစီးစီးလာပြောနေတာ လေ။

"ဘယ်ကနေ သတင်းကြားခဲ့တာလဲ"

"ဒီလိုပဲ လူသတင်း လူချင်းဆောင်တာပေါ့"

"ဒါဆိုရင် ဒယ်ဒီ သိပြီထင်တာပဲ"

"မကြားဘဲရှိမလား။ ဆေးရုံအုပ်ကြီးက ငြိမ်ငြိမ်လေးထိုင်နေ တဲ့ အရုပ်မှမဟုတ်တာ"

"နွေ"

"ကျွန်မ ပြန်တော့မယ်"

"Duty ချိန်မပြည့်သေးဘဲ ပြန်လို့ရမလား နွေရဲ့။ ဘယ်လို ဖြစ်တာလဲ၊ ဘာလဲ ... ထုံးစံအတိုင်း ရှောင်ဦးမလို့လား"

"ဘာဖြစ်လို့ရှောင်တာလဲ"

"ယောကျ်ားတွေကို danger ဆိုပြီး ရှောင်ကျင့်ရှိတယ်လေ"

"အဲဒါလေးကိုပဲ သဘောကျခဲ့တယ်ပေါ့"

ပြုံးမြမြဖြင့်ပြောနေသည့် 'ဒေါက်တာမေစံပယ်ဖူး' ကြောင့်

မျက်နှာရဲလာရပါ၏။ ဘယ်လိုလဲ၊ မိဘတွေသဘောတူထားကြသည့် OG Doctor က ကျွန်မကို အခုလိုမျိုးပြောပြီး လာအကဲခတ်တာမေ့လေ။ ပွင့်လင်းစွာပြောတတ်လို့များလား။ သို့တည်းမဟုတ် အဆင့်အတန်းမတူညီသည့် nurse လေးကို အထင်တသေးနှင့်များ လာပြောတာမျိုးလည်း ဖြစ်နိုင်ပါ၏။

"ကျွန်မနဲ့ဒေါက်တာမိုးဝသန်က ခင်ရုံကလွဲပြီး ဘာမှမဆိုင်ပါဘူး ဒေါက်တာ။ သူများတွေပြောကြတဲ့ သတင်းအမှားကြီးကို မယုံချင်ပါနဲ့"

"ကြားလား, ကိုမိုး။ Cover ကတော့အပြည့်ပါပဲလား"

"ဖြည်းဖြည်းချင်း ရွှေ့ဖို့ပြင်ထားတာပါ Jes ရယ်။ မင်းလုပ်တာနဲ့ Queen ဘေးကိုကပ်ပြီး Chessamate လုပ်သလိုဖြစ်ကုန်ပြီ"

"ကျွန်မ"

"ကိုမိုး ဘာကြောင့် သဘောကျလဲဆိုတာကို မြင်မှပဲယုံတော့တယ်။ Night duty ဆက်တိုက်ဆင်းနေရတာတောင် နွမ်းလျုံ့မရေ လန်းဆန်းနေတဲ့အလှပါပဲလား, နွေပန်းချီ"

ဘုရားရေ! . . . မိန်းမချင်း ဤမျှပေါ်တင်ကြီးပြောမည် ထင်မထားပါလေ။ လူကိုရှေ့ထားပြီး ပြောလိုက်တာမို့ မျက်နှာ မထားတတ်တော့သည့်နှယ်ပါ။ ဘယ်လိုဖြစ်ပြီး ဒီတစ်ပတ်လုံး night duty ဝင်ဖြစ်မှပဲ ဒီလိုကိစ္စမျိုး ဖြစ်လာရပါသလဲ။ ဘာကို ဘယ်





ဖြေရှင်းရမှန်းပင် မသိတော့ပါလေ။

"ကျွန်မမှာ"

"ဘာလဲ ချစ်သူရှိတယ်ဆိုပြီး ညာချင်သေးလို့လား။ ယုတ္တိရှိအောင်လည်းပြောပါ နွေပန်းချီ။ မိန်းမချင်းမို့ မျက်လုံးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ ယူ့ရင်ထဲမှာ အချစ်ဆိုတာထက် အလွမ်းတွေသာ ပြည့်နေသလိုပါပဲလား"

ဗုဒ္ဓေါ! . . . ဘယ့်နှယ်သိနေရပါသလဲ။ ရင်ထဲ တိတ်တခိုး ခံစားနေရပါသည့် ခံစားချက်ကိုမှ ရိပ်မိနေရတယ်လို့။ 'အချစ်' တဲ့။ ကျွန်မအချစ်က အတိတ်မှာ ကျပျောက်ခဲ့ရတာ အမှန်ပါလေ။ အလွမ်းတွေအပြည့်နဲ့ မျှော်လင့်ချက်ပျောက်ကွယ်နေတဲ့ ပစ္စုပ္ပန်မှာ အပျော်ဆိုတာက သဲမှုန်လေးလောက်တောင်မှ မရှိတော့ပါချေ။

"Jesmine က အချစ်မှာဆရာကြီးပဲ, နွေရဲ့။ သူပြောတာ မှန်ရဲ့လား။ ဒီလောက်ကြီးအံ့သြနေရင်တော့ မှန်လောက်ပါရဲ့"

"ဒေါက်တာတို့နှစ်ယောက်ကို လူကြီးချင်းသဘောတူထားမှန်း ကျွန်မ သိထားပါတယ်"

"အဲဒီတော့ . . . ဘာလဲ ဆက်ပြောလေ"

"ဒီတော့ ကျွန်မအတွက်နဲ့ အထင်လွဲတာတွေ၊ ပြဿနာဖြစ်တာမျိုးတွေ မရှိစေချင်လို့ပါ"

နှစ်ယောက်သား ရယ်ကြလေတော့၏။ ဘာလဲ၊ ကျွန်မ

စကားထဲမှာ အမှားများပါလေသလား။ လူကြီးတွေ သဘောတူထားပါသည်ဆိုသည့် နှစ်ယောက်က ငယ်သူငယ်ချင်းတွေနှယ် တရင်းတနှီးဖြင့် ဖော်ရွေစွာပြောဆိုနေတာလေ။ ကျွန်မတော့ ဘယ်လိုမှ နားမလည်နိုင်တော့တာအမှန်ပါ။

"ဟင်း ဟင်း ... လူကြီးတွေသဘောတူတာနဲ့ပဲ ခေါင်းညိတ်လက်ခံရအောင် တို့တွေက ဆယ်ကျော်သက်အရွယ်တွေမှ မဟုတ်တော့တာ"

"မှန်တယ်"

ကျွန်မရင်ထဲ စူးခနဲအောင့်သွားရပါ၏။ အရိုက်တည့်တည့်ကို များ ထောက်ပြလိုက်လေသလား။ နားထဲမှာ 'မျက်ဝန်းညို' ပြောခဲ့ပါသည့် စကားသံတို့ကို ကြားယောင်လိုက်သည့်နှယ်ပါ။ မိဘတွေ သဘောတူထားတာမို့ ကျွန်မကို နောက်ဆုတ်ပါတဲ့လေ။ လူငယ်ချင်းပါမက 'မျက်ဝန်းညို' ၏ မိခင်ဖြစ်သူ 'ဒေါ်သက်ထားဝေ' ကပါ မေမေ့ကို မျက်နှာတင်းတင်းဖြင့် ခါးထောက်ပြီး ခေါ်ပြောခဲ့တာ မဟုတ်လား။

နောက်ဆုတ်ခဲ့တာကို မှန်သည်ဟု ယူဆခဲ့သည့် ခံယူချက်က သံသယကြီးသွားစေပါ၏။ ကျွန်မ နောင်တရတာမျိုးကို မလိုလားခဲ့ပါ။ သတ္တိနည်းခဲ့ရပါသည့် အတိတ်ကတစ်နှစ်ကျော်ကာလမှာ မှုန်ဝါးဝါး ကျန်ရစ်နေခဲ့တာလေ။ 'နွေပန်းချီ' ၏ အတိတ်ခါးခါးက ခပ်ဝါးဝါး





တားချပ်တစ်ခုနှယ်ပါပဲ။

"မယုံဘူးလား"

"ရှင်! "

"ကိုမင်းနဲ့တို့က လည်ပင်းဖက်ကြီးပြင်းလာတဲ့ သူငယ်ချင်းအရင်းတွေပါ, နွေပန်းချီ။ Best friend အဖြစ်အနေကနေ Boy friend အဆင့်ကို ကူးပြောင်းဖို့ စိတ်ကူးက လုံးဝမရှိဘူး။ သတင်းမှားပြီး ကြားတဲ့လူက ယူပဲဖြစ်လိမ့်မယ် ထင်ပါရဲ့"

ပခုံးလေးတွန့်ပြကာ ပြောပုံက ပေါ့ပေါ့ပါးပါးပဲလား။ ဒါဖြင့် 'မျက်ဝန်းညို' နှင့် 'မောင်' လည်း ဤသို့ ဖြူစင်ခဲ့မှာအမှန်ပင်။ သို့သော် 'မောင့်' ဘက်က ရိုးသားကောင်းရိုးသားနိုင်ပေမယ့် 'မျက်ဝန်းညို' ကတော့ 'မောင့်' အပေါ် တစ်ဖက်သတ်ခံစားချက်တို့ ရှိနေမည်သာ။ ဒါ့ကြောင့်လည်း ကျွန်မအပေါ် မလုပ်သင့်တာတွေကိုလုပ်ပြီး ပြောဆိုခဲ့တာ မဟုတ်ပါလား။

ရှုံးတော့မှာလား 'နွေ'။ သူတို့က စေ့စပ်ပွဲတောင်မှ လုပ်တော့မှာကို ဘာများမျှော်လင့်နေရပါသလဲ။ မလိုချင်လို့ တိခနဲဖြတ်လိုက်သည့်ကြိုးက နှစ်စဖြစ်ပြီး ဝေးကွာခဲ့တာကြာနေပါပြီ။ နောက်ဆုတ်ကျောခိုင်းပြီးမှ ပြန်လှည့်ကြည့်မိသည့်အလွမ်းက ရှုံးနှိမ်းနှိမ်းပြယုဂ်အဖြစ်သာ ဖြစ်တော့မှာပါ။ ကျွန်မ တော်တော်လေးကို ရူးသွပ်ခဲ့တာပါပဲလား။

''ဘာပဲဖြစ်ဖြစ်''

''ဘာပဲဖြစ်ဖြစ် ကိုမင်းကိုတော့ စဉ်းစားပေးနိုင်မယ် မဟုတ်လား။ ယူနဲ့ကိုမင်းက Night duty ထွက်ပြီး အိမ်ပြန်ရမှာ ဖြစ်ပေမယ့် တို့က ခုမှ duty ဝင်ရတာမို့ သွားပြီ နွေပန်းချီ''

''ကိုယ်ဖွင့်ပြောရမယ့်ကိစ္စကို ရှေ့ကပြောသွားပြန်ပြီ။ ကဗျာ မဆန်လိုက်တာ Jes ရာ''

'ဒေါက်တာမေစံပယ်ဖူး' က ကျွန်မကို လက်ပြနှုတ်ဆက်ပြီး ထွက်သွားလေတော့၏။ ရုံးခန်းထဲမှာ သူနှင့်ကျွန်မသာ ကျန်ရစ်ခဲ့လေ သည်။ မနက် (၉) နာရီ မထိုးသေးတာမို့ duty လဲရမည့် သူနာပြုတွေ က တစ်ယောက်မှ မရောက်သေးပါ။ ကဲ! ဘာဆက်လုပ်မှာလဲ 'နွေ ပန်းချီ'။

''စက်ဘီးမယူလာဘူး မဟုတ်လား''

''ဟုတ်ကဲ့''

''ဒါဖြင့် ကိုယ်လိုက်ပို့ပေးပါရစေ''

''အို! . . . မဟုတ်တာ၊ ကျွန်မ bus နဲ့ပြန်နေကျပါ''

''တကူးတက ပို့ပေးတာမှမဟုတ်ဘဲ နွေရယ်။ ပြီးတော့ နွေ့အတွက် ကိုယ် လက်ဆောင်ပေးစရာလည်းရှိနေလို့ပါ''

ဘုရားရေ! . . . လက်ဆောင်တဲ့။ ဒါမျိုးကို မျှော်ကိုးပြီး ကမ်း ဖားသည့်သူဆိုပြီး အပြောခံရလျှင် ဘယ့်နှယ်လုပ်ရပါ့မနည်း။





လူဆိုတာ တစ်ခါသေဖူးလျှင် ပျဉ်ဖိုးကို နားလည်ထားရမှာပါလေ။ ရှောင်တာက အမြဲတမ်းပါပဲ။ သို့သော် 'မောင်' ၏အချစ်နှောင်ကြိုး ထောင်ချောက်မှာ ကျွန်မ ချည်နှောင်ခံခဲ့ရတာပါ။ ဒါဖြင့် အခုတစ်ကြိမ် မှာရော ကျွန်မ ရှောင်နိုင်ပါမည်လား။

''ကျွန်မ ဘယ်သူစိမ်းဆီကမှ ဘာလက်ဆောင်မျိုးမှ မယူ တတ်ပါဘူး ဒေါက်တာ''

''သိတယ်လေ၊ သိပ်သိတာပေါ့။ ဒီလိုပြောမယ်ဆိုတာကို။ တန်ဘိုးကြီးကြီးလက်ဆောင်လို့ ထင်လိုက်တဲ့အတွက် Thanks ပါ နွေ။ ကိုယ်က နွေ့အတွက် ဦးဆုံးပေးတဲ့လက်ဆောင်ကို ဝန်ထုပ်ဝန်ပိုး ဖြစ်မယ့်ပစ္စည်းမျိုး ပေးမှာမှမဟုတ်တာ။ တန်ဘိုးဆိုတာထက် အမှတ် တရ ဖြစ်စေမယ့် ပေါ့ပေါ့ပါးပါး လက်ဆောင်လေးမို့ လက်ခံပေးပါ နွေ please! ''

''ကျွန်မ''

''(၉) နာရီထိုးပြီ lobby ထဲမှာ duty ဝင်မယ့် nurse တွေလည်း ရောက်နေလောက်ပြီ။ နွေ့ကို ကိုယ်အိမ်အရောက်ပြန်ပို့ ပေးမှာပါ။ သွားကြစို့နွေ၊ shell we? ''

စိတ်ရှုပ်နေမိပေမယ့် ကျွန်မ ပြုံးလိုက်မိပါ၏။ 'နွေပန်းချီ' ရဲ့ဘဝလမ်းကြောင်းကဖြင့် ရှောင်ပေမယ့် တည့်တည့်ကြီးကို တိုးတတ် သည့်ကိစ္စတွေချည်း ရှိခဲ့တာပါ။ အိမ်ပြန်ပို့ပေးချင်တာကို ငြင်းဆန်လို့

မရမှတော့ ကားအတူစီးလိုက်ရုံသာရှိပါ၏။ လွယ်လွယ်လေးပါနော်

"ဒါဆိုလည်း ကျွန်မလိုက်ပါ့မယ်။ ဒါပေမဲ့ ... ဒါ ပထမ အကြိမ်နဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ ဒေါက်တာ။ ကျွန်မ မေ ရပ်ခံအပ်တာပါရှင်"

"နွေက မိုးတွင်းရောက်ရင် စက်ဘီးမယူလာတတ်ဘူးဆို

ဟော! ... တွေ့လား။ ကျွန်မအကြောင်းတွေကို ဘယ်က ဘယ်လိုရှာပြီး စုံစမ်းထားပါလိမ့်။ အခု ငြင်းနေတာတောင်မှ နော ထပ် request တွေ ထပ်ထွက်လာတော့မှာပါ။ စိတ်များလည် ညစ်မိပါရဲ့။ ကိုယ့်ကိုယ်ကိုယ် မလှမချောဘူးဟု ထင်နေပေမယ် အားလုံးထဲမှာ 'နွေပန်းချို' က နဂိုယဉ်အလှနှင့် အချောဆုံးဆို သတ်မှတ်ထားကြတာမို့ ဒီဆေးရုံမှာ ကျွန်မနာမည်က ကြီးနေရတာ လေ။

"ဟုတ်ပါတယ်"

"OK! ... နောက်ကိစ္စနောက်ရှင်းကြတာပေါ့။ အခုတော့ ပြန်ကြမယ်လေ။ လာပါ နွေ"

စားပွဲအံဆွဲထဲ ထည့်ထားပါသည့် ပိုက်ဆံအိတ်ကို ယူလိုက် ၏။ Night ဆင်းတိုင်း အိမ်မှာထမင်းစားပြီးမှ duty ဆင်းတာ ထမင်းချိုင့်မယူဖြစ်ပါ။ ဒေါက်တာနှင့်အတူ ဆေးရုံပေါ်မှ lift ဖြ ဆင်းလာခဲ့ပါ၏။ ဆေးရုံပေါ်တီကိုအောက်မှာ အဆင့်သင့်ရပ်ထာ





သည့် ကားနီနီလေးပေါ်သို့တက်စီးလိုက်ရလေသည်။ မနက်ဖြန် ကြန်အကြိုနေ့မို့ ပိတောက်ပန်းနံ့တွေ ရှူမိသည့်နယ်ပါ။

အိမ်ရောက်သည်အထိ ကားမောင်းပို့ပြီးနောက် ဒေါက်တာ ကားပေါ်မှအရင်ဆင်းကာ ကားတံခါးဖွင့်ပေးလိုက်လေ၏။ ခြံဝ ည့်တည့်နေရာမှဆင်းပြီး ရပ်လိုက်မိစဉ် ဒေါက်တာက ကျွန်မကို တိုးတိုးမေးလိုက်လေသည်။

"ဒီနှစ် နွေ့ကို ဘယ်သူမှ ရေမလောင်းရသေးဘူး မဟုတ် "

"ဟုတ်ကဲ့"

"မင်္ဂလာနှစ်သစ်အကြိုပါ နွေ၊ နှစ်သစ်မှာ အလွမ်းတွေ ပျောက်နိုင်ပြီး စိတ်ကူးသစ်နှလုံးသားအသစ်နဲ့ ချစ်သူရှာတွေ့နိုင်ပါ "

"အို! ... အေးလိုက်တာ"

ပိတောက်ပွင့်လေးတွေ ထည့်ဖျော်ထားပါသည့် ရေအေး ကို ဖလားဖြင့် ဒေါက်တာက ကျွန်မကို လောင်းလိုက်လေ၏။

❋ ❋ ❋

လမ်းခွဲတယ်ဆိုတာ အကြောင်းမဲ့သက်သက်နဲ့ ကျောခိုင်းတဲ့ ရှုမှုမဟုတ်တာ။ လူနှစ်ယောက်ရဲ့ရင်ဘတ်ထဲမှာ နလုံးသားကို အပြန် လှန် ပေးယူဖလှယ်ပြီး အချစ်ဆိုတာကို ပုံဖော်ခဲ့ကြတာလေ။ "န်းတယ်" လို့ပြောမှ စိတ်နာသွားနိုင်မှာ။ အငြိုးကြီးသည့် မျက်ဝန်း မြင့် ကြည့်နိုင်မှသာ နာကြည်းနိုင်မှာ။ "မေ့နိုင်တယ်" လို့ ခပ်ပေါ့ပေါ့ ပြောနိုင်မှသာ တသသမလွမ်းတော့ဘဲ ဥပေက္ခာပြုနိုင်မှာမို့ပါ။

"မချစ်နိုင်တော့ဘူး" လို့ပြောရတဲ့ တဒင်္ဂခဏလေးမှာ ကျွန်မ လုံးသားလည်း "မောင်" နဲ့ထပ်တူ တစ်စစီ ကြေကွဲခဲ့ရတာပါလေ။

**နွေပန်းချီ**

Don't cry before you are hurt.

မနာကျင်သေးခင် မငိုပါနှင့်။

## အခန်း (၉)

## လွန်ခဲ့သောတစ်နှစ်ကျော်ကာလခန့်

ခြံထဲမှလမ်းလျှောက်၍ ထွက်လိုက်ပါ၏။ လက်မှနာရီအဝိုင်းလေးကို ကြည့်ပြီး ခြေလှမ်းကို အမြန်သွက်သွက်လေး လျှောက်လိုက်ရလေသည်။ သင်တန်းစတက်ရမည့်နေ့မှာ နောက်ကျလို့ ဘယ်ဖြစ်ပါ့မလဲ။ ကားဂိတ်မှာလည်း ကားစောင့်ရဦးမှာမို့ အချိန်က ကုန်ဦးမှာပါလေ။

"တီ!"

"အမလေး!"

လမ်းထဲသို့ ဝူးခနဲ ကွေ့ဝင်မောင်းနှင်လာသည့်ကားကြောင့် လန့်သွားရပါ၏။ မိုးရေတို့ စွတ်စိုနေပါသည့် ကွန်ကရစ်လမ်းကို သတိထား၍ လျှောက်နေစဉ်မှာပင် ထိုကားကြောင့် လမ်းဘေးသို့ ကပ်ရှောင်

လိုက်ရင်း လူက လမ်းဘေးမြောင်းထဲသို့ ခြေချော်ကျသွားတော့သည်
'အမြန်လို အနှေးတွေ့' ဆိုသည့်စကားပုံက ခုမှ ဘာကြောင့် သ
ဆိုင်နေရပါလိမ့်။

"အား . . . ကျွတ် ကျွတ်"

"ဘာဖြစ်သွားလဲဟင်"

ဘေးနားရောက်လာပါသည့် ခြေတစ်စုံကို ကြည့်လိုက်
မယ့် ဂရုမပြုအားပါ။ ခြေထောက်နာသွားတာကအကြောင်းမို့ မတ်
ထရပ်ရန်သာ ကြိုးစားလိုက်ရလေ၏။ ခြေမျက်စိနေရာ အဆစ်
စစ်ခနဲနာသွားရလေသဖြင့် မျက်နှာကို ရှုံ့မဲ့လိုက်မိတော့သည်။ သေ
တော့တာပါပဲလား။

"ကြည့်ရတာ ခြေထောက်နာသွားပြီ ထင်တယ်။ ထ
ဖြစ်ရဲ့လား။ ကိုယ်ထူပေးရမလားဟင်"

"နေပါစေ . . . ရတယ်"

တိုးသဲ့သဲ့လေသံလေးကြောင့် သူ ပြုံးလိုက်မိပါ၏။
တစ်ပါး ခြေထောက်နာကို ဝမ်းသာပြီးပြုံးလိုက်တာ မဟုတ်ရပါ။
ကျစ်ဆံမြီးမလေးကို ငယ်ငယ်ကလေးတည်းက ကားပေါ်ကနေ မ
ခဏ တွေ့ခဲ့ရတာမဟုတ်ပါလား။ ခုတော့ အရွယ်ရောက် ဒေါင်း
လေးနှယ် အလှတို့ပြည့်စုံနေလေပြီ။ ပါးချိုင့်လေးတောင် ပိုချစ်စ
ကောင်းလာပြီ မဟုတ်လား။





"နေပါစေ ပြောလို့ဘယ်ရမှာလဲ။ အခုပဲ ထိုင်ရာကမထ
နိုင်ဘူး မဟုတ်လား"

"အဲဒါ ရှင့်ကြောင့် ဖြစ်ရတာလေ"

မျက်စောင်းလှလှလေးက ဒိုင်းခနဲရင်ဝသို့ လာစိုက်လေ၏။
Heart ထိတယ်ဆိုတာ ဒါမျိုးကိုများပြောလေသလား။ နှုတ်ခမ်းဖူးဖူး
လေးပါ ခပ်စူစူလေးဖြစ်သွားတာက ကောင်မလေးကို ပိုပြီးချစ်စရာ
ကောင်းသွားစေပါသည်။ ဒီနေ့ သူ့အဖို့ ကံကောင်းတာလား ကံဆိုးတာ
လား မသိတော့ပါလေ။

"Sorry ပါဗျာ . . . ကိုယ်လည်း ဟွန်းကို အဝေးကြီးက
တည်းက ကြိုတီးလိုက်ဖို့ မေ့သွားလို့ပါ။ သိပ်နာနေရင် ပွေ့ချီပေးမယ်
လေ"

"ဘာရှင့်! . . . လူကို ဘာမှတ်နေလဲ"

"ဟိုးထား . . . ဟိုးထား။ အသားယူတယ်လို့ အထင်မမှား
လိုက်ပါနဲ့။ ကိုယ်က စေတနာနဲ့ ကူညီပေးမလို့ပါ"

"မလိုပါဘူး"

စိတ်တိုတိုဖြင့် မျက်စောင်းခဲလိုက်မိပြန်၏။ သူနာပြုသင်
တန်း သွားတက်မည့်သင်တန်းသူက လူနာအရင်ဖြစ်တာကတော့
အခြေအနေ သိပ်မကောင်းပါ။ ကားစီးနိုင်သည့် သူဌေးသားနှင့်မှ
ပြဿနာဖြစ်ရတယ်လို့။ မြေနိမ့်ရာ လှံစိုက်ကျင့်ရှိသည့် လူတန်းစား

မျိုးကို ကျွန်မက အထင်မကြီးပါ။ ကိုယ့်အားကိုယ်ကိုးပြီး ဘဝလမ်း
လျှောက်နေတာမို့ ကျွန်မထက် ပိုချမ်းသာသည့် သူငယ်ချင်းမျိုး
ငယ်စဉ်ကတည်းက မပေါင်းတတ်ခဲ့တာမဟုတ်လား။

"အား"

"ကဲ! ... ကိုယ်ပြောတယ် မဟုတ်လား။ ထုပေးပါမယ်
တာကို စိတ်ကိုနည်းနည်းလေး လျှော့ပါလား"

ခြေကို အားယူထောက်ပြီးရပ်မိစဉ် လူက ယိုင်ခနဲလဲ
သဖြင့် သူက လက်မောင်းကို ကိုင်၍ထိန်းမတ်ပေးလိုက်ရပါ၏။
အကြီးစားလေးပါလား။ ခန္ဓာကိုယ်ချင်း နီးသွားတာမို့ ရှူရှိုက်မိသ
ရနံ့က သနပ်ခါးနံ့လေးပါပဲ။ ရင်ထဲမှာ အေးသွားရပါသည့် ရွှေရင်
လေးပါလားနော်။

"ဘယ်သွားမှာပဲဟင်"

"သင်တန်းရှင့် ... သင်တန်း"

"ဘာသင်တန်းလဲ"

"သူနာပြုသင်တန်း တက်မလို့ပေ့ါ။ အခု ရှင့်ကြောင့် လူ
အရင်ဖြစ်ရပြီ"

"ဟင်း ဟင်း ... မတော်တဆဖြစ်တာပါကွာ၊ တမင်
တာမှ မဟုတ်တာ"

"ရှင်တို့လို လူတန်းစားတွေက ဒီလို ပေါ့ပေါ့လေးပဲ ပြော





ပေါ့။ လမ်းဘေးလျှောက်နေတာ တိရစ္ဆာန် မဟုတ်ဘူး။ လူရှင့် လူ
အသက်ရှိတဲ့လူ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ လူအကောင်လိုက်ကြီးကို မျက်
မြင်သက်သေရှိပါတယ်။ ဒေါသထွက်လည်း လှတာပဲနော်"

"ဘာပြောတယ်"

"လှတယ်လို့ ပြောလိုက်တာလေ"

"ကျစ်! ... ဒါကြောင့် ဒီမနက် လက်ဝါးတွေ သိပ်ယားနေ
တာကိုး"

"အားပါး! ... ကိုယ့်ကို ရိုက်ချင်လို့လား"

"သတ္တိရှိရင် ရိသဲ့သဲ့ထပ်ပြောကြည့်ပေါ့။ မရိုက်ရဲဘူး မထင်
လေနဲ့"

"ဟင်း ဟင်း ... လှလို့လှတယ်ပြောတာကို စိတ်ဆိုးရလား။
ငယ်ငယ်တုန်းကတော့ မျက်နှာလေးကို ချိုလို့"

"ဘာ"

"ဟုတ်တယ်လေ၊ ကျစ်ဆံမြီးလေးနှစ်ချောင်းကျစ်ပြီး
ရွယ်အိတ်ပိုက်တတ်တဲ့ ကောင်မလေးမဟုတ်လား။ နာမည် ဘယ်လို
ခေါ်လဲဟင်"

"မပြောနိုင်ပါဘူး။ ဘာလို့ပြောရမှာလဲ"

"အနီးလေးနဲ့ ဝေးပါ့နော်"

*စကားရော ဟောရောနှင့်* နာမည်ပါမေးလာပြီမို့ စိတ်[illegible]
ပိုတိုလာရလေ၏။ စောစောက ကျသွားပါသည့် file ကိုကောက်[illegible]
ပြင်လိုက်စဉ် သူက ငုံ့ပြီးကောက်လိုက်သဖြင့် ခေါင်းချင်းထိပြန်[illegible]
သည်။ ပြဿနာပါပဲလား။ ဘယ်လိုဖြစ်ပြီး ဒီလူနဲ့ကိစ္စက မပြီးပြတ်[illegible]
တာပါလိမ့်။

"အ!"

"Sorry! ... နာသွားလား"

"နာတာပေါ့"

"ကိုယ်ကောက်ပေးမှာပေါ့ အချောလေးရယ်"

"ဘာ"

"အချောလေးလို့ ခေါ်လိုက်တာလေ။ ဘာလဲ မကြိုက်[illegible]
လား။ မင်းမှ နာမည်မပြောတာကို"

"မခေါ်ပါနဲ့ မကြိုက်ဘူး"

"ဒါဖြင့် စသပ်လေးနဲ့ ခေါ်ရမလား"

"ဘာ ... ရှင်နော်"

သူ့ကို စူးခနဲကြည့်လိုက်သည့် မျက်ဝန်းနက်နက်လေးကြော[illegible]
ရယ်လိုက်မိတော့၏။ ဆတ်ဆတ်ထိမခံ ခပ်စွာစွာလေးက ရုပ်ရည်[illegible]
မလိုက်ဖက်သလိုပါလေ။ ရင်ဘတ်ထဲမှ နှလုံးသားက တဒုတ်ဒုတ်[illegible]
ခုန်သံမြန်လာရတာ ဘာကြောင့်ပါလဲ။ ငယ်စဉ်က မကြုံခဲ့ဖူး တွေ့[illegible]





[illegible]တ်ထဲမှ 'ချောလိုက်တာ'၊ 'ချစ်စရာလေး' ဟု ရေရွတ်ခဲ့တာကို
[illegible]မှတ်ရမိတုန်းပါပဲ။

"ဒါနဲ့ပဲ သင်တန်းနောက်ကျနေပါဦးမယ်။ လိုက်ပို့ပေးမယ်
[illegible]ဒ်"

"အို! ... မလိုပါဘူးဆိုနေမှ"

"ဒီထော့နင်း ထော့နင်းခြေထောက်နဲ့ သင်တန်းကို ဘယ်
[illegible]ချိန်ရောက်မှာလဲ အမိရဲ့"

"ကြည့်စမ်း! ... လူကို ဘာအမိလဲ"

"မင်းမှ နာမည်မပြောချင်တာကိုး။ လာပါ ကားပေါ်တက်
[illegible]။ အခုလို မတော်တဆဖြစ်သွားရတဲ့အတွက် တောင်းပန်ပါတယ်။
[illegible]င်တန်းကို အချိန်မီရောက်အောင် ကူညီပါရစေခင်ဗျာ"

တောင်းပန်ပြီး ခယယ ပြောနေပြီမို့ စာနာစိတ်ရှိသည့်
[illegible]မက စိတ်ကိုလျှော့လိုက်ရပါ၏။ တကယ်လည်း သင်တန်းချိန်
[illegible]နေပြီမို့ အချိန်မီအောင် သွားရတော့မှာမို့ သူ ဖွင့်ပေးလိုက်ပါသည့်
[illegible]တံခါးမှ ကားပေါ်သို့ တက်ထိုင်လိုက်ရတော့သည်။ သူက ကားကို
[illegible]နိုး၍ မောင်းလိုက်လေ၏။

"ကိုယ့်နာမည် မင်းသုတပါ"

နာမည်ပြော၍ မိတ်ဆက်လိုက်ပေမယ့် သူမက မျက်နှာလွှဲ
[illegible]လေ၏။ မာနခဲလေးပါပဲလား။ 'မျက်ဝန်းညို' ဆိုသည့် ငယ်သူ

ငယ်ချင်းက သူဌေးသမီးမို့ မာနကြီးတာ ထားပါတော့။ ဤကောင်း လေးကဖြင့် ချမ်းသာပုံမရပါဘဲ မာနက မိုးထိနေတာပါလေ။ ဘာ ဖြစ်ဖြစ် အဲဒီမာနလေးကိုလည်း သူ စိတ်ဝင်တစားရှိပါ၏။

''ဘွဲ့ရပြီးပြီ မဟုတ်လား''

''ယောက်ျားလေးဖြစ်ပြီး စပ်စုလိုက်တာ''

''ဒါဖြင့် ကိုယ်က Taxi driver လို ပါးစပ်ပိတ်ပြီး လိုက် ပေးရမှာလား။ ခင်မင်ချင်လို့ တရင်းတနှီးနဲ့ စကားပြောတာပါ၊ တစ် မထင်ပါနဲ့''

''ကျွန်မက စကားများတဲ့ယောက်ျားမျိုးကို မုန်းတယ်ရှင့် ယောက်ျားဆိုတာ ဆိုခဲစေ မြဲစေမျိုးမှ သဘောကျတာ''

သူ တဟားဟားရယ်လေတော့၏။ ဘာလဲ၊ ဒီလော မျက်နှာတည်ရင်း ပြောနေတာတောင်မှ လူကိုလှောင်ချင်ချင်ဖြစ် တာလေ။ စိတ်ရှုပ်လိုက်တာနော်။ ခြေထောက်နာနေတာမို့ သူ့ကား လိုက်ခဲ့မိတာ မဟုတ်လား။ လူ့ဘော်ကျော့ဆိုတာမျိုးကို ကျွန်မ နည်းနည်းလေးမှ ကြည့်မရခဲ့တာ အမှန်ပါ။

''မရယ်ပါနဲ့''

''သဘောကျလို့ပါ''

''လာပြန်ပြီ''

''ကိုယ် Exercise လုပ်တိုင်း မင်းကို အမြဲလှမ်းတွေ့





ယ်။ အဝေးကနေ အော်ပြောရင် မလေးစားရာရောက်မှာမို့ အခု က်နှာချင်းဆိုင် တွေ့မှပြောရတာပါ''

''ဟင်! ... ဒါဖြင့် နောက်ဖေးခြံကများလား''

''အမှန်ပါပဲဗျာ''

ဘုရားရေ! ... လက်စသတ်တော့ နောက်ဘက်ခြံက ဖြစ် နေတာကိုး။ ကျွန်မတို့ သစ်သားအိမ်လေးက ခပ်ပုပုလေး ဆောက် ားသဖြင့် ထိုခြံရှိ တိုက်အိမ်အမြင့်ကြီးကို တစ်ကြိမ်တစ်ခါမှ မော့ ကြည့်ဖြစ်ပါချေ။ သူတို့ခြံက အုတ်တံတိုင်းတစ်ဝက် သံဆန်ခါတစ် က် ကာရံထားသဖြင့် ကျွန်မတို့အိမ်လေးကို အရှင်းသား တွေ့နိုင် သော၏။

အလို! ... ဘယ်အချိန် ဘယ်နေရာကများ ကျွန်မကို ဘယ် ါ ကြည့်ပြီးပြီလဲ။ ကိုယ့်ခြံထဲ ကိုယ်နေတာမို့ ဘေးဘီကို သတိ ထားဖြစ်ပါဘဲ ခြံထဲ တံမြက်စည်းလှည်းချိန်၊ အဝတ်လှန်းချိန်၊ ပန်း င်ရေလောင်းချိန်တို့မှာ အမြဲရှိနေတတ်တာလေ။ ပြဿနာပါပဲလား။ နောက်ဆို ခြံထဲကို လူရိပ်လူခြေကြည့် သတိထားပြီး ဆင်းရတော့မှာ ပဲ။

''ဟော! ... ဘာလဲ၊ နောက်ဘက်ခြံမှာနေတယ်ဆိုလို့ ကြိုက်ပြန်ဘူးလား''

''လူကိုကြည့်တယ်ဆိုလို့ မကြိုက်တာရှင့်''

''မင်းက ကိုယ့်ထက် လပိုင်းတော့ ငယ်မှာပါ အမိရာ ကိုကိုလို့ မခေါ်ချင်ဘူးလား''

''ဘာရယ် ... ဘာလို့ခေါ်ရမှာလဲ။ မခေါ်နိုင်ပါဘူး ရှုပ်ရှုပ်ယှက်ယှက်''

''ဒါဆိုလည်း နာမည်မှာ 'ကို' တပ်ပြီးခေါ်လေ။ ကိုမင်းတို့ ကိုသုတတို့ပေါ့''

''မခေါ်နိုင်ဘူး''

''ကြေးကလည်း ကြီးလိုက်တာ။ အပြုံးလှလှလေးတွေ ဘယ်ထွက်ပြေးကုန်ပြီလဲ။ ငါးကျပ်ဖိုးလောက် ပြုံးပြပါလား''

ကြည့်စမ်း! ... လူကို မထိတထိစနေပြန်တာလေ။ ကား မောင်းနေရင်းတောင် ပါးစပ်က အလကားမထားသည့်လူပါပဲ။ မြို့ ထဲသို့ ရောက်နေပြီမို့ သင်တန်းရှိရာလမ်းဆီ လမ်းညွှန်ရပါ၏။ အမှန် ဆို သင်တန်းခန်းမရှေ့အထိ သူ ကျွန်မကို လိုက်မပို့စေချင်ပါ။ က တရားဆိုတာ လူမမြင်နိုင်သည့်အရာဆိုတာက ကွက်တိမှန်နေပြီ ထင်ပါရဲ့။

''ရှင်နော် ... ကြည့်မရအောင် မလုပ်ချင်နဲ့''

''ရှင်မဟုတ်ပါဘူး။ မင်းသုတပါဆိုနေမှ''

''အဲဒီရှေ့လမ်းထဲ ချိုးဝင်ပေးပါ။ အဲဒါဆိုရပြီ''

''ဒါပဲလား။ နာမည်လေးတောင် မပြောချင်ဘူးပေါ့လေ''





''နောက်မှ''

''နောက်က စိတ်မချရဘူး။ အခုပဲ စိတ်ချရတာ။ ဘာလဲ ည်းစားသိရင် ဆူမှာစိုးလို့လား''

''အံမယ် ... ရည်းစားမရှိပါဘူးနော်။ အဲ! ... ကြည့်စမ်း! ... ဒါ သက်သက်မဲ့ လူလည်ကျတာပဲ''

''ပြောပြီးပြီလေ ... ကိုယ်က မင်းထက် အသက်ကြီးပါတယ် ..''

ကားရပ်ပေးပြီးနောက် ကားတံခါးကိုပါ အဆင်သင့် ဆင်း ရန် လာဖွင့်ပေးလေ၏။ ကားပေါ်မှဆင်းစဉ် လဲမကျရန် သူက ျွန်မကိုထိန်းပေးပြန်လေသည်။ ကူညီပေးတာကိုတော့ ကျေးဇူးတင် သည်။ သို့သော် ဤသို့ဖြစ်အောင် သူလုပ်ခဲ့တာကိုတော့ ကျေးဇူး တင်ချင်ပါလေ။ သင်တန်းက အပေါ်ထပ်မှာမို့ လှေကားမှဆက်ပြီး က်ရပေဦးမည်။ ရင်မောရပါလားနော်။

''တကယ်ပဲ နာမည်မပြောဘူးလား''

''နွေပန်းချီပါ''

''ဘယ်လို''

''တစ်ခါပဲ ပြောနိုင်မယ်ရှင်''

''ဟင်းဟင်း ... နောက်တစ်ခါ တခြားဟာ မေးရမှာပေါ့။ ပိုက်တာနော်''

"လာပြန်ပြီ"

"နာမည်ရော၊လူကိုပါ ပြောတာလေ"

မျက်စောင်းခဲလိုက်မိပါ၏။ ဒီတစ်မနက်တည်းမှာပင် ...ကို ဘယ်နှစ်ကြိမ်မှန်းပင်မသိ မျက်စောင်းချည်း ခဲမိနေတာပါ။ ...နာကျင်မှု အမှတ်တရမှု ခင်မင်မှုအလယ်၊ သံယောဇဉ်အဆုံးဆိုသ... အရာတို့ကို ထိုစဉ်က ကျွန်မ လုံးဝမသိခဲ့ပါလေ။

* * *



## အခန်း (၁၀)

အရက်ဦးအလင်းနှင့်အတူ နိုးထလာခဲ့ရပါ၏။ အဓိပ္ပာယ်ရှိသည့် နေ့ရက်တွေကို သူရတော့မှာလား။ အခန်းတံခါးကိုဖွင့်၍ နောက်...ဖေးဝရန်တာဘက်သို့ ထွက်လိုက်ပါသည်။ သွပ်မိုးဝရန်တာဘက်သို့ ထွက်လိုက်ပါသည်။ သွပ်မိုးပျဉ်ထောင်အိမ်ပုပုလေးကို လှမ်းမြင်နေရလေ၏။ ဒါ 'နွေပန်းချီ' နေပါသည့် အိမ်လေးပါလား။ အဘယ်မျှ...ရင်ခုန်ဖွယ်ရာ ကောင်းလိုက်ပါသလဲ။

သူ စိတ်ဝင်တစားသဘောကျနေပါသည့် မိန်းကလေးက ...အနီးနားမှာ အမြဲတမ်းရှိနေတာ မဟုတ်ပါလား။ ကုမ္ပဏီအလုပ်ဝင်ဖြစ်...ဖို့အတွက် သင်တန်းတွေတက်နေရင်း အပျင်းကြီးနေတဲ့နေ့ရက်တွေမှာ အပျော်ဆိုတာကို သူ ရှာမတွေ့သေးတာလေ။ ဒီလို မိုးလင်းတိုင်း

စိတ်ကြည်နူးမှုမျိုးက အခုမှ ရရှိခဲ့ရတာပါ။

''နွေ''

နှုတ်ဖျားမှ ခပ်တိုးတိုးရေရွတ်ရင်း တစ်ယောက်တည်း ပြုံ လိုက်မိလေ၏။ အချစ်ဆိုတာ ဤသို့ပင် လူကို ရူးကြောင်ကြောင်ဖြ စေတတ်ပါသလား။ 'မင်းသုတ' တစ်ယောက်ကဖြင့် မိန်းကလေ တစ်ယောက်၏အချစ်ကို ဘာမှမရသေးပါဘဲ ကြိုပြီး ပျော်ရွှင်ကြည်နူး နေတာ မှန်ပါရဲ့လား။

'နွေပန်းချီ' ...တဲ့။ ဘယ်လောက်များ လှလိုက်ပါသလဲ အမည်နှင့် လိုက်ဖက်အောင်ပင် နွေးထွေးလှပသည့် အလှပိုင်ရှ မလေးပါ။ ဒီအရပ်မြင့်မြင့်လေးမှာ ဖိနပ်အမြင့်စီးစရာမလိုပါဘဲ slipp အပါးလေး စီးထားရုံနဲ့ တင့်တယ်နေတာ။ မျက်ခုံးလှလှလေးမှ ခဲကူစရာမလိုပါပဲ ကွေးကွေးလေးဖြစ်နေတာ။ မျက်ဝန်းတော တောက်လေးမှာ မျက်ဆံနက်နက်လေးရှိနေတာက နှမလိုင်ခွက်ထဲမ ထည့်ထားပါသည့် ကော်ဖီစေ့လေးနှယ်ပါ။

တောင်တန်းလေးပေါ်နေသည့်နှယ် နှာတံချွန်ချွန်လေးနှ အတူ ပွင့်အာတော့မည့် နှင်းဆီငုံနှယ် နှုတ်ခမ်းဖူးဖူးလေးက ရင်ခု ဖွယ်ရာ ဆွဲဆောင်နေတာမဟုတ်ပါလား။ လည်တိုင်သွယ်သွယ်၊ ရွှေ မို့မို့ ခါးကျဉ်းကျဉ်း။ တင်စွင့်စွင့်နှင့်ခန္ဓာကိုယ် ကျစ်ကျစ်လေးက ပုရိ တို့ကို ရင်လှိုက်ဖိုစေမှာအမှန်ပါ။ စိုးရိမ်စိတ်ဖြင့် စကားတောက်မိရာ





ချစ်သူမရှိသေးမှန်း သိခဲ့ရပါ၏။

ကျေးဇူးပါ 'နွေ'။

''ဟော!''

အတွေးတွေများနေစဉ်မှာပင် သူမက ခြံထဲရှိ အဝတ်တန်း ဆက်မှာ လျှော်ပြီးသားအဝတ်တို့ကို ထွက်လှန်းနေလေသည်။ ခြေ သလုံးပေါ်လွင်အောင် ခပ်တိုတိုလေး ဝတ်ထားပါသည့် လုံချည်မှာ ရေတို့က မစိုတစို။ ထိုခြေသလုံးသား ဝင်းဝင်းလေးကြောင့် သူ့ရင်ထဲ မှာလည်း မဖိုတဖိုလေး။

''ရှိ!''

လေချွန်သံသဲ့သဲ့မျှ ပေးလိုက်စဉ် ဖျတ်ခနဲ လှည့်ကြည့် လိုက်ပါသည့် သူမက သူ့ကိုမြင်သွားလေသည်။ ဘယ်ဆိုးလို့လဲ၊ သူခေါ်လိုက်တာကို သူမ အလိုလို သိနေသည့်နှယ်ပါ။ သို့သော် မျက်ချင်းပင် မျက်နှာပြန်လွှဲသွားသဖြင့် စိတ်ထဲမှာ မချင့်မရဲ ဖြစ်သွား ရပါသည်။ 'မင်းသုတ' ကို မိန်းကလေးတိုင်းက ယခုလို မျက်နှာ လွှဲခဲ့ပေစ ဘယ်တုန်းကများ ပြုမူခဲ့ပါသလဲ။ ငယ်သူငယ်ချင်းဖြစ်သည့် 'မျက်ဝန်းညို' သည်ပင် သူ့အပေါ်မှာ ပိုသာသည့် သံယောဇဉ်တို့ဖြင့် အရိပ်အယောင်ပြနေသေးတာလေ။

အိမ်ပေါ်ထပ်မှ ခပ်သွက်သွက် ပြေးဆင်းခဲ့ပါ၏။ မေမေက နက်စောစော ဈေးသွားနေသဖြင့် အိမ်မှာရှိမနေပါ။ အိမ်အောက်မှ

တစ်ဆင့် နောက်ဖေးတံခါးမှ သူထွက်လိုပါသည်။ နောက်ဖေးဘက်
ခြံတံခါးရောက်စဉ် အဝတ်လှန်းနေပါသည့် သူမက အလုပ်ပြီးသွာ
သဖြင့် မြေကြီးပေါ်ချထားသည့် ဇလုံကို 'မ'ပြီး ယူလိုက်လေ၏။

"နွေ"

"ရှင်! "

"ခဏလေးစောင့်ပါဦး"

"ဘာပြောမလို့လဲ"

"မေးစရာရှိလို့ပါ"

"လာပြန်ပြီ၊ လူကိုတွေ့တာနဲ့ မေးချင်ရပြန်ပြီလား"

"ဒါပေါ့"

"ဘာလဲ"

သံဆန်ကာကွက်နားမှာ ရပ်နေပါသည့် သူ့ထံသို့ သူ
လျှောက်လာပါ၏။ ခြေထောက် ထော့နင်းပြီးလာတာမဟုတ်တာ
အနာပျောက်နေပြီမှန်း သိပါသည်၊ သို့ပေမယ့် သူက သူမကို စကား
စကားရှာပြီး ပြောချင်နေသည့် စိတ်ကများနေတာမဟုတ်ပါလား။

"ခြေထောက်နာတာ သက်သာသွားပြီလားလို့ပါ"

"ရှင့်မှာ မျက်စိမပါဘူးလား"

"ပါလို့ နွေ့ကိုမြင်နေတာပေါ့"

"ဒါဖြင့် ခြေထောက်ကောင်းနေတာကို သိသင့်တာပေါ့ရှင်"





"နွေကလည်းလေ၊ ကိုယ်က ခင်မင်ရင်းနှီးလိုစိတ်နဲ့မေးတဲ့
သဘောပါ"

"ကျွန်မကတော့ မခင်ချင်ပါဘူး"

"ဟောဗျာ . . . ဘာဖြစ်လို့လဲ"

"ခင်တယ်ဆိုတာ ဒီတစ်ဆင့်နဲ့ပဲ ရပ်တန့်နိုင်တဲ့ကိစ္စမှ မဟုတ်
တာ"

"ဘယ်လို"

"နောက်ထပ်အဆင့်တွေ ထပ်ပြီး မတက်ဘူးလို့ ကတိပေး
နိုင်ရင်တော့ ကျွန်မ စဉ်းစားပေးပါ့မယ်" .

အားပါး! . . . မလွှယ်တာမှ တကယ့်ကိုမလွယ်သည့်
မိန်းကလေးပါပဲလား။ 'မျက်ဝန်း'သာဆိုလျှင် သူနှင့်စကားပြောတိုင်း
ပြုံးတုံ့တုံ့ မျက်နှာဖြင့် အမြဲပြောကျင့်ရှိတာပါ။ ဤမိန်းကလေးကဖြင့်
သူကို စမြင်လိုက်ကတည်းက မတူမတန်သည့်နှယ် မာနကြီးတစ်ခွဲ
သားဖြင့် ခပ်တည်တည်ပြောဆိုဆက်ဆံခဲ့တာလေ။ အခုလည်း သူ
မေးရာမေးကြောင်း ပြောနေပါသော်ငြား နည်းနည်းမှ မပျော့ပျောင်း
တာပါချေ။

"မာနကြီးလိုက်တာ နွေရာ"

"ထင်ချင်သလိုထင်နိုင်ပါတယ်။ ပြီးတော့ ရှင်နဲ့ကျွန်မ
သိလောက်ကြီး မရင်းနှီးပါပဲ လူကို နာမည်အဖျားဆွတ် မခေါ်ပါနဲ့"

''မကြိုက်ဘူးလား''

''ဟုတ်တယ်''

ကောင်းရော! . . . စကားပြောပုံက အပြတ်ပါပဲလား။ စကား ဆက်ပြောစရာ မရှိအောင်ကို ပိတ်ပြောလိုက်တာပါ။ ဤမျှ စကား ကြွယ်သည့် မိန်းကလေးပါပဲလား။ အိမ်နေရင်း ကပိုကယိုပုံစံလေးက ပင် ရင်တစ်မျိုးလေး အေးစေတာပါလေ။ မည်သို့ပင်ကြည့်ကြည့် အကြည့်ခံသည့် အလှလေးပါပဲ။

''နွေကလည်း''

''ကြည့်!''

''ကိုယ်တို့က အိမ်နီးချင်းလည်းဖြစ်''

''အိမ်ချင်းဘယ်မှာနီးလို့လဲ။ ရှင်တို့အိမ်နဲ့ ကျွန်မတို့အိမ်က အစကတည်းက ကျောပေးထားပြီးသား။ ဟိုဘက်လမ်း ဒီဘက်လမ်း ပတ်သက်စရာအကြောင်းမှ မရှိတာ။ ဒီတော့ ခပ်ကင်းကင်းပဲ နေ ရှင်''

''ဟင်းဟင်း . . . ကိုယ်က အဲဒီလိုပြောလေ ရှေ့ကို ပိုတိုးချင် လေပဲ။ ငယ်ငယ်တုန်းကဖြင့် မျက်နှာချိုပြီး အခုမှ မျက်နှာတည် တယ်လို့''

''ဘယ်လို''

''ဟုတ်တယ်လေ၊ ငယ်ငယ်ကဆို ပါးချိုင့်လေးပေါ်အောင်





ပြုံးရယ်ခဲ့ပြီး အခုမှ ရှုပုပ်နေတာ ဘာကြောင့်လဲ''

''လာပြန်ပြီ . . . ဘယ်တုန်းက မြင်ခဲ့လို့လဲ''

''မူကြိုတက်ကတည်းက တွေ့ဖူးတာ''

သူမ မျက်မှောင်ကြုတ်သွားလေ၏။ အပိုစကား ပြောမိလေ ပြီလား။ မှားပြီထင်ပါရဲ့။ တကယ်ဆို မူလတန်းစတက်သည့်နေ့မှ သူမကို စမြင်ခဲ့ရတာပါ။ လိမ်ညာတာမျိုးမဟုတ်ပါလေ၊ စိတ်လောပြီး ချော် သွားပါသည့် စကားလုံးတို့ကို ဖမ်းလို့မမိတော့ပါလား။ မျက်နှာ အလှလေးကို အငေးသားကြည့်နေမိပါ၏။ မနက်စောစောမှာ အတော် လေးကို ကျက်သရေရှိလွန်းနေပါသည့် မိန်းမချောလေးပါပဲ။

''ဒါ . . . သက်သက်ညာပြောတာပဲ''

''ဘယ်လို''

''ကျွန်မငယ်ငယ်က ဒီအိမ်မှာ ဒီတိုက်ကြီးမဆောက်သေး ဘူး။ ဘဘကြီးတို့နေတုန်းက နှစ်ထပ်ပျဉ်ထောင်အိမ်ပဲ ရှိသေးတာ မှတ်မှတ်ရရ . . . အင်း . . . နှစ်တန်းလောက်တက်တဲ့နှစ်မှ အိမ်ကြီးဆောက်တာ။ ကျွန်မ ကောင်းကောင်းကြီး မှတ်မိတယ်။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ကျောက်စရစ်ခဲလှလှလေးတွေ ကောက်ပြီး ဆော့ခဲ့ဖူးလို့လေ''

ကြည့်စမ်း! . . . အဘယ်မျှ မှတ်ဉာဏ်ကောင်းလိုက်ပါသည့် ကောင်မလေးပါလဲ။ သူက မှန်းပြီး ပြောရုံသာရှိပြီး သူမက အတိအကျ

ကို ပြောနေတာပါလေ။ အမှတ်တွေ တစ်မှတ်ပြီးတစ်မှတ် တိုးပေးခ
လာပါပြီ 'နွေပန်းချို'။ အတွေးဖြင့် သူ ရယ်လိုက်မိတော့၏။ ဒီကောင်
မလေးကို ဘယ်လိုမှ အလစ်အငိုက် မေးခွန်းထုတ်၍ ရမည်မထင်
လေ။

"ဟုတ်ပါတယ်၊ ကိုယ်က ကျောင်းသွားတိုင်း ကားပေါ်က
မင်းကိုမြင်ခဲ့ရတာပါ"

"ဒါနဲ့များ အပိုတွေ ပြောနေတယ်"

"သမီးရေ ... ချဉ်ရည်ဟင်းအိုး ဆူနေပြီ"

"လာပြီ မေမေ"

"ဘာဟင်းတွေ ချက်နေတာလဲဟင်။ မွှေးလိုက်တာ"

"ကန်စွန်းရွက်ချဉ်ရည်ဟင်း ချက်နေတာကလေ။ မနေ့
ဈေးသွားထားတာ ငါးပိကောင်လေးတွေ ဝယ်လာလို့ ငရုတ်သီးခွဲခြမ်း
နဲ့ ကြော်ထားတယ်"

"ဟာ! ... စားချင်လိုက်တာ"

"ကြည့်စမ်း! ... ဘာလို့ စပ်စုနေရပြန်တာလဲ။ ရှင်တို့
ဆီပြန်ဟင်းတွေမျိုးစုံ မစားနိုင်ဘူးရှင့်"

"နည်းနည်းလောက် မကျွေးချင်ဘူးလား ဗိုက်ဆာနေ
ပါ"

"ဘာပြောတယ်"





"ဘယ်သူနဲ့စကားပြောနေလဲ သမီး"

"ဟို"

သူမ၏အမေဖြစ်သူ ထွက်လာနေပြီမို့ သူမက အိမ်ထဲဝင်ရန်
ည့်လိုက်စဉ် သူက ခြံတံခါးအသေး၏ဂလန့်ကို ဆွဲဖွင့်ပြီး သူမတို့
ံလေးထဲ ရောက်လာလေတော့သည်။ ကြည့်ပါဦး 'နွေပန်းချို' က
အမေနှင့်တူသည့်သမီးမို့ ချောမောလှပသည့် မိန်းကလေးဖြစ်နေတာ
လား။

"မင်္ဂလာပါ အန်တီ"

"ဩော် ... အေးကွယ်၊ သားက ရှေ့နေကြီးရဲ့သားလေး
ပဲ"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော့်နာမည် မင်းသုတပါ"

"ဟုတ်လား၊ မမဆွေက သားချောချောလေး မွေးထားတာ
"

"အန်တီတို့သားအမိက ဟင်းချက်တော်ပုံရတယ်နော်။ ဘာ
ချက်ချက် ဟင်းနံ့မွှေးတာ အမြဲရတယ်"

"ရှိတာလေးပဲ ချက်စားဖြစ်တာပါ သားရယ်။ ဖွယ်ဖွယ်ရာ
ာဆိုတာထက် စားမြိန်မယ့်ဟင်းလေးတွေပါ။ ဒီဟင်းရည်ကျက်ရင်
နက်စာ စားကြတော့မှာ။ စားသွားပါဦးလားကွယ်"

"မဟုတ်တာ အန်တီရယ်"

''အန်တီတို့အိမ်မှာက အဆာပြေဆိုတာထက် ဗိုက်ဝ
ထမင်းပဲ အမြဲတမ်း စားတတ်လို့ပါ။ မနက်စာ မစားရသေး
မဟုတ်လား''

''ဟုတ်! . . . အဲ''

''ဒါဆိုလာလေ သားရဲ့။ တစ်ခါတလေပဲဟာ လာပါ''

အန်တီက သူ့ကိုအတင်းခေါ်နေပြီမို့ အားနာစွာဖြင့်
လိုက်ခဲ့ရပါ၏။ အိမ်လေးပေါ်သို့တက်လိုက်စဉ် Aircon မရှိ
ပြင်ပလေအေးတို့က သစ်သားအိမ်လေးထဲကို ဥဒဟိုတိုက်ခတ်
သဖြင့် စိတ်အေးချမ်းသာစေသည့် အိမ်လေးပါပဲ။ ညှေ့ခန်းကျ
ကြမ်းပြင်က ပြောင်လက်နေအောင် တိုက်ထားတာမို့ ကိုယ့်မျက်
ကိုပင် အရိပ်ပြန်မြင်နေရတာပါ။ အပ်ချုပ်စက်၊ ဗီရို၊ ရေသန့်
တင်ထားပါသည့် စင်ကလွဲပြီး တခြားမည်သည့်ဗိမ်ခံပစ္စည်းမျိုး ရှိ
ပါလေ။

ဘုရားစင်ထက် နှင်းဆီနီနီပန်းလေးသုံးအိုးထိုးထားသ
တွဲလောင်းကျနေသည့် စံပယ်ကုံးလေးတွေ ကပ်ထားသဖြင့် တစ်
လုံးကို စံပယ်ပန်းရနံ့နှင့်အတူ အမွှေးတိုင်းထွန်းညှိပူဇော်နံ့က ပျံ့နှံ့
တာပါ။ အဘယ်မျှ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံနေပါသည့် အိမ်လေ
ပါလဲ။

''ထိုင်လေ သားရဲ့''





ဆက်တီခုံမှာ မထိုင်နိုင်းပါဘဲ နီးကျောဖျာခင်းပေးလိုက်
သဖြင့် သူ ထိုင်လိုက်မိလေ၏။ ပြီးနောက် သစ်သားစားပွဲလေးကို
ကာ ထမင်းပွဲပြင်ဆင်ပေးလေတော့သည်။ မျက်နှာပူလိုက်တာ
။ အခုမှ ခင်မင်ဖို့ တာစူနေချိန်မှာမှ သူစိမ်းအိမ်ထဲဝင်ပြီး ထမင်း
ရတော့မယ်လို့ အကြောင်းကြောင်းလုပ်ရပ်တို့ကို 'မင်းသုတ' လုပ်
နေလေပြီ။

''ဟင်းမကောင်းတာကိုတော့ မငြိုငြင်ပါနဲ့ကွယ်''

''မဟုတ်တာ အန်တီရယ်''

''သုံးဆောင်ပါကွယ်''

ထမင်းပိုင်းသေးသေးလေးမှာ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေး
ထိုက်ပါသည့် ဟင်းပွဲတို့က စားချင်ဖွယ်ရာပါပဲ။ သူတို့အိမ်မှာလို
သားဟင်းတွေ ဆီပြည့်နေအောင် ချက်ထားတာမျိုး အဆီအဆိမ့်
တွေချည်း ဟင်းခွက်တွေတစ်ခုမှမရှိပါ။ အံ့ဩစွာဖြင့် သူ ပါးစပ်
ဟောင်းသား ဖြစ်သွားရလေသည်။

ငါးပိကောင်အသေးလေးကို ငရုတ်သီးခွဲကြမ်းဖြင့် ကြော်ထား
သည့် ဟင်းက ခပ်မွှေးမွှေး၊ ကြက်ဥခေါက်ကြော်ထားပါသည့် ပန်း
၊ ပဲသီးတောင့်ရှည်ကို ခပ်စောင်းစောင်းလေး လှီးပြီး ကြော်ထား
။ ငရုတ်သီးစိမ်းတောင်း ဖျော်ထားပါသည့် ငါးပိရည်နှင့် တို့စရာက
ခရမ်းသီး၊ ပဲစောင်းလျားသီးပြုတ်၊ ဘူးသီးပြုတ်၊ ခရမ်းကျွတ်သီး၊

ရှောက်ရွက် စသည်တို့ကို သေသေသပ်သပ်လေး ပန်းကန်ပြ
စီထည့်ထားတာပါ။ အရည်သောက်ကန်စွန်းရွက်ချဉ်ရည်ဟ
နံနံပင်အုပ်ထားပါသည့်ရနံ့ကြောင့် သူ့ဝမ်းဗိုက်တွင်းမှ ဂွီခနဲအော
ထွက်လာတော့လေ၏။

တကယ်ပါ။ သူ့တစ်သက် ဤမျှ စားကောင်းသည့်ဟင်း
နှင့် ဆန်ကြမ်းထမင်းကို အရသာရှိစွာဖြင့် ပထမဦးဆုံး စားခဲ့မိတာ

* * *



## အခန်း (၁၁)

သင်တန်းတက်ရန် အချိန်မီအောင် အိမ်မှထွက်ခဲ့ပါ၏။ လမ်း
ထဲမှာ ဝင်ထွက်သွားလာနေသည့် ကားတွေရှိနေတာမို့ လမ်းဘေးမှ
ကပ်ခါ လမ်းလျှောက်ခဲ့ရပါသည်။ မိုးသားတွေညို့နေတာမို့
ကောင်းကင်ပေါ် မော့ကြည့်စဉ် ရုတ်တရက် ရှေ့မှဝင်လာပါသည့်
ကားတစ်စီးကြောင့် အထိတ်တလန့်ဖြစ်သွားရလေ၏။ အလိုလေး!
ဒီလောက် ဘေးကပ်ပြီးတော့ လျှောက်နေတာတောင်မှ လူကိုဟိုက်ချင်
ရပါသလား။

"အမလေး!"

လမ်းဘေးမှာ မြောင်းပဲရှိတော့တာမို့ ရှောင်ဖို့နေရာမရှိတော့
ပါလေ။ မျက်လုံးကို စုံမှိတ်လိုက်ပြီး file (plastic) အိတ်ကို ရင်ဘတ်

ထဲမှာပိုက်ရင်း ဘုရား 'တ' လိုက်မိလေ၏။ လမ်းမကြီးထက် မဟုတ်ပါဘဲ ကိုယ့်လမ်းထဲမှာပင် ကားတိုက်ခံရတော့မည့် အခြေအနေမျိုး ဖြစ်ရပါရောလား။

"ဟော့!"

"တီတီ!"

ကားပေါ်မှ လှမ်းအော်လိုက်သည့် အသံကြောင့် မှိတ်ထား ပါသည့် မျက်လုံးကို ဖွင့်လိုက်ပါ၏။ ကြည့်ပါဦး။ ကားပေါ်မှ မဆင်း ဘဲ လူကိုအော်ခေါ်နေရတယ်လို့။ နှုတ်ခမ်းဆိုးဆေးဗေဒါရောင်ဆိုးထား ပါသည့် ကောင်မလေးက ကျွန်မနှင့်ရွယ်တူခန့် အရွယ်သာရှိသေးတာ ပါ။ အသက် (၂၀) ကျော်အရွယ်ချင်းတောင်မှ မခန့်မလေးစားအသံ ခပ်နှိမ်နှိမ်အကြည့်က ကျွန်မအပေါ် ရောက်နေသလိုပါပဲ။

"ကားရပ်ထားတာကို ရှောင်သွားမှပေါ့။ ဒါလေးတောင် မမြင်ဘူးလား"

ကြည့်စမ်း!... အဘယ်မျှ ရင့်သီးလိုက်သည့် ကောင်မလေး ပါလဲ။ သူကလည်း လမ်းဘေးမှာရပ်လိုက်သည့် ကျွန်မကို ကားဖြင့် တိုက်မိသလို ဖြစ်ပြီး အခုလိုအော်ငေါက်ရတယ်လို့။ သူ့အိမ်မှ အလုပ် သမားမဟုတ်ပါဘဲ ကျွန်မအပေါ် တင်စီးသည့်လေသံမျိုးဖြင့် ပြောနေ ပါရော့လား။ ပိုက်ဆံရှိသည့် အဆင့်အတန်းက ကျွန်မတို့ကို 'မြေနိမ့် ရာလှံစိုက်' ဆိုသည့် စကားပုံအတိုင်း ပြုမူနေလေပြီ။





"ကျွန်မက လမ်းဘေးမှာ ကပ်လျှောက်နေတဲ့သူပါ။ ရှင်က ကားကို လမ်းမအလယ်မှာ မမောင်းဘဲ လမ်းဘေးကို မောင်းနေတာ မဟုတ်ဘူးလား"

"ဘာ!"

မဟုတ်မခံစိတ်ကြောင့် ပက်ခနဲပြန်ပြောဖြစ်ပေမယ့် ကား ပေါ်မှ မိန်းကလေးက ဒေါသမျက်နှာဖြင့် တံခါးဖွင့်၍ ဆင်းလာလေ တော့၏။ ပြဿနာရှာတာကဖြင့် သူဖြစ်ပြီး ကျွန်မကို ရန်ရှာချင်နေ ပါရောလား။ 'နွေပန်းချီ' ဆိုတာ လူလတ်တန်းစားဖြစ်နေပေမယ့် ကိုယ့်ခေါင်းကိုဖိပြီး အုပ်စိုးတာမျိုးကို နည်းနည်းလေးမှ သည်းမခံ ခဲ့ပါ။ ကိုယ့်ထက် အသက်ကြီးသူကို ရိုသေလေးစားတတ်ပေမယ့် ရွယ်တူဆိုရင်ဖြင့် နည်းနည်းမှ မကြောက်တတ်သည့် ခပ်မာမာလေး ပင် မဟုတ်ပါလား။

"နင် တော်တော်ရိုင်းပါလား"

"ကျွန်မက လက်တွေ့မျက်မြင်အတိုင်း ပြောနေတာပဲလေ"

"တောက်!... လမ်းပေါ်လျှောက်နေရတဲ့လူကများ လူပါး ဝနေရတယ်လို့"

"ရှင်လည်း ဒီလိုမြေပေါ်မှာရပ်နေတဲ့လူပဲလေ။ မိုးပေါ် ရောက်နေရအောင် ဘယ်သူက တောင်ပံပါနေလို့လဲ"

"ဘာ!... နင် နင် ငါ့ကို ချက်ချင်းတောင်းပန်စမ်း"

''ဘာဖြစ်လို့လဲ၊ တောင်းပန်ရမယ့်သူက ကျွန်မမှ မဟုတ်… တာ။ ရှင်ကမှ ကျွန်မကို ကားနဲ့တိုက်မလိုဖြစ်နေတာ မဟုတ်… လား''

''ဘာပြောတယ် … နင်!''

လက်ဝါးမြှောက်ပြီး ကျွန်မ၏ပါးကိုရိုက်ရန်ရွယ်နေပြီမို့ … လုပ်းကို နောက်ဘက်သို့ အမြန်ရွှေ့လိုက်ပါ၏။ သူမ၏လက်က ကျွ… ပေါ် မရောက်ပါဘဲ လေထဲမှာ ဝဲ့ပြီး ပျက်သွားသဖြင့် ဒေါသ… တစ်ချောင်းချောင်းထွက်နေတော့သည်။ တစ်ကြိမ်တစ်ခါ မှား… ကို ခွင့်လွှတ်နိုင်ပေမယ့် နှစ်ကြိမ်နှစ်ခါများတာကိုတော့ဖြင့် ဘယ်သူ… သည်း ခံပေးနိုင်မှာ မဟုတ်ပါချေ။ မိဘချမ်းသာတာကိုမျှ သားသ… ဖြစ်သည့် သူမက ဘဝင်မြင့်ပြီး မာနကြီးနေသလို အနိမ့်မှ လူ… နင်းချေချင်နေရတယ်လို့။

''ကောင်မ! … နင် နင်''

''တော်သင့်ပြီမျက်ဝန်း။ ပြဿနာဖြစ်ရင် ပါးစပ်နဲ့ပဲ … အေးဆေးဆေး ဖြေရှင်းမှပေါ့''

အလို! … နောက်ဖေးတိုက်အိမ်မှ လူက ကျွန်မတို့… ကို ရုတ်တရက် ရောက်လာပါရောလား။ တရင်းတနှီးခေါ်လိုက်… သူတို့ချင်း ရင်းနှီးမှန်းသိသာပါ၏။ သူငယ်ချင်းလား။ ချစ်သူ… ကျွန်မ စိတ်မဝင်စားပါ။ လက်ရှိဖြစ်နေသည့် ပြဿနာက…





…အရေးကြီးဆုံး မဟုတ်ပါလား။

''သူတ''

''ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုနေရအောင် နွေပန်းချီက ဘာ…များလုပ်မလို့လဲ''

''ကြည့်စမ်း! … နင် သူ့ဘက်ပါစရာ…လိုပါဘူး သုတရဲ့။ …ကို တောင်းပန်ရမယ့်ကိစ္စ မတောင်းပန်လို့ ဆုံးမနေတာ''

''ဆုံးမပဲ့ပြင်ပေးရအောင် ကျွန်မက ရိုင်းစိုင်းတဲ့သူ မဟုတ်…သလို ရှင်လည်း ကျွန်မရဲ့အစ်မလည်းမဟုတ်၊ အမေလည်း ဟုတ်မှ …ဟုတ်တာဘဲ''

''ဘာ! … နင် နင် အတော်အဆင့်မရှိတဲ့ ကောင်မပဲ''

''အဲဒီလိုလူနဲ့ယှဉ်ပြီး ပြောနေတဲ့ ရှင်ကရော''

''နင်!''

''ဟာ! … တော်ပါတော့ဆိုကွာ၊ ဒီလောက်တားနေတဲ့ …ဘြားက သည်းမခံကြဘူး။ ဘယ်လိုတွေလဲ''

သူက မဆီမဆိုင်ဖြင့် ဝင်တားရင်း အတော်လေး စိတ်ပျက်…နေပုံပါ။ မိန်းမချင်းဖြစ်တဲ့ကိစ္စထဲမှာ ဝင်မပါချင်ပေမယ့် ပြဿနာက …သေးရာမှကြီးလာလို့ မဖြစ်တာလေ။ အခြေကြီးသည့် လူတန်းစားမို့ …နိမ့်မှလူကို ချိုးနှိမ်ချင်သလို အခွင့်မှမရှိတာဘဲ။ ကိုယ့်ထမင်း …ကိုယ်စားနေပါလျက် ယခုလို စိတ်အနှောင့်အယှက်ဖြစ်စေတာကဖြင့်

အတော်လွန်တာပါလေ။

"တောက်! . . . နင့်လို စက်ချုပ်သမရဲ့သမီးကများ ဘယ်
မြင့်နေရတယ်လို့။ ဘာအဆင့်အတန်းမှမရှိတဲ့ သူကများ"

"ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေထိုင်တာပါ။ သူ
တစ်ပါးပစ္စည်း ခိုးစားတာလည်းမဟုတ်၊ သူတစ်ပါးအသက်ကို ရန်
ချင်တဲ့သူလည်း ဟုတ်မှမဟုတ်တာဘဲ။ ရှင်ပုတ်ခတ်စရာ ဘာမှမ
ဘူး။ အဆင့်အတန်းဆိုတာ ဂုဏ်သိက္ခာနဲ့ပဲ သက်ဆိုင်တာ
ငွေကြေးဥစ္စာနဲ့ ဆိုင်တာမှ မဟုတ်ဘဲ။ ဒါလေးတောင် ရှင်မသိ
အံ့ပါရဲ့"

"ဘာ!"

"တော်ပါတော့ဆို မျက်ဝန်းရော၊ နွေလည်း တော်ပါတော့"

"နင် သူ့ဘက်ပါပြန်ပြီလား"

"ဘယ်သူ့ဘက်မှမပါဘူး။ ကြားကနေ မဖြစ်သင့်တာ မ
အောင် တားနေတာကွ"

"ဒီကောင်မ ပြဿနာရှာတာကို ငါကကျေနပ်ပေးရမှာလား
ငါ့ကို ကားရှေ့မှာရပ်ပြီး ပြဿနာကြီးအောင် လုပ်နေတာ မတွေ့ဘူး
လား"

"သူက မျက်စိမမြင်တဲ့အကန်းမှမဟုတ်ဘဲ ဘယ်သူမှား
ဘယ်သူမှန်လဲဆိုတာ မြင်ရုံနဲ့သိတယ်။ ရှင့်ကားက ကျွန်မနဲ့ တစ်





တောင် မခြားဘဲ ရပ်ထားတာ။ လမ်းဘေးမှာစောင်းပြီးရပ်နေတာ
ကြောင့် ရှင်က ကျွန်မကို ကားနဲ့တိုက်တာလား၊ ကျွန်မကပဲ ရှင့်ကား
ကို လာတိုက်မိနေသလား၊ ဦးနှောက်ပါတဲ့လူတိုင်း သိတယ်"

"နင်! . . . နင်!"

"ဘာလဲ . . . ဒါတောင်မှ မကျေနပ်သေးဘူးပေါ့လေ"

"နင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

"ကျွန်မအမေကို တိုင်ချင်သေးလား။ သွားတိုင်ပေါ့။ မှူလ
ဒန်းအရွယ်လည်း မဟုတ်ပါဘဲ မိဘပြေးတိုင်တာကမှ ရှက်စရာ
ကြီး"

"တော်တော့ မျက်ဝန်း။ သူ့ကိုယ်စား ကိုယ်ကပဲ ကြားက
တောင်းပန်ပါတယ်နွေ"

"နင်က ဘာကိစ္စနဲ့ တောင်းပန်ရတာလဲ။ ငါ နည်းနည်းမှ
ကျေနပ်ဘူး သုတရဲ့"

"နင်နဲ့ငါက သူငယ်ချင်းအရင်းခေါက်ခေါက်ပါ မျက်ဝန်း
ရဲ့ နွေက ငါ့ချစ်သူကွ"

"ဘာ!"

ကျွန်မမျက်နှာ ရဲသွားရပါ၏။ တွေ့ဖူးတာကမှ နှစ်ကြိမ်
သာရှိပြီး ဘယ်လိုကြီးပြောလိုက်ရပါသလဲ။ ပြဿနာမရှုပ်အောင်
ကြိုးစားရင်းကာမှ ပိုပြီး ကြိုးရှုပ်တော့မှာပါ။ ဟိုတစ်ယောက်ကို ရှင်းစေချင်

ပေမယ့် ဒီလိုမျိုး ပြောမည်ဟု ထင်မှမထင်ထားတာကို။ ရှင်က တကယ့်ပြဿနာအိုးပါပဲလား မင်းသုတရယ်။

''ကျွန်မ သွားတော့မယ်၊ ရှင်တို့လို အချိန်အားတဲ့ မဟုတ်ဘူး''

''နင်''

''ကိုယ်လိုက်ပို့ပေးမယ် နွေ''

''မလိုဘူး။ ရှင့်သူငယ်ချင်းကိုသာ မရှုပ်အောင်ဖြေရှင်းလိုက် ပါ''

''နေဦး နွေ။ ကိုယ်လိုက်ပို့ပေးမယ်ဆိုမှပဲ''

ကျွန်မက သူတို့ရှေ့မှ လှည့်ထွက်ခဲ့စဉ် သူက ကျွန်မ လက်မောင်းကို ဆွဲကိုင်လိုက်လေ၏။ ရုတ်တရက်မို့ အလစ်အငိုက် သွားပေမယ့် ကျွန်မက ရုန်းလိုက်ပါသည်။ သို့သော် ယောကျ်ားလေး အားကြောင့်မို့ အလွယ်တကူ ရုန်းလို့မရပါချေ။ ဟိုမိန်းကလေး သူနှင့်ကျွန်မကို မီးဝင်းဝင်းတောက်နေသည့်မျက်လုံးတို့ဖြင့် ကြည့် လေပြီ။

''သုတ''

''ကားမောင်းသင်တာ ကွင်းမှာသွားသင်ရတယ် မျက်စိ လမ်းထဲမှာ စမ်းမောင်းကြည့်တာက ကိုယ်ကိုယ်တိုင်ရော သူတစ်ပါး မှာပါ အန္တရာယ်ရှိတတ်မှန်း မသိဘူးလား''





''ငါ့ကို ဆရာလုပ်စရာမလိုပါဘူး''

''ဒါဆိုလည်း ပြီးတာပဲလေ။ ငါ နွေ့ကို သင်တန်းလိုက်ပို့ ပေးတော့မယ်''

''နင့်ကိုရော အဲဒီကောင်မကိုပါ ငါ အရမ်းမုန်းတယ် သိရဲ့ လား!''

''ပြီးတာပဲလေ။ ငါက နင့်ရဲ့သူငယ်ချင်းမို့ ဘယ်သွားသွား ... ရှိတာနဲ့ လာခေါ်တာပါ။ ဒါဆိုလည်း ငါ သက်သာသွားတာပေါ့''

''တောက်!''

''လာပါနွေ ... နွေ့ကို ကိုယ်တိုင်သင်တန်းလိုက်ပို့ပေးပါ့ မယ်''

''ကျစ်! ... မဟုတ်သေးပါဘူး''

''လောလောဆယ်ပြဿနာရှင်းဖို့က အရင်မဟုတ်လား။ လိုက်ခဲ့ပါ နွေရယ်''

နားနားကပ်ခါ ခပ်တိုးတိုးပြောလိုက်သဖြင့် ကျွန်မ အသည်း ယားသွားရလေသည်။ ဒီလူကတော့ သူငယ်ချင်းရှေ့မှာ ကျွန်မကို အခုလိုရင်းနှီးခင်မင်နေသည့် ပုံစံမျိုးဖြင့် သက်သေပြရတယ်လို့။ လက်မောင်းကိုပါကိုင်ပြီး ဆွဲခေါ်နေပြီမို့ သူကားရပ်ထားသည့်နေရာ ကို ရောက်သွားသလို ကားပေါ်တက်ခိုင်းကာ ကားကွေ့ပြီး မောင်း ထွက်လိုက်လေ၏။

တကယ့်ကိုပြဿနာအိုးပါပဲလား။ ဒုတိယအကြိမ်မြော သူကားပေါ် တက်ပြီးစီးခဲ့ရပြန်ချေပြီး သူ့မျက်နှာမှာဖြင့် စောစော ကိစ္စကြောင့် စိတ်ရှုပ်ပြီး မျက်မှောင်ကြုတ်ထားတာကို အခုဖြင့် မ ရတော့ပါလေ။ တကယ်ပဲ ရိုးရိုးသားသားသူငယ်ချင်းမို့ တမင် ကျွန်မကို သူချစ်သူဆိုပြီး ပြောခဲ့တာထင်ပါရဲ့။

"စိတ်ဆိုးနေပြီလားဟင်"

"ရှင်! ... ဘာကိုလဲ"

"စောစောက ပြောလိုက်မိတာကိုပါ"

ကျွန်မ မကြားချင်ယောင်ဆောင်ပြီး မျက်နှာလွှဲလိုက်ပေမ မီးပွိုင့်မိသွားတာမို့ ကားက ခဏတာရပ်သွားလေ၏။ သေစမ်း! ... အရေးအကြောင်းမှ ဒီမီးပွိုင့်က လာမိရတယ်လို့။ သူ့မျက်နှာ အပြုံးတွေပေါ်နေမှန်း စိတ်ထဲမှအလိုလိုသိနေရတာက ဘာကြောင့်မ ပါလိမ့်။

ချစ်သူအပျော်ထားဖို့ စိတ်ကူးက နည်းနည်းလေးမှ မရှိသ ကျွန်မက အိပ်မက်တွေထဲ ပျော်မွေ့တဲ့သူမှ မဟုတ်တာလေ။

"နွေ"

"-----"

"ချစ်သူလို့ပြောလိုက်တာ နောက်လိုက်တာ မဟုတ်ဘူး နေ ကိုယ် အတည်ပြောနေတာပါ"





"ရှင်နော်"

"နွေ"

"ဘာလဲ"

"ကိုယ် မင်းကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ"

"မကြားချင်ဘူးနော်"

"ဘယ်ရမလဲ ... သင်တန်းမပို့ဘဲ တခြားနေရာကို ခေါ် သွားရမလား"

"ကြည့်! "

"ဒါဖြင့် နည်းနည်းလေးတော့ နားထောင်မှပေါ့"

ကြည့်စမ်း! ... ဒီလောက်စိတ်ရှုပ်နေတာကို သိသိကြီးနဲ့ ဘာလို့များ လူကိုရည်းစားကား ပြောချင်ရတာပါလိမ့်။ တွေ့တာက ဘာမှသိပ်မကြာသေးပါဘဲ ချစ်တယ်၊ ကြိုက်တယ်ဟူသည့် စကားကို လွယ်လွယ်ပြောပြီး ယုံရအောင် ကျွန်မက မသိနားမလည်သေးတဲ့ ငယ်မှ မဟုတ်တော့တာလေ။ ကားကို သင်တန်းလမ်းကြားထိပ်မှာ ပ်လိုက်သဖြင့် ဆင်းရန်ပြင်လိုက်မိပါ၏။

"ဒါက ဘယ်လဲ"

"ဆင်းတော့မလို့လေ"

"တံခါးက ကိုယ်ဖွင့်ပေးမှ ဆင်းလို့ရမှာပေါ့ နွေရဲ့"

"ဟင်! "

ငြိမ်းခြောက်တာများလားဟု ထင်လိုက်သဖြင့် ကားတံခ
ကို အထဲမှ ဖွင့်မိစဉ် တကယ်ပင် ဖွင့်လို့မရပါလေ။ အမှားဆိုတ
ကိုယ်ကပဲ စလုပ်မိပါစေ။ သို့တည်းမဟုတ် သူကပဲ စပြီး ပြုမှုမိပါစေ
အမှားက အမှားပါပဲ။ ကျွန်မ၏အမှားကဖြင့် ယုံအောင်လည်း မေ
တတ်သူ၊ ပျော့အောင်လည်း ချွဲတတ်ပါသည့် 'မင်းသုတ' ၏ ချစ်ခြ
ရေကြောမှာ မျောခဲ့သည်က မဟာအမှားကြီးပင် မဟုတ်ပါလား။

* * *



# အခန်း (၁၂)

"စောစောစီးစီး breakfast မစားဘဲ ဒါက ဘယ်သွားမလို့
လဲ"

"ချစ်ချစ်ဆီမှာ သွားစားမယ်"

"ဟယ်! ... ဟိုက နိုးမှန်းမသိနဲ့ ဒီကလေးကတော့ အလိုက်
သိ သွားပြန်ပြီ"

မီးဖိုခန်းထက်မှာ ချက်ပြုတ်နေပါသည့် မေမေက လှမ်းတား
နေပေမယ့် သူကဖြင့် ခြံတံခါးအသေးလေးရှိရာဆီ ချီတက်နေလေပြီ။
'ချွ' က မနက်တိုင်း (၅) နာရီဆို နိုးပြီမှန်း သူသိနေပါ၏။ အလိုက်
သိတာတွေ ဘာတွေ သူနားမလည်ချင်ပါ။ မိုးလင်းသည်နှင့် ဒီ
ချိုင့်လေးကိုမြင်မှသာ တစ်နေ့တာ လန်းဆန်းသည့်စိတ်ကို ရတာ

မဟုတ်လား။

"နွေ"

"ရှူး! ... မေမေ ဘုရားရှိခိုးနေတယ်လေ။ ဘယ်လိုဖြစ်ပြီး အော်ကြီးဟစ်ကျယ်နဲ့ ရောက်လာရပြန်တာလဲ"

ရေကပြင်မှာ ဟင်းရွက်ဆေးနေပါသည့် 'နွေ' က သူ့ မျက်စောင်းခဲလိုက်လေ၏။ အပြုံးလေးမြင်ချင်ကာမှ မျက်စောင်း ရတာက မတရားပါလေ။ နေ့တိုင်း နေဖင်ထိုးအောင် အိပ်တတ်သည့် 'မင်းသုတ' က အခုမှ ဖွဲရှိရှိဖြင့် နိုးတတ်ပြီး ဒီချစ်သူလေးကို မြင်ချင် သည့်အတွက် လာတတ်တာကို သိသိကြီးနဲ့ မချိုးမွမ်းချင်တာ ဘာ ကြောင့်များပါလဲ။

"လွမ်းလို့"

"အပိုတွေ လျှောက်ပြောမနေနဲ့"

"တကယ်ပြောတာ"

"အလုပ်ဝင်တော့မယ်ဆိုပြီး ဘာလို့ တစ်ချောင်းချောင်း ရောက်လာပြန်တာလဲ"

"နွေကလည်းလေ၊ ကိုယ်လာတာနဲ့ မောင်းထုတ်ဖို့ပြင်နေပြီ"

"မောင်းမထုတ်ပါဘူး။ အလိုက်သိဖို့ပြောနေတာရှင့်"

"ချစ်သူမျက်နှာကို အပြေးလာကြည့်တာကမှ အလိုက်သိတာ ပေါ့"





"ဟယ် ... တိုးတိုးပြော၊ မေမေ ကြားတော့မှာပဲ"

"ကြားတော့ ဘာဖြစ်လဲ၊ ကိုယ်က ဘာလုပ်မိလို့လဲ ပြော ဦး"

"သိသာသိစေ မမြင်စေနဲ့ဆိုတာ မကြားဖူးဘူးလား"

"ဟာ! ... ဒါဖြင့် ဟိုနေ့က နွေ့ကို ကိုယ်မွှေးမွှေးပေးလိုက် တာ အန်တီ မြင်သွားလို့လား"

"ကြည့်! ... မပြောရဲတာကိုမရှိဘူး။ တကယ်ပါပဲ"

အိမ်နောက်ဖေးမီးဖိုချောင်တံခါးမှ သူ အိမ်လေးထဲဝင်လိုက် ပါ၏။ 'နွေ' ချက်ပြုတ်နေတုန်း လာနှောင့်ယှက်သလို ဖြစ်နေမှန်းတော့ သူသိပါသည်။ သို့သော် ခက်သည်က သူ့လျှာက အလိုက်မသိခြင်း ပါ။ မေမေချက်ပေးသည့်လက်ရာတွေကို အရသာမရှိတော့သည့်နှယ် 'နွေ' ချက်သမျှဟင်းတွေချည်း လာစားဖြစ်တော့တာပါလေ။

"ဆာလိုက်တာ"

"လူကိုတွေ့ရင် အမြဲတမ်း ဆာတယ်ပြောရတယ်လို့"

"တကယ်ပြောတာပဲ နွေရယ်"

"သိပါတယ်ရှင် ... ခဏလေးပါ။ ကန်စွန်းရွက်ကြော်ပြီးရင် စားလို့ရပါပြီ"

"ဘာငါး ကြော်ထားတာလဲ"

"ရွှေငါးပေါ့"

''ငါးပိရည်ရော''

''ဖျော်ပြီးပါပြီတဲ့ရှင်၊ တကယ်ပါပဲ။ သူ့အိမ်မှာ မစားတော့ ဒီမှာလာမေးနေပြန်ပြီ''

''ဟုတ်တယ်လေ၊ နွေ့က ကိုယ့်ကိုချက်ကျွေးခဲ့လို့ ကိုယ့် လျှာက အရသာခံနေတတ်ပြီကိုး''

''ကြည့်ပြောနော်''

''ဘာဖြစ်လို့လဲ''

''တော်ကြာ၊ နွေ့က ဆေးခတ်ပြီး ကျွေးတယ်ထင်ကြ ပေါ့''

''ဟင်း ဟင်း … ပြောတောင်မှ အပြောခံရပြီးပြီ''

''ဘယ်သူလဲ အန်တီဆွေလား''

''No! … မျက်ဝန်းညိုပါ''

''သူက နွေ့ကို ကားနဲ့တိုက်ဖို့စိတ်ပဲရှိနေတယ်။ စ ကတည်းက ရန်ကြွေးလိုပါပဲ''

''မစိုးရိမ်ပါနဲ့ကွာ။ နွေ့ကို ကိုယ်ပဲ နေ့တိုင်းသင်တန်းလိုက် နေတာပဲဟာ''

''ပို့တာပဲရှိတာလေ။ ပြန်ရင်နွေ့က တစ်ယောက်တည်း သူ့အိမ်ရှေ့က ဖြတ်လျှောက်ရတိုင်း ဘယ်အချိန် ချောင်းရိုက်မလဲ စိတ်ပူနေရတာ''





''ဒါဖြင့် ကိုယ့်ကို အသွားအပြန်ဖယ်ရီလုပ်ခိုင်းချင်တာပေါ့ လေ''

''အဲဒီလိုမဟုတ်ပါဘူးနော်''

ရင်ဝကို ချစ်မျက်စောင်းလေး လာစိုက်လေ၏။ အဘယ်မျှ ချော်ရွှင်ရပါသလဲ။ သူ ဖွင့်ပြောခဲ့ပေမယ့် ချက်ချင်း အဖြေမပေးပါဘဲ သုံးလခန့်စောင့်ခိုင်းတာပါ။ နေ့နေ့ညည ဖွဲ့ရှိရှိဖြင့် 'နွေ' တို့အိမ်ကို သူ ဝင်ထွက်နေမှုဖြင့် အန်တီက ရိပ်မိသွားတော့တာပါလေ။ နောက်ဆုံး တော့ မာနကြီးသည့် 'နွေပန်းချို' လေး၏ အချစ်လက်ဆောင်လေးကို သူ ရရှိပိုင်ဆိုင်ခဲ့ရတာပင်၊ နေ့စဉ် မြင်ပါများရိုးသွားကြသည်ဆိုပေမယ့် သူကဖြင့် 'နွေ့'ကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ချစ်နေရတာပါလေ။

''ဩော် … သားရောက်နေပြီကိုး''

''ဟုတ်ပါတယ် အန်တီ''

''မေမေနဲ့အတူ စားနှင့်နော်။ နွေ ရေချိုးတော့မယ်''

''အာ … နွေကလည်း။ ကိုယ်နဲ့အတူ စားမှပေါ့''

''နွေက သင်တန်းသွားဖို့ ရေချိုးရဦးမှာလေ။ ရေချိုးပြီးမှ စားဖြစ်မယ်။ အတူစားချင်ရင် စောင့်နိုင်မှာမို့လို့လား''

''စောင့်ဆို စောင့်မှာပေါ့''

''ဖွဲ့က မသေးပါလားနော်''

'နွေ' က ကန်စွန်းရွက်ကြော်စိမ်းစိမ်းလေးကို မီးဖိုပေါ်မှ

ချလိုက်ပါ၏။ ဟင်းအိုးအဖုံးကို မအုပ်ပါဘဲ ကန်စွန်းရွက်နွမ်း မဖြစ်အောင် ဖွင့်ထားလိုက်လေသည်။ ဆီအိအိလေးနှင့် ကြက်သွန် ဆီသပ်ကာ ကြော်ထားသည့် အရွက်ကြော်ဟင်းနံ့က မွှေးနေတာ ဗိုက်ထဲမှ အသံက ပိုကျယ်လောင်လာသည်နှယ်ပါ။ မျက်နှာချင်း စားချင်မှတော့ စောင့်ရုံပဲပေါ့ 'မင်းသုတ' ရယ်။

''သမီး ရေအရင်ချိုးနှင့်လေ၊ မေမေ ထမင်းပွဲပြင်လိုက် မယ်''

''ဟုတ်ကဲ့ မေမေ၊ ကန်စွန်းရွက်ကြော်တစ်ခုပဲ ထည့်စ ရှိတော့တာ။ ကျန်တာတွေ အဆင်သင့် ပြင်ထားပြီးပါပြီ''

''အေး ... အေး''

''ကျွန်တော် ကူပေးပါ့မယ် အန်တီ''

''မရှုပ်နဲ့နော်၊ သူဝင်ကူမှ မေမေ စိတ်ရှုပ်မှာစိုးလို့''

''ဟုတ်တယ် သားရဲ့။ အဲဒီမှာပဲ ထိုင်သာထိုင်နေပါ။ အန်တီ ပြင်လိုက်ပါ့မယ်''

မျက်နှာငယ်ရပါ၏။ အိမ်မှာ ပေါ်ကျော့နေခဲ့ရသူမို့ မကူနိုင် ချင်တာပဲလား။ ဒါမှမဟုတ် တကယ်ပဲ သူ့ကြောင့် အန်တီ စိ အနှောင့်အယှက် ဖြစ်မှာစိုး၍ပဲလား မသိပါလေ။ ဖျာခင်းပေးထားသည် နေရာမှာပင် သူ ငြိမ်ငြိမ်လေး နေလိုက်ရလေ၏။ အားငယ်လိုက်တ နော်။ သူက ဒီအိမ်မှာ တကယ်ပဲ ဘာမှမလိုအပ်သည့်လူအဖြ





ရပါသလား။ အားကိုးဖွယ်ရာ ယောက်ျားသားအဖြစ် 'နွေ့' ရှေ့ မားမားမတ်မတ်ရပ်တည်ပြလိုက်ချင်ပါရဲ့။

''ခဏလေးနော် ... (၁၅) မိနစ်လောက်ပဲ''

''စောင့်နိုင်ပါတယ် နွေရဲ့''

ပခုံးထက် တဘက်လေးခြုံလျက် 'နွေ' က ရေချိုးခန်းဆီ င်းသွားလေတော့၏။ 'နွေ'က ဘာပဲလုပ်လုပ် စေ့စပ်သေချာပြီး မြန်သွက်သွက် လုပ်တတ်သည့်အကျင့်ရှိပါသည်။ ပြောသည့် တိုင်း ရေချိုးခြင်းက (၁၀) မိနစ်ခန့်သာကြာပြီ။ သနပ်ခါးလူး ပင်ကျစ် အဝတ်လဲတာက (၁၀) မိနစ်ကျော်ရုံသာ ကြာလေ၏။ စ်သားစားပွဲဝိုင်းလေးထက်မှာ ဟင်းဖွယ်ဖွယ်ရာရာလေးက အစုံ လင်ပါလေ။

ကန်စွန်းရွက်ကြော်၊ ရွှေငါးကြော်၊ ခရမ်းချဉ်သီးငါးပိချက်၊ လေးဟင်းချိုနှင့် ငါးပိတို့စရာပါ။ သခွားသီးစိတ်၊ ရှောက်ရွက်၊ ရက်သီးစိတ်၊ ခရမ်းကျွတ်သီးတို့ကို ငါးပိရည်ဖျော်ခွက်နှင့်အတူ ကန်ပြားထဲမှာ စီထည့်ထားလေ၏။ သူချစ်သူလေးကဖြင့် သူနာပြု င်တန်းတက်နေပြီး ထမင်းပွဲပြင်တတ်တာကဖြင့် ကဗျာဆန်ဆန်လေး ါ။

''မထိုင်ဘူးလား''

''ရေနွေးထည့်ရဦးမယ်လေ''

''သြော်... ဟုတ်သားပဲ''

''စားနော် ... သား။ အသားဟင်းတွေမပါဘဲ စားနိုင်
အံ့သြရပါရဲ့''

''ကျွန်တော် ပြောသားပဲ၊ နွေက ဟင်းချက်တာ လက်
ကောင်းပါတယ်လို့''

''မမချွေးကြားရင်း စိတ်ဆိုးနေပါဦးမယ်''

''မေမေကိုယ်တိုင် ပြောတာပါ အန်တီရယ်။ ဒီအိမ်က
ကျွန်တော့်အတွက် အသုပ်တစ်ပွဲလာပို့ပေးတိုင်း မြည်းတတ်လို့

''ဟော! ... ဟုတ်သားပဲ။ သမီး ပဲပြားသုပ်ထားတယ်

''ယူလာပါပြီ မေမေရယ်၊ သံပရာသီးညှစ်ပြီး မထည့်ရသေး
လို့ပါ။ သုံးဆောင်လို့ရပါပြီရှင်''

သူက ထမင်းကို လက်ဖြင့်စားလေ့မရှိသဖြင့် 'နွေ'က အ
ပင် ဇွန်းခက်ရင်းတစ်စုံဆေးပြီး ယူလာပေးပါသည်။ ကြီးကျယ်တာ
တော့မဟုတ်ရပါ။ ငယ်စဉ်ကတည်းက မေမေ အကျင့်လုပ်ပေးခဲ့
ပါပဲ။ ဇွန်းခက်ရင်းဖြင့် မလိုက်ဖက်သည့် ထမင်းဟင်းတို့ကို သူများ
မြင်ပြီး လှောင်လည်းခံရုံသာရှိပါတော့၏။

''သားမေမေ ဘာပြောသေးလဲ''

''ဗျာ ... ဘာကိုလဲ အန်တီ''

''သမီးနဲ့ချစ်သူတွေဖြစ်တာကို အပြစ်မပြောဘူးလားလို့





''ဟင်းဟင်း ... မေမေက ကျွန်တော်စိတ်ချမ်းသာရင်
ဦးရောတဲ့လေ။ ဖေဖေလည်း ဘာမှမကန့်ကွက်ပါဘူး''

''သဘောကောင်းလိုက်တာကွယ်''

သူက 'နွေ့' မျက်နှာကိုအကဲခတ်ကြည့်လိုက်မိပေမယ့် 'နွေ'
က ရိပ်မိပုံမပေါ်ပါ။ အမှန်တော့ အိမ်မှာ ဒီကိစ္စပေါ်ပေါက်ပြီး နည်း
နည်းတော့ စကားများခဲ့ရတာပင်။ 'မျက်ဝန်း' လာပြောလိုက်သဖြင့်
မေမေတို့သိကုန်တာ မဟုတ်ရပါလား။ လူကြီးတွေက သူနှင့် 'မျက်ဝန်း'
ကို ငယ်စဉ်ကတည်းက သဘောတူခဲ့သည်ဆိုပြီး ထုတ်ပြောလာသဖြင့်
သူ ပေါက်ကွဲခဲ့ရသေးတာလေ။

ရင်ဘတ်ထဲမှ နှလုံးသားက 'နွေပန်းချို' တစ်ယောက်တည်း
ကိုသာ ချစ်မြတ်နိုးခဲ့ရတာပါ။ မာနကြီးသည့်မျက်နှာမာနှင့် 'မျက်ဝန်း
ညို' က 'နွေ့' အပေါ် သူ့အတွက်နှင့် ရန်ငြိုးမပြေနိုင်မှန်းလည်း သူ
သိနေပါသည်။ ခက်တာက မိဘသဘောတူတာကို သူ့နှလုံးသားရော
ဦးနှောက်ကပါ လက်သင့်မခံနိုင်တာလေ။ 'မျက်ဝန်း' အပေါ်မှာ သူက
သူငယ်ချင်းအဆင့်ထက် မပိုနိုင်ဘာ ဘယ်သူ့အပြစ်ပါလဲ။

''ထမင်းချိုင့်သာထည့်သွားလိုက် သမီးရယ်။ ဆေးစရာရှိ
တာ မေမေ ဆေးလိုက်ပါ့မယ်''

''အချိန်ရှိပါတယ် မေမေရယ်''

''ကိုယ်ကူပေးမယ်လေ''

"အမလေး နေပါစေရှင်။ အိမ်မှာ လက်မစုံအောင်ထား[illegible]

ပါလျက် ဒီမှာ နိုင်းစားတယ်လို့ အပြောမခံနိုင်ပါဘူး"

"ဒါဆိုလည်း ကားပြန်ယူ"

"မယူပါနဲ့၊ အဲဒါကိုလည်း ပြောရဦးမယ်"

"ဘာဖြစ်ရပြန်ပြီလဲ"

"နွေ့ကြောင့် အချိန်ရော လူပါ ပင်ပန်းတာကို မမြင်ချင်[illegible] ပေါ့။ ကားဆိုတာလည်း ဦးဦးပိုင်တာ မဟုတ်လား။ နွေက သင်တ[illegible] လေး အသွားအပြန်ကို ယူသုံးသလို ဖြစ်နေတာ ဘယ်လော[illegible] မျက်နှာပူရလဲ၊ စဉ်းစားကြည့်"

"နွေကလည်းကွာ၊ ဒါဖြင့် ကိုယ်က ဘာများအသုံးကျတော[illegible] မှာလဲ။ ချစ်သူထားတာ ဒါလေးတောင်လုပ်ပေးခွင့် မရရင် ဘာလု[illegible] တော့မလဲ"

သူ့ချစ်သူလေးက နေရာတကာ စည်းစောင့်တတ်ကျင့်ရှိတာ[illegible] သူ နေရခက်လှလေ၏။ ချစ်သူချင်းတောင်မှ ဘာဝယ်ပေးမည်ဆိုသည်[illegible] နှင့် ခေါင်းက ခါပြီးသားဖြစ်နေတာပါ။ ပစ္စည်းမဲ့မာနရှင်၏ နိုင်မာသည်[illegible] စိတ်ဓာတ်က လွယ်လင့်တကူ မချေဖျက်နိုင်ပါချေ။ ချစ်သူဆို[illegible] ဘာဆို ဘာမှ ကူဖော်ဖြည့်ဆည်းဖက်မရသည့်ဘဝမှာ မျက်နှာငယ်[illegible] ပါဘိ။

"သူလည်း မပင်ပန်းရလေအောင် နွေ စီစဉ်ထားပါတယ်"





"ဘာများလဲ"

"စက်ဘီးတစ်စီးလောက် ဝယ်မလားလို့ပါ"

"ဟာ! . . . မဖြစ်ဘူး။ လမ်းပေါ်မှာ ကားတဝီဝီနဲ့ အန္တရာယ် [illegible]နေတာ။ စက်ဘီးစီးလို့ မဖြစ်ဘူး"

"ဩော် . . . အလုပ်ဝင်တဲ့အခါတော့ လိုအပ်မှာလေ။ လော [illegible]လာဆယ်တော့ လိုင်းကားပဲ စီးပါ့မယ်"

"စက်ဘီးဝယ်တာက[illegible]ားပါတော့ စီးရောစီးတတ်လို့လား"

"သူသင်ပေးပေါ့"

"အလကားလား . . . ဘယ်ရမှာလဲ"

"အံမယ် . . . နွေ့ဆီက (၁၅၀၀) တောင်ယူထားပြီး ထပ်လို [illegible]ချင်သေးတယ်ပေါ့လေ"

"ဒါပေါ့၊ လောကမှာ ဘယ်အရာမှ အလကားမရဘူး။ ဒါနဲ့ [illegible]နေပါဦး (၁၅၀၀) က ကိုယ်ကပေးထားတာ မဟုတ်ဘူးလား"

'နွေ' က သူ့ကို မျက်စောင်းခဲလိုက်ရင်း ဆေးပြီးသားပန်းကန် [illegible]တို့ကို စင်မှာ လာတင်လေ၏။ တမင်တကာ ကပ်သပ်ပြီးပြောတာမျိုး [illegible]မဟုတ်ရပါ။ ချစ်သူသက်တမ်း (၆) လပြည့်နေ့မှာ 'နွေ့' ထံမှ 'မောင်' [illegible]ရသည့်အခေါ်အဝေါ်ကို ကြားချင်သောကြောင့်ပါပဲ၊ ချစ်သူဖြစ်မှတော့ [illegible]အမှတ်တရ အခေါ်အဝေါ်လေးတွေနှင့် စိတ်ချမ်းမြေ့စေချင်တာ အမှန် [illegible]ပါ။

အချစ်သည် လူကို ရူးသွပ်စေ၏။

အနာဂတ်ရည်မှန်းချက်အတွက် အိပ်မက်တွေ ဖန်ဆင်းပေး၏။

နှစ်ကိုယ်တူဗိမာန်လေး တည်ဆောက်စေရန် စိတ်ကူးတို့သည် ယဉ်မိစေသည်။

'နွေပန်းချီ' ၏ဘဝတွင် 'မင်းသုတ' တစ်ယောက် မရှိမဖြစ် အလိုအပ်ဆုံးဖြစ်စေချင်ပါ၏။

ဩော် . . . 'နွေ' ရယ်။

❋ ❋ ❋



## အခန်း (၁၃)

''ချစ်လား''

ညနေလေးနာရီသင်တန်းဆင်းချိန်မို့ ကားဂိတ်မှာ လူတွေ ...ကြပါ၏။ အနားကပ်ခါ ခပ်တိုးတိုးမေးလိုက်သံကြောင့် ရယ်ချင်မိ ...ားရလေသည်။ ဘယ်လိုဖြစ်ပြီး လူကြားထဲမှာ ပေါက်ကရတွေ ...ရပါသလဲ။ Bus နှင့် အသွားအပြန်လုပ်တာကို မကျေမနပ်ပုံပြ ...ယ့် ကျွန်မက သူ့ထက်ပိုပြီး ခေါင်းမာသည့် မိန်းကလေးမဟုတ်ပါ ...။

''ကျစ်!''

''မေးရင် ဖြေလေ''

''ဘယ်လိုဖြစ်နေလဲ''

''နွေနော် . . . ကိုယ့်ကို အဲဒီလို စိမ်းစိမ်းကားကား မပြော
တခြားလူတွေ တစ်မျိုးထင်ပြီး ဝိုင်းရိုက်တော့ ဘယ်လိုလုပ်မလဲ''

''ဒါဆိုလည်း ဣန္ဒြေရရနေမှပေါ့''

''အား . . . ဒီတိုင်းကြီး ဘာမှ မပြောဘဲရပ်နေရမှာလား
ပျင်းစရာကြီး''

ကလေးလိုပါပဲလား။ ကျွန်မက အမေတစ်ခု သမီးတစ်
မေမေ့ကို ဝိုင်းကူရင်း ဝမ်းစာရှာနေရသဖြင့် လူကြီးလိုနေခဲ့ရတာ
ကျောင်းပြီးဘွဲ့ရဖြစ်ပေမယ့် အလုပ်ရဖို့က မလွယ်ကူသဖြင့် ဆေး
အကူသူနာပြုအလုပ်ပဲရရ ဝင်လုပ်ရန် စိတ်ကူးဖြင့် ဒီသင်တန်း
တက်ဖြစ်ခဲ့ရတာပါပဲ။ ဒါမှသာ တစ်နေရာမဟုတ် တစ်နေရာ အလုပ်
နိုင်မှာလေ။

အပြင်မှာအလုပ်မဝင်နိုင်ခင် မေမေနှင့်အတူ စက်ချုပ်တာ
ဝိုင်းကူပေးပြီး လက်ချုပ်ကူပေးတာ၊ အင်္ကျီလျှော်ဖွပ်မီးပူတိုက်ပေးတာ
အဝတ်ထည်တွေ အိမ်အရောက်ပြန်ပို့တာ၊ ပင်ပန်းတာမှန်သမျှ အိမ်
အလုပ်တွေကိုပါ ကျွန်မပင် မေမေ့ကိုယ်စား လုပ်ပေးဖြစ်ခဲ့ပါ
ဝင်ငွေရသမျှ မြီးခြေမွှေတာစားကျင့်ရှိခဲ့သဖြင့် အပိုစုဆောင်းငွေ အနည်း
အကျဉ်းမျှသာ စုဖြစ်လေသည်။

ဒါတွေကို အိမ်မှာ ကလေးလိုနေရသည့်သူက ဘာများ
နိုင်မှာတဲ့လဲ။ သူဌေးသားနှင့် ရည်းစားဖြစ်ရတာ ကျွန်မအတွက် ကံ





တာလား။ ကံကောင်းတာလား မသိတော့ပါလေ။ သေချာတာက
ဖြင့် သူ့အပေါ်မှာ ကျွန်မက အချစ်ဟူသည့် နှုတ်တစ်ခွန်းက လွန်ခဲ့ပြီး
လေပြီ။

''ဒါဆိုလည်း ဘာလို့ လာကြိုနေသေးလဲ။ ကိုယ့်ဘာသာ
အိမ်မှာနေပါလား''

''စိတ်မချလို့ပေါ့''

''စိတ်မချရအောင် မူ[illegible]ကလေးမှ မဟုတ်တာ''

''ရော် . . . ကလေးမဟုတ်လို့ စိတ်မချဖြစ်နေရတာပေါ့။
ဘယ်ကောင် အလစ်ဝင်ဆွဲမယ်မှန်းမှ မသိတာ နွေရဲ့''

''နွေ့မှာ ခြေတွေ လက်တွေ ပါပါတယ်နော်။ ကိုယ့်ကိုယ်
ကိုယ် ကာကွယ်နိုင်ပါတယ်''

''လျှောက်မရှိုးနဲ့ ကိုယ်နဲ့တုန်းက ဘာများကာကွယ်နိုင်ခဲ့လို့
လဲ''

''ကြည့်!''

သူ့လက်မောင်းကို ဖျတ်ခနဲ ထုလိုက်မိပါ၏။ သူက လက်ဝါး
ဖြင့် ကာလိုက်သလို ကျွန်မလက်ကိုပါ ဆုပ်ကိုင်လိုက်လေသည်။
သေးမှာ ယောကျ်ားတွေရှိနေပြီမို့ ဖမ်းမိထားသည့် လက်ကို မလွှတ်
ပေးတော့ပါလေ။

''ဘာလုပ်တာလဲ . . . လွှတ်လေ''

"No"

"သူနော် … အဲဒီလိုမလုပ်နဲ့"

"ကိုယ် ဘာလုပ်မိလို့လဲ"

"လက်ကိုင်ထားပြီးတော့"

"လက်ကိုင်ရင် (၅၀၀)၊ ပခုံးဖက်ရင် (၅၀၀)၊ ပါးကို"

"ကြည့်!"

"အ! … နာတယ်၊ နွေကလေ ကိုယ်သိပ်ချစ်မှန်းသိလို့ သိပ်အနိုင်ကျင့်တာပဲ"

"သူကပဲ ပြောရတယ်ရှိသေး"

ဗိုက်ကိုဆွဲလိမ်လိုက်မိစဉ် သူက မနာပါဘဲ မျက်နှာကို ရှုံ့လိုက်လေ၏။ ပြီးနောက် ကျွန်မလက်ကိုယူလျက် လက်ဖမိုးကို ငုံ့မွှေးလိုက်လေသည်။ လူကြားထဲ အတင့်ရဲပုံကြောင့် အော်လိုက်ချင်သော်ငြား လူတွေအထင်မှားမှာကိုတော့ စိုးရိမ်မိပါ၏။ ဘယ်သူတွေများတွေ့သွားပြီလဲဟု ဝန်းကျင်ကို ငဲ့ကြည့်စဉ် ကျွန်မတို့ကို ဘယ်သူမှမကြည့်ကြပါချေ။ သို့သော် (၆) နှစ်အရွယ် ချာတိတ်လေးက သူ့ကိုပြုံးစိစိဖြင့် ကြည့်နေသဖြင့် အံ့သြသွားရပါသည်။

"ရှူး! … ရော့"

သူက အင်္ကျီအိတ်ကပ်ထဲမှာပါလာသည့် ချောကလက်ပြားကို ချာတိတ်ထံ ကမ်းပေးလိုက်လေသည်။ ကောင်လေးက မိခင်ဖြစ်သူ





အပြင်ကို ထွက်လာတာမို့ သူပေးသည့်မုန့်ကို မယူဘဲ ခေါင်းခါပြလေ၏။ ကလေးကို လာဘ်ထိုးတာက မအောင်မြင်ပါလေ။

"ယူပါကွ"

"ဘာလဲ … ပြော်"

"ညီက လူချောပဲကွ၊ ယူလိုက်ပါ"

"ယူလိုက်နော် မောင်လေး၊ အစ်ကိုက ချစ်လို့ကျွေးတာမို့

"သား ယူလိုက်လေ။ ဘာပြောရမလဲ"

"ကျေးဇူး"

ခပ်တိုးတိုးမပွင့်တစ်ပွင့် ပြောလိုက်တာမို့ ကျွန်မတို့ ပြုံးလိုက်မိ၏။ မနက်ဖြန် စက်ဘီးဝယ်ရမှာမို့ စုဘူးထဲမှ ငွေစုထားတာကိုတ်ရတော့မှာပါ။ သူဝယ်ပေးမည်ဆိုပြီး စကားများရမည်ဟု ထင်ပါည်၊ ဘယ်တော့မဆို သူစိုက်ပေးမည်ဆိုပြီး အမြဲစကားများခဲ့ရတာတ်လာ။ တော်ပါသေး၏။ ဒီကလေးက သူ ကျွန်မလက်ကိုနမ်းက်တာကို အမေဖြစ်သူပြောမှာကို စိုးရိမ်မိနေလို့ပါပဲ။

"Bus ကလည်း ကြာလိုက်တာ"

"ပြောသားပဲ၊ ကိုယ် ကားယူလာပါ့မယ်ဆို"

"အကျင့်ပါမှာစိုးလို့ပေါ့"

"ဘာဖြစ်လဲ နွေရာ"

"တော်ပါ . . . မနက်ဖြန် စက်ဘီးဝယ်ရမယ်၊ လိုက်ဝယ်ပေး နော်"

"လိုက်ရမှာပေါ့။ ဘာမှမသိနားမလည်ဘဲ သွားဝယ်ရင် အင်မိသွားမှာပေါ့။ စုဘူးဖောက်ဖို့ မစဉ်းစားနဲ့နော်။ ကိုယ်ဝယ်ပေးမယ်"

"တွေ့လား"

"ပြန်ပေးချင်ရင် အလုပ်ဝင်တော့မှ ပေးလေ။ စုဘူးဖွင့်ရင် နှမြောစရာကြီး"

"အဲဒါဆို ကြာမှာပေါ့"

"ကြာပါစေပေါ့၊ ဒါမှ နွေ့ကို အကြွေးနဲ့သိမ်းလို့ရမှာ"

"ကြည့်စမ်း! . . . သူ့ကိုယ်သူ ချစ်တီးများမှတ်နေလား"

"ကားလာနေပြီ"

"စီးမယ်လေ"

"မစီးဘူးကွာ၊ Taxi နဲ့ပဲသွားမယ်"

"လုပ်ပြန်ပြီ"

"ဒီလောက်ကြပ်နေတဲ့ကားကို စီးချင်ရတယ်လို့ မရဘူး ကွာ"

"ကြည့်! "

စကားမဆုံးခင်မှာ လက်မောင်းကိုကိုင်ပြီး ဆွဲခေါ်နေပြီမို့ Bus ကားဂိတ်မှထွက်ကာ ရှေ့ကို ဆက်လျှောက်ရလေတော့၏။ ...





ဆက်ပြင်းကျိတ်ရှိက်လိုက်မိပါသည်။ မတူညီသည့် ဘဝနှစ်ခု၏ကွာခြားချက်တွေက များလွန်းပါလား။ ကျွန်မက ငွေကိုချွေတာချင်သူ ... က အချိန်ကို ငွေဖြင့်လဲချင်တဲ့သူလေ။

"Taxi "

"ပိုက်ဆံကုန်ပါတယ်ဆိုမှ"

"ငွေဆိုတာ လိုအပ်ရင် သုံးနေတာပါ နွေ့ရယ်။ အသုံးနဲ့ အဖြုန်းကို ကိုယ်ခွဲခြားတတ်ပါတယ်"

"နှုတ်ကတော့ပြောတာပဲ"

ပြောပြောဆိုဆိုဖြင့်ပင် Taxi ပေါ်တက်စီးဖြစ်တော့၏။ ကျွန်မနဲ့သူမှာ ဘာမှစိတ်ဝမ်းကွဲစရာကိစ္စမျိုး ရှိမနေသော်ငြား ငွေကြေးကိစ္စကြောင့်ပင် ကတောက်ကဆဖြစ်ရတာပါ။ ကိုယ့်ကို ငွေမရှိလို့ နှိမ့်ချတာမျိုးကို နည်းနည်းမှ မခံတတ်သည့်အကျင့်က စွဲနေလို့ပါပဲ။ ... မကြာခဏ လွှတ်ခနဲပြောထွက်ခဲ့ပေမယ့် 'နွေ့ပန်းချီ' ဆိုတာ ... နတော့ အနည်းငယ်မျှ ရှိနေတာမို့ပါလေ။

"နွေ့"

"အင်း"

"မျက်နှာ မှုန်မထားနဲ့လေကွာ"

"ဒီလိုပဲ နေတတ်တော့တယ်။ ပြောလိုက်တိုင်း အခုလို ... ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ဘာကိုလဲ"

"နွေတို့နှစ်ယောက်က ဘယ်တော့မှ စိတ်ထားတိုက်ဆို
တာမျိုး မရှိဘူးလေ"

"နွေနော် ... ကိုယ့်ကို ရန်မရှာချင်နဲ့။ ဒီလောက်နီးနီးလေး
ရှိရာက ဝေးရရင် ကိုယ် တကယ်သေမှာ"

"ဟယ် ... လျှာအရိုးမရှိတိုင်း လျှောက်ပြောနေပြန်ပ
"အဟုတ်ပြောတာ၊ မယုံဘူးလား"

"မယုံပါဘူး။ နွေက ကိုယ့်ကိုယ်ကိုယ်တောင် သိပ်ယုံရတာ
မဟုတ်တာ။ တစ်ခါတလေ ကိုယ့်စိတ်နဲ့ကိုယ် ရန်ဖြစ်လို့ စိတ်ညစ်တာ
တာ မသိဘူးလား"

"ဟင်! ... ဘယ်လိုကြီးလဲ"

Taxi မောင်းသည့် ဦးလေးကြီးကပင် ကျွန်မ ပြောတာ
သဘောကျသွားလေ၏။ ရှုသည်ဟုဆိုချင်ဆို ကိုယ့်စိတ်တိုင်းမကျ
တတ်တာ သဘာဝမှန်း လူတိုင်းသိကြမှာပါ။ ကိုယ်ဖြစ်ချင်တာ မဖြ
လျှင် ကိုယ်လုပ်ချင်တာ မလုပ်ရလျှင် စိတ်တိုပြီး ဒေါသဖြစ်လာတ
တာလေ။

"ဒါက ကိုယ့်ကို စိတ်တိုတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာကိုစိတ်ကောက်ရတာလဲ"





"ပြောပြီးပြီလေ၊ နွေ့ကိုယ်နွေလို့"

"ကျစ်! ... ကိုယ် ချော့ရခက်အောင် မလုပ်ပါနဲ့လား နွေ
ရယ်"

"တစ်ယောက်နဲ့တစ်ယောက် စိတ်တူမှ ရှေ့ကိုဆက်လို့ရ
မှာပေါ့"

"အခု ကိုယ်က နွေ့ကို ကန့်ကွက်နေလို့လား"

"သူ့စိတ်တိုင်းကျ လုပ်နေတာကရော"

"အဲဒါ ... နွေပဲ ကားမယူလာနိုင်းလို့ ဖြစ်ရတာလေ"

"တွေ့လား ... အဲဒါပဲ"

"ဘာ ... အဲဒါပဲလဲ"

"ခုရိုန့်ထိ မိဘကို အားကိုးကြီး မိဘဆီက လက်ဖြန့်တောင်း
ချင်တဲ့စိတ်ကို သဘောမကျတာ"

"Ok! Ok! ... သိပြီ။ ကိုယ် အလုပ်ဝင်ဖြစ်တော့မှာပါ။
လူကို အဲဒီလောက် အထင် မ small စမ်းပါနဲ့။ နွေ အားကိုးယုံကြည်
ရတဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်စေရပါမယ်"

"စောင့်ကြည့်ရမှာပေါ့"

"ရပြီ ဦးလေး ... ဒီထိပ်မှာပဲ ရပ်ပေးပါ"

သူက Taxi ပိုက်ဆံပေးပြီး ကားပေါ်မှ ဆင်းလိုက်ပါ၏။
ကျွန်မဆင်းရန် ကားတံခါးကိုပါ ဖွင့်ပေးနေတာမို့ ဘာမှမပြောဖြစ်တော့

ဘဲ လိုက်ဆင်းရတော့လေသည်။ လမ်းထဲကို ဒီတိုင်းလျှောက်ဝင်လာ
ပါ၏။ ဒီလိုသာဆို 'မျက်ဝန်းညို' ၏ အိမ်ရှေ့မှ ဖြတ်လျှောက်ရတော့
မှာပါ။ သူက ကျွန်မလက်ကို ကိုင်ထားလျက်မှ 'မျက်ဝန်းညို' ၏
အိမ်ရှေ့သို့ ရောက်စဉ် ပခုံးကိုပြောင်း၍ ဖက်လိုက်သလို ကျွန်မ
ပါးပြင်ကိုပါ ငုံ့မွှေးလိုက်လေ၏။ တမင်သက်သက်များ ပြုမူလေသလာ
အတွေးမဆုံးခင် ခေါင်းထက်သို့ ရေစက်တွေ ရောက်လာလေတော့
သည်။

"ဟာ! ... ဒါ ဘာလုပ်တာလဲ"

"Sorry! မမြင်လို့"

"နင် ရေလောင်းတာ လူကိုလား၊ အပင်ကိုလား"

"Sorry လို့ပြောပြီးပြီလေ။ ဘာလို့ ဆတ်ဆတ်ထိမခံ
ဖြစ်နေရတာလဲ"

ခြံထဲမှာ ပန်းပင်ရေလောင်းလေ့မရှိသည့် သူမက ရေပိုက်
တမင်ပက်လိုက်မှန်း ကျွန်မ သိနေပါသည်။ ဒီလိုသာ တစ်သက်
ရန်ရှာလို့မဆုံးနိုင်ဘူးထင်ပါရဲ့။ ညဉ့်ဆိုသည်က ဖျောက်ဖျက်ရခက်သ
လား။ သူက သူမကို ဒေါသမျက်နှာဖြင့် ကြည့်လိုက်ပေမယ့် သူ
အကြည့်ကဖြင့် ကျွန်မထံမှာသာ ရှိနေတာပါ။

"ရေစိုမိတာလေးကို အပြစ်တင်ချင်နေလား။ ရေချိုးနဲ့
တာမှ မဟုတ်တာ"





"ဒါ တမင်လုပ်တာမဟုတ်လို့ ဘာလဲကွ"

"တော်ပါတော့ ... ပြောမနေပါနဲ့။ လမ်းပေါ်မှာ ရှက်စရာ
..."

"ဟင်း ဟင်း ... ပြောတာကိုတော့ ရှက်တတ်ပြီး လူမြင်
င်းထဲ လုပ်နေပုံကိုတော့ မရှက်တတ်ဘူးပေါ့လေ၊ အံ့ပါရဲ့"

"မျက်ဝန်း!"

"ငါ့ကို ရန်သူကြီးတစ်ယောက်လို မြင်ပြီး မဆက်ဆံပါနဲ့
တာ။ နင်နဲ့ငါက လည်ပင်းဖက်ပြီး ကြီးလာကြတဲ့ သူငယ်ချင်းတွေပါ။
း‌မကြားဝင်လာတာနဲ့ပဲ ငါတို့သံယောဇဉ်တွေ ပြတ်ကုန်ရတာ"

"နင် နွေ့ကို အပြစ်ရှာပြန်ပြီလား။ ငါနဲ့သူ ချစ်သူဖြစ်တာ
နဲ့ဘာမှဆိုင်တာမှမဟုတ်တာ"

"မှားတယ်။ အဲဒါကို နင်သိမှာပါ"

"မျက်ဝန်း!"

"ထားလိုက်ပါ၊ အပျော်ရည်းစားဆိုတာ ငြီးငွေ့လာတဲ့တစ်နေ့
ပစ်လိုက်ကြတဲ့သဘောကို ငါသိပြီးသားပဲ။ နင် ရည်းစား ဘယ်
ယောက်ထားထား ငါ ဂရုမစိုက်ပါဘူး"

"ဟာ! ... နင်"

"တူတူတန်းတန်း မိန်းကလေးတွေထဲက မရွေးဘဲ ခရေပွင့်ကို
မွှေးလို့ဆိုပြီး ကောက်ယူတဲ့နင့်ကိုယ်စား ငါပဲ ရင်နာရတာအမှန်ပါ"

"တော်တော့! . . . ဆက်မပြောနဲ့တော့။ အဓိပ္ပာယ်မရှိတာ တွေ နားမထောင်ပါနဲ့ နွေး၊ လာ . . . သွားကြမယ်"

မတူမတန် ခရေပွင့်တဲ့လား။ သူမ စကားက ကျွန်မရင်ကို ထိခိုက်နာကျင်သွားစေပါ၏။ လူဆိုတာ အမှန်ပြောတာကို မုန်းတတ် တာ သဘာဝပင် မဟုတ်ပါလား။ ကျွန်မကို နှိမ်ပြောလွန်းပါသည့် 'မျက်ဝန်းညို' ကို ရင်ထဲမှာ ခါးခါးသီးသီး မုန်းမိတာပါလေ။

❋



## အခန်း (၁၄)

"ကလင်! ကလင်! ကလင် ကလင်!"

သရက်ပင်မှာကပ်ထားပါသည့် ဖယောင်းပန်းပင်ကို ရေ လောင်းပြင် ဖြန်းပက်နေသည့် 'နွေး' နောက်မှာ စက်ဘီး bell တီးကာ ခေါ်လိုက်ပါ၏။ ထမီတိုတိုရေစိုနေပါသည့် အလှတရားက မနက် ခင်းခြည်နှင့်အပြိုင် လန်းဆန်းနေသည့်နှယ်ပါ။ သူချစ်သူလေးက ဘယ်တော့မဆို အမြဲလှနေလေ စိတ်မချချင်ဖြစ်ရလေ မဟုတ်ပါလား။

"စောစောစီးစီး ရောက်လာပြန်ပြီလား"

"ဒါပေါ့၊ ဒီမှာ နွေ့အတွက် စက်ဘီးဝယ်လာပြီ။ မှတ်ဆေး လေးပါ တစ်ခါတည်း ဝယ်လာတယ်"

"အနီရောင်ကြီးလား"

"နွေက လုံချည်နီနီလေးနဲ့ nurse မလေးလုပ်မှာလေ... ဒီတော့ စက်ဘီးနီနီလေးနဲ့မှ လိုက်ဖက်တော့မှာပေါ့"

"သူ့အကြိုက်အရောင်ကိုများ နွေ့အလုပ်ကို အကြောင်းပြုပြီ"

"ကဲ !... တစ်နှစ်ပြည့်ချစ်သက်လက်ဆောင် ပေးရမယ်"

"ဟယ်! ... ပိတောက်ပန်းတွေ ပွင့်နေပြီ"

"မှန်တယ်၊ အစောဆုံး အဦးဆုံး ပွင့်တဲ့ ပိတောက်သစ်ခက်လေးကို ကိုယ့်ချစ်ချစ်လေးရဲ့ခေါင်းမှာ ပန်ပေးပြီး ဟောဒီလို"

ကျစ်ဆံမြီးကျစ်ထားပါသည့် ဆံနွယ်ရင်းမှာ ပိတောက်ခက်လေးကို ပန်ပေးလိုက်သလို နားသယ်စပ်ကို ငုံ့မွှေးလိုက်မိ၏။ 'နွေ'က အောက်နှုတ်ခမ်းကို သွားဖြင့် အသာကိုက်ထားကာ မျက်တောင်လုလုလေး ခဲလိုက်လေသည်။ လုလိုက်တာနော်၊ အဘယ်မျှ ချစ်စရာကောင်းလိုက်သည့် မိန်းကလေးပါလဲ။ ဖြူဝင်းဝင်းအသားနှင့် လိုက်ဖက်လွန်းပါသည့် ပိတောက်ခက်လေးက ဆံနွယ်ထက် ကပိုကယို[illegible] ပုံက ကဗျာဆန်လွန်းနေတာပါလေ။

ချစ်လိုက်ရတာ 'နွေ' ရယ်။

"လူ့ကိုညာတာပါတေးနဲ့"

"မကျေနပ်ရင် ပြန်ပေးလေ၊ စိတ်မဆိုးပါဘူး"

"တွေ့လား၊ နှစ်နာနေပါဦးမယ်"





"အန်တီရော မတွေ့ပါလား"

"အန်တီသက် အင်္ကျီအပ်တာ အတိုင်းသွားယူလေရဲ့"

"အန်တီသက်ဆိုတာ"

"မျက်ဝန်းညိုရဲ့မာမီ ဒေါ်သက်ထားဝေလေ"

"ဟင်!"

သူ ရင်ထိတ်သွားရပါ၏။ ခေတ်ဆန်ဆန် reday made တွေချည်း ဝယ်ဝတ်လေ့ရှိပါသည့် အန်တီသက်က 'နွေ့' မေမေ 'ဒေါ်နှင်းမြ' ထံမှာ အင်္ကျီအပ်သတဲ့လား။ ဘာအကြောင်းပြချက်၊ ဘယ်လိုသဘောမျိုးနဲ့များ အိမ်ကိုခေါ်ရပါသလဲ။ ရင်ထဲမှာ စိုးထိတ်မှုတို့က ရုတ်ချည်းဖြစ်တည်လေ၏။ ချစ်သူနှင့် ပျော်ရမည့်အချိန်မှာမှ စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စတို့ မရှိစေချင်ပါ။

"ဘာစားပြီးပြီလဲ"

"ကော်ဖီနဲ့မုန့်"

"အဲဒါတွေ မစားချင်ဘူးဆို"

"အပြင်ထွက်မှာမို့ အမြန်စားဖြစ်တာပါ။ စက်ဘီးစီးသင်မယ်ဆို"

"အပြီးထိ အတတ်သင်ပေးမှာလား"

"ဒါပေါ့"

"ဘယ်လောက်ပေးရမှာလဲ ပြော"

"ထောင့်ငါးရာ"

"လာပြန်ပြီလား"

"အင်း ... မောင်လို့ခေါ်ရင် ဖြစ်တာပဲလေ"

"ဟယ်! ... လျှာယားစရာ ပြောပြန်ပြီ"

"တကယ်ပြောတာ။ ကိုယ့်ကို မောင်လို့ခေါ်ပါ နွေ... ကြားချင်လွန်းလို့ပါ"

'နွေ'က ခပ်တိုးတိုး ရယ်လိုက်လေ၏။ အစမ်းသဘော... ဖြင့် 'နွေ' တို့ ခြံကျဉ်းလေးထဲမှာပင် သင်ပေးခဲ့ရတာပါ။ ဘယ်... မဆို စိတ်ရှည်ပြီး ဖွဲ့ရှိသည့် 'နွေ'က စက်ဘီးစီးသင်တာကို အ... မြန်ပါ၏။ လဲကျမလိုဖြစ်တိုင်း သူက အမြန်ထိန်းပွေ့တတ်... မျက်နှာရဲလာတာ၊ ခြေထောက်မှာ ဒဏ်ရာဖြစ်ပြီး ညိုမည်းသွား... ကို မပြချင်သည့် ရှက်မျက်နှာလေးကို ကြည့်၍ မဝခဲ့ပါလေ။ ချစ်... 'နွေ' ၏အပြုံးနုနုက သူ့ရင်ကို အဘယ်မျှ အေးချမ်းစေပါသ...

"စက်ဘီးလေးကို မနာလိုဘူး။ ဝယ်ပေးတာ မှား... တယ်"

"ဘာဖြစ်ရပြန်ပြီလဲ"

"သူက နွေနဲ့ အမြဲရှိနေတော့မှာလေ။ ကြိုပို့တာဝန်ကို... သူပဲရတော့မှာ မဟုတ်လား။ ကိုယ့်ဆီက ရှိသမျှတာဝန်ကို သူ အ... သိမ်းမှတော့ မနာလိုချင်တော့ဘူးပေါ့"





"ကြိုကြိုဖန်ဖန် ပြောပြန်ပြီ"

"အဲဒါလေးကိုပဲ နွေ ချစ်နေရတာမဟုတ်လား"

"ဟွန်းနော် ... မေမေမရှိတာနဲ့ အပိုတွေ လျှောက်မပြောချင်နဲ့"

"ဘာဖြစ်လဲ၊ ချစ်လို့ပြောတာပဲကို"

'နွေ' က သူယူလာခိုင်းသည့် ဂျာနယ်စက္ကူလိပ်ဖြင့် သူ့... ကျောကို အသာရိုက်လိုက်လေ၏။ ဆေးမှုတ်လျှင် တခြားနေရာ (မလိုအပ်သည့်နေရာ) တွေပေမည်စိုး၍ စက္ကူဖြင့်ပတ်ကာပြီး မှုတ်ရတာပါ။ လောလောဆယ် စောစောကစီးထားပါသည့် စက်ဘီးကို သဲမပေစေရန် ရေဆေး၍ နေလှန်းထားလိုက်ပါသည်။

"မေမေသွားတာကလည်း ကြာလိုက်တာ"

"လေပေးဖြောင့်နေကြရောပေါ့။ အန်တီသက်နဲ့ အန်တီနှင်းက အစကတည်းက ရင်းနှီးကြတာလား"

"အဲဒီလောက် မဟုတ်ပါဘူး။ တစ်လမ်းတည်းနေကြတာဆိုတော့ တွေ့ရင် ပြုံးပြနှုတ်ဆက်ရုံလောက်ပါပဲ"

"မျက်ဝန်းနဲ့ရော ငယ်ငယ်က မခင်ခဲ့ဘူးလား"

"ကားပေါ်ကလူနဲ့ လမ်းပေါ်ကလျှောက်နေတဲ့လူက ခင်ဖို့ အခွင့်နည်းပါတယ်ရှင်"

'နွေ'က စာရွက်တွေ ဝိုင်းကူပတ်ပေး၊ စည်းပေးရင်း ပြော

လိုက်သဖြင့် သူ အံ့သြသွားရပါသည်။ ကားပေါ်ကလူနဲ့ လမ်းပေ
လျှောက်နေရတဲ့လူတဲ့လား။ ဘယ်လိုပါလဲ။ ချစ်သူလေး စိတ်
ငယ်တတ်တာကို သူ မရိပ်မိခဲ့တာ ဘာကြောင့်များပါလိမ့်။ သူ
'နွေ' က စိတ်ထဲ ဘာရှိသည်ဆိုတာကို ထုတ်မပြောပါဘဲ မျိုသိပ်ထား
တတ်သည့်အကျင့် ရှိလေ၏။

''ဒါဖြင့် ကိုယ်ကရော''

''သူများခြံထဲ ခွင့်မတောင်းဘဲရောက်လာတာမို့ မလွှဲသ
လို့ လက်ခံလိုက်ရတာလေ''

''ဟာ! . . . ကိုယ့်ကို အဲဒီလိုပြောတယ်ပေါ့''

''မလုပ်နဲ့နော် . . . မလုပ်နဲ့။ သူများတွေ မြင်လိမ့်မယ်''

ခြံထဲမှာ စိန်ပြေးတမ်းဆော့သလို ဖြစ်နေတာမို့ လက်
ပြီး တားလေ၏။ သူများတွေမြင်လည်း သူက အရေးစိုက်သည့်သူ
မဟုတ်တာလေ။ ဒါကြောင့်လည်း ဟိုရက် မျက်ဝန်းတို့အိမ်ရှေ့
'နွေ' ကို သူ တမင်တကာဖက်ပြီး နမ်းပြခဲ့တာ မဟုတ်လား။ 'မင်း
သုတ'ထံမှာ ထိုသို့ အရွဲ့တိုက်တတ်သည့်အကျင့် သေးသေးလေးတော့
ရှိနေပါ၏။

''မိပြီ . . . မင်း ဘယ်ပြေးမလဲ မိချိုသဲ''

''လွှတ်ပေးပါ၊ တော်ကြာ မေမေပြန်လာလို့ မြင်သွားရင်
မကောင်းဘူး''





''ဒီတိုင်းတော့ ဘယ်ရမှာလဲ။ လောကကြီးမှာ အပေးအယူ
ဆိုတာရှိတယ်လေ၊ သိတယ်မဟုတ်လား''

''ဟင့်အင်း . . . မသိဘူး''

''မောင်လို့ခေါ်မှ လွှတ်ပေးမယ်''

''မခေါ်နိုင်ပါဘူး''

''ကဲ! . . . မခေါ်ချင်ဦး''

''အို!''

သူက 'နွေ့' ကို ပါးနှစ်ဖက်လုံးကိုရော နဖူးနှင့်မေးစေ့လေး
ကိုပါ နမ်းရှိုက်လိုက်မိပါ၏။ ချစ်သူကို အနိုင်ပိုင်းတာတော့ မဟုတ်ရပါ။
ချစ်လွန်းလို့ မြတ်နိုးလွန်းလို့ဆိုတာကို 'နွေ' အသိဆုံးပါပဲ။ လူမြင်ကွင်း
ခြံလေးထဲမှာက သစ်ပင်ပန်းပင်တွေရှိနေတာမို့ စကျွပန်းချုံနား ထိုင်နေ
ပါသည့် သူနှင့် 'နွေ့'ကို ရုတ်တရက်တော့ မည်သူမျှ မမြင်နိုင်ပါလေ။

''သွား! . . . လူဆိုး''

''လူဆိုးမဟုတ်ပါဘူး ထပ်ပြီး''

''တော်တော့ . . . တော်တော့ ခေါ်ပါ့မယ်''

''ဒီလိုပဲ ဖြစ်ရမယ်လေ။ အချစ်မှာ အကြမ်းဖက်တတ်မှ
Yes ဆိုတဲ့အဖြေကို တစ်ခါရခဲ့တာ ဘယ်မေ့ပါ့မလဲ''

''မောင် . . . လူဆိုး''

သူ ဝမ်းသာအားရဖြင့် 'နွေ့' ခန္ဓာကိုယ်ကျစ်ကျစ်လေးကို

ထွေးဖက်ထားလိုက်မိပါ၏။ အန်တီမရှိတုန်း အခွင့်အရေးယူမိ
တော့ စိတ်ထဲမှ တောင်းပန်မိပါ၏။ သို့သော် ချစ်ခြင်းက
အရှိန်းဝင်စေတတ်တာကိုတော့ သူရော 'နွေ' ပါ သိနေပါသ
ဒီထက် အဆင့်ထပ်ပြီးတိုးနိုင်ဖို့ 'မောင်' တို့က အဆင်သင့်မဖြစ်
ပါဘူး 'နွေ' ရယ်။

''အဲဒါနဲ့ပဲ ဒီနေ့ စက်ဘီးဆေးမှုတ်ဖြစ်ပါလိမ့်မယ်၊
လွှတ်ပါတော့''

''ချစ်လို့မှ မဝသေးတာ''

''မကဲလာနဲ့နော်၊ နွေက အဲဒါမျိုးကို မုန်းတယ်''

''မောင်လည်း ဒီလောက်တော့ သိပါတယ်နော်''

''ဟယ်! ... ပြောရဲလိုက်တာ''

''ဘာကိုလဲ''

''စောစောကပဲ ပြောလိုက်တယ်လေ။ သူ့ကိုယ်သူ မောင်

''နွေနော်''

''ဟိုးထား ... ဟိုးထား။ အလုပ်ကိုအရင်ပြီးအောင်လု
စက်ဘီးလည်း ခြောက်နေပါပြီ''

''သတိပေးလို့ တော်လိုက်တာ မှတ်''

''မေမေ ပြန်ရောက်လာတော့မှာမို့ပါနော်။ ကြောက်
များ ထင်နေလား''





''ဒါဆို''

''ဟော! ... မေမေ လာပြီ''

ပန်းချုံအနီးမှ သူ အမြန်ထရပ်လိုက်မိပါ၏။ သူ့ချစ်သူလေး
ကဖြင့် သူ ပျာယာခတ်သွားတာကိုကြည့်ပြီး သဘောကျရယ်လို့ပါ
လေ။ တကယ်တမ်းဆိုးတာက သူမဟုတ်ပါဘဲ 'နွေ' ဖြစ်နေတာ
မဟုတ်လား။ အဘယ်မျှ အသည်းယားစရာလေးပါလဲ။

''မောင် စိတ်ဆိုးလိုက်မှာနော်''

''ယောက်ျားလေးဖြစ်ပြီး စိတ်ဆိုးတတ်လား။ ဆိုးချင်ဆိုး
ပေါ့။ နွေကတော့ မချော့နိုင်ပါဘူး''

''သိပ့်ါဗျာ ... သိပ့်။ မောင့်ချစ်သူနွေကသာ ဆံပင်ဖြောင့်
ပြီး စိတ်ကကောက်တတ်မှန်း''

''မောင်နော်''

''ဗျာ ... နားဝင်ချိုလိုက်တာ၊ ထပ်ခေါ်ပါဦး ... အား!''

'နွေ' က သူ့နားရွက်ကို လိမ်ဆွဲလိုက်သဖြင့် သိပ်မနာပါဘဲ
အော်လိုက်မိပါ၏။ နှစ်ယောက်သားရယ်လိုက်မိကြရင်း စက်ဘီးထောင်
ထားပါသည့်နေရာကို လျှောက်ပြီး အရိပ်ရှိသည့် သစ်ပင်အောက်မှာ
စက်ဘီးကို ရွှေ့လိုက်ပါသည်။ စက္ကူပတ်ပြီးအုပ်ရမည့်နေရာတွေကို
tape ဖြင့် ကပ်ခါ အကုန်သေချာပြီးမှ မှုတ်ဆေးဘူးကို လှုပ်ခါ၍
စက်ဘီးကို သူ ဆေးမှုတ်ပေးလိုက်ပါ၏။

''သိပ်လည်း အရောင်မစိုဘဲနဲ့များ''

''နှစ်ထပ်မှတ်မှာပေါ့ အချစ်ရယ်''

''ဟယ်! ... ဘယ်လိုကြီးခေါ်လိုက်တာလဲ''

''အချစ်က အဆစ်အပိုတောင်းနေတာကို မဟုတ်လို့လာ

''ဟင်းနော် ... အဲဒါဆို အိမ်မှာ ထမင်းလာမစားဖြစ်
နေ့လယ်စာအသုပ်ကို မပို့ဘဲ နေလိုက်မယ်''

''အဲဒီလိုတော့ မကျိုးစားလိုက်ပါနဲ့ မောင်ကြီးက ရှပ်မလက်
ကို အသည်းထဲ အရိုးထဲ ကျောက်ကပ်ထဲ ကလီစာထဲအထိ စွဲငြိ
မို့ လျှာအရသာဖြတ်ရခက်နေလို့ပါကွယ်''

''ဘယ်ဇာတ်က ပြဇာတ်မင်းသားပါလဲကွယ်''

''အချစ်ရဲ့ အသည်းပန်းချီပြဇာတ်ထဲကလေ''

''ကြည့်! ... ပေါက်ကရဆို အကုန်ဘတ်တယ်''

''တွေ့လား လုသွားပြီ ဟွန်းနော်! ... မင်းကိုငါ အခေ
မနာလိုဖြစ်လာပြီကွ''

''အသက်မရှိတဲ့ပစ္စည်းကိုနော်''

''သားရေ! ... Phone လာနေတယ်''

''ဟော! ... အန်တီခေါ်နေပြီ မြန်မြန်ပြန်လိုက်ဦး''

''ဟာကွာ ... အချစ်ရဲ့သင်တန်းပိတ်ရက်လေးမှာ ပျော်
ကာမှ''





''သွားပါ၊ တော်ကြာ အန်တီစိတ်ဆိုးနေဦးမယ်''

''အခုကတည်းက မေမေလို့ အခေါ်ကျင့်ပါလား''

''ကြည့်! ... ဈေးဆစ်တာက မောင်ပဲလေ''

''ချစ်လား''

''အင်း''

''ဟာ! ... ဘာကြီးလဲ''

''ချစ်တယ် ... ချစ်တယ်၊ အများကြီးချစ်၊ မိုးလောက်ကြီး
ချစ်၊ ပင်လယ်လောက်ကြီး ချစ်ပါတယ်၊ မြန်မြန်သွားပါတော့''

သူ တဟားဟားရယ်ရင်း 'နွေ' တို့ခြံထဲမှ နောက်ဖေးဘက်
ခါးအသေးလေးကို ဖွင့်လိုက်ပြီး ပြန်လှည့်ကြည့်လိုက်ပါ၏။ စက်ဘီး
လေးနားမှာရပ်နေသည့် 'နွေ့' ကို Fly Kiss တစ်ချက်လှမ်းပေး
က်မိပါသည်။ 'နွေ' က သူ့ကို ဘာ kiss မှ ပြန်မပေးပါဘဲ ပြုံးရုံ
ာ ပြုံးနေလေ၏။

တကယ်ပါ။

ထိုနေ့က သူ့ဘဝမှာ အရမ်းကိုပျော်ရွှင်ခဲ့ရပါပြီး တစ်သက်
ာ ဝမ်းသာမှုတွေ ရရှိခဲ့သည်ဟု ထင်ခဲ့ရပါသည်။ သို့သော် လောက
ကြီးမှာဆိုသည်က ပုထုဇဉ်လူသားတွေကို မျက်လှည့်ပြသည့်နယ်
မှလှည့်စားတတ်မှန်း သူ မသိခဲ့တာအမှန်ပါလေ။

❋ ❋ ❋

# အခန်း (၁၅)

''ထိုင်ပါ မနှင်းမြ''

''ဟုတ်ကဲ့ပါ မမသက်၊ ကျွန်မဆီမှာ''

''မိဝါရေ ... အအေးပုလင်းဖောက်ထည့်ပြီး ယူလာပေး ဟော့!''

''ဟုတ်ကဲ့ မာမီ''

ညှော်ခန်းဆက်တီထိုင်ခုံမှာ ခပ်ကုပ်ကုပ်လေး ထိုင်လိုက်ရပါ၏။ မင်္ဂလာဆောင်ရှိမှသာ အဝတ်အစားအပ်တတ်သည့် သူ့မွေ ကတော်က လူလွှတ်ခေါ်ရတယ်လို့၊ ဘာအကြောင်းများ ရှိလို့ပါလဲ၊ အကျီအပ်မယ်ဆိုလည်း ဆက်တီစားပွဲထက်မှာ တင်ထားပါသည့် ပိတ်စလိုအတုပ်မျိုးလည်း မရှိပါလေ။





ဘယ်လိုပါလဲ။ သမီးဖြစ်သူနှင့် 'မောင်မင်းသုတ' တို့ ချစ်သူ ...ချိန်ကစပြီး ဒီအိမ်မှကလေးမနှင့် ပြဿနာတက်ခဲ့ရတာကို ...ားလို့ပါလေ။ တမင်တကာပင် သမီးကိစ္စကို ခေါ်ပြောတာများ ...။ ဖြစ်နိုင်ပါ၏။ ကလေးချင်းကိစ္စကို မိဘတွေက စွက်ဖက်လို့ရပါ့ ...။ မမဆွေတို့ပင် ဘာမှမပြောတာလေ။

''သုံးဆောင်ပါဦး မနှင်းမြ''

''ရပါတယ်၊ ပြောစရာရှိတာကိုသာ ပြောပါရှင်။ အိမ်မှာ ...မ ချုပ်လက်စအထည်တွေ လက်စသတ်စရာရှိသေးလို့ပါ''

အိမ်ဖော်ကောင်မလေးက အအေးဖန်ခွက်လာချပေးသွား ...၏။ နှုတ်ဖျားက သုံးဆောင်ပါဟုဆိုပြီး ခြေတစ်ဖက်ချိတ်ကာ ...ခုံမှ မိန့်မိန့်ကြီးထိုင်နေပါသည့် ဒေါ်သက်ထားဆွေက မျက်နှာကိုမဲ့ ...က်လေသည်။ အထင်တသေးဖြင့် ကြည့်သည့်အကြည့်တွေကို ...နေသဖြင့် သက်ပြင်းကိုတိတ်ရှိုက်လိုက်မိပါ၏။ ပိုက်ဆံရှိသည့် လူတန်း ...တွေရဲ့ အကျင့်စရိုက်ကို အမြဲကြိုသိနေလို့ပါပဲ။

''ရှင့်သမီးနဲ့ မောင်သုတကြိုက်နေတာ ကျွန်မလည်း သိပါ ...ယ်''

''ဟုတ်ကဲ့ ... တစ်နှစ်လောက်ကြာပါပြီ''

''အင်းပေါ့လေ၊ တဲစုတ်မှာနေပြီး တိုက်ကြီးပေါ်မော့ကြည့် ... လူတန်းစားတွေရဲ့အိပ်မက်တွေ၊ ရည်မှန်းချက်တွေက ဘာလဲ

ဆိုတာ သိသာတာပဲ''

စတင်စော်ကားလေပြီ။ တဲစုတ်မှာနေပြီး ကိုယ့်ထမင်းကိုယ် ရှာစားနေတာမဟုတ်ပါလား။ ရေးကုသိုလ်နည်းပါးခဲ့တာမို့ ဒီဘဝမျ က်အကြောင်းမလှပါဘဲ ဆင်းရဲခဲ့တာအပြစ်လား။ ချမ်းသာသည့် ယောက်ျားကိုမှီပြီး အမှီအတွယ်ရှာချင်ရတာမျိုးလည်း မဟုတ်ရ သမီးဖြစ်သူထက် မောင်သုတကသာ သမီးကို အရိုန်ပြည့် စောင့်ကြ ပြီး ဂရုတစိုက်ဖြင့် အရိပ်တကြည့်ကြည့် မြတ်နိုးနေမှန်းသိသာနေ ပါပဲ။

''ကျွန်မသမီးနဲ့ မဆွေဇင်မြင့်တို့သားကို ငယ်စဉ်ကတည် က မိဘတွေချင်း သဘောတူခဲ့ကြတာပါ''

''ရှင်! ''

''ဒါကို ရှင့်သမီးက ဣန္ဒြေမရနဲ့ ကောင်လေးကို ဖြားယော ခဲ့လို့ အခုလိုတွေဖြစ်လာရတာပဲ''

''မဟုတ်ပါဘူး''

''ယောက်ျားလေးမို့ အပျော်ရှာတဲ့သဘာဝကို ကျွန်မလည် နားလည်ပါတယ်။ ဒါပေမဲ့ တူတူတန်တန် အစားထဲကပဲ ရွေးတွဲသင့် တာပေါ့။ အခုဟာက ဖိနပ်မပါဘဲ ရွှံ့အိုင်ထဲ ဆင်းဆော့တဲ့ကလေး ဖြစ်နေပြီလေ''

မျက်နှာရဲသွားရပါ၏။ သမီးဖြစ်သူကို မတူမတန်ပြောပြီ





က်အိုင်နှင့် နိုင်းနှိုင်းပြရတယ်လို့။ အဆင့်အတန်းဆိုတာ ရွှေငွေ ဥစ္စာက်သံပတ္တမြားတွေ တိုက်တာအိုးအိမ်မြေတွေ ပိုင်ဆိုင်ထားတာ မှ အဆင့်အတန်းရှိသည်။ ဂုဏ်သိက္ခာရှိသည်ဟု ယူဆထားသည် င်ပါရဲ့။ ပညာရှိသော အကျင့်စာရိတ္တ ကောင်းမွန်သော၊ ရိုးသား ဖြောင့်မတ်သော၊ လောကကို ကောင်းသော မျက်စိဖြင့်မြင်ပြီး ကောင်း မွန်သမျှ ရွေးလုပ်တတ်သော ကိုယ့်ကိုယ်ကိုယ် အနစ်နာခံတတ် သည့် လူတန်းစားကဖြင့် အဆင့်အတန်းမဲ့သည်ဟု ထင်မှတ်ထားပါ သလား။

''ကျွန်မသမီးလေးက အေးပါတယ်''

''ဟင်းဟင်း . . . လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ အသံမြည်ရ တာပါ မနှင်းမြရယ်။ ရှင့်သမီး အနေအထိုင်မတတ်ဘဲ ဟိုကလေးက ြီး ယိုင်မှာတဲ့လား။ အနေနီးတာချင်းတူရင် sweety ကသာ သုတနဲ့ အိမ်ထောင်တောင်ကျပြီးနေလောက်ပြီ၊ အိမ်ချင်းနီးတာကို အကြောင်းမပြချင်ပါနဲ့။ တိုက်ကြီးပေါ်က ကလေးကို ဘာပုံစံတွေနဲ့ ြိသနေလို့များ''

''စကားကို ထိန်းပြောပေးစေချင်ပါတယ် မမသက်။ ကျွန်မ သမီးက လျှပ်ပေါ်လော်လီနေတတ်တဲ့ကလေး မဟုတ်ပါဘူး။ မိုင်း ကောင်းကျောက်ဖိ တည်တည်ငြိမ်ငြိမ်ပဲ နေတတ်တာပါ။ ဒူးပေါ် ခေါင်ပေါ် ဝတ်ဖို့မပြောပါနဲ့။ လက်မောင်းတွေ ရင်ဘတ်နေရာတွေ

ပေါ်စေမယ့် အဝတ်အစားမျိုးကို တစ်ကြိမ်တစ်ခါမှ မဝတ်ခဲ့ပါဘူး

'ဒေါ်သက်ထားဝေ' မျက်နှာအတော်တင်းသွားလေ၏

ဆိုသည့် ကြေးမုံမျိုးက အမှန်အတိုင်း တုံ့ပြန်ပြတတ်သည်ကို မသိ

ရှောသလား။ လူဟူသည် ပုထုဇဉ်မပြောပါနှင့် အဟိတ်တိရစ္ဆာန်

ပင် ကိုယ့်သားသမီးမှ ကိုယ့်သားသမီး၊ ကိုယ့်ဥမှ ကိုယ့်ဥထင်ကြ

သဘာဝဖြစ်ပေမယ့် ကိုယ့်အနာထိတော့ နာတတ်တာမဟုတ်ပါ

ယခုလည်း မိမိသမီးကို မို့ချီးမွမ်းချီး ပြောနေသည့်ပုံစံမျိုးက မမ

၏ သမီးထံမှာသာ ရှိနေတာပါလေ။ မြေနိမ့်ရာလှံစိုက်လေ့ရှိပေ

မာကျောသည့်နေရာကဖြင့် လှံကို စိုက်ဝင်မှုမရှိစေအောင် တုံ့ပြန်

တာ မဟုတ်ပါလား။

''ထားပါတော့လေ၊ ရှင်က ရှင့်သမီးကို သားသုတနဲ့ ပေး

ချင်နေတာမှန်ပေမယ့် ဟိုဘက်ကမိဘတွေရဲ့ရင်ထဲကိုရော မြင်ကြ

ရဲ့လား''

''သားက ပြောပါတယ်၊ မမဆွေတို့က မကန့်ကွက်ကြပ်

တဲ့''

''ဒီလိုပဲ ပြောမှာပေါ့ရှင်။ ရွှေလိုဥပြီး ပိုးမွေးသလို မွေးမြူ

တဲ့ သားလေးကို ဘယ်စိတ်ဆင်းရဲစေချင်ပါ့မလဲ။ တိုက်ကြီးပေ

လက်သုတ်ဝတ်နဲ့ တဲစုတ်က လက်နှီးစုတ်ဆိုတာ အရောင်အဆင်

မတူကြဘူး။ ပြီးတော့ ဦးမြတ်မင်းဆိုတာကလည်း တရားသူကြီး





ကြီးစားနေတဲ့လူကြီးမို့ လူဝင်ဆံ့တဲ့ချွေးမမျိုးကိုပဲ ရွေးချယ်တဲ့ လူ

အားကြီးဆိုတာ ရှင်လည်း သိမှာပါ။ ကလေးကို ကန့်ကွက်လို့ သူတို့

အိမ်မှာ ကျွတ်ကျွတ်ညံခဲ့တာကို ရှင် သဲ့သဲ့လေးတောင် မကြားမိဘူး

လား''

ဘုရားရေ!... အမှန်ပဲလား။ သားပြောတုန်းကဖြင့် အားလုံး

အဆင်ပြေတယ် ပြဿနာမရှိဘူးဆိုပြီး ဒီလိုတွေဖြစ်ခဲ့တာတဲ့လား။

အသံလုံတဲ့အိမ်မို့ အပြင်ကို ဘာသံမှ မထွက်ခဲ့လို့ မကြားခဲ့ရတာပါ။

မိဘတွေကန့်ကွက်တာကို ဆန့်ကျင်ပြီး သမီးကိုမှစွဲလမ်းခဲ့သည့်

ကလေးကို မည်သို့တားမြစ်ရပါ့။ မိဘမျက်ရည်နှင့်ပြုမိသော အိမ်

ထောင်၏ပူလောင်မှုဒဏ်ကို မိမိက လက်တွေ့ခံစားခဲ့ရပြီးလို့ သိခဲ့ပြီ

လေ။

''လက်နဲ့စားတဲ့ ကြွေရည်သုတ်ပန်းကန်နဲ့ ဇွန်းခက်ရင်းနဲ့

စားရတဲ့ ကြွေပန်းကန်တို့ တစ်ပိုင်တည်းထားလို့ ဘယ်တင့်တယ်ပါ့မလဲ

နေင်းမြရယ်။ ရှင်တို့အိမ်မှာ စားလို့ကောင်းပါတယ်ဆိုတဲ့ ငါးပိရည်ကို

သူတစ်သက်လုံး စားချင်မှာတဲ့လား။ တစ်ဆီကနေ သုညဆီကို

ပေါင်းရုံနဲ့ ဘာမှတိုးပွားလာမှာမှ မဟုတ်တာ။ တစ်ကိုတစ်နဲ့ပေါင်းမှသာ

နှစ်ဆတိုးလာမှာရှင့်''

''ကလေးတွေကိစ္စမို့ ကလေးချင်းပဲ ရှင်းကြစေချင်ပါတယ်''

''အဲဒီလို မျက်နှာလွှဲခဲပစ် ခေါင်းမရှောင်ချင်ပါနဲ့ရှင်။ သား

သမီးဆိုတာ ကိုယ့်ရင်ကဖြစ်လာတဲ့ ပန်းလေးမို့ ကိုယ်က ဂရုစိုက်ပြုစု ပိုးစားခြကိုက်နဲ့ မပျက်စီးမှာလေ။ ဒီတော့ မိခွေ နားလည်အောင် ရှင်က ညွှန်ပြသွန်သင်ပေးရမယ့်တာဝန် ရှိတယ်။ မိဘကဆုံးမရင် သားသမီးက တစ်သဝေမတိမ်း နာခံတတ်ရတယ်ရှင့်။ ဒါကြောင့် လူကြီးတွေက ပြောခဲ့တာဖြစ်မှာ၊ ရှေ့ကနွားလား ဖြောင့်ဖြောင့်သွား နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏တဲ့လေ။ ရှေ့ကနွား ဖြောင့်ဖြောင့်မသွားဘဲ ကွေ့ကောက်သွားနေမှတော့ နောက်နွား ဖြောင့်ဖြောင့် ဘယ်သွားပါတော့မလဲ''

''ကိုယ်ရေးကိုယ်တာကိစ္စတွေကို ထည့်မပြောချင်ပါနဲ့ရှင် ပြောတာ နားထောင်ပြီးပြီမို့ ကျွန်မ ပြန်ပါတော့မယ်''

ဆက်တီမှ ဆတ်ခနဲထရပ်ကာ တိုက်ထဲမှထွက်ရန်ပြင်လိုက် ပါ၏။ မနက် (၈) နာရီကျော်ပြီမို့ သိပ်ကြီးမစောတော့ပါလေ။ တိုက် လှေကားသုံးဆင့်ကို ဆင်းမိစဉ် ဆင်ဝင်အောက်ရပ်သွားပါသည့် ကား ကြောင့် ခြေလှမ်းက တုံ့ခနဲရပ်သွားရပါ၏။ မတွေ့ချင်ပါသည့် မျက်နှာ ကို မထင်မှတ်ဘဲ ရုတ်တရက် မြင်ရပြန်ပါရောလား။ အတိတ်က ခါးပို့ 'ဒေါ်နှင်းမြ' ရယ်။

''ဟင်! ... အနှင်း။ အိမ်ကိုဘာလာလုပ်''

''ကိုကို Golf ရိုက်ပြန်လာတာ စောသားပဲ''

''အနှင်းကို တွေ့လိုက်လို့ မေးနေတာပါ''





''ခြော် ... ဘာအကြောင်းမှမရှိပါဘူး။ ဒီလိုပဲ လမ်းကြုံ လို့ ဝင်လည်တာပါ ကိုကိုရယ်''

''ခြော်''

နှုတ်ဆက်လိုက်ပါသည့် 'ကိုလင်း' (ဦးနေလင်း) ကို ဘာမှ ပြန်မပြောပါဘဲ ခြံဝထိရောက်အောင် အမြန်လျှောက်ခဲ့ရပါ၏။ အဆင့် အတန်းမတူသည့်လူတွေတဲ့လား။ နှစ်ကိုယ်တူ နှီးသက်ခဲ့စဉ်က မိမိတို့ ချစ်ခြင်းကို ဤအမျိုးသမီးကပင် ခွဲပစ်စေခဲ့တာပါလေ။ 'ကိုလင်း' အိမ်ထောင်ကျသွားမှသာ အရွဲ့တိုက်ချင်စိတ်နဲ့ မိမိကို တစ်ဖက်သတ် ကြိုက်နေပါသည့် ရပ်ကွက်ရှဉ်ဖတ် လူမိုက်ကြီး 'ကိုကျော်' ကို မျက်စိစုံမှိတ် ယူခဲ့မိတာ မဟုတ်လား။

နောင်တဟူသည်က နောက်ကျမှ ရတတ်ပါသတဲ့။ မိမိကို ကရုဏာဒေါသဖြင့် ဆူခဲ့ပါသည့် 'ကိုလင်း' ၏စကားတို့က အတိတ် မှာ မှုန်ဝါးဝါးသာ ကျန်ခဲ့ရတာပါ။ ကံကြမ္မာကို ရက်စက်သည်ဟု မစွပ်စွဲလိုပါ။ သို့သော်လည်း မိမိတို့မိသားစုမှာ ကျိန်စာမိနေသလိုမျိုး များ ဖြစ်နေပါပြီလား။ သံသယစိတ်မရှိချင်သော်ငြား မိမိတုန်းကနယ် အိမ်ထောင်ပြုဖို့ကိစ္စက အနှောင့်အယှက်ဖြစ်နေရပြီလေ။

သမီးရယ် မေမေ့ဘဝမှာ သူခေါ်ရာမလိုက်ခဲ့မိတဲ့အမှား၊ မချစ်တဲ့လူနောက်လိုက်ခဲ့မိတဲ့အမှားမျိုးတွေ ဆက်တိုက်မှားယွင်းခဲ့ သလို သမီးအလှည့်မှာတော့ ဤသို့ မဖြစ်စေချင်ပါလေ။ ချစ်တဲ့သူနဲ့

ကွေကွင်းခြင်းဆိုသည့် ဒဏ်ရာဒဏ်ချက်တွေနဲ့အတူ တစ်သက်လုံး
စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဘဝနဲ့ အသက်ဆက်ရှင်နိုင်ပါတော့မလား

"မေမေ"

ခြံတံခါးဝမှာ ခေါင်းထဲ၌ မိုက်ခနဲဖြစ်သွား၍ သမီးက အပြေး
ရောက်လာပြီး တွဲခေါ်လိုက်ပါ၏။ အပြုံးတို့ဖြင့် တောက်ပပျော်ဝင်နေ
သည့် သမီးမျက်နှာလေးကို မြင်နေရတာမို့ ဘယ်လိုများ ပြောရပါ့မလဲ
နုငယ်လွန်းပါသည့် သမီး၏ နှလုံးသားလေးကို ဒဏ်ရာရအောင်
ဆူးဖြင့် ထိုးဆိုက်ရမှာက မိမိကိုယ်တိုင် ဖြစ်နေလေပြီ။ ကံဆိုးမ
သမီးလေးအဖြစ် ဒီဘဝမှာ မွေးဖွားခဲ့ရတာပါလား 'နွေပန်းချီ' ရယ်

"ဘာဖြစ်လာလို့လဲ မေမေ"

"ပြောမယ်၊ မေမေ့ကို သောက်ရေ"

"ဟုတ်ကဲ့ မေမေ"

အိမ်ပေါ်သို့ လှေကားထစ်သုံးထစ်မှ တက်ရပြီး ပတ်လက်
ထိုင်ခုံပေါ်မှ ခပ်ဖြည်းဖြည်း ထိုင်ချလိုက်ပါသည်။ သမီးယူလာပေး
သည့် သောက်ရေအေးအေးလေးကို ယူ၍ မော့သောက်လိုက်သော်
ငြား ရင်တွင်းမှ ဒေါသမီးကို မငြိမ်းစေနိုင်ခဲ့ပါ။ အပြစ်ရှိခဲ့သည်က
မိမိဖြစ်ပါလျက် တစ်နွယ်ငင်တစ်စင်ပါ သမီးလေးကပါ မီးအပူဟပ်ရ
တယ်လို့ လောကကြီးရယ်။

"သမီး"





"ဟုတ်ကဲ့"

"မေမေ ပြောမယ်"

မိမိမျက်နှာကို မျှော်လင့်တကြီးစောင့်ကြည့်နေပါသည့် သမီး
ကို ပြန်မကြည့်ရဲတော့ပါ။ ဘုရားစင်ရှိရာဆီကိုသာ ကြည့်နေရင်း
...ပြင်းရှိုက်လိုက်မိလေ၏။ ပြောမှဖြစ်မှာမို့ ရင်နာနာနဲ့ ပြောရတာကို
...သမီးလေး နားလည်ပေးနိုင်ပါစေလေ။

"သမီး"

"ပြောလေ မေမေ"

"မောင်သုတကို"

"ဟင်"

"မောင်သုတကို သံယောဇဉ်ဖြတ်လိုက်ပါ"

"ရှင်!... မေမေ ဘယ်လိုများ"

"မေမေ့စကားကိုနားထောင်ပါ သမီးရယ်။ သမီးဘဝနဲ့ သား
...ရဲ့ဘဝက အတော့်ကို ကွာခြားလွန်းနေတာပါ"

"မေမေ ဦးဦးနဲ့အန်တီဆွေကများ"

"ဟုတ်တယ်"

"ဟင်!... ဒါနဲ့ပဲ မောင်ပြောတော့"

"သားကို မမသက်တို့ရဲ့သမီး မျက်ဝန်းညိုနဲ့ သဘောတူ
...ကြတယ် သမီး"

"အဲဒါ နွေ့ သိပါတယ်မေမေ"

"အေး . . . အဲဒါကို မသက်ထားဝေက မေမေ့ကို ခေါ်

ခဲ့တာပဲ သမီး။ မေမေ့ကို မသက်က နှစ်ပြားမတန်လို့မျိုး ပြော

တာ သမီးရယ်။ ငွေရှိပြီးတော့ မောက်မာလိုက်တာ မပြောပါနဲ့

သမီးကို ရွံ့ဖွက်အိုင်နဲ့နှိုင်းတယ်၊ တဲစုတ်အိမ်ရဲ့လက်နှီးစုတ်နဲ့

ကြွေရည်သုတ်ပန်းကန်နဲ့ပါမက ဘာဆိုဘာမှမရှိတဲ့ သူညာ

တောင်မှ နှိုင်းယှဉ်ပြီး ပြောလိုက်တာပါ"

"မေမေရယ် . . . သမီးတော့"

"သမီးအတွက်နဲ့ သားလည်း သူ့အိမ်မှာ အတိုက်အခံ

ကြတယ်တဲ့လေ"

"မောင်က"

"မမဆွေတို့က ပညာတတ်ပီသကြတဲ့သူတွေမို့ မေမေတို့

တော့ အမုန်းမခံချင်လို့ ဘာမှမပြောကြတာပဲနေမှာပါ။ တူတူတန်

အတန်းအစားမဟုတ်ဘဲ တိုက်ကြီးပေါ် မျှော်ကြည့်ကြသတဲ့

ဒီတော့ သမီးရယ် . . . ကွယ်ရာမှာရော ရှေ့တင်မှာပါ လက်ညှိုး

အပြောမခံရလေအောင် သားမောင်သုတကို သံယောဇဉ်မထား

လမ်းခွဲလိုက်ပါတော့။ မျက်နှာမွဲဆင်းရဲသားပေမယ့် မေမေတို့မှာ

တော့ ချမ်းသာပါသေးတယ်။ ဒီနေ့ဒီအချိန်ထိ သူတစ်ပါးဆီက

တစ်ပြား အလကားမတောင်းခဲ့သလို အပ်တိုတစ်ချောင်းတော





ခိုးယူခဲ့တဲ့ အကျင့်စာရိတ္တကောင်းကြောင်းကို သူတို့သိအောင် ပြကြ

မို့။ လောကမှာ မိန်းမပေါ်များတာမှန်ပေမယ့် မိန်းမကောင်းရှားပါး

တယ်ဆိုတာကိုတော့ သူတို့ကို လက်တွေ့သိသာစေဖို့ မေမေ့သမီးက

ဦးဆောင်ညွှန်ပြလိုက်ပါကွယ်။ ငွေမရှိတာနဲ့ သူတို့တွေးတဲ့ တံတွေး

ခွက်မှာ ပက်လက်မမျောချင်ပါနဲ့။ ကိုယ့်ခြေပေါ် ကိုယ်ရပ်၊ ကိုယ့်လမ်း

ကိုယ်လျှောက်တတ်ကြောင်း ပြလိုက်ပါတော့ နွေ့ရယ်။ မေမေပြောတာ

နားလည်ရဲ့လား သမီး"

မျက်ရည်ပေါက်ပေါက်ကျနေပါသည့် သမီးက ခေါင်းကို

အတန်တန်ညိတ်ပြရှာလေ၏။ နွေရာသီရဲ့တစ်ရက်မှာ မွေးဖွားလာခဲ့ရ

လို့ သမီးလေးရဲ့နာမည်ကို 'နွေပန်းချီ' လို့ ပေးခဲ့မိလို့များ မေမေ့သမီး

လေးရဲ့ဘဝ ပူလောင်နေရပါသလားကွယ်။

ဩော် . . . သမီးလေး 'နွေ' ရယ်။

❋ ❋ ❋

## အခန်း (၁၆)

''ဟဲ့ . . . ဒါက ဘယ်ကိုတုံး''

''ချစ်ချစ်နဲ့ချိန်းထားလို့''

''နေ့တိုင်းတွေ့နေရတာတောင် မရိုးနိုင်ဘူးလား။ ဒီကလေးနဲ့တော့ ခက်ပါရဲ့''

''ဒီတစ်ခါ အိမ်မှာတွေ့မှာမဟုတ်ဘူး မေမေရဲ့၊ တခြားနေရာမှာ date ထားတာ''

''မိုးမချုပ်စေနဲ့ဦး''

''ဟုတ်!''

ကားကို ခြံထဲမှ မောင်းထွက်လိုက်ပါ၏။ အပြင်မှာ တွေ့ချင်သည်ဟု တစ်ကြိမ်တစ်ခါမှ မချိန်းဖူးသည့် 'နွေ'က အခုမှ ဘာလို့များ





နေစောင်းအချိန်မှာ သူ့ကိုခေါ်ရတယ်လို့၊ ဘာများပြောချင်လို့ပါလိမ့်။ လုပ်ဝင်နေကြပြီမို့ နှစ်ယောက်သားတွေ့ဖို့ အချိန်သိပ်မရတော့ပါ။ သော် မနက်စောစောလေး ခြံနောက်ဖေးတံခါးမှာ သွားတွေ့တာ၊ ာက်အိပ်ကာနီးအထိ 'နွေ' တို့ခြံလေးထဲမှာ စကားပြောရတာကို ာ့ မကြာမကြာ လုပ်ဖြစ်ပါသည်။

''အချစ်'' ဟူသည် ''ပင်လယ်ရေ'' နှယ် သောက်လေ ာက်လေ ငတ်မပြေဟု ဆိုရိုးစကားရှိတာက သူ့အဖို့ ကွက်တိ ကန်နေတော့တာပါလေ။ မျက်နှာမှာ အပြုံးတွေရှိနေပြီး တစ် ာက်တည်း တီးတိုးရယ်လိုက်မိပါ၏။ 'နွေ' က စေ့စပ်ဖို့များ ပင်ချင်လို့လား။ 'မျက်ဝန်းညို' က အမြဲတမ်း ပြဿနာရှာနေတာ သူ့ကို တစ်ဝက်ပိုင်ဆိုင်ခွင့်မျိုး တောင်းဆိုနိုင်တာပါလေ။

စောင့်ပါဆို၍ နောက်ထပ်နှစ်နှစ်ကြာအောင် စောင့်ဖို့အတွက် ာ်ရှည်သည်းခံပြီး စောင့်ပေးနေရတာပါ။ အလုပ်အတည်တကျဖြင့် တည်နိုင်မှသာ အိမ်ထောင်ပြုဖို့ တိုင်ပင်ထားကြတာပင်။ ဒါဖြင့် ခုက ဘာကို ဘယ်လိုပြောချင်၍ ဒီလို လူခြေတိတ်သည့်နေရာကိုမှ ာနိုင်းရပါသလဲ။

'မောင်' အပြေးလာနေပါပြီ 'နွေ'။

❋

ကန်ချောင်းကို မျက်တောင်မခတ်ဘဲ ခပ်ငေးငေးကြည့်နေ
ဏ်။ အသက်မဲ့နေသည့် စက်ရုပ်လေးနှယ် မတုန်မလှုပ် ထိုင်နေ
ငြိမ်သက်လွန်းနေတာပါ။ အသက်ရှူဖို့ပင် သတိမရနိုင်အောင် အ
မေ့အလျော့လျော့ ပုံစံမျိုးစုံများဖြစ်နေပြီလား။ လွတ်လပ်စွာ ပြေး
သော့နေပါသည့် လှိုင်းကြက်ခွက်ကလေးများကို ကြည့်ပြီး မကြည့်
နိုင်တော့ပါချေ။

'မောင်' 'နွေ' တို့ရဲ့ချစ်သူဘဝက ဒီမှာတင် အဆုံးသတ်ခဲ့
ပြီ။ နှစ်ကိုယ်တူ ကြည်ဖြူရုံနဲ့ ဘဝတစ်ခုကို လွယ်လင့်တကူ မ
ထောင်နိုင်တော့ ဘာကြောင့်များပါလဲကွယ်။ 'မောင့်' မိဘတွေ မ
ကွက်ပါဟု လိမ်ညာပြောဆိုခဲ့ပါသလား။ 'မောင့်' မိဘတွေ သ
မကျတဲ့ ချွေးမအဖြစ် ဒီဘဝမှာ 'နွေ' လူဖြစ်ခဲ့ရတယ်လို့ကွယ်။

နှလုံးသားကို ဦးစားပေးတတ်တဲ့အရွယ်မဟုတ်တော့ပေမယ့်
'မောင့်' အပေါ်မှာ ကျွန်မ နင့်နင့်သည်းသည်း ချစ်မြတ်နိုးခဲ့မိတာ
ဘယ်သူစိမ်းတစ်ယောက်အပေါ်ကိုမှ မချစ်ဖူးသေးတဲ့ အချစ်
ချစ်ခဲ့ရတဲ့ အချစ်ဦးပါလေ။ ကျွန်မကို တန်ဖိုးထားပြီး ချစ်တဲ့ 'မော
ချစ်ခြင်းတွေ အကြွင်းမဲ့ယုံကြည်စိတ်နဲ့ ခေါင်းညိတ်ခဲ့ခြင်းက အ
ဖြစ်လိမ့်မည်ဟု မထင်မိခဲ့ပါ။

တစ်ယောက်နှင့်တစ်ယောက် ခွဲမရနိုင်အောင် စွယ်တော်
နှယ် ချစ်ခဲ့ကြလည်း ဖူးစာမပါလျက် လွဲရတတ်တယ်ဆိုတာ လ





ရှာမှ ယုံခဲ့ရတာပါ။ ပြောကြတာဖြင့် အချစ်က လူကို ရှင်သန်စေ
တာပါဆို။ အချစ်မရှိတာနဲ့ အဲဒီလူက သေလူဖြစ်ရောလား။ ဒါဖြင့်
မောင်'နှင့် ဝေးရသည့်ကျွန်မလည်း သေလူနှင့်မခြား ဆက်ရှင်သန်ရ
တော့မှာ ထင်ပါရဲ့။

"နွေ"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိ၏။ ကန်ဘောင် (အုတ်
ဘောင်) ထက် ထိုင်နေပါသည့် ကျွန်မ၏အနီးဆုံးမှာပင် သူ ထိုင်
က်လေသည်။ ပေါင်ထက်တင်ထားပါသည့် အေးစက်စက်လက်ကို
ကိုင်လိုက်လေ၏။ ဘယ်တော့မဆို ကျွန်မခန္ဓာကိုယ်အသားက
အေးနေပေမယ့် သူကဖြင့် ကိုယ်နွေးသည့်ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထား
တာပါလေ။

"ဘာပြောချင်လို့လဲ"

"ပြောမှာပါ"

"မျက်နှာလည်း မကောင်းဘူး။ နွေ့ ပိုများ ပိုထားသေးလား"

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရပါ၏။ အမြဲတစေ ကျွန်မမျက်နှာ
ကို အရိပ်တကြည့်ကြည့်ရှိနေခဲ့တာ မဟုတ်ပါလား။ မျိုသိပ်ခံစားကျင့်
ပါသည့် ကျွန်မကို ဟန်မဆောင်နိုင်အောင် 'မောင်' မပြုစားချင်ပါ
နှင့်။ စိတ်ကို မနည်းကြီးတင်းထားရတာပါ။ လမ်းခွဲစကားဆိုတာက
ယောက်ျားလေးများသာရှိခဲ့ကြတာလေ။ လွယ်လွယ်တွေ၊ လွယ်လွယ်

ကြိုက်၊ လွယ်လွယ်လမ်းခွဲကြတဲ့ စုံတွဲတွေနှယ် ရင်ထဲမှာ အဘယ်
ကြောင့် နာကျင်စွာ ခံစားနေရပါသလဲ။

''ဟင့်အင်း ... မငိုထားပါဘူး''

''ဒါဖြင့် ဘာလို့ မျက်နှာမကောင်းရတာလဲ နွေရယ်''

ပါးပြင်ကိုမွှေးရန် ကပ်လာတာမို့ ခေါင်းရှောင်လိုက်မိပါ
လူမြင်ကွင်းမှာထိုင်နေသဖြင့် ကျွန်မ ရှက်မှာကိုသူသိပြီး ကိုယ်ပြ
မတ်သွားပါသည်။ ထိုင်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ တော်ကြာ စိတ်
ပေါက်ပြီး ရေကန်ထဲ diving ထိုးဆင်းလိုက်မှဖြင့် ကိုယ်ကျိုးတွေနည်
ကုန်ပေမည်။ ထိုင်နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်တာမို့ သူပ
ရပ်လိုက်လေ၏။ မျက်လုံးချင်းဆုံအောင် ကြည့်မိစဉ် ချစ်ရည်
ရွှန်းလဲ့နေပါသည့် အကြည့်တို့က ရင်ကို နွမ်းလျစေတာပါလေ။

''မောင်''

''ပြောလေ နွေ''

''ကျွန်မတို့''

စကားကို ဆက်မပြောနိုင်အောင် ရင်ဝမှာ ဆို့နင့်သွားပေ
၏။ I hate you. Forget me ဆိုသည့်စကားမျိုးဖြင့် လမ်းခွဲခဲ့ကြ
သည့် စုံတွဲတွေနှယ် နှုတ်က ဘာကြောင့် မပေါ့ပါးရပါလိမ့်။ On
go, Two come ဟု လွယ်လွယ်လေး ပြောလိုက်ချင်တာပါ။ လ
တွဲဖို့ ဆုံးဖြတ်ပြီးမှ ဒီလက်ကို ဖြုတ်ချဖို့ ပြင်ရသည့် ကျွန်မရင်ထဲ





အဘယ်မျှ ကြေကွဲဆို့နင့်နေသလဲဆိုတာကိုဖြင့် –

''ကျွန်မတို့ လမ်းခွဲကြစို့ မောင်''

''ဘာ! ''

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ နားထဲမှာ သေချာ
မကြားသလိုမျိုး လေတွေထွက်ပြီး နားအူသွားရတာပါ။ 'လမ်းခွဲကြစို့'
တဲ့လား။ ဘာကိုများ ဒီလောက် အလွယ်တကူပြောထွက်ရပါသလဲ။
မယုံနိုင်သည့်စကားမျိုးမို့ 'နွေ' ကို သူ အံ့ဩစွာဖြင့် ကြည့်နေမိလေ၏။
ရင်ဘတ်ထဲမှ နှလုံးသားက တုန်လှုပ်မှုကြောင့် ပြင်းထန်စွာ ခုန်လာ
လေတော့သည်။

''ဘာပြောလိုက်တာလဲ, နွေ''

''လမ်းခွဲကြစို့လို့''

''ဘာကြောင့်လဲ၊ မောင်တို့ တွဲလာတာဖြင့်''

''မတွဲချင်တော့လို့ပါ''

''ဘာဖြစ်လို့လဲ''

''အကြောင်းပြချက်ပေးစရာလိုလို့လား''

''လိုတာပေါ့။ မောင်က ခြေရှုပ်ပြီး ရည်းစားများနေတာလည်း
မဟုတ်ဘူး။ နွေ့ကွယ်ရာမှာ မျက်နှာများရအောင်လည်း ဘယ်မိန်း
ကလေးကိုမှ စေ့စေ့ကြည့်ဖူးတာမှ မဟုတ်တာ''

''မှန်ပါတယ်''

''ဒါဖြင့် မောင့်အပြင် ထပ်ချစ်ရမယ့်သူမျိုး နွေ့မှာရှိနေလို့လား။ ဟာကွာ!... ဘာတွေလဲ၊ မောင် ဘယ်လိုမှ နားမလည်နိုင်ဘူး''

ထင်သည့်အတိုင်းပင် ပြောရခက်နေချေပြီ။ နားမလည်နိုင်မှန်း သိပေမယ့် ဒီကိစ္စကို ဒီနေရာမှာပဲ အပြီးအပြတ် ဖြတ်ရတော့မှာမို့ပါပဲ။ ဒေါသမျက်ဝန်းတို့ဖြင့် ကြည့်ရမည့်အစား ရစ်ဝဲလာပါသည့် 'မောင့်' အကြည့်တို့ကို ရင်မဆိုင်ဝံ့ပါလေ။ 'နွေပန်းချို' သည် 'မောင်'၏ ချစ်ဦးသူဘဝမှ လမ်းခွဲကျောခိုင်းပြီး ရန်သူအဖြစ် မဖြစ်မနေ ဇာတ်ကြေငြာရတော့ပေမည်။

''မချစ်နိုင်တော့လို့ပါ''

''ဘာကွ!''

''ဒီတော့ ရှေ့ဆက် ဘယ်လိုမှ မဖြစ်နိုင်တော့လို့ အခုလမ်းခွဲဖို့ ကျွန်မပြောရတာပါ''

''အကြောင်းပြချက်မရှိတဲ့ ဒီစကားကို ဘာလို့ပြောထွက်တာလဲ''

''ကျွန်မ ပြောပြီးပြီလေ''

''ကိုယ့်မှာ ဘာအပြစ်များရှိလို့လဲ နွေ။ ပြင်ဆိုရင်လည်း ပြင်နိုင်ပါလျက်နဲ့''

''ဟင့်အင်း''





''မျက်ဝန်းညှိုကများ''

''အဲဒါလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါတယ်''

''ဟာ!... နွေ''

''ဦးဦးတို့ အန်တီဆွေတို့နဲ့ ကတောက်ကဆဖြစ်တာကို ကျွန်မ ဘာလို့မသိရတာလဲ၊ ဘာလို့များ ဒီအကြောင်းကို ဖုံးကွယ်ထားတာလဲ''

''အဲဒါက''

''မျက်ဝန်းညှိုနဲ့က ငယ်ငယ်ကတည်းက သဘောတူထားခဲ့တယ်ဆိုပြီး ရွှေလမ်း ငွေလမ်းခင်းပေးထားတာကို ရှောင်ချင်တယ်ပေါ့''

''မဆိုင်လိုက်တာ''

''ဒါတော့ ... ကျွန်မနဲ့မဆိုင်မှန်း သိပါတယ်။ ဒါပေမဲ့''

''မကြားချင်ဘူး!''

''ကျွန်မ ဆုံးဖြတ်ပြီးပါပြီ''

''နွေပန်းချို''

''ကိုယ့်ကို မချစ်နိုင်တော့တဲ့ မိန်းမတစ်ယောက်ကို ဆက်ချစ်နိုင်ဖို့အတွက် ရှင့်ဦးနှောက်အကောင်းအတိုင်း ရှိမှာပါနော်''

''တောက်!''

ဒေါသထွက်လာပါ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ငိုချင်စိတ်ကို အတော်လေး ထိန်းထားရပါသည်။ ဟန်မဆောင်ချင်ပါဘဲ မျိုသိပ်နိုင်

စွမ်းရှိအောင် အကျင့်ဖြစ်ခဲ့တာပါ။ ဆိုးသွမ်းပါသည်ဆိုသည့် ဖခင်ကို တစ်ခါမှပင် (မှတ်မိနိုင်သည့်အရွယ်မှာ) မမြင်ခဲ့ရပါချေ။ ဖတဆိုး လေးဆိုပြီး မျက်နှာငယ်ရမှာထက် လူတကာကို ခပ်တည်တည်မျက်နှာ ထားဖြင့်သာ ကြည့်တတ်ခဲ့ရတာပါ။

''အဓိပ္ပာယ်မရှိတဲ့ လမ်းခွဲမှုကို လုံးဝ လက်မခံနိုင်ဘူး နှင်း ပန်းချီ။ မင်း သေချာစဉ်းစားကြည့်စမ်းပါ''

''ကျွန်မဘဝမှာ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ဆိုလို့ ရှင့်ကို ချစ်မိ တဲ့ ကိစ္စတစ်ခုပဲ ရှိခဲ့ပါတယ်''

''ကြည့်စမ်း! ... နွေ, မင်း ငါ့ကို မုန်းလိုက်ပြီပေါ့လေ''

''ဟုတ်တယ်''

''ဘာဖြစ်လို့လဲ''

''ရှင်တို့နှစ်အိမ်မိသားစုက ချမ်းသာတဲ့လူတွေမို့ ကျွန်မ အမေကို နှစ်ပြားမတန်သလို အိမ်ခေါ်ပြီး ပြောခဲ့တာလေ''

''ဘာ! ... မဖြစ်နိုင်ဘူး။ ငါ့မိဘတွေက ဒီလောက် စိတ်ဓာတ်မနိမ့်ကျဘူးကွ''

''ဒါဖြင့် ကျွန်မတို့မိသားစုကတော့ နိမ့်ကျတယ်ပေါ့လေ''

''မင်း! ''

''တောင်ပေါ်ကလူတွေမို့ တောင်အောက်ကလူတွေကို ကြည့်ပြီး နိမ့်ကျတယ်လို့ ဆိုချင်တာပေါ့လေ။ ကျွန်မက ရိုးသား





ကြိုးစားနေထိုင်နေတဲ့လူပါ။ ကိုယ့်ကိုယ်ကိုယ် တန်ဘိုးထားပြီး တည် ငြိမ်ရင့်ကျက်စွာ နေခဲ့ပါလျက် အထင်သေးခံရတာ ဒီထဲက နာတယ် ကိုမင်းသုတ''

''နွေ''

''လူကို လူလို့မမြင်ဘဲ ကြွေရည်သုတ်ပန်းကန်နဲ့ အနှိုင်းခံရ တာ။ ဘယ်သူမှ မနင်းချင်တဲ့ ရွံ့ဗွက်အိုင်နဲ့မှ ယှဉ်ပြခံရတာ။ တဲစုတ် မှာနေတဲ့ အနုတ်စုတ် ဂုတ်စုတ်ဆိုပြီး အပြောခံရတာထက် နာစရာ ကောင်းတာ မရှိတော့ပါဘူး။ လူဆိုတာ ကိုယ်ချင်းစာတတ်မှသာ နာတတ်တာမျိုးပါ။ ဒီတော့ ရှင်နဲ့ကျွန်မ အဝေးဆုံးမှာနေလိုက်တာပဲ ကောင်းပါတယ်ရှင်''

သူ့ရင်ထဲ စူးစိုက်ဝင်လာသည့် ဆူးတစ်ချောင်းနှယ် စကားလုံး တွေပါပဲ။ ဘယ်သူက ဘယ်လိုမီးကိုပျိုးပြီး သူ၏ 'နွေ' ရဲ့ ရင်ဘတ် ထဲကို ထည့်ပေးခဲ့ပါသလဲ။ ဖြေရှင်းပြ၍ မရတော့သည့်နှယ် အငြိုး တကြီးဖြင့် အမုန်းအကြည့်တွေကိုသာ 'နွေ' မျက်ဝန်းတို့မှာ အထင်း သား ဖြစ်နေရတာပါလေ။ မုန်းတယ်တဲ့လား၊ အသက်တမျှချစ်ခဲ့ရပါ သည့် သူ့ချစ်ခြင်းတွေအားလုံးကို ဒီစကားတစ်ခွန်းနဲ့ ချေဖျက်လိုက် သတဲ့လေ။

ရက်စက်ပါ့ 'နွေပန်းချီ'။

''အချစ်ရဲ့နောက်ဆက်တွဲစာမျက်နှာမှာ အမုန်းတွေ၊

နာကြည်းမှုတွေ၊ အာဃာတတရားတွေ ရှိနေလိမ့်မယ်လို့ ကိုယ် အ
တုန်းကမှ မမျှော်လင့်ခဲ့မိတာ အမှန်ပါ နွေ။ မင်းကို ရင်ထဲရှိသ
အကုန်ပုံပေးပြီး ချစ်ခဲ့မိတာပါ။ အခုတော့ မင်းကြောင့် မင်းအတွ
အချစ်တွေအားလုံး ပျက်သုဉ်းပြီး ငါ့ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သ
ကုန်ပြီ။ ငါ့ကိုချစ်တယ်ဆိုတဲ့ မင်းရဲ့အချစ်တွေက ဒါတွဲလား"

မျက်နှာကို မဲ့ပြလေ၏။ အရင်ကအပြုံးတို့ဖြင့် တောက်
ပါသည့် မျက်နှာက ခုတော့ဖြင့် မာနရောင်တို့ဖြင့် လင်းလက်နေတာ
လေ။ လမ်းခွဲစကားဆိုတာ သူတို့ယောကျ်ားတွေကသာ ပြောကြ
မျိုး ရှိခဲ့ပေမယ့် မိန်းမသားဖြစ်သည့် 'နွေပန်းချီ" ကမျက်နှာပြေ
ပြောင်ဖြင့် ပြောရဲနေပါရောလား။ ဆန့်ကျင်ဘက်ဖြစ်သွားပါသည
ချစ်သူ၏ သဏ္ဍာန်အမှန်က ဘာများပါလိမ့်။ နားမလည်တော့ပါ

"လောကမှာ ရှင်တို့ရဲ့ပထမဦးစားပေးနေရာမှာရှိတဲ့
ထက် ပိုတန်ဘိုးရှိတဲ့အရာဆိုတာကို ရှင်သိရင် ပြီးတာပဲ"

"ကောင်းပြီ နွေပန်းချီ၊ ဒီနေ့ မင်းလုပ်ခဲ့တဲ့လုပ်ရပ်အတွ
မင်း နောင်တ.ကောင်းကောင်းကြီး ရစေရမယ်။ ငါပေးခဲ့တဲ့ မေတ္တာ
တွေအတွက် စူးရှသက်ရောက်မှုမျိုး မခံစားရပါစေနဲ့လို့ပဲ နောက်
ပြောခဲ့ပါတယ်၊ ငါသွားပြီ"

ကျွန်မ ရှေ့မှ သူ ကျောခိုင်းထွက်သွားလေပြီ။ မခိုင်တော
သည့် ခြေတို့ကြောင့် နေရာမှာပင် ပြန်ထိုင်ချလိုက်ရပါ၏။ လမ်းခွဲတယ်





တာ အကြောင်းမဲ့သက်သက်နဲ့ ကျောခိုင်းတဲ့ကိစ္စမှမဟုတ်တာ။
ယောက်ရဲ့နှလုံးသားကို အပြန်အလှန် ပေးယူဖလှယ်ပြီး အချစ်
တာကို ပုံဖော်ခဲ့ကြတာလေ။ "မုန်းတယ်" လို့ပြောမှ စိတ်နာသွား
မှာ။ အငြိုးကြီးသည့် မျက်ဝန်းတို့ဖြင့် ကြည့်နိုင်မှသာ နာကြည်းနိုင်
မေ့နိုင်တယ်လို့ ခပ်ပေါ့ပေါ့ပြောနိုင်မှသာ တသသ မလွမ်းတော့ဘဲ
ပကွာပြုနိုင်မှာမို့ပါ။

"မချစ်နိုင်တော့ဘူး" လို့ ပြောရတဲ့ တဒင်္ဂခဏလေးမှာတင်
နှမနှလုံးသားလည်း 'မောင်' နဲ့ ထပ်တူ တစ်စစီ ကြေကွဲခဲ့ရတာပါ
လေ။

❋ ❋ ❋

လူတိုင်းမှာ အတ္တကိုယ်စီရှိလျှင် သူမမှာလည်း ချစ်ခြင်း
ကြောင့် အတ္တတို့ ရှိနေပါ၏။ "သူ" ကို ပိုင်ဆိုင်ချင်စိတ်၊ အဆုံးရှုံးမခံ
င်သည့် စိတ်တို့ကြောင့် သူမရင်တွင်းမှာ အဘယ်မျှ ပူလောင်လိုက်
သနည်း။ ပိုင်ဆိုင်မှ ချစ်ခြင်းဝိသရိုးမှန်ပါလျှင် သူမ လက်ထပ်မည့်
ူက "သူ" တစ်ဦးတည်းသာ ဖြစ်စေရမှာပါ။ မမှုတာတာ၊ ဗိုလ်ကျတာ၊
နိုင်ပိုင်းတာဆိုပြီး ခေါင်းစဉ်တွေဖြင့် ဘောင်မခတ်ချင်ပါနှင့်။ ဒီကမ္ဘာ
ာ သူမ ချစ်မိသည့် "သူ" ကို ဘဝတစ်သက်တာအတွက် ပိုင်ကို
င်ဆိုင်ရမှုဖြစ်မှာပါလေ။

**မျက်ဝန်းညို။**

## အခန်း (၁၇)

ပိတောက်ပင်ထက် ကြိုးစား၍တက်ခဲ့ပါ၏။ ညက မိုးတစ်ပြိုက် နှစ်ပြိုက် ရွာခဲ့တာမို့ အပင်က ရေစိုပြီးချောနေသဖြင့် သတိထားနေရပါသည်။ အဖူးတွေချည်းရှိခဲ့ပါသည့် ပိတောက်ပင်ကို တစ်ပင်လုံးပွင့်နေတာ ဘယ်လောက်များရင်ခုန်စရာ ကောင်းလိုက်ပါသလဲ၊ ဖေဖေ့ကို ဆေးလာကုပေးခဲ့တာမို့ မေမေက 'မနှင်းမြ' တို့အိမ်ကို ဘုရားပန်းတင်ရန် ခူးခိုင်းတာမို့ အခုလို တက်ဖြစ်ခဲ့တာပါ။

အချစ်ဦး၏ ဆံကေသာထက် အဦးဆုံးပန်းပေးခဲ့ဖူးပါသည့် ပိတောက်တို့ကဖြင့် သစ္စာရှိစွာဖြင့် အချိန်မှန်မှန် ပွင့်နေလေပြီ၊ သူချစ်သောမိန်းကလေးကဖြင့် သူ့အပေါ် သစ္စာမဲ့ခဲ့တာ မဟုတ်ပါလား။ အဆင့်အတန်းမတူတာကို အကြောင်းပြပြီး သူ့ကို လမ်းခွဲကျောခိုင်း

ခဲ့ပါသည့် 'နွေ' ကို ယနေ့တိုင် သူ မမေ့နိုင်ခဲ့ပါ။ အထူးသဖြင့် ဤသို့ ဝိတောက်ပွင့်ချိန် 'နွေ' မွေးနေ့ရောက်ခါနီးတိုင်း သူ အနေ တစ်ပိုင်းဖြစ်နေရတာကိုဖြင့် 'နွေ' ဖြင့် မသိနိုင်ခဲ့။

"ဟာ!"

အဆုပ်လိုက်ဖြစ်နေပါသည့် အကိုင်းဘက်ကူး၍ လှမ်းချိုးသော ခြေက ရုတ်တရက် ချော်သွားရပါ၏။ လက်က အပေါ်မှ သစ်ကိုင်းကို အားယူမိထားတာမို့ အောက်သို့ ပြုတ်မကျသွားတာပါ။ T shirt လက်တိုဝတ်ထားသည့် လက်မောင်းနှင့် Quater pants ဝတ်ထားပါ သည့် ခြေသလုံးတို့မှာ ပွန်းရာက အထင်းသား နီရဲသွားရလေသည်။

အတွေးတွေ ဆန့်မိရုံနဲ့ အသက်အန္တရာယ်ကို ကြုံရပြန်ပြီ 'နွေ'။ မင်းမျက်နှာလေးကို မြင်ခွင့်မရတော့ကတည်းက အိပ်မက်ဆိုး တွေမက်ပြီး အိပ်ရေးပျက်ခဲ့ရတာ ညတိုင်းလိုလိုပါပဲ။ အရိပ်လေး မြင်ချင်လို့ မသိမသာ စောင့်ကြည့်ခဲ့ရတဲ့ မနက်ခင်းတွေကို အဓိပ္ပာယ် မဲ့ ဖြတ်သန်းခဲ့ရတာပါလေ။ အရင်လို ယဉ်ယဉ်လေးလှနေသည့် အဆက်ဟောင်းကို ပြန်မြင်စဉ်မှာ ကိုယ့်နှလုံးသားလေး အနည်ထိုင်ရာ မှ ပြန်နိုးထလာခဲ့တာကို မြင်ပါရဲ့လား။

"ဟာ! . . . အစ်ကိုလေး"

"တိတ်တိတ်နေ . . . ငါ ဘာမှမဖြစ်ဘူး"

ဖေဖေ့ကျွန်းမာရေး သိပ်မကောင်းတော့ကတည်းက driver





ခေါ်ထားတာမို့ 'မောင်မြင့်ဦး' က ဝိတောက်ပင်ထက်မှာ ရှိနေပါသည့် သူ့ကိုမြင်သွားလေ၏။ အသံကြားသွားပါက မေမေ ရင်ထိတ်ပြီး စိုး နိမ်မှာမို့ အမြန်တားလိုက်ပြီး သစ်ပင်ကိုင်းပေါ် ပြန်တွယ်တက်ကာ နေရာနားလိုက်ပါ၏။ ပင်စည်ခွဆုံနေရာမှ ထားထားပါသည့် plastic ခြင်း တောင်းထဲသို့ ဖြည်းဖြည်းလျှောက်ရင်း ပန်းခိုင်တို့ကို ခပ်ဖွဖွ ထည့်လိုက်ပါသည်။

ပြီးနောက် အပွင့်တွေ မကြွေကုန်ရန် သတိထားကာ နိုင်လွန် ကြိုးအကြီးဖြင့် ချည်ထားပါသည့် ခြင်းတောင်းကို အပင်ထက်မှ ခပ် ဖြည်းဖြည်း ချလိုက်ပါ၏။ 'မောင်မြင့်ဦး' က သူ့ကိုကူညီရန် အပင် ခြေရင်းနားရောက်လာပြန်လေသည်။ ဒီကောင်လေးကတော့ မခိုင်းဘဲ နဲ့ အလိုက်တသိ လုပ်ချင်ရပြန်ပါရောလား။ သူကိုယ်တိုင် လုပ်ချင်နေ ပါသည့်ကိစ္စကို ဘယ်သူမှ လိုက်မရှုပ်စေချင်ပါလေ။

"မကိုင်နဲ့နော်၊ ဘာမှမထိနဲ့"

"အစ်ကိုလေးကို ကူညီပေးမလို့လေ"

"ရတယ် . . . မလိုဘူး"

"ဆင်းတာ သတိထားဦးနော်"

သစ်ပင်ပေါ်မှဆင်းလာပြီး ခန္ဓာကိုယ်ထက်မှ အမှုန်တွေ အရွက်တွေကို ခါချလိုက်စဉ် လည်ကုတ်မှာရော ခြေထောက်တွေမှာပါ ကိုက်နေပါသည့် ခါချဉ်တွေကို လက်ဖြင့် အမြန်ဖယ်၍ ခါရလေ၏။

မျက်နှာကိုပါ အကိုက်ခံရသဖြင့် အတော်နာသွားရတာပါ။ သူ
အုံ့ညြဟန်ဖြင့် 'မောင်မြင့်ဦး' က ငေးကြည့်နေလေသည်။

"အစ်ကိုလေး"

"ဘာလဲကွာ"

"သက်စွန့်ဆံဖျားနဲ့ တက်ခူးနေတာ အစ်ကို့ချစ်သူကို မေ
များလား"

ရင်ဝကိုထုနှက်ခံရသည့်နှယ် အခံရခက်သွားရလေ
အရှိက်ကို ထိတယ်ဆိုတာ ဒါကိုပြောတာထင်ပါရဲ့။ ချစ်သူပန်ဖို့
လှလှကို ခူးပေးနေတာတဲ့လား။ တစ်ချိန်တုန်းကဖြင့် ဒီပန်းလှ
မွှေးမွှေးလေးကို ခူးရင်း ရင်ခွင်ထဲ ပွေ့ပိုက်ကာ ချစ်သူထံအပြေး
ခဲ့ရတာပါလေ။ ချစ်သူ၏ခေါင်းထက်မှာ ပိတောက်တစ်ခက် ချစ်သ
လက်ဆောင် ပန်ဆင်ပေးသလို ပါးနုနုထက် အနမ်းဖွဖွပေးဖြစ်သ
မနက်ခင်းတို့က အတိတ်မှ ကျန်ရစ်ခဲ့ချေပြီ။

နွေလယ်အိပ်မက်တွေထဲမှာ 'နွေပန်းချီ' ရဲ့ ဒဏ္ဍာရီတစ်
အဖြစ် ကျန်ရစ်ခဲ့ရတာကို သူကိုယ်တိုင်သာ သိခဲ့ရတာပါ။ တစ်
တစ်ကြိမ်သာ ပွင့်လေ့ရှိသည့်ပိတောက်က အချိန်သိတတ်ပေ
တစ်နှစ်သာချစ်ခဲ့ပါသည့် 'နွေ' ကဖြင့် သူ့အပေါ် အရက်စက်
ရက်စက်ပြခဲ့တာလေ။ အချစ်ပြီးတော့ အမုန်းဆိုပြီး လွယ်လွယ်
မေ့ခဲ့တာတဲ့။





"အစ်ကိုလေး"

"ဘုရားတင်ဖို့ ပန်းပါကွာ"

"ဒါပေမဲ့ အစ်ကိုလေးရဲ့မျက်နှာက တစ်မျိုးဖြစ်နေလို့ မေးမိ
တာပါ"

"ခါချဉ်ကိုက်သွားတာကိုးကွ"

"အရေပြားကိုကိုက်တဲ့ဒဏ်ရာက ဆေးလူးရုံနဲ့ ပျောက်ပါ
တယ် အစ်ကိုရာ"

ကြည့်စမ်း!... သူ့ရင်ထဲက ဒဏ်ရာကိုများ ဒီချာတိတ်မြင်
နေပြီလား။ အရေပြားက ဒဏ်ရာက ဆေးလူးလို့ရတယ်ဆိုတော့
ရင်ဘတ်ထဲက ဒဏ်ရာကဖြင့် ဆေးကုလို့ မရဘူးပေါ့လေ။ ဟုတ်ပါ
တယ်၊ အပ်နဲ့ချုပ်လို့မရ ဆေးလူးလို့မရပါဘဲ သွေးစိမ်းရှင်ရှင် ထွက်
နေပါသည့် သူ့နှလုံးသားက အက်ရာကြီးဖြင့် ထင်ရှားနေတုန်းပါပဲ။

ဘယ်သူကူလို့ ဝေဒနာက ပေါ့ပါးပဲ့မလဲ။ 'နွေ' ချန်ရစ်ခဲ့တဲ့
အတိတ်မှာ 'မင်းသုတ' ၏ အပျော်တို့အားလုံး ပျက်သုဉ်းဆိတ်သုဉ်း
ခဲ့ရတာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။ အပြုံးတွေ ပျောက်ဆုံးခဲ့ရပါသည့်
သူ့ကမ္ဘာက မှောင်အတိ ဖုံးလွှမ်းခဲ့ရတာပါလေ။ အချစ်နှင့်တည်ဆောက်
ခဲ့ပါသည့် ဤလောကကြီးမှာ ဤသို့သော ချစ်ခြင်းတွေ မရှိတော့ပါက
မည်သို့အသက်ဝင် လှုပနိုင်ပါတော့မည်နည်း။

"မောင်မြင့်ဦးရေ"

''ဗျာ! ... လာပါပြီ ဘဘ''

ဖေဖေအလုပ်သွားတော့မှာမို့ ဒရိုင်ဘာကို လှမ်းခေါ်လို သဖြင့် သူ့အနီးမှ 'မောင်မြင့်ဦး' ထွက်သွားလေ၏။ ပန်းတွေ စုစည်းကိုင်၍ ပွေ့ပိုက်သယ်လာခဲ့ပါသည်။ မေမေ မီးဖိုချောင်ထဲ ရှိနေတာမို့ အိမ်က ဘုရားမှာတင်ရန် တစ်ဝက်ကို မီးဖိုခန်းရှိ စာ ထက်မှာ တစ်ဝက်ခွဲ၍ တင်ပေးခဲ့ပါ၏။ ကျန်တစ်ဝက်ကို 'နွေ' အိမ်အတွက် ပေးရန်ယူကာ နောက်ဖေးခြံတံခါးဆီ လျှောက်လိုက် သည်။

ဆီထည့်ထားပါသည့် သံကလန့်ကို အသံမမြည်စေရန် အသ လှည့်၍ ဖွင့်လိုက်ပါ၏။ တံခါးပေါက်အသေးလေးမှ ခေါင်းငုံ့လျ တစ်ဖက်ခြံသို့ ကူးလိုက်မိလေသည်။ ပန်းနိုင်တွေချည်း ဖြစ်စေ ပိတောက်ရွက်တို့ကို သူ သေချာချွေခဲ့တာမို့ ဝင်းဝါသည့်အပွင့်တို့ မွှေးကြိုင်လွှန်းသလို အဆုပ်လိုက်အခဲလိုက် လှနေတာပါလေ။

ခြေလှမ်းကို 'နွေ' တို့ အိမ်လေး၏ဘေးမှပတ်က အိမ်ရှေ့ ဆီသို့ ဦးတည်လျက် လျှောက်လိုက်ပါ၏။ အိမ်လေးထဲမှ အနံ့တီးနှင်း စက်ချုပ်နေသံကို ခပ်သဲ့သဲ့ကြားနေရလေသည်။ သူမ ရှိမနေလျှင် လည်း အနံ့တို့ကို ပေးပြီး ပြန်ရန်စိတ်ကူးဖြင့် အိမ်ရှေ့သို့ရောက်စဉ် သူ့ခြေလှမ်းတို့ အလိုလိုရပ်တန့်သွားရတော့၏။

''ဟင်!''





အရင်ဆုံးမြင်လိုက်ရသည့် မြင်ကွင်းက သူ့ရင်ကို အထိတ် လန့်ဖြင့် အံ့အားသင့်သွားစေတာပါလေ။ ရပ်တန့်သွားပါသည့် ောက်ဆုံးပေါ်ကားနီနီလေးထက်မှ ဆင်းလာပါသည့် လူရည်သန့် စ်ဦး။ အဲဒီနောက် ရှေ့တံခါးကို ဖွင့်ပေးကာ ဆင်းစေလိုက်ပါသည့် ချည်နီ အင်္ကျီဖြူနှင့် မိန်းကလေး။ အဲဒီနောက်မှာဖြင့် ငွေဖလားဖြင့် ပြည့်ထည့်ထားပါသည့် ရေဖြင့် သူမကို လောင်းချပေးလိုက်သလို နွယ်နော့နော့ထက်မှာ ကန့်ကလျလေးဖြစ်စေရန် ပန်ပေးလိုက်ပါ ည့် ပိတောက်တစ်ခက်ပါပဲ။

မမြင်ရတာကြာပြီဖြစ်သည့် အပြုံးနွေးနွေးတို့ကို ဖောဖော သီ ပြုံးပြလျက် ထိုလူကို မော့ကြည့်နေပါသည့် ရွှန်းလဲ့လဲ့ မျက်ဝန်း က်တို့က သူ့နှလုံးသားကို ဆုပ်ညှစ်ချေမွလိုက်သည့်နှယ်ပါ။ အဆက် ာင်း၏ အပြုံးတစ်စက သူ့ကို အသေသတ်နိုင်လိမ့်မည်ဟု သူ း၀ မထင်ခဲ့မိပါလေ။ အချစ်သစ် ရှာမတွေ့လောက်သေးပါဟု ယုံ ကြည်ထားမိသည့် စိတ်က ဖျတ်ခနဲ ကျကွဲသွားပါသည့် ဖန်ပန်းကန် ပ်နှယ် တစ်စစီကြေကွဲသွားရတော့တာပါ။

အခုတော့ အချစ်တွေ အသစ်တစ်ဖန် ဖြစ်တည်နေပြီလား နွေပန်းချို'။

''အေးလိုက်တာ''

''ကိုယ်က ဒီနှစ်အစောဆုံးရေလောင်းတဲ့ လူတဲ့လား နွေ။

ဒီနေ့ကို ကိုယ် အမြဲအမှတ်ရနေမှာပါ''

''ဘယ်တုန်းက ရထားတာလဲဟင်''

''ဘာကိုလဲ''

''ဒီဝိတောက်ပန်းကို ပြောတာပါ''

''ဒီလိုပဲ ကြံဖန်ထားတာပေါ့ နွေရဲ့။ သိတယ်မဟုတ် ကိုယ်က ဘာမဆို အရင်ဆုံး, အဦးဆုံး လုပ်ဆောင်နိုင်တဲ့သူပဲ မယ်လေ''

နှစ်ယောက်သား ကြည်နူးစွာဖြင့် ရယ်မောလိုက်သံက မှ ထွက်လာလေ၏။ အိမ်ပြန်ရောက်တာကို အိမ်ထဲ ချက်ချင်းမဝင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ရယ်မောပြီး အချိန်ဖြုန်းရင်း ပေျ ပါရောလား 'နွေပန်းချီ'။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါသည်ဆို အချစ်ပေါင်းက မတည်ငြိမ်တော့ပါဘဲ လူ့ပ်ခတ်သည့်အပြုအမူ ရဲရဲတင်းတင်း လုပ်ပြနေလေပြီ။

''နွေ''

ခေါ်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်လေ၏။ အရ နားတော့ပါးသွားပါပဲ။ အပြုံးတို့ ပြည့်လျှံနေပါသည့် မျက်နှာက ချင်းတည်တံ့သွားလေတော့သည်။ ဒီလိုပဲလား။ အရင်တုန်းက ရင်းနှီးခဲ့ပါသည့် သံယောဇဉ် အနည်းအကျဉ်းလေးနဲ့ပဲ ဖြစ်ဖြစ် တစ်ဖဲ့လေးသော်မျှ မပေးတော့ပါလေ။ တစ်ကြိမ်တစ်ခါမှ မတွေ့





ပါသည့် သူစိမ်းနှယ် ခပ်စိမ်းစိမ်းအကြည့်က သူ့ရင်ကို စူးခနဲ နက်လိုက်သည့်နှယ်ပါ။

''ဘယ်သူလဲ နွေ''

''ဩော် . . . အိမ်နီးချင်းပါ''

အိမ်နီးချင်းတဲ့လား။ သူ့ကိုကြည့်ရင်း လိုက်တာကို ဖြေပုံ အတော့်ကို ပြတ်သားလွန်းနေပါ၏။ ရင်ထဲမှာ နင့်ခနဲ နာကျင်သွား တာမို့ သူမတို့နှစ်ဦးကို ခပ်စူးစူး တစ်ချက်ကြည့်ကာ လက်ထဲမှာ င်ထားပါသည့် ပန်းခက်တို့ကို မြေပြင်ထက် ပစ်ချ၍ ထွက်ခဲ့မိတော့ ည်။

ဒီတစ်ကြိမ် ကျောခိုင်းလိုက်ခြင်းက အပြီးပါပဲ။ ဒီတစ်သက် င်းနဲ့ငါ အပြီးပြတ်ပြီ 'နွေပန်းချီ' ငါ အတော်ရူးသွပ်ခဲ့ရတာပါ။ မရဲ ရဲ မျှော်လင့်ခြင်းတွေနဲ့ ယောင်ဝါးဝါး ရောက်လာတဲ့ ခြေလှမ်းတို့ကို တန့်စေခဲ့တဲ့အတွက် ကျေးဇူးသိပ်တင်ပါတယ်။

မင်းကို မုန်းတယ် 'နွေပန်းချီ'။

''ဟဲ့! . . . ဘာဖြစ်လာတာလဲ''

''မုန်းတယ်! ''

''ဘယ်သူ့ကို ပြောတာတုံး''

''နွေပန်းချီကို ပြောတာဗျ။ သိပ်မုန်းတယ် မေမေရာ။ စိတ် တယ်။ ဒီရင်ဘတ်ကြီးထဲက နာပြီးရင်းနာနေတာ ခုထိ မပျောက်

နိုင်သေးဘူး''

''ဖြစ်ရပြန်ပြီ၊ ခက်လိုက်တာနော်''

အပေါ်ထပ်သို့အပြေးတက်ခဲ့ပါ၏။ အိပ်ရာထက် ပစ်
လိုက်စဉ် ခေါင်းအုံးထက် မျက်နှာအပ်လိုက်မိပြီး မျက်ရည်က
ခနဲ ကျလာလေတော့သည်။ ရင်ဘတ်ထဲမှာ တင်းကြပ်လာ
အသက်ရှူမဝသလို ဖြစ်လာရတာ အဘယ့်ကြောင့်ပါနည်း။ ကြေ
ခြင်းဆိုသည့် ရလဒ်က သူ့ရင်တစ်ခုလုံးကို မွှေနှောက်လိုက်သ
မုန်တိုင်းတစ်ခုနှယ်လေ။

နွေလိုပူလောင်ပြင်းပြသည့် အမုန်းမီးတို့နှင့် လောင်မြို
လွန်းပါသည့် 'နွေပန်းချီ'။

နွေလို ကံဆိုးခြင်းတွေကိုသာ ဝေမျှပေးတတ်ပါသည့် '
ပန်းချီ'။

ကမ္ဘာမကျေသည့်အငြိုးတို့ဖြင့် သူ့ကို ချန်ထားရစ်ခဲ့ပါသ
'နွေပန်းချီ'။

မင်းကိုသိပ်မုန်းတယ် 'နွေ'။

သူ ကျိတ်ငိုလိုက်စဉ်မှာပင် အိမ်ရှေ့လမ်းမထက်မှ ထိ
ကားထဲမှ သီချင်းသံက ခပ်ကျယ်ကျယ်ထွက်လာလေတော့၏။

♪ မပြေလည်တာလေးတစ်ခုအတွက် ဒီလူကို မင်း
သွားမလား စိုးရိမ်တယ် ××× သမင်လည်ပြန်လှည့်မကြည့်နဲ့၊ လူ





တာ အချစ်တစ်ခုအတွက်နဲ့ အသက်ရှင်တယ် ××× အရောရောတနံ့ဖိုး
ထားခဲ့ အပျော်ကြိုစရာလည်း ဆန္ဒမရှိပါကွယ် ××× အမုန်းနဲ့အမှားဟာ
များလွန်းတယ်၊ ဒီလောကစက်ဝိုင်းကြီးထဲ ×××

ဟိုအရင်က အေးအတူ သွားအတူ စားအတူ စိတ်မှာ ကျိတ်
ကြွေတယ် ××× တစ်ချိန်တော့ ငါ့ကိုစွန့်ခွာ မင်းထွက်သွားမှာ စိုးရိမ်
တယ် ××× တစ်ခါတလေလည်း ပြဿနာလေးတွေရှိရင် မင်းကို
န်းချင်တယ် ××× ချည်နှောင်တဲ့ကြိုးတွေ ဆွေးသွားတယ် ပြတ်လိုက်
ပြန်ဆက်လိုက်နဲ့ ×××

ကျိန်စာလို အမုန်းလက်နဲ့ ထင်သလိုသာ မင်းသောက်ပစ်
ပေါ့ ချစ်သူရယ် ××× တကယ်ဆို ဆန္ဒရဲ့တစ်ဖက် ချိုမြိန်တဲ့အချစ်စစ်
တစ်ခုတော့ တွေ့နိုင်တယ် ××× ရင်ခုန်သံပြင်းလွန်းတယ် ငါ
င်ဆိုင်သမျှ အရာအားလုံးပါပဲ ××× အမုန်းနဲ့အမှားဟာ များလွန်းတယ်
တို့နှစ်ယောက် ဝဋ်ကြွေးများရယ် ×××

ဟိုအရင်က အေးအတူ သွားအတူ စားအတူ စိတ်မှာ ကျိတ်
ကြွေတယ် ××× တစ်ချိန်တော့ ငါ့ကိုစွန့်ခွာ မင်းထွက်သွားမှာ စိုးရိမ်
တယ် ××× တစ်ခါတလေလည်း ပြဿနာလေးတွေရှိရင် မင်းကို
န်းချင်တယ် ××× ချည်နှောင်တဲ့ကြိုးတွေ ဆွေးသွားတယ် ပြတ်လိုက်
ပြန်ဆက်လိုက်နဲ့ ×××

ဟိုအရင်က အေးအတူ, သွားအတူ, စားအတူ စိတ်မှာ

ကျိုတ်ကြွေတယ် ××× တစ်ချိန်တော့ ငါ့ကိုစွန့်ခွာ မင်းထွက်သွား
စိုးရိမ်တယ် ××× တစ်ခါတလေလည်း ပြဿနာလေးတွေရှိရင် မင်း
မုန်းချင်တယ် ××× ချည်နှောင်တဲ့ကြိုးတွေ ဆွေးသွားတယ် ပြတ်လို
ပြန်ဆက်လိုက်နဲ့ ♫

❋ ❋ ❋



## အခန်း (၁၈)

'Night duty ချည်း တစ်ပတ်လုံးလုံး ဆင်းခဲ့ရတာမို့ အိပ်
ရေးပျက်ခဲ့ရသဖြင့် ဒီနေ့ Off ရက်ရခဲ့ပါ၏။ လူရောစိတ်ပါ လန်းဆန်း
စေရန်အတွက် ခေါင်းပါလျှော်လိုက်ပြီး ရေချိုးလိုက်ပါသည်။ ဆံပင်
တွေ ခြောက်စေရန် တဘက်ဖြင့် သေချာသုတ်၍ ဖြန့်ချထားလိုက်ပါ
၏။ နံနက် (၁၈) နာရီခန့်အချိန်မှာပင် မျက်တောင်တို့စင်းလာသဖြင့်
အိပ်ရန်အတွက် အိပ်ခန်းထဲဝင်၍ လှဲအိပ်လိုက်ရလေသည်။

ဤသို့ ခေါင်းလျှော်ရက်တိုင်း ကျွန်မဆံပင်တို့ကို ကူသုတ်ပေး
လေ့ရှိပါသည့် သူ့ကို ရင်ထဲမှ နင့်နင့်သီးသီး သတိရမိပါ၏။ နွေရာသီမို့
ရာသီဥတုပူပြင်းသဖြင့် ပြတင်းပေါက်ဖွင့်လျက် လိုက်ကာကို အနည်း
ငယ်မျှ ဟထားကာ လေအေးတို့ဝင်ထားစေပါသည်။ မနက်က

လာသွားပါသည့်သူ့ကို ဒေါက်တာမိုးဝသန်ပါ မြင်သွားရတာပါ။ ...
မြင်လိုက်တာမို့ မည်သို့ထင်ပေမည် မသိနိုင်သော်ငြား ကောင်းသည်
ဟုသာ မှတ်ယူလိုက်မိလေ၏။

''သမီး ... သမီး''

''ဟင် ဟင် ... ဘာလဲ မေမေ''

''သေချာနိုးရဲ့လား''

''အင်း''

အိပ်မောကျလုလု အချိန်မှာပင် လက်မောင်းကို ကိုင်လှုပ်...
အနှိုးခံလိုက်ရသဖြင့် အိပ်ချင်မူးတူးဖြင့် ဖျာပေါ်မှာထထိုင်လိုက်ပါ...
အိပ်ရေးမဝသေးတာမို့ ခေါင်းကိုက်တတ်တာကို သိသိကြီးဖြင့် မေ...
က ဘာလို့များလာနှိုးရပါသလဲ။ အရေးတကြီးကိစ္စ ရှိနေလို့...
ယခုလိုမျိုး နှိုးတတ်မှန်း ကျွန်မသိပါ၏။ ဘယ်သူ ဘာများဖြစ်ပြန်ပြီလဲ...

''ဘာလဲ မေမေ''

''နောက်ဖေးအိမ်က လုပ်းခေါ်နေလို့''

''ဘာလဲ ... ဦးဦး သွေးတိုးပြန်ပြီလား''

''မဟုတ်ဘူး။ သား ဖျားနေလို့တဲ့''

''အာ ... အဲဒါ ဆရာဝန်ခေါ်ပြပါလား။ ညမိုးချုပ်ကြီးလည်း
မဟုတ်တဲ့နဲ့ လုပ်းခေါ်နေပြန်ပါပြီ။ နေ့ အိမ်မှာမရှိဘူးပြောလိုက် မေ...
ရာ''





''ခြော် ... သမီးကလည်းကွယ်၊ ဟိုက အရေးကြီးလို့
ခေါ်နေတာကို၊ သွားမှကောင်းမှာပေါ့''

''သူတို့မှာ ပိုက်ဆံရှိတာပဲလေ။ စိတ်ကြိုက်ဆရာဝန်ပင့်လို့
ရတာပဲ''

''သမီး!''

''နေ့, သူတို့နဲ့မပတ်သက်ချင်တော့ဘူး မေမေ။ ဟိုတစ်
လောကလည်း ဦးဦးကို သွားကြည့်ပေးပြီးပြီ၊ တော်ပြီပေါ့''

''သမီးတို့သူနာပြုတွေ ဆရာဝန်တွေက လူနာတွေကို ရွေး
ပြီး ကုသပေးရတာလား''

မေမေ တစ်ခွန်းပြောသည်နှင့် ကျွန်မ ဆက်ငြင်းနေလို့ မရ
တော့ပါလေ။ ကင်းကင်းနေပါမယ်ဆိုမှ အခုတစ်လော အတော်လေး
ကို လာပတ်သက်နေတာ မဟုတ်ပါလား။ ဆံပင်ဖြန့်ထားတာကို
သေချာ မဖြီးနိုင်တော့ဘဲ နှစ်ပတ်လျှိုထုံးလိုက်ကာ လုံချည်ကို ပြင်
ဝတ်လိုက်ပါ၏။ အိပ်ထားပါသည့်မျက်နှာကို ရေကပြင်မှာ ရေဖြင့်
အမြန်သစ်လိုက်ပြီး ရေခြောက်အောင်မသုတ်ဖြစ်တော့ဘဲ ဆေးအိတ်
ယူလျက် ထွက်ခဲ့ရပါသည်။

ခြံတံခါးစေ့ထားတာကို ဖွင့်၍ ဝင်လိုက်စဉ် သူတို့တိုက်
နောက်ဖေးတံခါးမှ အူလျားဖားလျားဖြင့် အန်တီဆွေ ထွက်လာလေ
တော့၏။ သားဖြစ်သူ နည်းနည်းလောက်ဖျားသည်နှင့် အမေဖြစ်သူက

အမြဲ ပျာယာခတ်တော့တာပါလေ။

''မြန်မြန်လာပါ သမီးရယ်။ သားကို ခေါ်နိုးလို့မရလို့ စိတ်ပူနေပြီ''

''ဟင်! ... ဘယ်လိုဖြစ်ရတာလဲ''

''မသိတော့ပါဘူးကွယ်။ မနက်အစောကြီး ဝိတောက်ပင်ပေါ်တက်ရင်း ခြေချော်ထားတာ လက်မှာရော၊ ခြေထောက်မှာပါ ဒဏ်ရာဒဏ်ချက်တွေနဲ့ အများကြီးပဲ။ ပြီးတော့ ဘာမှမစားဖြစ်ဘဲ အခန်းထဲဝင်သွားတာ။ ထမင်းစားချိန်ရောက်မှ သွားနှိုးတာ ခေါ်လို့မရဘဲ သတိလစ်နေပြီလားလို့''

''ဆေးရုံကားခေါ်ပေးရမလား အန်တီ''

''အိမ်မှာ ဘယ်သူမှမရှိလို့ ကူညီမယ့်လူမရှိဘူး သမီးရယ်။ အရေးအကြောင်းဆို အန်တီတစ်ယောက်တည်း ဘာလုပ်ရ ဘာကိုင်ရမှန်းမသိတော့ဘူး''

''ဒါဆိုလည်း ခွေးမလောင်းကို ခေါ်ပါလား'' ဟု အရွဲ့တိုက်ပြောလိုက်ချင်ပေမယ့် မပြောဖြစ်ဘဲ သက်မကိုသာ ရှိုက်လိုက်မိတော့၏ ကိုယ့်အပေါ် မကြည်ဖြူနိုင်သော်ငြား မရိုင်းပျသင့်တာကိုတော့ ကျွန်မ နားလည်ရပေမည်။ လှေကားမှတက်လာစဉ် ဘေးမှ တတွတ်တွတ်ပြောလာတာမို့ အန်တီ့ရင်ထဲ မည်မျှပူလောင်နေမည်ကို စာနာမိပါ၏။ ထားပါတော့လေ၊ ဆေးကုဖို့တာဝန်ကျေလျှင် ပြီးတာပဲ





ဟောတ်လား။

''သား ... သားလေး''

''အင်း ... ဟင်း ... ဟင်း''

''သတိထားဦးလေကွယ်။ ကြည့်ပါဦးသမီးရယ်၊ မျက်နှာသည်း ဖူးယောင်နေပြီ။ အန်တီ့သားလေးတော့ ဒုက္ခပါပဲ''

''အဆိပ်ရှိတဲ့အကောင် ကိုက်သွားတာဖြစ်မှာပါ အန်တီ၊ မစိုးရိမ်ပါနဲ့''

''ဒီလောက် ကယောင်ကတမ်းဖြစ်နေတာ မစိုးရိမ်ဘဲရှိပါ့မလား သမီးရဲ့၊ ရှားရှားပါးပါး ဒီသားလေးတစ်ယောက်ပဲ ရှိတာ''

''အရင်ဆုံး ရေပတ်တိုက်ပြီး အဝတ်လဲပေးမှဖြစ်မယ် အန်တီ။ ကိုယ်တွေသိပ်ပူနေတယ်။ ရေဇလုံထဲ ရေခဲရေဖြစ်ဖြစ်၊ ရိုးရိုးရေပဲဖြစ်ဖြစ် ထည့်လာပေးပါ။ Towel အသေးလေးနှစ်ခု သုံးခုနဲ့ လဲဖို့အဝတ်အစားယူလာပါ''

''အေးအေး''

အဖျားတိုင်းတာ၊ သွေးပေါင်ချိန်တာတို့ကိုလုပ်နေစဉ် အန်တီတ အောက်ထပ်သို့ ဆင်းသွားလေ၏။ ဘာလုပ်ရမှန်းမသိ ပျာနေသဖြင့် ကျွန်မပင် သူ့ဗီရိုကိုဖွင့်ကာ ပေါ့ပါးစေမည့် အဝတ်အစားတစ်စုံ ရွေးယူလိုက်ရပါသည်။ အန်တီရောက်လာမှ ရေပတ်တိုက် အဝတ်အစားလဲပေးကာ ဆေးထိုးပေးလိုက်ပါ၏။ ပွန်းရာရှရာတွေကိုပါ တစ်ခါ

တည်း ဆေးထည့်ပေးပြီး အကောင်ကိုက်ထားပါသည့် အဖုအပိန့်
ကို သူတို့အိမ်မှာရှိသည့် ဆေးဗီရိုထဲမှ ဆေးရည်ဖြင့် လူပေးရသေ
သည်။ 'မင်းသုတ'တို့ကတော့ ဖြစ်လိုက်လျှင် အသည်းအသန်ကြီးပါ

''ရေပတ်မကြာမကြာလဲပြီး တင်ပေးပါ အန်တီ။ အပူကျ
သွားမှာပါ''

''ဟင် . . . သမီးက ပြန်တော့မလို့လား''

''ကျွန်မ''

''စိတ်ချရတဲ့အထိ စောင့်ပေးပါလား သမီးရယ်''

ကောင်းပါလေ့! . . . ညဂျူတီဆင်းထားလို့ပါဟု ပြောမည်
စကားက လည်ချောင်းဝမှာတင် တစ်သွားရလေသည်။ လူမမာ ဘာမှ
မစားရသေးပါလျှင် အစားအသောက်ကအစ လုပ်ပေးရတော့မှာ
မဟုတ်လား။ သေချင်တယ်နော်၊ သေချင်တယ်။ မနက်က အကောင်
ကြီးမြင်ခဲ့ရပါလျက် အခုတော့ အရုပ်ကြိုးပြတ်ဖြင့် အိပ်ရာထဲလဲနေ
တယ်လို့။ 'မင်းသုတ' ဆိုတာ တကယ်တမ်းမှာ လူပျော့လေးပါလေ

''အင်း''

''သားလေး . . . ဘာဖြစ်လဲကွယ်''

''မုန်းတယ် . . . မုန်းတယ်၊ အင်း ဟင်း ဟင်း''

''အဲဒါပဲ ရွတ်နေတော့တာပဲကွယ်''

''ဘယ်သူ့ကို ပြောနေတာလဲ''





အန်တီက ဘာမှပြန်မဖြေပါ။ မုန်းတယ်တဲ့လား 'မောင်'၊
မုန်းပါ စိတ်ကြိုက်တစ်သက်လုံးပဲဖြစ်ဖြစ် ကျွန်မကို မုန်းလိုက်ပါ
တော့။ ဒီဘဝမှာ ဒီမျှနဲ့သာ ရေစက်ဖြတ်ဖို့အတွက် ဆုံးဖြတ်ခဲ့ပြီးပါပြီ။
လွမ်းစရာမှန်သမျှအားလုံးကို နာစရာနဲ့ဖြေနိုင်အောင် ကျွန်မ ကြိုး
စားနေပါတယ်။ မုန်းမေ့နိုင်ပါစေကွယ်။

''နွေ့ကို မုန်းတယ် . . . တောက်!''

''သား''

မျက်နှာပျက်သွားရပါ၏။ ရင်ထဲမှာ စူးခနဲအောင့်သက်သွား
ရတာပါ။ ဤမျှအထိ ရေရွတ်ပြရပါသလား။ 'နွေ'က တစ်ခါတည်းနဲ့
မုန်းနိုင်အောင် ကြိုးစည်ပြီး ပြောခဲ့တာ အောင်မြင်ပါတယ်နော်။ ထုတ်
ပြောမှ စိတ်သက်သာမယ်လို့ ယူဆထားရင် ခါးသီးတဲ့လေသံနဲ့
ပြောချင်သလောက်သာ ပြောပါတော့လား။

''မြူးစွမ်ဖြစ်ဖြစ်၊ ဆန်ပြုတ်ရည်ကျဲလေးဖြစ်ဖြစ် . . . ကျစ်!
ကျွန်မပဲ သွားချက်လိုက်ပါ့မယ် အန်တီ။ ဒီနားမှာပဲ စောင့်ပေးပါ''

''သမီးကို အားနာလိုက်တာ''

''ရပါတယ် အန်တီ''

အန်တီရှေ့မှာ မျက်နှာပူစွာဖြင့် ထထွက်ခဲ့ရပါ၏။ မုန်းသည်
ဟု အခါခါရေရွတ်နေသည်က ကယောင်ကတမ်းဖြစ်ပေမယ့် ကြား
ရသည့် လူအတွက် နားခါးစရာပါလေ။ အောက်ထပ်မီးဖိုခန်းမှာ နံ့ရဲ

ကပ်ဗီရိုဖွင့်ကြည့်ရင်း မြူစွမ်ထုပ်နှစ်ထုပ် (အထုပ်သေး) ကို ယူလိုက်ပါ၏။ ရေနွေးအိုးတည်ကာ မြူစွမ်ပြုတ်ရင်း ကြက်သွန်ဖြူထုထည့်လျက် ငရုတ်ကောင်းမှုန့် ဖြူးလိုက်ပါသည်။ အရသာရှိစေရန် ကြက်သားမှုန့် နှင့် ဆားခတ်လိုက်ပါ၏။

နေမကောင်းဖြစ်နေချိန်မှာ ဒီလို ready made soup အနံ့တွေ မခံနိုင်တာမို့ သူ ငြင်းနိုင်သဖြင့် ထမင်းအိုးထဲမှ ထမင်းကိုဂေါ်ဖြင့် နှစ်ဇွန်းခပ်ကာ ဆန်ပြုတ်ကျဲကျဲ ပြုတ်လိုက်ပါ၏။ ကြက်သားပြုတ်ကြော်ချက်ထားတာကို အသားတုံးရွေးယူကာ မွှင်လိုက်ပြီး ရောချက်လိုက်ပါသည်။ ပြီးနောက် ဆန်ပြုတ်ပန်းကန်လုံးနှင့် မြူစွမ်ပန်းကန်လုံးတို့ကို လင်ဗန်းထဲထည့်သယ်လာခဲ့ပါ၏။

"နိုးပြီလား အန်တီ"

"မနိုးဘူး"

"နိုးပြီး ကျွေးလိုက်ပါ၊ ဆေးထိုးထားတာ ဗိုက်ထဲအစာမရှိရင် ပိုဆိုးလိမ့်မယ်"

"သားလေး ... သား သုတ"

"အင်း"

"အစာရှိအောင် စားရမယ်နော်။ ထပါ သားရယ်"

"ဟင့်အင်း"

"မထလို့ ဘယ်ဖြစ်ပါ့မလဲ၊ မေမေ့ကို စိုးရိမ်အောင် မလုပ်ပါနဲ့





သားရယ်။ လိမ္မာတယ်နော် ... ထထ"

မျက်လုံးကို အားယူလျက် ဖွင့်ကြည့်လေ၏။ ခုတင်ဘေးရှိ ထိုင်ခုံမှာ လင်ဗန်းကိုင်လျက် ထိုင်နေပါသည့် ကျွန်မကို သူမြင်သွားလေသည်။ ရီဝေဝေအကြည့်တို့က မျက်ရည်တို့ဖြင့် ရစ်ဝိုင်းလာသည့်နှယ်ပါ။ နေမကောင်းဖြစ်တာက ဝမ်းနည်းရမှာထက် ဒေါသဘက်ကို ကူးပြောင်းသွားသလိုပါပဲလား။

"မစားဘူး!"

"မစားလို့ မရဘူးလေ"

"မစားဘူးဆို လုံးဝပဲ။ သေချင်သေပါလေ့စေ"

"မဟုတ်တာ မပြောနဲ့"

"ထွက်သွား!"

"ဟဲ့!"

"မမြင်ချင်ဘူး ... ထွက်သွားပါဆို"

"ဝွမ်း!"

"အမေ့!"

"ဟဲ့! ... ဘယ်လိုလုပ်လိုက်တာလဲ သားရယ်။ ပူကုန်ပြီလား သမီး။ အားနာလိုက်တာ"

ကျွန်မကိုင်ထားပါသည့် လင်ဗန်းကို ရုတ်တရက် တွန်းထုတ်လိုက်သဖြင့် မထင်မှတ်ထားတာမို့ ကြမ်းပြင်ထက် မှောက်ကျကာ

ကွဲကုန်လေ၏။ ခြေဖမိုးထက် မြူစွမ်စွပ်ပြုတ်ရည်တို့နှင့် ဆန်ပြုတ်ပူပူတို့က လွင့်စင်ပြီး ပူသွားရပါသည်။ မစားချင်ဘူး၊ မမြင်ချင်ဘူး ထွက်သွားတဲ့လား။ အရင်ကဖြင့် ကြည့်မဝဖြစ်ခဲ့ရပါသည့် ကျွန်မ မျက်နှာကို ခုတော့ဖြင့် ကြည့်မရဖြစ်နေပြီပေါ့လေ။

"အဲဒါတွေစားနေရင် အသက်က ဆက်ရှင်နေရဦးမယ်။ မစားဘဲ အသေခံလိုက်ချင်ပြီဗျ"

"သား"

"ကျွန်မ ရှိနေလို့ သူ မစားချင်ရင် အခုပဲ ပြန်ပါ့မယ် အန်တီ အစားဝင်အောင်တော့ ကျွေးဖြစ်အောင် ကျွေးလိုက်ပါ"

"ဟုတ်တယ်၊ မင်းမျက်နှာကို လုံးဝမတွေ့ချင်တာ။ ငါ့မျက်စိရှေ့ ငါ့အနီးနားက အမြန်ပျောက်သွားပါတော့။ ဒီလိုမှမဟုတ်ရင် ငါ့မျက်လုံးတွေကို ဖောက်ထုတ်ပစ်လိုက်မယ်၊ မလုပ်ဘူးမထင်နဲ့"

"ဟယ်! ... သားရယ် ဒုက္ခပါပဲ"

ရင်ဝသို့ ဆို့တက်လာသည့်ခံစားချက်က ထိန်းချုပ်မရတော့ပါ။ ဒီမှာ ထပ်ပြီးကြာနေပါက ကျွန်မ ငိုချလိုက်မိတော့မှာလေ။ ကျွန်မကို မမြင်ချင်တော့လို့ မျက်လုံးကိုပါ ဖောက်ထုတ်ချင်နေပြီတဲ့လား။ 'မောင့်'အပေါ် သစ္စာမဲ့ခဲ့ရတဲ့ ကျွန်မရဲ့ရင်ထဲမှာ တစ်စစ် ကြေမွနေတဲ့ နှလုံးသားရဲ့ဒဏ်ရာဒဏ်ချက်တွေကို 'မောင်' မှ မမြင်နိုင်တာလေ။





"ထွက်သွား!"

လက်ညှိုးပါညွှန်၍ အိပ်ခန်းတံခါးကို ပြနေပြီမို့ ကျွန်မ အခန်းထဲမှ လှည့်ထွက်ခဲ့ရပါသည်။ အန်တီ့ခေါ်သံကို ကြားလိုက်ပေမယ့် မျက်ရည်တို့ စီးကျနေပါသည့် မျက်နှာကို မမြင်စေလိုတော့ပါလေ။ တစ်ခါ အရင်ဆုံးကျောပေးထွက်ခွာရသည့် လူက ကျွန်မဖြစ်နေတာမို့ ရင်ထဲ မချိအောင် နာကျင်လွန်းရပါ၏။

'မောင်' သည် ကျွန်မ၏အချစ်။

'မောင်' သည် ကျွန်မ၏နှလုံးသား။

'မောင်' သည် ကျွန်မ၏ အသက်။

'မောင်' သည် ကျွန်မ၏ဘဝ။

'မောင်' သည် ကျွန်မ၏အိပ်မက်။

'မောင်' သည် ကျွန်မ၏အနာဂတ်။

ထို့အတူ ...

'မောင်' သည် နောက်ဆုံးတော့ ကျွန်မ၏ ရှင်သန်ခြင်းကို ဖျက်စေခဲ့သည့် အဆိပ်လူးမြားတစ်ချောင်းပင် ဖြစ်ခဲ့ရလေသည်။

'မောင်' မှုန်းတီးနာကြည်းသွားတဲ့နေ့မှာ 'နွေပန်းချို' ဆိုတဲ့ ကျွန်မ သေဆုံးခဲ့ရတာပါလေ။

သြော် ... 'မောင်' ရယ်။

❋ ❋ ❋

## အခန်း (၁၉)

လေ့ကားထစ်တွေကိုဆင်းလိုက်စဉ် ခေါင်းထဲမှာ မူးသွာ

သဖြင့် လေ့ကားလက်ရမ်းကို ကိုင်ကာ ခဏမျှ ရပ်လိုက်ရပါသည်

ဆေးလာကုပေးပါသည့်နာ့စ်က မူးလဲကျတာမျိုးဖြစ်သင့်ပါသလာ

လက်ထဲပါလာသည့် ဆေးအိတ်ကို ပြုတ်မကျစေရန် ကျစ်ကျစ်ကို

လျက် အောက်ထပ်သို့ ဆက်ဆင်းခဲ့ရလေ၏။

''ဟြော်! ... ခုထိ ရွှေထီးဆောင်းဖို့အတွက် plan ဆွေ

ချနေတုန်းပဲကိုး နွေပန်းချိုရဲ့''

တိုက်ထဲဝင်လာပါသည့် 'မျက်ဝန်းညို' ကြောင့် ကျွန်

ခြေလှမ်းတို့ ရပ်သွားရလေသည်။ သူ နေမကောင်းဖြစ်တာကို သိလို့

ရောက်လာတာများလား။ လူကိုမြင်သည်နှင့် ခနဲ့စကားဆိုလိုက်ပါသည်





သူမနှင့် စကားပြိုင်မလုချင်ပါ။ အိပ်ရေးပျက်ကာ အားနည်းသလို ဖြစ်နေသည့် ကျွန်မ၏ကျန်းမာရေးကိုသာ ဂရုစိုက်ရမှာပါလေ။

''သူ နေမကောင်းဖြစ်နေလို့ လာကြည့်ပေးတာပါ''

''နင်က ကို့ကို လာကုပေးရအောင် ဆရာဝန်လည်းမဟုတ်၊ pecialist လည်း ဟုတ်မှမဟုတ်တဲ့ အပိုတွေပြောမနေစမ်းပါနဲ့''

''သူများအိမ်မှာ စကားမများချင်ဘူး မျက်ဝန်းညို''

''ဒါပေါ့ ... နင့်အတွက်တော့ ဒီအိမ်က သူစိမ်းပဲ၊ ငါ့အတွက် တော့ အိမ်ထောင်ဘက်မို့ မစိမ်းဘူးပေါ့။ ဒါတော့ သိသားပဲ''

မထီမဲ့မြင်ဆိုတာ ဤသို့သော အပြုအမူမျိုးကို ပြောတာဖြစ် ည်ဟုထင်ပါ၏။ ဆိုင်ရုံသာရှိပြီး မပိုင်သေးပါဘဲ မထ္တာပ်တိုင်တက်ပြ နေသည့်သူမကို ကြည့်ရင်း ကျွန်မ အတော်လေးစိတ်ပျက်ရပါသည်။ ူက စကားများစကားနိုင်လုဖို့အတွက် အင်အားတို့ လျော့ပါးနေရ တပါ။ ကိုယ့် fiance ကို ဂရုစိုက်ရမည့်အစား မစိုးရိမ်ပါဘဲ ဘာမှ ဆိုင်သည့် ကျွန်မကိုရန်ရှာနေရတယ်လို့။

''ကျွန်မကို အခုလို ရန်ရှာနေမယ့်စား ရှင့်လူကိုပဲ ဂရုစိုက် ိုက်ပါ''

''အဲဒါ နင်ပြောစရာမလိုပါဘူး။ လူဆိုတာ ကိုယ့်အဆင့် ိုယ်သိရတယ်။ ဒီအိမ်နဲ့အခုချိန်ထိ ဘာလို့ပတ်သက်နေရတာလဲ''

''ကျွန်မ ပြောပြီးပြီလေ။ သူ နေမကောင်းဖြစ်လို့ အနံ့တီခွေ

ရွှေပဒေသာစာပေ

လုမ်းခေါ်တာကြောင့် လာရတာပါလို့"

"နောက်ကို လုံးဝမလာပါနဲ့၊ ငါ မကြိုက်ဘူး"

"ရှင်မကြိုက်လည်း မတတ်နိုင်ဘူးလေ။ လူကြီးက အခေ
တယူ လှမ်းခေါ်တာမို့ ဂါရဝတရားနဲ့အညီ ကျွန်မ လာရမှာပဲ။ လုပ်ငန်း
အလုပ်ကိုက လူတွေရဲ့အသက်ကို ကယ်ရတဲ့အလုပ်ရှင့်"

"သွားစမ်းပါ! . . . အပိုတွေ ဟန်လုပ်နေပြန်ပြီ။ နင့်စိတ်
ဘာတွေးနေတယ်ဆိုတာ ငါမသိဘူး မထင်လေနဲ့ နွေပန်းချီ။ မတေ
မရောနှိုက်ရအောင် နင့်လက်က သန့်မှမသန့်တာ"

"ဘာ"

ကြည့်စမ်း! "အနုလက်နှင့် ရွှေခွက်ကိုနှိုက်သည်" ဟု ဆို
ချင်ပါသလား။ ရင့်သီးရိုင်းစိုင်းလေခြင်း။ ရွယ်တူခြင်းဖြစ်ပါလျက် ဤ
မိန်းကလေးထံမှ ပြောမထွက် မပြောရဲသည့်စကားဆိုတာ ရှိမှမရှိ
လေ။ လျှပ်ပေါ်လော်လီနေထိုင်သည်ဟု စွပ်စွဲခဲ့ပါသည့် အနှိတ်သ
တစ်ယောက် မိမိသမီး၏ ဝတ်စားပုံ မလုံခြုံမှုမှုက နူတ်ပါမလုံတာ
သုံးမဖို့ မျက်စိကွယ်နေသည် ထင်ပါရဲ့။

"လောကမှာ ရွှေဖွန်းနဲ့ ရွှေမှုန်စားတဲ့လူရယ်လို့ မရှိပါ
မျက်ဝန်းညို။ လူတိုင်း ဒီထမင်းနဲ့ ဒီရေကိုပဲ နေ့စဉ်စားသောက်နေ
တာပါ။ ရှင်တို့ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေနဲ့ လူ့အသက်တ
ချောင်းကို ရအောင်ကယ်ပါလေ"





"နင့်ပါးစပ်နဲ့တန်တဲ့စကားကိုပဲ ပြောပါ နွေပန်းချီ"

"ကျွန်မက ပြောသင့်၊ ပြောထိုက်၊ ပြောအပ်တဲ့စကားမျိုးပဲ
ပြောလေ့ရှိပါတယ် မျက်ဝန်းညို။ ရှင့်အမေကသာ ကျွန်မအမေကို
ထိပ်ပေါ်ခေါ်ပြီး နှစ်ပြားမတန်အောင် ရင့်သီးစော်ကားတဲ့ စကားမျိုး
ပြောခဲ့တာပါ။ အဆင့်အတန်းရှိပါတယ်ဆိုတဲ့ လူ့မလိုင်တွေရဲ့ဂုဏ်
သိက္ခာက ဒီအဆင့်လောက်ပဲ ရှိမယ်ထင်ပါရဲ့"

"နင် . . . နင်"

"လူဆိုတာ ဒီမြေပေါ်မှာရပ်နေကြတဲ့သူအားလုံး အတူတူ
ပါပဲ။ အနိမ့်မှာနေရတယ်ဆိုပြီး ရှင်တို့ ဖိနှိပ်ပြောဆိုခဲ့သမျှ အားမတန်
လို့ မာန်လျှော့ပေးခဲ့တာ မဟုတ်ဘူး မျက်ဝန်းညို။ ကိုယ်နဲ့နှိုင်း မရိုင်း
ချင်လို့ နောက်ဆုတ်ပေးခဲ့တာပါ။ ဒါကို ကြောက်တယ်လို့ ထင်ပြီး
ဖြမခြောက်ပြချင်ပါနဲ့။ ဘဝဆိုတာ အနိမ့်အမြင့် တစ်လှည့်စီဖြစ်တတ်
တဲ့ သဘာဝမျိုးပါ။ ပြီးတော့ ကျွန်မတို့ဘာသာမှာ ကံ၊ ကံ၏အကျိုး
ဆက်နဲ့ ဝဋ်ဆိုတာရှိပါတယ်"

"ငါ့ကို မိကျောင်းမင်းရေခင်းပြမနေစမ်းပါနဲ့"

"ကိုယ်ကတော့ ပြောရေးဆိုခွင့်အပြည့်ရှိပြီး သူတစ်ပါးကို
တော့ ဆိတ်ဆိတ်နေစေချင်တယ်ပေါ့လေ၊ အတော်တရားမျှတာပါရဲ့"

"နွေပန်းချီ . . . နင်!"

လှေကားရင်းမှာ မျက်နှာချင်းဆိုင်ရပ်နေရင်း စကားပြော

နေခြင်းပါ။ မိန်းကလေးနှစ်ယောက်၏မျက်လုံးတို့က ယှဉ်ပြိုင်နေသည့် နယ်၊ အကြည့်မလွှဲဖြစ်ပါဘဲ စူးစိုက်ကြည့်နေကြလေ၏။ ထိုအကြ တွေထဲမှာ အမုန်းတရားတွေ၊ အာဃာတတွေ၊ ခါးသီးခြင်းတွေသ ပျော်ဝင်နေမှာအမှန်ပါ။

'မျက်ဝန်းညို' မျက်နှာကို မှဲ့လိုက်မိလေတော့၏။ ဒီမိန်းမ ဒီအိမ်မှာ ဤသို့တိုးမည်ဟု ထင်မထားခဲ့မိတာလေ။ အန်တီဆွေဇင် အရေးအကြောင်းရှိသည်နှင့် ဒီမိန်းမကို ဘာကြောင့်ခေါ်ရပါသလဲ အိမ်ပင့်လို့ရသည့် ဆရာဝန်တွေ စိတ်ကြိုက်ပင့်နိုင်ပါလျက် ထင်နေ 'နွေပန်းဆို့' ဆိုပြီး ခေါ်တတ်တာက အကျင့်ဖြစ်နေပုံပါ။

လူတိုင်းမှာ အတ္တကိုယ်စီရှိလျှင် သူမမှာလည်း ချစ်ခြ ကြောင့် အတ္တတို့ ရှိနေပါ၏။ 'သူ' ကို ပိုင်ဆိုင်ချင်စိတ်၊ အဆုံးရှုံး နိုင်သည့်စိတ်တို့ကြောင့် သူမရင်တွင်းမှာ အဘယ်မျှ ပူလောင်လို ပါသနည်း။ ပိုင်ဆိုင်မှ ချစ်ခြင်းပီသရိုးမှန်ပါလျှင် သူမ လက်ထပ်မည့် သူက 'သူ' တစ်ဦးတည်းသာ ဖြစ်စေရမှာပါ။ မမျှတတာ၊ မိုလ်ကျတာ အနိုင်ပိုင်းတာဆိုပြီး ခေါင်းစဉ်တွေဖြင့် ဘောင်မခတ်ချင်ပါနှင့်။ ဒီကမ္ဘာ မှာ သူမ ချစ်မိသည့် 'သူ' ကို ဘဝတစ်သက်တာအတွက် ပိုင် ပိုင်ဆိုင်ရမှုဖြစ်မှာပါလေ။

''နင် မရနိုင်တော့တဲ့ ကိုကို လောဘတက်ချင်နေတုန်း လား။ အရှက်မဲ့လိုက်တာ''





ကျွန်မရင်ထဲ အောင့်သွားရပါ၏။ အရှက်မဲ့သည့်လူက ကျွန်မ မဟုတ်တာလေ။ သူချစ်ကိုယ်ချစ်ဖြင့် နှစ်ကိုယ်တူ ချစ်နေကြပါ သည့် ကျွန်မတို့ချစ်သူနှစ်ဦးကြားကို မုန်တိုးဝင်မွှေချင်သလို မွှေနှောက် ခဲ့ပါသည့် မိန်းကလေးက တကယ်တမ်း အရှက်မဲ့နေတာက မျက်မြင် င် မဟုတ်ပါလား။ လက်သည်းဆိတ်လျှင် လက်ထိပ်တော့ နာကျင်ရ မှာအမှန်ပါ။

''အရှက်မဲ့တယ် ဟုတ်လား။ ကျွန်မက ဘာတွေများ အရှက် ကင်းမဲ့နေလို့လဲ၊ ပြောပြပါဦး''

''အရှက်မရှိတာပေါ့ နွေပန်းဆို့။ ကိုကို စိတ်ယိုင်လာအောင် မိန်းမမာယာနဲ့ သွေးဆောင်ဖြားယောင်းခဲ့သေးတာပဲ၊ ကိုအတွက်ဆိုတဲ့ ခေါင်းစဉ်နဲ့ အစားအသောက် မဖြစ်စလောက်လေးတွေ လုပ်ပေးပြီး ဆေးလုပ်ခဲ့တာ အရှက်မဲ့တာ မဟုတ်လို့ ဘာလဲ''

''စေတနာပါ မျက်ဝန်းညို''

''ဘာ! ''

''ကိုယ်စားသလိုများ သူတစ်ပါးကို စားစေချင်လို့ စေတနာ သန့်သန့်နဲ့ ချက်ပြုတ်ကျွေးခဲ့တာပါ။ အဲဒါ အရှက်မဲ့တာ မဟုတ်ဘူး။ သူများကို ကဲ့ရဲ့တာ၊ သူတစ်ပါးချစ်ခြင်းကို မရမက ခွဲခဲ့တာ၊ သူတစ်ပါး မိသားစုကို နှိမ်ချစော်ကားတာမျိုးကမှ အရှက်ကင်းမဲ့တာလို့ ခေါ် တယ်''

''နင်! . . . နင်! ''

''ပြီးတော့ ကိုယ့်ဆီမှာရှိမနေတဲ့အရာကို သူတစ်ပါးဆီမှာ ရှိနေတာကို မနာလိုဖြစ်တာ လောဘလို့ခေါ်ပါသတဲ့ရှင်''

''ကဲ! ''

''ဖြန်း! ''

ပါးပြင်တစ်ဖက်မှာ စပ်ဖျဉ်းဖျဉ်းခံစားလိုက်ရလေ၏။ နှုတ်ခမ်း စော်ကားရုံမျှဖြင့် မတင်းတိမ်နိုင်ဘဲ လက်ဖြင့်ပါ ကျူးလွန်ပြလေပြီ။ အဆင့်အတန်းမြင့်ပါသည်ဆိုသည့် ဂုဏ်သရေရှိ အသိုင်းအဝိုင်းတို့၏ အပြုအမူက ဤသို့ ဤနှယ်ပါပဲလား။ နောက်ဆုံး အရှုံးပေးခဲ့ပါလျက် ဘယ်အခြေအနေရောက်သည်အထိ သူမ အနိုင်ယူနေမှာပါလိမ့်။

''လင်တရူးမ! ကိုကို ငါ့ဆီက လုချင်နေဦး မှတ်ထား!''

''မလုပါဘူး မျက်ဝန်းညို။ ကျွန်မ မလိုချင်လို့ ရှင့်ကိုစွန့်ပြီး ပေးခဲ့တာပဲဟာ''

''နင်! ''

''တော်သင့်ပြီ Sweety၊ သမီး ဒီလောက်ရိုင်းပျမှန်း အန်တီ ထင်တောင်မထင်ထားဘူး''

လေကားထက်ဆီမှ အန်တီဆွေ ဆင်းလာပြီမို့ သူမလက်က ထပ်မရောက်လာတော့ပါ။ တားဆီးမည့်ပုဂ္ဂိုလ်ရောက်လာပြီမို့ ဒီနေရာ မှာ ကျွန်မ နေဖို့ မလိုတော့ပါလေ။ အန်တီလျာထားပါသည့် ရွှေ





သောင်းကို အမြင်ရိုင်းတာမျိုး မဖြစ်စေချင်တာ အမှန်ပါ။ လူငယ်ချင်း ကောင်းများရာမှ အကျယ်အကျယ်တွေ ဖြစ်ကုန်လျှင် ဘယ်ကောင်းပါ မည်နည်း။

''ဒီမိန်းမ၊ သိပ်ရိုင်းတယ် အန်တီ''

''အန်တီ မြင်နေ၊ ကြားနေရတာကတော့ ရိုင်းပျနေတာ သမီးဖြစ်နေတယ် မျက်ဝန်းညို''

''သူ စော်ကားမော်ကား ပြောဆိုနေတာ အန်တီ မကြားဘူး လား''

''အကုန်လုံးကြားခဲ့ပါတယ် သမီး။ ဘယ်အရာမဆို ဖိနှိပ်ပါ များရင် ကြွတက်လာတဲ့ သဘာဝရှိမှန်း သမီးလည်း သိနေမှာပါ။ အသိဉာဏ်မပြည့်မီတဲ့ တိရစ္ဆာန်လေးတွေတောင် နှိပ်စက်ပါများရင် သခင်ကို ပြန်ရန်ပြုတတ်တာပဲ Sweety။ နွေက လူပါ။ လူတောင်မှ သူတစ်ပါးရဲ့အသက်၊ သူတစ်ပါးရဲ့ကျန်းမာရေးကို ဂရုစိုက်ပြုစုစောင့် ရှောက်ပေးရတဲ့ သူနာပြုတစ်ယောက်ပဲ။ လောကမှာ အနန္တဂိုဏ်းဝင် ဖြစ်တဲ့ စေတနာ၊ ကရုဏာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ ပြည့်စုံတဲ့ ဆရာသမားတွေကို လူတကာလေးစားလေ့ရှိကြပေမယ့် အန်တီက တော့ လူနာတွေရဲ့အသက်၊ လူနာတွေရဲ့ရောဂါ၊ အညစ်အကြေး တွေကို မရွံ့မရှာနဲ့ ပြုလုပ်ကုသဆောင်ရွက်ပေးလေ့ရှိတဲ့ သူနာပြု ဆရာမတွေကို ပိုပြီးလေးစားမှုရှိတာ အမှန်ပဲ''

"အန်တီ"

"ရွယ်တူကို လေးစားရမယ်ဆိုတဲ့အသိဉာဏ်မျိုး သမီးမှာ ဘာကြောင့် မရှိရတာလဲ"

"အန်တီက ...အန်တီက မျက်ဝန်းထက် နွေပန်းချိုကို ပိုလိုလားတယ်ပေါ့လေ"

"မဆိုလိုပါဘူး သမီး။ အန်တီ အစကတည်းက ပြောခဲ့ပြီးသားပါ။ အန်တို့သား စိတ်ချမ်းသာဖို့ကသာ အဓိကလို့။ လူငယ်ချင်း စိတ်ပြတ်ပြီး လမ်းခွဲခဲ့တဲ့အကြောင်းကို အန်တီဘယ်တုန်းကမှ မမေးခဲ့ဘူး sweety ။ လူငယ်တွေကိစ္စ လူငယ်တွေပဲ ရှင်းပါစေဆိုပြီး မျက်စိစုံမှိတ်ထားခဲ့တယ်။ အခု မျက်စိဖွင့်ကြည့်မှ အမှန်တရားကို သိခွင့်ရခဲ့တာပဲ"

"ဟင်!"

"သမီးကိုလည်း သားကိုယ်စား အန်တီကပဲ တောင်းပန်ပါတယ် နွေ။ အထင်လွဲမှုတစ်ခုကြောင့် သူ ပေါက်ကွဲပြီး စော်ကားမော်ကား အော်ဟစ်ခဲ့တာကို နားလည်ပေးစေလိုပါတယ်"

"ကျွန်မ သိပါတယ် အန်တီဆွေ"

"သားကို မလိုချင်လို့ စွန့်ခဲ့တာတဲ့လား"

ရင်ဝသို့ ဒုတ်ခနဲလာစိုက်သည့် မြားတံနှယ်ပါ။ 'မျက်ဝန်းညို' ကို အနိုင်ရလိုဇောဖြင့် မချည်ရွယ်ပါဘဲ လွှတ်ခနဲ ပြောထွက်သွားသည့်





စကားလုံးတို့ကို နုတ်မရတော့ပါချေ။ ကျွန်မကြောင့် 'မောင့်' မေမေ ရင်နာရသည့်အဖြစ်ကိုတော့ မလိုလားပါလေ။ ကျွန်မကို ခွင့်လွှတ်ပေးပါ အန်တီဆွေ။

"သမီးအပေါ် အသက်လိုပုံပေးပြီး ချစ်ခဲ့ရတဲ့ အန်တို့သားကို မလိုချင်ဘူး၊ မလိုအပ်ဘူးတဲ့လား"

"နွေက ...နွေက အန်တီတို့နဲ့ သူ စကားများကြတာကို ပြန်ကြားခဲ့ရလို့ နောက်ဆုတ်ခဲ့တဲ့သဘောပါ အန်တီ။ သူတစ်ပါး မပေးချင်တာကို နွေ အတင်းမတောင်းဆိုပါဘူး။ တဲစုတ်လေးမှာ နေနေရပေမယ့် ကိုယ့်အဆင့်ကိုတော့ နွေ သိနေပါတယ်"

"ဒါဖြင့် အန်တီတို့က သမီးနဲ့သားကို ကန့်ကွက်တယ်လို့ ထင်နေတယ်ပေါ့လေ"

'မျက်ဝန်းညို' အကြီးအကျယ် မျက်နှာပျက်နေလေပြီ။ မဟုတ်တမ်းစကားကို လီဆည်လိမ်ညာပြီး ပြောထွက်တယ်ပေါ့။ အံ့သြမိပါရဲ့။ အခြေအနေမြင့်ပါတယ်ဆိုတဲ့ ဂုဏ်ကြီးရှင်တို့ရဲ့အသိုင်းအဝိုင်း အကျင့်က ထူးဆန်းလေစွ။ အန်တီမေးနေပြီမို့ ဒီပြဿနာကို အပြီးရှင်းရတော့မှာပါလေ။

"အဲဒါ ဘယ်သူပြောတာလဲ"

"ဘယ်သူပြောလဲဆိုတာ ကာယကံရှင်တွေပဲ သိမှာပါ အန်တီ။ ကျွန်မ သူများကို လက်ညှိုးမထိုးပြတတ်ဘူး"

"ဖြစ်ရလေ သမီးရယ်။ အန်တီတို့ဘဝမှာ မိဘချင်းရင်း ခဲ့လို့ နှုတ်ကျွံခဲ့တာမျိုး ရှိကောင်းရှိခဲ့ပေမယ့် ဒီလိုမျိုး သူတစ်ပါးအပေါ် စွပ်စွဲစော်ကားခဲ့တာမျိုး တစ်ခါမှ မရှိခဲ့ဘူး နွေ။ တဲစုတ်လေး သေးငယ် ပေမယ့် ကြီးမားတဲ့စေတနာကို အန်တီတို့ ရခဲ့တာပါ။ လက်နှီးစုတ် လေး ညစ်ကောင်းညစ်ပေနေတာမှန်ပေမယ့် ကောင်းမွန်တဲ့ ဟင်းလျာ အိုးတွေ ချက်နိုင်အောင် ကူတာမျိုးပါ။ ကြွေရည်သုတ်ပန်းကန်လေး က ထမင်းပွဲမှာ ပွဲလယ်မတင့်တယ်နိုင်ပေမယ့် အဲဒီပန်းကန်ထဲက အရသာရှိတဲ့ အသုပ်တစ်မျိုးမျိုးကို မေတ္တာအပြည့်နဲ့ စားခဲ့ကြတာပါ နွေ။ သမီးတို့သားအမိကို အန်တီရော ဦးဦးပါ ဘယ်တုန်းကမှ မထေ မတန်ဆိုပြီး မနိမ်ချ မဆက်ဆံခဲ့ပါဘူးကွယ်။ ဒါကို ဘုရားရော နတ် ဒေဝါတွေပါ· အားလုံးသိကြောင်း အန်တီ တိုင်တည်ပါတယ်"

ပါးပြင်ထက် မျက်ရည်က ပေါက်ခနဲ့စီးကျလာလေတော့၏ လမ်းခွဲခဲ့ခြင်းအတွက် နောင်တရစေရမည်ဟု တစ်ချိန်က 'မောင်' ကျိန်ပြခဲ့သည့်ကျိန်စာက ကျွန်မရင်ကို စူးစိုက်နာကျင်စေရလေပြီ။

* * *



# အခန်း (၂၀)

မျက်လုံးကို လေးပင်စွာဖြင့် ဖွင့်လိုက်မိပါ၏။ သွေးပေါင်ချိန် တိုင်းနေပါသည့် ဆရာဝန်က ယောက်ျားဆရာဝန်မို့ သူ ဘာမှမပြော တော့ပါချေ။ Drip ပါချိတ်ထားသဖြင့် လှဲနေရာမှာ မလှုပ်မယှက်သာ နေနေရလေသည်။ မြင်ချင်ပါသည့်မျက်နှာကို မမြင်ချင်ဘူးဟု အော် ဟစ်ခဲ့တာ မှားလေပြီ။

"အဖျားပျောက်သွားရင် Medical checkup သွားလုပ် ပေးပါ အန်တီ။ သူ့နှလုံးခုန်သံကို ကျွန်တော် သိပ်မကြိုက်ဘူး"

ဘယ်ကြိုက်ပါ့မလဲ။ 'နွေ'နဲ့သာဆိုလျှင် စိတ်ပဲဆိုးဆိုး၊ ဒေါသ ပဲထွက်ထွက် ရင်ဘတ်ထဲမှာ တဒိန်းဒိန်းဖြင့် နှလုံးသားကခုန်ပေါက် နေရတာပါ။ ဒီလိုယောက်ျားချင်းမှာဖြင့် ဒီနှလုံးသားက အေးစက်စက်

ဖြင့် အပျင်းကြီးပြီး အိပ်ပျော်နေရောပေါ့။ တစ်ခါတည်း သေသွားချင် ပါပြီဆိုမှ အသက်လာကယ်တဲ့ဆရာဝန်က ရောက်လာသေးတာပါ လေ။

"ကိုယ်ပူတော့ အတော်ကျသွားသားပဲ။ အားနည်းပြီး သွေး ပေါင်ကျနေလို့ drip ပဲချိတ်ပေးတာ"

"စောစောကပဲ အသိသူနာပြုဆရာမ ဆေးလာထိုးပေးသွား တာပါ ဒေါက်တာ"

"ဪ . . . အနီးနားမှာ ရှိတယ်ပေါ့။ အဆင်ပြေသွားသား ပဲ"

"ကျောချင်းကပ်နေခဲ့ရတဲ့ ကလေးပါရှင်"

နီးပါ့ နီးပါ့။ ရင်ဘတ်ချင်းနီးခဲ့ပြီးမှ လူကို ရင်ဘတ်ကြီး အောင် လုပ်ပြီး သွေးစိမ်းရှင်ရှင်နဲ့ ပစ်ထားခဲ့တာလေ။ မေမေက ခုထိ သမီး သမီးနှင့် ပါးစပ်ဖျားက မချချင်အောင် ခေါ်နေပေမယ့် သူကဖြင့် ရင်ထဲမှာ မီးတောင်ပေါက်ပြီး ချော်ရည်တွေပြည့်နေသလို ပူလောင်နေရတာပါ။ ရက်စက်ပ့ါ 'နွေ' ရယ်။ ကိုယ်တို့ချစ်ခြင်းတွေက တစ်နှစ်ကျော်ကြာခဲ့ပေမယ့် ဘယ်လိုဖြစ်ပြီး ကိုယ့်ကို သံယောဇဉ်ဖြတ် ခဲ့ရပါသလဲ။

"Nurse နာမည်က ဘယ်လိုခေါ်ပါသလဲ အန်တီ"

"နွေပန်းချီပါ ဒေါက်တာ"





"ဟောဗျာ! . . . အန်တီတို့မိသားစုနဲ့ နွေပန်းချီက ရင်းနှီးနေ ကြတာကိုး"

"ဒေါက်တာ သိလို့လားဟင်"

"သိပ်သိတာပေါ့ဗျာ။ ကျွန်တော်တို့ဆေးရုံမှာ နုဲစ်ချောချော လှလှလေးတွေ အများကြီးရှိတာမှန်ပေမယ့် နာမည်နဲ့လိုက်ဖက်ပြီး ပန်းချီရုပ်အောင်လှတာ သူတစ်ယောက်တည်းပဲရှိတာ"

ကြည့်စမ်း! . . . ဒီလောက်ချီးမွမ်းပြနေပြန်ပါပြီ။ လှတာများ ဘာဖြစ်လဲ။ လှလို့ကြောက်စရာကောင်းတာပဲ ရှိမှာပါ။ အကြောင်း မသိသေးကြလို့ပါပဲ။ ဒီအဆိပ်ပွင့်လေးက လာနာသမျှ ဗျာ။ ဂိတုန်း လိပ်ပြာတို့ကို မာယာနှင့် အသည်းကိုချွေမွတတ်တာပါလေ။ မယုံ လျှင် သူ့ကိုပဲ ကြည့်ကြပါတော့။ ခုတင်ထက် ပက်လက်လေးနှင့်လူက ပိုးဟပ်ဖြူလို ယှဲ့ယှဲ့လေးသာ ရှိတော့တာမဟုတ်ပါလား။

အဲဒါ 'နွေပန်းချီ' ကြောင့်ပါပဲ။ 'နွေ' ဆိုသည့်အတိုင်း လူ တွေကို အပူတွေပဲ ပေးနေတော့တာလေ။ မှန်းလိုက်တာ။ အရမ်းကို မုန်းတီးနာကြည်းမိပါ၏။ ဒီရင်ခွင်ကနေ တခြားရင်ခွင်ကို ဖျတ်ခနဲ ကူးပြောင်းရဲလောက်အောင် ဣန္ဒြေသိက္ခာတစ်စက်မှ မရှိတော့တာ အံ့ပါရဲ့။ တစ်နှစ်မှာတစ်ခါသာပွင့်သည့် ပိတောက်ခက်လေးကို သူသာ နှစ်စဉ်နှစ်တိုင်း အမြဲပန်ပေးခဲ့ရပါလျက် အခုတော့ သူစိမ်းတစ်ယောက် ထံမှ မိညိုမြနှယ် အီစီကလီမျက်နှာဖြင့် လက်ခံနေတာလေ။ စိတ်တွေ

တိုလိုက်တာနော်။

"သမီးနွေက အဲဒီလောက် နာမည်ကြီးနေတယ်ပေါ့လေ"

"ဟုတ်ပါတယ် အန်တီ၊ ဒါကြောင့်လည်း ဆေးရုံအုပ်ကြီးရဲ့ သားက Engage လုပ်ဖြစ်မယ့် ဒေါက်တာမေစံပယ်ဖူးကိုငြင်းပြီး နွေပန်းချီကို ရွေးချယ်ခဲ့တာပဲ"

"ဘယ်လို"

"အဲဒီဒေါက်တာ မိုးဝသန်က heart specialist မို့ ဆေးရုံမှ ရက်ချိန်းယူပြီး လာပြဖို့ ကျွန်တော် ပြောချင်တာပါ"

"မပြဘူး"

"သားကလည်းလေ"

"မပြလို့မဖြစ်ဘူး ကိုမင်းသုတရဲ့။ နှလုံးရောဂါဆိုတာ စိတ်ရှည်ရှည်နဲ့ ဆေးကုဆေးသောက်နိုင်မှ အသက်ရှည်ရှည် နေသွားနိုင်မှာ။ လူတွေအသက်ရှင်နေရတာ နှလုံးက အဓိကပဲ"

"ကျွန်တော့်နှလုံးက သေပြီးသားဗျ။ နေလို့လည်း ဘာမှ မထူးတော့ပါဘူး"

"ဆရာဝန်ကို ကန့်လန့်ကြီး ပြောပြန်ပြီ"

"ဒေါက်တာမိုးကျော်' က သူ ဘုပြောတာကို စိတ်မဆိုးဘဲ ပြုံးရုံသာပြုံးနေပါ၏။ 'နွေ' ကို စိတ်ဝင်စားနေသည့် ဆရာဝန်မဟုတ်တာတောင်မှ သူ စိတ်မကြည်နေတာပါ။ ဒါဖြင့် အဲဒီ 'ဒေါက်တာ





ိုးဝသန်' နှင့်များ ဆုံလျှင်ဖြင့် မည်သို့ဖြစ်မည် မသိပါလေ။ သူ့ထက် ပြီး ပညာတတ်တာ။ သူ့တို့ထက်ပိုပြီး ချမ်းသာနေတာ။ သူ့ထက်ပိုပြီး ည့်ဖုံနေသည့် ထိုပုဂ္ဂိုလ်ကို စိတ်ထဲ၊ အသည်းထဲမှ အတော်လေးကို ခံချိ မခံသာ ဖြစ်နေရသလို မနာလို မရှုစိမ့်တာ အမှန်ပါပဲ။

မုန်းလိုက်တာနော်၊ ဒင်းတို့နှစ်ယောက်လုံးကို။

"ဒါဆို သမီးနွေက ဒေါက်တာမိုးဝသန်ကို လက်ခံလိုက် ပြီလား"

"အဲဒါတော့ ကျွန်တော်လည်း အသေအချာ မသိပါဘူး အန်တီ။ နွေပန်းချီက မာနခပ်ကြီးကြီးရယ်။ အနေတည်လွန်းပြီး အပြုံးပါးတဲ့ မိန်းကလေးမို့ ဒေါက်တာမိုးဝသန်လည်း ဖွင့်ပြောဝံ့မယ် ထင်ဘူး"

"ဟို . . . ဆရာဝန်မလေးက သူ့ကို ရန်လာမရှာဘူးလား"

"ဟင်းဟင်း . . . အဲဒါကိုပဲ အားလုံးက စိတ်ဝင်စားနေကြတာဗျ။ Jes က နွေပန်းချီကို မတွေ့ဖူးလို့ဆိုပြီး ရုံးခန်းထဲ လာကြည့်သွားသေးတယ်။ သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက လည်ပင်းက်ပြီး ကြီးလာကြတဲ့ ငယ်ပေါင်းကြီးဖော်မို့ ပွင့်လင်းလွန်းတယ်လေ"

"ဩော်"

ကြည့်စမ်း! . . . ဒါဖြင့် ရေကန်အသင့် ကြာအသင့်ပေါ့လေ။ နွေပိတောက်ပွင့်ဖို့ ကိုရွှေမိုးက ရွာသွန်းဖြိုးပေးမယ့်သဘောပေါ့။ နွေနဲ့

မိုးက ဘယ်တော့မဆို ရာသီဥတုတောင်မှ ဆက်တွဲလျက်သား ရှိနေ
တာ သဘာဝမဟုတ်လား။ ဒါဖြင့် ဒီဆရာဝန်လေး အဖက်ဖက်ပြည့်
နေတာကို 'ခွေ့' တစ်ယောက် ငြင်းနိုင်တော့မည် မဟုတ်ပါချေ။

''တောက်!''

''ဟဲ့!''

''သွားမယ် ... သွားမယ်''

''ဘယ်ကိုသွားမှာလဲ''

''ဆေးရုံကိုလေ၊ နှလုံးသွားထုတ်ဖို့''

''အလိုလေး! ဖွ လွဲပါစေ,ဖယ်ပါစေ၊ ဒီကလေးကတော့လေ''

''အပ်ဖြုတ်တော့မယ်နော်။ နားနားနေနေလေးနေပြီး စိတ်
ချမ်းသာအောင်ထားပါ''

''စိတ်မှမချမ်းသာတာ''

''စိတ်ကိုတော့ ကျွန်တော်တို့ မကုပေးနိုင်ဘူး ကိုမင်းသုဇာ
ရေ၊ စိတ်ဆိုတာ ကိုယ့်ဘာသာကိုယ် ကုမှရတာဗျ။ ကျွန်တော့်ကို
ခွင့်ပြုပါဦးအန်တီ''

''ကျေးဇူးပါ ဒေါက်တာရယ်''

မေမေက ဆရာဝန်ကို အောက်ထပ်ထိ ပြန်လိုက်ပို့ပေးနေ
တာမို့ အခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရလေ၏။ အထီး
ကျန်သည့်ခံစားမှုဆိုတာ ဒါကိုခေါ်လေသလား။ အနီးနားမှာ ဘယ်သူ





ဘယ်သူမှ ရှိမနေပါလေ။ နဖူးကို ဖွဖွလေးစမ်းပေးမည့်သူ၊ လက်ကို
ညသာလေးဆုပ်ကိုင်နှိပ်နယ်ပေးမည့်သူ၊ ရေပတ်တိုက် အဝတ်လဲပေး
မည့်သူ၊ ကိုယ်ပူလျော့လာအောင် နဖူးထက် ရေဝတ်တင်ပေးပြီး
စောင့်ကြည့်ပေးမည့်သူက ယခုတော့ဖြင့် အနီးဆုံးမှာ မရှိတော့ပြီ။

မိုးလင်းသည်နှင့် အပြုံးနုနုလေးကို မြင်ရ၍ အမောတကော
အပြေးအလွှားသွားတွေ့ခွင့်၊ ပါးချိုင့်လေးပေါ်လာမှာကို စောင့်ကြည့်
ရင်ခုန်ခွင့်၊ မျက်နှာချင်းဆိုင်ထိုင်ရင်း ထမင်းအတူတူစားခွင့်၊ ညနေခင်း
တိုင်း လက်တွဲပြီး အတူလမ်းလျှောက်ခွင့်၊ ညခင်း ညဉ့်မနက်ခင်အထိ
ရင်ခွင်နန်းတော်မှာ စံမြန်းရင်း ရင်ခုန်သံဖလှယ်ခွင့်တို့က အိပ်မက်ပမာ
လွင့်ပါးပျောက်ကွယ်ခဲ့ရချေပြီ။

'မင်းသုဇာ' ၏ဘဝက တမာနှယ် ခါးသက်သက်အရသာမျိုး
ပိုင်သော ပြည့်နှက်နေခဲ့ရတယ်လို့။ ရက်စက်ပ၍ ကံကြမ္မာရယ်။

''မျက်ရည်ကျနေပြန်ပြီလား။ စိတ်ကလည်း ပျော့လိုက်တာ
သားရယ်''

''မဖွင့်နဲ့လေ''

''ဒီလောက်မှောင်နေမတာ လိုက်ကာလေးတော့ ဖွင့်မှပေါ့။
လေမှ လေသန့်သန့်လေး ရှူရှိုက်ခွင့်ရမှာ''

မေမေက သူ့အခန်းထဲပြန်ရောက်လာသလို ပြတင်းလိုက်ကာ
တွေကို ဆွဲဖွင့်လိုက်လေ၏။ ဘယ်ကာလအထိများ ကြာအောင်

ဒီလိုက်ကာတွေကို သူ ပိတ်ထားဖြစ်ခဲ့ပါသနည်း။ ဒါဖြင့် ဒီရင်ဘတ်ကြီးလည်း ဒီလိုက်ကာတွေနှယ် အပွင့်လိုက် ဟာလာဟင်းလင်းကြီး ဖြစ်နေပြီပေါ့နော်။

"Sweety နဲ့ကိစ္စကို မေမေတို့ တိုင်ပင်ပြီး ဖျက်လိုက်ပါ့မယ်သား"

"ဟင်!"

"သားလည်း သဘောမကျဘူး မဟုတ်လား"

"မျက်ဝန်း ဘာမှမပြောဘူးလား"

"ပြောလည်း ထူးမှာမှမဟုတ်တာ"

"ဘာလို့လဲ"

"မေမေ သဘောမကျလို့"

"မေမေပဲ မျက်ဝန်းကို သိပ်ချစ်ခဲ့တာလေ"

"မှန်တယ် ချစ်တာ, ချစ်တာ၊ မျက်ရှုတာက သက်သက်လေသား"

"ဟင်!"

"မနေ့က နွေနဲ့သူ အောက်ထပ်မှာ ထိပ်တိုက်တိုးပြီး ပြဿနာဖြစ်ကြလေရဲ့"

"မျက်ဝန်းက အမြဲရန်ရှာတာ ထုံးစံလိုလို ဖြစ်နေပါပြီ"

"ရန်ရှာတာထက် ရင့်သီးရိုင်းပျတာက ပိုပါတယ် သား





သားတို့နှစ်ယောက် ဘာကြောင့် လမ်းခွဲခဲ့ရသလဲဆိုတဲ့ အဓိက တရားခံကို မေမေ သိခဲ့ရပြီ သုတ။ မနေ့ကပဲ နွေ့ပါးကို သူရိုက်ချလိုက်တာ မေမေဖြင့် အံ့ညြလွန်းလို့ မှင်တက်ခဲ့ရတယ်လေ"

"ဗျာ!"

ဘုရားရေ!...'နွေ့' ကို 'နွေ့' ကို 'မျက်ဝန်း' က ရိုက်သတဲ့သား။ ရင်ဘတ်ဘယ်ဘက်နေရာမှ စူးခနဲထိုးအောင့်သွားရသဖြင့် မျက်နှာကို ရှုံ့လိုက်မိပါသည်။ နာကျင်ခြင်းတစ်ဝက်၊ မုန်းတီးခြင်းတစ်ဝက်နှင့် ပြည့်နှက်ခဲ့တဲ့ ရင်ခွင်က 'နွေ့' အကြောင်းကြားလိုက်သည်နှင့် ဒဏ်ရာပြန်ပေါ်လာတော့တာပါလေ။

"နွေက ဘာမှပြန်မလုပ်ဘူးလား"

"မလုပ်ပါဘူး သားရယ်၊ Sweety တို့သားအမိက အတော်လေးမောက်မာခဲ့ကြတာပဲ။ သားကို ဘဝချင်းမတူလို့ဆိုပြီး အကြောင်းပြ လမ်းခွဲခိုင်းခဲ့ကြတာပါ။ အဲဒါကို မေမေတို့ ပြောတာပါဆိုပြီး ပုံချခဲ့ကြတာလေ။ မေမေ့မှာ သမီးနွေကို အကျိုးအကြောင်းပြောပြရှင်းပြခဲ့ရတယ်"

"တောက်!... ယုတ်မာလိုက်တာ"

"ဟုတ်တယ်၊ မေမေလည်း ထင်ကိုထင်မထားတာ အမှန်ပဲ။ ကိုနေလင်းကိုတော့ အားနာမိပါရဲ့။ ဒါပေမဲ့ မပြည့်တဲ့အိုးလို ဘောင်ဘင်ခတ်တဲ့အမျိုးထဲကိုတော့ မေမေ့သားကို မထည့်ပေးနိုင်ဘူး

သား။ အဲဒါ မေမေတို့ဆန္ဒပါပဲ''

''နွေက . . . နွေက''

''သားက မုန်းတယ်ဆိုပြီး မောင်းထုတ်ခဲ့လို့ မျက်နှာမကော

ဘဲ ပြန်သွားရတာလေ။ သမီး သနားပါတယ်''

''မုန်းတယ် ဟုတ်လား''

''ဟုတ်တယ်လေ၊ အဖျားတွေတက်ပြီး သား ကယော

ကတမ်းတွေရွတ်တာ သူ မသိဘဲနေမလား''

''မဟုတ်ဘူး''

''သားပဲ မမြင်ချင်ဘူးဆို''

''သူက ဟိုဒေါက်တာနဲ့တွဲနေပြီ မေမေရဲ့။ အလကားမိန်း

သစ္စာကိုမရှိဘူး။ ရင်ခွင်ပြောင်းရဲ့အောင်ကို မျက်နှာပြောင်လွန်းတယ

တကယ်ပါပဲ''

''သူတို့တွဲနေတာ သေချာလို့လား''

''ဒီမျက်လုံးကြီးနဲ့ ထင်ထင်ရှားရှားကြီးကို မြင်ခဲ့ရတာ မေ

ရဲ့။ ကျွန်တော့်မှာ တပင်တပန်းနဲ့ အပင်ပေါ်တက်ပြီး ခါချဉ်ကိုက်ခံ

ခြေချော်ပြီး ဒဏ်ရာတွေရနဲ့ အသက်လုပြီး ပန်းတွေခူးခဲ့ရတာ။ ယ

သွားပို့ပေးတော့ ရင်နာစေတဲ့မြင်ကွင်းနဲ့ပဲ ကြုံခဲ့ရတယ်။ တော်

သူ့ အကြောင်းမပြောချင်ဘူး''

''အေးလေ . . . မပြောလည်းနေပေါ့။ ဟိုက တကူးတ





လာပြီး ရေပတ်တိုက်၊ အဝတ်လဲ၊ ဆေးတွေလူး။ ဆေးထိုးနဲ့ အကုန်

လုံး အလိုက်တသိလုပ်ပေးခဲ့တာ။ ကျေးဇူးတော့ တင်သင့်တာပေါ့''

''မတင်ပါဘူး။ သူ့အလုပ် သူ့တာဝန် သူလုပ်တာပဲကိုး''

''ဒါနဲ့ပဲ သူများနောက်ကောက်ကောက်ပါသွားတော့မှ

နောက်ကွယ်မှာ တစ်ယောက်တည်း မျက်ရည်ကျိတ်ပြီး ကျမနေနဲ့''

''သူက မုန်းတယ်လို့ အရင်ပြောခဲ့တာဗျ''

''ဒါကြောင့် သားလည်း ပြန်ပြောခဲ့တာပဲလေ၊ ကျေပြီပေါ''

''နောက်ဆို သူ့ကိုမလာစေနဲ့''

''ပြီးရော၊ ဒါဆိုလည်း နေမကောင်းမဖြစ်အောင်နေပေါ့။

အားရှိအောင် မေမေ ကြက် soup လုပ်ပေးမယ်''

''မစားချင်ဘူး''

ဂျစ်ကန်ကန်တွေချည်းပြောနေမိတာပါ။ အမုန်းကို အမုန်းနဲ့

ပြန်ချေပလိုက်လို့ကျေပြီတဲ့လား။ ဟင့်အင်း မကျေနပ်ပါဘူး။ ရင်ထဲ

ခုနေသည့်အစိုင်အခဲက ဒီထုထည်ကြီးအတိုင်း ကျန်နေဆဲပါပဲ။

နာကျင်ခြင်းဆိုတာ သူတစ်ယောက်တည်းခံစားခဲ့ရတာ မဟုတ်ပါလား။

ဝတ်ထားပါသည့် ရုပ်အင်္ကျီနှင့် ယောပုဆိုးလေးကို ငုံ့ကြည့်လိုက်မိပါ၏။

အေးသည့်အဝတ်အစားကို ရွေးဝတ်ပေးခဲ့တာပါလေ။

'နွေ' ပါးလေးနာနေတုန်းပဲလားဟင်။

❋ ❋ ❋

## အခန်း (၂၁)

"Morning! နွေ"

"မင်္ဂလာပါ ဒေါက်တာ"

Lobby ထဲရောက်စဉ် လှမ်းနှုတ်ဆက်လိုက်ပါသည့် 'ဒေါက်တာ မိုးဝသန်' ကြောင့် အပြုံးယဲ့ယဲ့မျှဖြင့် ပြန်နှုတ်ဆက်လိုက်ရပါသည်။ Lift ထဲဝင်လိုက်စဉ် တခြားနာ့စ်တွေပါ ရယ်ရယ်မောမောဖြင့် ဝင်လာကြသဖြင့် အနောက်သို့ ဆုတ်၍ ရပ်လိုက်မိပါ၏။ ဘေးမှာလိုက်ရွေ့ရပ်လိုက်ပါသည့် ဒေါက်တာက ကျွန်မကို ငုံ့ကြည့်၍ ပြုံးလိုက်လေသည်။

"ဘာလို့လဲ ဒေါက်တာ"

"Brooch စောင်းနေသလားလို့ပါ"





"ရှင်! "

"ခဏလေး။ ကိုယ်ပြန်ပြင်ပေးမယ်"

"ဟို"

တားမြစ်စကားမဆိုခင်မှာတင် ကျွန်မ၏ရင်ထိုးရှိရာဆီ သူ့လက်ရောက်လာလေ၏။ အနည်းငယ်မြင့်သည့် (ရင်ဘတ်အထက်နားလောက်) နေရာမှာမို့ တော်သေးပေမယ့် မျက်နှာရဲ့သွားရတာ ရဲတာပါပဲ။ အထူးသဖြင့် လုပ်ဖော်ကိုင်ဖက် သူနာပြုတွေ၏ ပြုံးစစ အကြည့်တို့က အဓိပ္ပာယ်အများကြီး ပေါ်လွင်နေသလို ကျွန်မကို နေရခက်စေတာပါလေ။

"ရပြီ"

"ဟင်း ဟင်း ... ကျွန်မတို့ ဘယ်တော့လောက်စားရမလဲ ဒေါက်တာ"

"ဗျာ! ... ဪ ... စားရမှာပေါ့။ သိပ်မကြာတော့ပါဘူး"

Lift ရပ်သွားပြီမို့ နာ့စ်တွေက ရယ်မောရင်း ရှေ့မှ အရင်ထွက်သွားကြလေတော့၏။ ခြေလှမ်းကိုမြန်ရန် ပြင်လိုက်မိပေမယ့် သူက ရှေ့မှ လက်ဆန့်ကာတားလိုက်သဖြင့် အရှိန်ကို မယူဖြစ်ရန် အမြန်ရပ်လိုက်ရပါသည်။ ဆေးရုံပေါ်မှာ ဘယ်လိုပုံစံတွေ လုပ်ရပါသလဲ ဒေါက်တာ။

"ခဏနေပါဦး နွေရယ် ... ပြေးမယ်လို့ အမြဲကြံစည်နေ

တော့တာပဲ''

''Duty ဝင်ရတော့မှာမို့ပါ''

''သူများတွေက သိချင်လို့မေးနေကြပြီ။ ကိုယ် ဒီလိုချည်
ဘယ်အချိန်ထိ ဖြေပေးနေရမှာလဲ''

''ကျွန်မ''

''No! အခုတစ်ခါတည်း မဖြေနဲ့လေ။ အချိန်ယူစဉ်းစားပြီး
ဖြေဖို့ ပြောနေတာပါ။ Ok ရဲ့လား''

ခေါင်းကို ခပ်ဖြည်းဖြည်းသာ ညိတ်ပြလိုက်ရပါ၏။ သူက
အပြုံးတွေပြည့်နေပါသည့် မျက်နှာဖြင့် ရုံးခန်းထဲဝင်သွားစဉ် ကျွန်မက
သူနာပြုရုံးခန်းဆီ အမြန်လျှောက်လိုက်ရပါသည်။ ဒီပုံစံနဲ့ ရှေ့ဆက်
သွားနေလျှင်ဖြင့် ကျွန်မနာမည် ထိခိုက်လာတော့ချေမည်။ 'ဒေါက်တာ
မိုးဝသန်' ကိုတော့ အားနာမိတာအမှန်ပါ။ သို့သော် တစ်ခါခဲမှန်ဖူး
သည့် စာသူငယ်ကဖြင့် ဆင်ခြင်တုံတရားရှိရတော့မှာလေ။

မတူမတန်အစားလို့ထင်ပြီး အပြောခံနေရဦးမှာလား။ ဆေး
အုပ်ကြီးရဲ့သားကိုမှ အပိုင်ချိုင်သည့်ဟု ကွယ်ရာမှာ ပိုင်းပြီးပြောကြမှာ
အသေအချာပါ။ ကိုယ့်အဆင့် ကိုယ်မသိဘဲ အမြင့်ကိုမှန်းသည်ဟု
ထပ်ပြီး မကြားလိုတော့ပါလေ။ ဒီတစ်ခါမှာ မည်သို့သော ရင်ထိခေ
သည့် စကားလုံးတို့ဖြင့် ထိုးနှက်ခံရပါမည်လဲ။

နောက်တစ်ကြိမ် ပါးကိုမရိုက်ဘူးဟု ပြောနိုင်မည်မဟုတ်ပါ





ဂုဏ်ရှိန်ဝါကြီးလွန်းပါသည့်နေရာ၊ လူပုဂ္ဂိုလ်ဧ တွနှင့် အဝေးဆုံးမှာ
နေတတ်အောင် နေဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးဆုံးမနေရတာပါ။
အထူးသဖြင့် ကျွန်မ၏မေမေကို ကျွန်မကြောင့် စိတ်မဆင်းရဲစေချင်
တော့ပါလေ။ ကျွန်မအတွက်နှင့် မေမေ မျက်ရည်ကျခဲ့သည့်နေ့ကို
ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။

''နွေ''

''ရှင်!...သြော်၊ မမကြီး''

''ဆေးရုံအုပ်ကြီးက ရုံးခန်းကို ခေါ်လာပါတဲ့''

''ဟင်!''

မျက်နှာကွက်ခနဲပျက်သွားရပါ၏။ အခြေအနေက ဤမျှ
မြန်မြန်ကြီးဖြစ်လာပြီတဲ့လား။ ဘာဘာညာညာ စကားမပျိုးတော့ပါဘဲ
'အလုပ်ထွက်တော့' ဟုပြောလိုက်လျှင်ဖြင့် ကျွန်မ ငိုင်းခနဲလဲသေတော့
မှာပါ။ ဒီအလုပ်ကိုလိုချင်လွန်းလို့ အချိန်ကုန်ခံ ငွေကုန်ခံပြီး သင်တန်း
ဆင်းခဲ့ရတာမဟုတ်လား။ တစ်နေရာမှာ နာမည်ပျက်သည်နှင့် တခြား
ဆေးရုံဆေးခန်းမှာ အလုပ်ရဖို့ မလွယ်ကူတော့ပါလေ။

နင်တော့သေပြီ 'နွေပန်းချီ'။

''အခုသွားရမှာလားဟင်''

''ဟုတ်တယ်၊ အခုပဲ''

ခြေဖျားလက်ဖျားတွေပင် အေးစက်လာသလိုပါလေ။ အခုမှ

ပဲ ကျောင်းအုပ်ကြီးရုံးခန်းကို အခေါ်ခံရသည့် မူလတန်းကျောင်းသူလေးနှယ် ကြောက်ရွံ့နေရပါ၏။ လာတွေ့ပါ ခေါ်နေပြီမို့ ချက်ချင်းသွားတွေ့ရတော့မှာပါ။ ခေါင်းထဲမှာ မူးလာသလိုလို၊ ချွေးစေးတို့ပင် ပျံလာလေတော့သည်။ အားတင်းထားပါ 'နွေပန်းချီ'၊ စေတနာဖြူစင်တဲ့ လူအတွက် ကံဆိုးခြင်းဆိုတာ တစ်ကြိမ်ထက်မပိုလောက်ပါဘူး။

"ဒေါက်! ... ဒေါက်! "

"ဝင်ခဲ့ပါ"

ဆေးရုံအုပ်ကြီးရုံးခန်းရှေ့မှာ တံခါးခေါက်လိုက်ပြီး ချက်ချင်းမဝင်ရဲသေးပါ။ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းရှူထုတ်ခြင်း သုံးလေးခါလောက် လုပ်ပြီးမှ တံခါးကို အသာတွန်းဖွင့်၍ ဝင်လိုက်ပါသည်။ ရုံးခန်းထဲမှာ ဆေးရုံအုပ်ကြီး 'ဒေါက်တာမိုးညို' နှင့်အတူ စကားပြောနေသည်က 'OG ဒေါက်တာမေစံပယ်ဖူး' ဖြစ်နေလေ၏။ ဘာတွေဘယ်လိုပြောဆို ဆွေးနွေးနေသည်မသိသဖြင့် အပေါက်ဝနားမှာပင် ခပ်ရိုရိုလေးရပ်နေမိပါသည်။

"OK! အဆင်ပြေသွားပဲ။ လိုအပ်တဲ့လူစာရင်းပါ သေချာစိစစ်ပြီးခေါ်ပေါ့"

"အဲဒါကြောင့်မို့ အန်ကယ်နဲ့ တိုင်ပင်ရတာပါ"

"မဆိုးဘူး၊ သမီးက အတော်စဉ်းစားတတ်တာပဲ။ သားဘာပြောသေးလဲ"





"စံပယ့်သဘောတဲ့"

"ထင်ပါတယ်၊ ဒီကောင်က ဘယ်တော့မဆို lady frist ပဲ"

"အန်ကယ်နဲ့တူလို့ ထင်ပါတယ်"

"မြှောက်တယ်ဟေ့! ... ဟား ဟား ဟား"

နှစ်ဦးသားရယ်မောလိုက်ကြလေ၏။ လွတ်လပ်ပေါ့ပါးလိုက်တာနော်။ ကျွန်မဖြင့် ဤသို့ မရယ်ဖြစ်တာ အတော်ကြာနေလေပြီ။ ချွေးမအဖြစ်လျာထားပါသည့် 'ဒေါက်တာမေစံပယ်ဖူး' နှင့် စိတ်ချမ်းသာစွာ ပြောဆိုနေပုံပါ။ အဘယ်မျှ ကြည်နူးစရာကောင်းလိုက်သည့် မြင်ကွင်းလေးပါလဲ။ ကျွန်မလို အညတရသူနာပြုလေးနှင့် ဒီလိုတင့်တယ်သည့်နေရာက အပ်မှမအပ်စပ်တာလေ။

"စံပယ်သွားတော့မယ် အန်ကယ်"

"ကောင်းပြီ၊ ဩော်, သမီး လာတိုင်လေ၊ ဘယ့်နှယ် မတ်တတ်ကြီးရပ်နေရတာလဲ"

'ဒေါက်တာမေစံပယ်ဖူး' က စာရွက်စာတမ်းတွေ တစ်ထပ်ကြီးကို ခုထပ်၍ ကိုင်လျက် ထရပ်လိုက်စဉ် ကျွန်မကို ဆေးရုံအုပ်ကြီးက မြင်သွားလေ၏။ OG ဒေါက်တာက ကျွန်မကို ပြုံးရုံမျှ နှုတ်ဆက်လိုက်ပြီး ရုံးခန်းတံခါးကိုဖွင့်၍ ထွက်သွားလေတော့သည်။ ကျွန်မ ဆက်တီခုံမှာ ခပ်ကြောက်ကြောက်ဖြင့် ဝင်ထိုင်လိုက်မိပါ၏။ နားထဲမှာ

လေတွေပင် ထွက်နေသလိုပါပဲလား။

"ကိစ္စလေးတစ်ခုရှိလို့ ခေါ်လိုက်တာပဲ"

"ဟုတ်ကဲ့"

"ဒီလို သမီးရဲ့ . . . အန်ကယ့်ညီမက အပြင်ဆေးခန်းဖွင့်တယ် ဆိုပါတော့။ အဲဒီမှာ Private Nurse လိုချင်တယ်ပြောလို့ သမီးကို ခေါ်ပေးရတာပါ"

"ရှင်! "

မျက်နှာတစ်ပြင်လုံး ပူအမ်းပြီး နေရခက်လာတာအမှန်ပါ။ ဒီဆေးရုံကနေ အပြင်ဆေးခန်းကို သွားပါဟု နှင်ပြီမဟုတ်ပါလား။ ပညာတတ်ပီပီ အလိမ္မာစကားဖြင့် ပထုတ်နေပြီဟု စိတ်ထဲမှ အလိုလို သိနေပါ၏။ လူရာမဝင်သည့် အမှိုက်တစ်စအဖြစ် လေလွင့်ရဦးမှာပါလား 'နွေပန်းချီ'။ အစတွေးဖြင့် မျက်ရည်တို့က ချက်ချင်းဝဲလာလေတော့သည်။

"တခြားဆေးခန်းတွေမှာက အကူ nurse တွေရှိပေမယ့် အဲဒီမှာက သိပ်မကျွမ်းကျင်သေးတဲ့ nurse ပဲရှိလို့ အန်ကယ့်ကို အကူအညီတောင်းရတာပဲ။ အဲဒါနဲ့ပဲ အန်ကယ်လည်း သမီးတို့ list ကိုယူကြည့်ပြီး သမီးကိုမြင်လို့ ခေါ်တွေ့တာပါ"

"ကျွန်မ . . . ကျွန်မ ဒီကနေ အလုပ်ထွက်ပေးရမှာလားဟင်"

"No! No! အဲဒီလိုမဟုတ်ဘူးလေ။ တစ်ပတ်ကိုသုံးရက်





တစ်ရက်မှာ တစ်နာရီ၊ တစ်နာရီခွဲလောက်ပဲ သွားဆင်းပေးရုံပါ။ သမီးအတွက် OT ကြေးပဲဖြစ်ဖြစ် သီးသန့်ရမှာမို့ပေါ့။ သဘောကျရဲ့လား"

ကျွန်မ ပြန်မဖြေဖြစ်ပါ။ 'ငါ့သားနှင့်အနေမနီးစေချင်လို့ အမြန်ဆုံးထွက်သွားပါ' ဟု ပြောသည်နှင့်တူနေမလား။ မျက်နှာငယ်မို့ စရာနေနှင်ရာသွားရမှာက ကျွန်မကံပါပဲ။ ဆေးရုံအုပ်ကြီးကိုယ်တိုင် ခေါ်ပြီး သတိပေးနေသည့်အဖြစ်က ကျွန်မအတွက် ရှက်ဖွယ်ရာပါ။ နေရမယ့်နယ်မြေက ကျဉ်းမြောင်းလှချည်လား 'နွေပန်းချီ' ရယ်။

"ကျွန်မ"

"သမီးစဉ်းစားဖို့ အချိန်ရပါတယ်။ သူခေါ်မှာ နောက်လဆန်းမှပါ"

"ဒေါက်! ဒေါက်"

တံခါးခေါက်သံနှင့်အတူ ရုံးခန်းတွင်းသို့ 'ဒေါက်တာမိုးဝသန်' ဝင်လာလေ၏။ မျက်ရည်ဝဲနေပေမယ့် မကျစေရန် မနည်းကြိုးတင်းထားကာမှ သူက ရောက်လာရတယ်လို့။ ရင်ထဲ နွမ်းလျမှုက ပို၍ဆိုးလာသည့်နှယ်ပါ။ သူ့ရှေ့မှာ ကျွန်မ အရှက်မရချင်ပါလေ။

"ဒက်ဒီ"

"အေး . . . ပြော"

"Jes ပြတဲ့ project ကို လက်ခံလိုက်ပြီဆို"

"ဟုတ်တယ်လေ၊ နယ်တွေကို field ဆင်းကြတာ ဒက်ဒီ

တို့ဘက်ကလည်း ဒီလောက်တော့ ကူညီသင့်တာပေါ့ သားရဲ့။ ဘာ ဖြစ်လို့လဲ''

''ကျွန်တော်ပါ သွားရမှာလားလို့ လာမေး။ ဟင်!...နေ ဘာဖြစ်လို့လဲ''

''ဟင့်အင်း''

''မျက်နှာ တော်တော်မကောင်းတာပါလား။ ဒက်ဒီခေါ်ပြီး ဆူနေတာလား''

''မဟုတ်ပါဘူးကွာ''

''မဟုတ်ဘဲနဲ့ ဒီမှာ ရှိနေစရာအကြောင်းမှ မရှိတာကို''

''အမလေး သားရာ၊ သားအန်တီလေး nurse လိုတယ် ပြောလို့ ခေါ်မေးရုံပါ''

''ဟာ!...တီတီခေါ်သွားလို့ ဘယ်ဖြစ်မှာလဲ၊ လုံးဝမရဘူး''

''သုံးရက် နှစ်နာရီလေးပဲလေ''

''မရဘူးဆို မရဘူးပဲ''

''ဒါလေးကိုများကွာ''

''ဒါလေးမှမဟုတ်တာ ဒက်ဒီရဲ့ ဒါကြီးလောက်ဖြစ်နေပြီ။ ဒီမှာ ကျွန်တော့်နွေ မျက်ရည်ဝဲနေတာ မတွေ့ဘူးလား။ ဒက်ဒီ ဘာလို့ ဆူရတာလဲဗျာ''

''ဟေ!..ဘာဖြစ်လို့လဲ သမီး၊ အန်ကယ့်ခေါင်းတော့





င်နှင်း ခံရတော့မှာပဲ''

''တီတီခေါ်ရင် တခြား nurse ပဲခေါ်ပါ။ နွေ့ကိုတော့ ပေးနိုင်ဘူး ဒက်ဒီ''

''ပြောနေပုံကိုက နွေပန်းချီကို အပိုင်ရထားပုံနဲ့ ဘယ်လိုလဲ သားရာ''

ကျွန်မကြောင့် သားအဖနှစ်ဦး စကားများရပြန်လေပြီ။ မည်နှင့်လိုက်ဖက်အောင် လူတွေကို အပူတွေချည်း ပေးနေမိ င်ပါရဲ့။ ရင်ထဲမှ ဆို့နင့်လာတာကြောင့် အသက်ရှူပင် မဝ လိုပါ။ အခြေအနေက မပေးတော့ဘူးထင်ပါရဲ့ 'နွေပန်းချီ'။

''ကျွန်မ ... ကျွန်မ နုတ်ထွက်စာတင်ဆို တင်ပါ့မယ်''

''ဘာ!''

''ဟောဗျာ''

''တွေ့လား။ အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့ ဒက်ဒီရဲ့''

''ဘာဖြစ်လို့လဲ သမီးရယ်''

''တခြားမှာ အလုပ်ရှာပေးဖို့ စီစဉ်ပေးတဲ့အတွက် ကျေးဇူး င်ပါတယ်၊ ဒါပေမဲ့''

''မဟုတ်ဘူး၊ မဟုတ်သေးဘူး။ သမီး နားလည်မှုလွဲနေပြီ။ န်ကယ်က သမီးကို ဒီမှာ ဆက်မရှိစေချင်လို့ အခုလိုစီစဉ်ပေးတာ ဟုတ်ပါဘူး။ အန်ကယ့်ညီမကို ကူညီချင်စိတ် လောသွားရတာပါ။

Sorry! သမီးရယ်''

''ဒါဆို''

''ဘယ်မှသွားစရာမလိုဘူး၊ ဟုတ်ပြီလား။ ဒေါက်ဒေ
ကျွန်တော်ပြောထားပါတယ်၊ နွေ့က မာနအကြီးစားပါလို့''

''ဝူး!... ပြဿနာကြီး ဖြစ်တော့မလို့ပါလား။ အန်ကယ်
ဆေးခန်းကိုစွပြောပြီးရင် field ဆင်းမယ့်အဖွဲ့နဲ့အတူ လိုက်နိုင်မလား
ဆွေနွေးဖို့ ခေါ်လိုက်မိပါတယ်။ သမီးက အလုပ်ထွက်ခိုင်းတယ် ထင်

''ကျွန်မ တောင်းပန်ပါတယ်ရှင်''

''နွေ့တောင်းပန်ဖို့မလိုပါဘူး။ ဒါမျိုးက ဖြစ်တတ်ပါတယ်
Field ဆင်းရင် ကျွန်တော်လိုက်မယ့်အပတ်စဉ်မှာ နွေ့ကို
ထည့်ပေးပါ ဒေါက်ဒီ''

''OK!''

ကျွန်မလက်ကိုဆွဲ၍ ခေါ်နေပြီမို့ ဆေးရုံအုပ်ကြီးရှေ့မှ မျက်
ပူစွာဖြင့် ထွက်ခဲ့ရလေတော့၏။ ငိုချဖို့ နည်းနည်းလေးပဲလိုတော့
တော်ပါသေးရဲ့နော်။

❋ ❋ ❋



## အခန်း (၂၂)

မေမေရော ဖေဖေပါ သွားကိုခေါ်ပြီး ကားဖြင့်ထွက်ခဲ့ပါ၏။ 'မောင်မြင့်ဦး'မောင်းခဲ့သည့် ကားက ပုဂ္ဂလိကဆေးရုံရှေ့သို့ ရောက်လာလေသည်။ ဒါ ဒေါက်တာမိုးညိုပိုင်ဆိုင်သည့် ဆေးရုံတဲ့လား။ 'နွေ' က ဒီဆေးရုံမှာ အလုပ်ဆင်းနေတာပေါ့လေ။ ဒီဆေးရုံအုပ်ရဲ့သား ဒေါက်တာကို ကြိုက်ပြီပေါ့။ မိန်းမဆိုတဲ့အမျိုးက အချစ်တွေ၊ အသက်တွေ၊ မေတ္တာတွေဆိုတာကို ခေါင်းထဲ နည်းနည်းမှ ထည့်မထားတဲ့ ဣတ္ထိယတွေဆိုတာ အမှန်ပါပဲ။

ကားပေါ်မှဆင်းကာ ဆေးရုံထဲဝင်လိုက်ကြပါ၏။ ဒီနေ့မှပဲ လူက အားမရှိသလို ပျော့နေသလိုပါပဲလား။ လုံချည်အနီနှင့် နာ့စ်တွေကို တွေ့တိုင်း 'နွေ' များလားဟု မျှော်လင့်ကြီးရှာကြည့်မိသော်ငြား

ထင်ထားသလို မဟုတ်ပါလေ။ ဘယ်အဆောင် ဘယ်ဝှါဒ်မှာမှာ တာဝန်ကျနေလို့ သူလာတာကို မမြင်ရတာပါလိမ့်။ လူနာစာရင်းပေး ပြည့်နေရာမှာ နာမည်ပေးရန် ရပ်လိုက်ပါသည်။

"Medical checkup လုပ်ရင်း heart specialist နဲ့တွေ့ ဖို့ပါကွယ်"

"စာရင်းပေးထားပါသလား အန်တီ"

"ဒေါက်တာမိုးကျော်ကို phone ဆက်ထားပါတယ်ကွယ်"

"ဪ . . . ဟုတ်မယ်၊ ဒေါက်တာ့ patient လာမယ်လို့ ပြောထားပါတယ်။ ခဏလေးစောင့်ပေးပါ အန်တီ"

ခုံတွေထားထားရာနေရာမှာ စောင့်နိုင်းထားသဖြင့် ထိုင်နေ ရပါ၏။ အရေးတကြီး ' လူနာတွေကိုသာ ဦးစားပေး၍ခေါ်နေပြီး သူ့ကိုဖြင့် ပစ်ထားသလိုပါ။ နေလို့မကောင်းရသည့်ကြားထဲ စိတ်မရှည် စရာက ဖြစ်ပြီ မဟုတ်လား။ တအောင့်အကြာမှာ စာရင်းစာရွက်ကိုင် လျက် နာ့စ်တစ်ဦး ရောက်လာလေ၏။

"ကိုမင်းသုတ ရှိပါသလား"

"ဒီမှာပါ"

"ခဏနေ ဝင်လို့ရပါပြီ အန်တီ။ ဒီအခန်းကိုပါ။ ECG ရိုက်ဖို့ကို တစ်ခါတည်း လုပ်နိုင်ပါ့မလား"

"တစ်ခါတည်းဆို အဆင်ပြေတာပေါ့ကွယ်"





"လူနာ ခံနိုင်ရည်ရှိဖို့ပဲ ပိုအရေးကြီးပါတယ်ရှင်။ ကျွန်မ တို့ကင်အဆင်သင့်ဖြစ်အောင် ကြိုဆက်ထားပါ့မယ်"

"ကျေးဇူးပါပဲကွယ်"

ဆေးစစ်ရန်အတွက် မြေညီထပ်ထောင့်ဆုံးခန်းထဲ လိုက်ဝင် ခဲ့ရပါ၏။ ကိုယ့်ထက် အခြေအနေဆိုးနေသည့် လူနာတွေကြားမှာ သူထူထောင်ထောင် ဖြစ်နေပါလျက် ခေါင်းထဲမှာနောက်နောက် ဖြစ် လာရလေသည်။ အသက်ရှူရတာ မဝသလို ဆေးနံ့တွေပြည့်နေ သဖြင့် ဝေကောင်းလေသန့် မရပါလေ။ ဖေးမပြောဆို နှစ်သိမ့်မည့်သူ မရှိသဖြင့် အလိုလိုနေရင်း အားငယ်လာရပါသည်။

"ဒီဘဝတွေက ကျန်းမာရေးကောင်းနေပြီး သန်သန်မာမာ၊ သားဖြစ်သူက ဘယ်လိုဖြစ်ပြီး ချူချာနေရတာလဲ"

ပါရဂူကြီးက ရယ်ရယ်မောမောဖြင့် သူ့ကို စမ်းသပ်ပေးရင် ပြောလေ၏။ လူမမာတွေရဲ့ရောဂါကို တစ်ဝက်ခန့် သက်သာစေသည့် အပြုံးဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့။ ဒါဖြင့် ဟိုဆရာဝန်လည်း ဤသို့သောအပြုံးတွေဖြင့် 'နွေ့' ကို ဆွဲဆောင်ခဲ့ပါသလား။ နေ့စဉ် မြင်ပါများသလို ပလိပလာအပြောတွေကြားမှာ 'နွေ့' နှလုံးသားလေး ယိုင်လဲပြိုကျခဲ့တာ ထင်ပါရဲ့။

နှုတ်က မည်မျှပင် မုန်းသည်ဟု ပြောပါစေ တကယ်တမ်း မမုန်းနိုင်တာကိုတော့ သူ့ကိုယ်သူသာ အသိဆုံးပါ။ အချစ်ဦးမို့ အရှုံး

အမူးဖြင့် တုံ့နေအောင်ချစ်ခဲ့ရတာ မဟုတ်ပါလား။ လမ်းခွဲခြင်းတစ်နှ
ပြည့်ပြီးတာတောင်မှ အရိပ်လေးကို မကြာခဏဖြင့် ချောင်းကြည့်
မိတာလေ။ ရင်နင့်နင့်ခံစားချက်က ယခုထိ အနည်မထိုင်သေးပါလား

"ECG ရိုက်ဖို့နဲ့ Heart စစ်ဆေးဖို့က နှစ်လွှာကို သွားရ
မယ်။ လမ်းလျှောက်နိုင်ပါရဲ့လား။ Lift နဲ့တက်ရမှာပါ"

"ရပါတယ်"

"အပေါ်ကနေ တာဝန်ကျတဲ့နာ့စ် လာခေါ်ပါလိမ့်မယ်ရှင်
Lobby ထဲကပဲ စောင့်နေလိုက်ပါ။ အပေါ်မှာ လူနာများနေရင် အကြာ
ကြီးစောင့်နေရမှာစိုးလို့နော်"

စောင့်ရပြန်ပါပေါ့လား။ ထိုင်ခုံတွေရှိရာဆီပြန်လျှောက်လာခဲ့
ရပါ၏။ ဟိုဒီကိုလျှောက်ကြည့်ပေးနေရသဖြင့် ခေါင်းက ပို၍ မူးနောက်
လာရလေသည်။ အိမ်ကိုသာ အပြေးပြန်လိုက်ချင်တော့တာပါပဲ။ မြင်
ချင်သည့်မျက်နှာလေးကို ခဏတာလေးတောင်မှ မတွေ့ရပါချေ
ကံဆိုးခြင်းဆိုတာတွေက သူ့ထံမှာ ဘယ်အချိန်ထိ ရှိနေဦးမှာပါလိမ့်

"နှလုံးပြမယ့်လူနာတွေ အပေါ်ထပ်ကို လာလို့ရပါပြီ။ ဒုတိယ
ထပ်မှာပါ။ အခန်းနံပါတ် (206) နော်"

လာခေါ်မည်ဆိုပြီး ရောက်လာသည့်နာ့စ်က 'နွေ' မဟုတ်ပြန်
ပါချေ။ ဘယ်ဆီမှာများ ပုန်းနေတာပါလိမ့်။ မမြင်ချင်ဘူးဟု မေမေ့ကို
ပြောထားတာမို့ တမင်တကာပဲ သူ့ကိုများ ရှောင်နေတာများလား





တာဝန်ကျရာနေရာမှာ သူနာပြုဆရာမက ရှိနေရမှာပါလေ။

ဒုတိယထပ်ရှိရာဆီတက်ရန် lift ထံသို့ လျှောက်လာကြပါ
သည်။ အပေါ်ထပ်မှ ဆင်းလာသည့် lift ကိုစောင့်နေစဉ် အသံမြည်ပြီး
ရပ်လာပါသည့် lift တံခါးက ပွင့်သွားလေ၏။ အတွင်းမှ မည်သူတစ်
ဦးတစ်ယောက်မှထွက်မလာသဖြင့် သူတို့မိသားစုဝင်ရန် ခြေလှမ်းရွေ့
လိုက်ကြပါသည်။

"ဦးဦးနဲ့အန်တီ"

"ဪ . . . သမီးရှိနေတာပဲကိုး"

"ဒေါက်တာ့ဆီမှာ လူနာရှင်းနေပါပြီ"

"အေးအေး . . . သမီး"

သူ့ကို တစ်ချက်မှမကြည့်ပါဘဲ ဖေဖေတို့ကိုသာ နှုတ်ဆက်မှု
ပြုလေ၏။ ရုတ်တရက်မို့ ရင်ထိတ်သွားရသလို ရင်ခုန်ခြင်းတို့က
ပို၍ စိတ်လာလေတော့သည်။ ဟိုးအရင်တုန်းကလို အပြုံးချိုချိုလေး
တွေနှင့် သူ့လက်မောင်းကို တွဲမခေါ်တော့ပါလား။ ဓာတ်လှေကား
ငြိမ့်ခနဲတက်စဉ် သူ့ခေါင်းထဲ မိုက်ခနဲဖြစ်သွားရလေ၏။

"ဟယ်!"

ယိုင်ခနဲဖြစ်သွားပါသည့် သူ့လက်မောင်းကို ထိန်းပေးလိုက်
သည်က 'နွေ' ရယ်ပါ။ မူးသွားမှန်းသိလို့ သတိရှိသည့် 'နွေ' က
ထိန်းပေးတာပါလား။ အရုပ်ကြိုးပြတ်လဲကျသွားချင်ပေမယ့် စိတ်ကို

မနည်းတင်ထားရပါသည်။ နားနားသို့ တိုး၍ ခပ်တိုးတိုးပြောလိုက်သည်ကိုလည်း သူ သေချာမကြားလိုက်ပါလေ။

"ခုံမှာ ခဏနားနိုင်းလိုက်ပါ အန်တီ၊ သူ မူးနေပြီ"

Lift ထဲမှ ထွက်ထွက်ချင်း အနီးဆုံးခုံတန်းမှာ သူ့ကို ထိုင်ထိုင်ခိုင်းလေ၏။ အနီးမှထွက်ရန် ပြင်လိုက်ပါသည့် 'နွေ့' လက်ကောက်ဝတ်နေရာကို သူ ဖမ်းဆုပ်ထားလိုက်မိ၏။ လွတ်ထွက်သွားမည်စိုး၍ ခပ်တင်းတင်းဆုပ်ကိုင်ထားတာပါ။

"အမူးပြေအောင်လို့ ရှူဆေးဖြစ်ဖြစ် ပရုတ်ဆီဖြစ်ဖြစ် သွားယူမလို့ပါ"

"ဟင့်အင်း"

"ခါးကို အတင်းကြီးကုန်းမထားနဲ့လေ။ မတ်မတ်နေ အသက်ရှူရလွယ်မှာပေါ့။ လေကို ဖြည်းဖြည်းနဲ့မှန်မှန်လေးရှူသွင်း ရှည်ရှည်လေး ရှူထုတ်နော်၊ ဟုတ်ပြီ"

ဘာကြီးလဲ လူမမာမို့ စေတနာထားပြီး တယုတယပြုစုနေတာများလား။ ကျစ်ဆံမြီးကျစ်၍ ထုံးထားပါသည့် ဆံထုံးထက်မှ ခရေပန်းရနံ့ကြောင့် သူ ခေါင်းမူးသက်သာလာရပါ၏။ မျက်စိမှိတ်ထားပေမယ့် 'နွေ' က သူနှင့်အနီးဆုံးမှာ ရှိနေမှန်း သိနေရပါသည်။ ဤသို့ ဖမ်းဆုပ်ခြင်းအခွင့်က သူ့ထံမှ ရှိနိုင်ပါတော့မလား။ မသေချာ မရေရာပါလေ။





"ကိုမင်းသုတ"

စိမ်းသက်သည့်ခေါ်သံကြောင့် မျက်စိကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်မိလေ၏။ တည်ငြိမ်လွန်းပါသည့်အကြည့်တွေထဲမှာ ချစ်ခြင်းတို့ကို အရိပ်လေးသော်မျှ မတွေ့ရတော့ပါလေ။ တကယ်ပဲ အေးစက်သွားပြီလား။ လမ်းခွဲနှုတ်ဆက်ခြင်းက တစ်သက်တာအတွက် အပြီးအပိုင်ပဲလား 'နွေပန်းချီ'။

"သက်သာရင် ဝင်ရအောင်"

"မပြတော့ဘူး"

"သားကလည်းကွာ၊ ရောက်လာပြီးမှ"

"ပြန်တော့မယ် ဖေဖေ၊ ပြန်ချင်ပြီ"

"ကျွန်မကြောင့်လား"

"----"

"အဲဒါဆို ဖူးငုံဆီ duty လွှဲပေးလိုက်ပါ့မယ်ရှင်။ ဦးဦးတို့ကို အားနာပါတယ်"

"မဟုတ်တာ သမီးရယ်၊ သမီးကမှ ပင်ပန်းရတာပါ"

"သား သုတ"

မျက်နှာကို လက်ဝါးဖြင့် အုပ်ထားမိသဖြင့် ဖေဖေက သူ့ပခုံးကို အသာဖိပြီး သတိပေးနေပါ၏။ ပွင့်ပွင့်လင်းလင်းပြောပြီးကို ရှောင်ပြတော့မယ်ပေါ့။ ဖေဖေနဲ့မေမေမျက်နှာကြောင့်သာ မကောင်းတတ်၍

လာတွေ့တာမျိုးပေါ့လေ။ ဒါဖြင့် ဘာများဆက်ပြစရာလိုတော့မှာပါလဲ။ ဆေးမသောက် ဆေးမထိုးဘဲ ဒီရောဂါကို ပစ်ထားလိုက်ရုံနဲ့ မြန်မြန် သေဖို့ပဲကျန်တော့တာပါလေ။

သေတော့ 'မင်းသုတ' ရေ။

''ဒီမျက်ရည်က ကျပြန်ပြီလား။ ငါ့သားကတော့ကွာ။ မေမေ တောင် နှလုံးအားနည်းပြီး ဆေးသောက်ရုံနဲ့ သက်သာနေပြီပဲဟာ။ ဘာများ စိတ်ပူနေရတာလဲ''

''ဟုတ်သားပဲ သားရယ်။ ဒီလောက်ကြီး စိတ်ကိုလျှော့မထား နဲ့လေ။ စိတ်ကလည်း ပျော့လိုက်တာ''

''ရောက်လာပြီးမှတော့ ပြဖြစ်အောင်ပြသွားစေချင်ပါတယ် အန်တီ။ ပြီးတော့ အိမ်မှာလည်း ပြုစုနေရတာ အန်တီပင်ပန်းလွန်းနေ ပြီ၊ ဒါကြောင့် ဒီမှာ တစ်ပတ်လောက်ပဲဖြစ်ဖြစ် ဆေးရုံတင်ပြီး နားနိုင် မလားလို့ နွေ special room ကြိုမှာထားသေးတယ်''

''ဆေးရုံတင်ဖို့ လိုလို့လား သမီး''

''စိတ်ရောကိုယ်ပါ ပင်ပန်းနေလို့ နားစေချင်လို့ပါ အန်တီ''

''သမီးအဆင်ပြေသလိုသာ လုပ်ပေးပါကွယ်''

''ECG အရင် ရိုက်မယ်နော်၊ ကြိုးစားပြီးထပါ''

လက်မောင်းကို တွဲထူနေပြီမို့ မထချင်သေးပါပဲ သူ ထရပ် လိုက်ရပါ၏။ တကယ်ပင် မျက်ရည်ဝဲနေတာမို့ 'နွေ' က ရင်ဘတ်မှာ





အသာထိုးထားပါသည့် လက်ကိုင်ပဝါကို သူ့လက်ထဲသို့ ထည့်ပေး လေသည်။ သူမ မယူဘဲ လက်ကိုရှောင်လိုက်တာမို့ မျက်နှာရဲသွား လေ၏။ အရှက်ရသွားစေပါသလား။

''အသက်ကို ပြင်းပြင်းရှူပြီး ထုတ်ပါ''

ခုတင်ထက်မှာ လှဲလျက် ရှပ်အကျႌကြယ်သီးတို့ကို ဖြုတ်၍ Gel သုတ်ပေးကာ စက်ပစ္စည်းတွေ တပ်လိုက်လေ၏။ စက်မှာပေါ်လာ သည့် မျဉ်းတံတို့ကို လှမ်းကြည့်ရင်း 'နွေ' ပါးစပ်ဟသွားတာကို သူ သတိထားလိုက်မိပါသည်။ စစ်ဆေးပေးသည့် နာ့စ်က ဘာမှမပြောပါ ဘဲ စိုးရိမ်တကြီးဖြစ်သွားသည့် မျက်ဝန်းတို့ကို အထင်းသားမြင်နေရ တာပါလေ။

''မျိုးရိုးရှိလို့လား''

''အင်း''

''တစ်ပတ် နှစ်ပတ်လောက် နေရမယ်ထင်တယ်''

''နွေလည်းထင်လို့ room ကြိုမှာထားပြီးပါပြီ''

''အဆင်ပြေသွားတာပေါ့''

နှစ်ဦးသား ခပ်တိုးတိုးဖြင့် တိုင်ပင်ဟန်မျိုး ပြောနေကြတာ ပါ။ Tissue နှင့်ရော ဂွမ်းနှင့်ပါ သူ့ရင်ဘတ်ပေနေတာကို သေချာသုတ် ပေးပြီးမှ ကြယ်သီးပြန်တပ်ပေးလေ၏။ ပခုံးမှပင့်ထူကာ ထိုင်ခိုင်းသည် ကိုလည်း 'နွေ' ကပင် လုပ်ပေးသွားတာပါ။

"အန်တီတို့ ပြန်ပါတော့နော်"

"သားအတွက် ဘာမှမပါသေးဘူး သမီးရယ်"

"ဒီမှာက ဆေးရုံဝတ်စုံတွေ ရှိပါတယ် အန်တီ၊ ဘာမှ မလိုပါဘူး"

"သားက ဘာအစာမှမစားဖြစ်ဘူး သမီးရယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ သူစားချင်တာကို နွေကိုယ်တိုင် လုပ်ပေးပါ့မယ်။ ဒီညနေ မလာလည်း ရပါတယ်။ ဝယ်လာချင်ရင်တော့ သစ်သီးတို့ မုန့်တို့ပဲ ဝယ်လာပေးပါ"

"အခန်းခ"

"ဆေးကုသခပဲပေးခဲ့ပါ အန်တီ၊ အခန်းခက ဆေးရုံဆင်းမှပဲ ပေးလို့ရပါတယ်"

"Nurse နဲ့လူနာစောင့်ဖို့"

"အဲဒါလည်း မပူပါနဲ့ အန်တီ။ နွေနဲ့သူငယ်ချင်းတွေ မကြာခဏ လူလဲပြီး စောင့်ကြည့်ပေးမှာပါ။ ဦးဦးတို့ ပင်ပန်းလှပါပြီ၊ အိမ်ပြန် ပြီးနားပါတော့။ လိုအပ်တာရှိရင် နွေပဲ phone ဆက်ပြောပါ့မယ်"

"ဆေးတွေ, ဘာတွေ ဝယ်ဖို့က"

"ကောင်တာမှာ bill ဖွင့်ထားပြီး ဝယ်ပေးလို့ရပါတယ် အန်တီ။ နောက်မှ ပေါင်းရှင်းလိုက်ပါ၊ အဆင်ပြေစေရပါမယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ်"





Special Room မှာထားပါသည့်အဆောင်ဆီ သူ့ကိုခေါ်ခဲ့ပါ၏။ လမ်းမလျှောက်စေတော့ဘဲ wheel chair ဖြင့်တင်၍ တွန်းခဲ့ တာမို့ အမောမခံရတော့ပါ။ ဖြူဖွေးသန့်စင်နေပါသည့် ဆေးရုံခုတင် ထက် အဝတ်အစားလဲကာ သူ လှဲလိုက်ရလေ၏။ သက်သောင့်သက် သာနေမည်ကြံမိစဉ် သူ့ကို နှလုံးလာစစ်ပေးသည့် ဆရာဝန်က 'ဒေါက်တာမိုးဝသန်' ဖြစ်နေလေတော့သည်။

❋ ❋ ❋

# အခန်း (၂၃)

ခုတင်ထက် ဖြူဖျော့စွာ လျောင်းမှေးစက်နေသည့် 'မောင့်' ကို ကျွန်မ ငေးကြည့်နေမိပါ၏။ ဒီရက်ပိုင်းအတွင်း ဤမျှ ပိန်ကျသွားလိမ့်မည်ဟု ထင်မထားခဲ့မိပါ။ ကျွန်မကိုမုန်းသည်ဟု ပြောခဲ့ပါလျက် မေ့မပစ်နိုင်ဘဲ ယခုချိန်ထိ ခံစားနေရတုန်းပဲလား။ စေ့စပ်ဖို့ကိစ္စ ပျက်သွားပြီမဟု 'အန်တီဆွေ' ပြောတာမို့ 'မောင့်' ကို စိတ်ရောကိုယ်ပါ ကောင်းကောင်း အနားယူစေချင်ပါသည်။

ရင်ဘတ်မှာလည်း ကြိုးတန်းလန်းတပ်ထားသလို လက်ညှိုးမှာလည်း စက်ကလစ်ဖြင့် တပ်ပေးထားပါသည့် ပင်မတိုင်းတာစက်မှ တတီတီမြည်ပြီး လှိုင်းတွန့်တို့က ကြိမ်နှုန်းမမှန်ပါဘဲ သွားနေလေ၏။ Drip တွေ လာသွင်းလိုက်၊ ဆေးတွေလာထိုးလိုက်ဖြင့် 'မောင့်'





လက်မောင်းနှင့် ခန္ဓာကိုယ်ထက် အစ်ပေါက်ရာတို့က ပုံ့နှံ့နေကုန်လေပြီ။ မညှပ်ဖြစ်ဘဲ ရှိနေပါသည့် ဆံပင်တို့က အနည်းငယ်မျှ ရှည်နေသလို မျက်နှာထက်မှာလည်း မွေးညှင်းတို့ ထိုးထိုးထောင်ထောင် ထွက်နေသဖြင့် လူက လန်းဆန်းမှု မရှိပါဘဲ ထိုင်းမှိုင်းနေသည့်နှယ်ပါလေ။

ဒါ ကျွန်မသိပ်ချစ်ခဲ့ရပါသည့် ကျွန်မ၏ 'မောင်' တဲ့လား။ ဘယ်လိုမှ မယုံကြည်ချင်စရာရုပ်က ပြောင်းလဲသွားတာပါလေ။ ကျန်းမာသန်စွမ်းခဲ့ပါသည့် လူငယ်လေးက ဘာကြောင့် ဘာ့အတွက်နှင့် နလုံးမကောင်းသည့် လူမမာဘဝကို ရောက်သွားရတာပါလိမ့်။ နောက်ဆုံးတော့ အဓိကတရားခံက ကျွန်မဆိုသည့် 'နွေပန်းချို' သာ ဖြစ်တာ မဟုတ်ပါလား။

"နွေ"

ပါးပြင်ထက် ပေနေပါသည့် မျက်ရည်တို့ကို အမြန်သုတ်လိုက်မိပါ၏။ Duty လဲပေးရန် ရောက်လာသည့် ဖူးငုံက မြင်ပေမယ့် အလိုက်တသိဖြင့် မမြင်ယောင်ဆောင်ပေးတာမို့ ကျေးဇူးတင်မိတာပါ။ ဒီလူမမာနားမှာ နေ့နေ့ညည စိုးရိမ်တကြီး စောင့်ကြည့်ပေးနေမှတော့ သူ ဘယ်သူဘယ်ဝါဆိုတာ ကျွန်မနှင့် ဘယ်လိုပတ်သက်မည်ဆိုတာကိုလည်း ရိပ်မိကုန်ကြတာပါလေ။

"အိမ်ပြန်မယ်ဆို"

''အင်း . . . ခဏတော့ပြန်ရမယ်။ ရေမိုးချိုး ချက်ပြုတ်ပြီးရင် ပြန်လာမှာပါ''

''အိပ်ချိန်နဲ့ အနားယူဖို့လည်းပေးဦးမှပေါ့ နွေ။ တော်ကြာ သူနာပြုပါ လဲသွားမှ အကုန်ဒုက္ခရောက်ကုန်မယ်''

''ညဘက် စောင့်ပေးရင်း အိပ်ဖြစ်ပါတယ် ဖူးငုံရယ်''

''ဒီတိုင်း ခုံမှာမှေးရတာ သက်သောင့်သက်သာ ဘယ်ရှိပါ့မလဲ''

ဘာမှပြန်မပြောဖြစ်ပါ။ မနက်အစောကြီး (၆) နာရီခန့်သာ ရှိသေးသဖြင့် အပြင်မှာ အရုဏ်ဦးအလင်းပြပြသာ မြင်နေရပါသည်။ ညဘက် ကောင်းကောင်းအိပ်ပျော်စေရန် အိပ်ဆေးထည့်ပေးထားတာမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံက ပီဘိ ကလေးလေးနှယ်ပါ။ နဖူးထက် ဖုံးသလိုဖြစ်နေပါသည့် ဆံစတို့ကို အသာလေးဖယ်ပေးလိုက်မိပါ၏။ သနားလိုက်တာ 'မောင်' ရယ်။

''ဘာလဲ . . . သနားနေပြန်ပြီလား''

''ရှူး! . . . တိုးတိုးပြော''

''မနိုးသေးပါဘူးဟယ်။ ဖူးငုံဖြင့် လူမမာထက် နော့်စ်ကို ပိုသနားသေးတယ်၊ အိပ်နေရင်သာ နားအေးပါးအေးရှိတာ၊ နိုးလာတာနဲ့ ဘယ်လောက် ဂျီကျော်ကျလိုက်သလဲ။ ဆေးတိုက်တာပဲဖြစ်ဖြစ် အစားအသောက်ကျွေးတာပဲဖြစ်ဖြစ် နွေရှိမှတဲ့။ မျက်စိဖွင့်လိုက်တာနဲ့





သသားကလေးလို မျက်လုံးဝေ့ပြီးရှာပါပြီ။ မတွေ့လို့ကတော့ သောင်းကျန်းပြပါလိမ့်မည်။ ဘုရားစူး နလုံးရောဂါသည်ပဲ။ လူမမာဖြစ်နေလို့သာ သည်းခံပေးနေရတာ။ အတော့်ကို မြင်ပြင်းကပ်တယ် အဟုတ်ပဲ''

နှမ်းလျစွာ ပြုံးဖြစ်လေ၏။ ကလေးလိုပဲ သောင်းကျန်းသတဲ့လား။ ကျွန်မရှိနေရင်တော့ ဘာမှမပြောပါဘဲ နှုတ်ဆိတ်ပြီး ငြိမ်နေတာပါလေ။ အရင်လို မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောဆို နှင်ထုတ်ပါက ရှောင်ပေးဖို့စဉ်းစားဖြစ်ပေမယ့် အခုလို မျက်စိရှေ့ထားပြီး ဥပေက္ခာပြုထားတာက ကျွန်မရင်ကို ပိုပြီးနာကျင်စေရတာပါလေ။ အခုတော့လည်း ဟိုအရင် သံယောဇဉ်တွေကိုမေ့ထားပြီး သူစိမ်းတွေလို ခပ်စိမ်းစိမ်းနေကြတာပေါ့နော်။

''နွေ့ကြောင့် သူ အခုလိုဖြစ်ရတာပါ''

''ဘယ်လို''

''နွေသာ နွေသာ သူ့ကိုမထားခဲ့ရင် ဒီလိုစိတ်လိုက်မာန်ပါနဲ့ ဖြစ်ချင်ရာဖြစ် လုပ်ချင်ရာလုပ်နဲ့ သူ ထိခိုက်ဖို့အကြောင်း ဘာမှမရှိဘူးလေ။ လူလိမ္မာလေးကို လူဆိုးလေးဖြစ်အောင် လုပ်မိတဲ့တရားခံက နွေပါ။ ကံကြမ္မာက နွေ့အပေါ် တစ်ကြိမ်တစ်ခါလေးတောင်မှ မျက်နှာသာမပေးခဲ့ဘူးလေ''

''နွေ သူ့ကိုချစ်နေတုန်းပဲပေါ့၊ ဟုတ်လား''

ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်ပါ၏။ သို့သော် ကိုယ့်ကို

မုန်းသည်ဟု ခါးခါးသီးသီး ရေရွတ်ခဲ့ပါသည့် လူအနားမှာ ကျွန်မ
မည်သို့သော မျက်နှာနှင့် ဆက်ရှိနေလို့ ရနိုင်ပါမည်နည်း။ အချစ်နှင့်
အမုန်းဟူသည်က ဒင်္ဂါးပြားနှယ် ကျောချင်းကပ်အနေအထားမို့ ပြန်
ဆန်သည့်ပြောင်းလဲခြင်းတို့နှင့် အခြေအနေကို ခြားနားစေခဲ့တာလေ။

"သူက ... သူက နွေ့ကို မုန်းတယ်တဲ့"

လေသံတုန်သွားတာမို့ ငိုချင်စိတ်ဖြစ်လာပြန်ပြီမှန်း သိသာ
တော့မှာပါ။ မျက်ရည်တွေ ကုန်ခမ်းခဲ့ပြီဟု ထင်မှတ်ထားပါလျက်
ဘယ်လိုဖြစ်ပြီး ဒီမျက်ရည်တွေက ရင်ထဲကိုရောက်လာပြန်ရတာပါလိမ့်။
'မောင်' မမြင်ချင်တဲ့ ကျွန်မကို ဒီမှာ ဆေးလာကုရင်း နွေ့စဉ်မြင်နေရ
လို့ ရင်ထဲပိုနာကျင်နေရပြီလား။ အဝေးဆုံးကို ထွက်ပြေးသွားချင်ပေ
မယ့် နှလုံးသားဆိုတာ ညာလို့မရမှန်း 'မောင်' သိနေမှာပါနော်။

"မုန်းတဲ့လူက နွေ့ရှိမှလို့ ပြောနေမလား"

"ဒီမှာသိတာ နွေ့တစ်ယောက်ပဲ ရှိနေလို့ ဖြစ်မှာပါကွယ်"

"မောတယ်နော် မောတယ်၊ မြင်ရတဲ့လူတောင် ရင်ထဲ မချို
ဘူး"

ပြောအားရှိမှာပေါ့လေ။ ကာယကံရှင်မှ မဟုတ်တာကိုး။
ဦးဦးနှင့်အန်တီက ကျွန်မအပေါ် မည်မျှပင်ကြည်ဖြူနေပါစေ သူ့ရင်
ထဲမှာ ဒဏ်ရာရစေခဲ့သည့် ကျွန်မက ကိုယ့်လိပ်ပြာကိုယ်မသန့်တော့
ပြီ။ 'ဘယ်သူမပြု မိမိမှု' ဟု ဆိုရိုးရှိခဲ့တာ မဟုတ်ပါလား။





"ဘာပဲဖြစ်ဖြစ် နွေ့ချစ်နေတာကို သူ့ကိုသိစေချင်တာ ဖူးငုံရဲ့
တနာပါ။ ဘေးလူကမြင်ပြီး အသည်းယားလွန်းလို့"

"နွေ့ သူ့ကိုချစ်ဖို့ မထိုက်တန်ပါဘူးကွယ်"

"ဘာရယ်"

"ဟုတ်တယ်၊ နွေ့ပေးခဲ့ဖူးတဲ့အချစ်တွေက အဆိပ်တွေ
အဖြစ် ပြောင်းသွားပြီး သူ အခုလိုဖြစ်သွားတာ မျက်မြင်ပဲမဟုတ်လား။
ဒါကြောင့် နောက်ထပ်ချစ်ဖို့ သတ္တိတွေ၊ ခွန်အားတွေ ဘာဆို ဘာမှ
မရှိတော့ပါဘူး"

"ဖြစ်ရလေ နွေ့ရယ်"

Special Room ရှေ့မှာ တံခါးအသာဖွင့်မိစဉ် ကြားလိုက်
ရသည့် စကားတို့ကြောင့် သူ ခြေစုံရပ်ထားလိုက်မိပါ၏။ 'မင်းသုတ'
နှင့် 'နွေ့ပန်းချို' တို့၏ လွမ်းမောဖွယ်ရာ အတိတ်က ဒဏ္ဍာရီဆန်ဆန်
ဖြစ်ခဲ့တာပါလား။ အချစ်အကြောင်းတွေပြောဖို့ မရဲခဲ့သည့် 'နွေ့' က
သူ့ကွယ်ရာတစ်နေရာမှာ ရင်ဖွင့်ညည်းပြနေတာပါလေ။

ချစ်သူတွေတဲ့လား 'နွေ့'။ ပြောတော့ဖြင့် အိမ်နီးချင်းဆို။
ဒီတောက်ပန်းတွေ ပွေ့ပိုက်ပြီးရောက်လာပါသည့် လူ၏အကြည့်။
သူနှင့်နွေ့ကို မြင်သွားစဉ် ပြောင်းလဲသွားရပါသည့် မျက်လုံးများ။
အဲဒီနောက် ပန်းတွေကို ပစ်ချပြီးလှည့်ထွက်သွားပါသည့်မြင်ကွင်းကို
သူ မကြာခဏ မြင်ယောင်နေမိတာပါ။

မဟုတ်လောက်ပါဘူးလေဆိုပြီး ပေါ့ပေါ့လေး တွေးထားသည့် မျှော်လင့်ခြင်းတို့က ရုတ်ချည်းလွင့်စဉ်ကုန်တော့တာပါ။ ဤလူငယ်လေးက 'နွေ' ၏ ချစ်ခြင်းတို့ကို စုပုံပြီး ရရှိပိုင်ဆိုင်ထားတဲ့လား။ အလွမ်းတို့ဖြင့် မှုန်မှိုင်းနေခဲ့ရသည့် မျက်နှာထက်မှာ မျက်ရည်တို့ ရစ်ဝိုင်းလာခဲ့သလို စိုးရိမ်ပူပန်မှုတွေ ဖြစ်လာရသည်က 'မင်းသုံတ' ကြောင့်တဲ့လား။

နေ့ရောညပါ special nurse ထားပေးနိုင်ပါလျက် စိတ်မချနိုင်ဘဲ 'နွေ' ကိုယ်တိုင် အချိန်ပြည့်စောင့်ပေးခဲ့တာလေ။ နေ့ဘက်မှာလည်း မရှောင်နိုင်၊ ညဘက်မှာလည်း မအိပ်နိုင်ဘဲ အရိပ်တကြည့်ကြည့်ဖြင့် စောင့်ကြည့်ပြုစုပေးနေပုံက ဘေးပတ်ဝန်းကျင်ရှိလူကို ရင်ပိုမောစေတာ 'နွေ' မသိဘူးတဲ့လား။

ကိုယ်ချစ်နေပါလျက် ကိုယ်စိတ်ဝင်စားနေမှန်းသိပါလျက်နှင့် မည်သို့မျှ မတုံ့ပြန်ပါဘဲ ငူငူငိုင်ငိုင်လေး ဖြစ်နေတတ်တာက ဒီလူငယ်လေးကြောင့်တဲ့လားကွယ်။ အချစ်ဆိုတာ သူချစ်ကိုယ်ချစ်ဆိုပြီး နှစ်ဦးနှစ်ဖက် ပေးယူရှိမှ ဖြစ်နိုင်သလို တစ်ဖက်လူမသိအောင် တိတ်တိတ်လေး စောင့်ကြည့်ပြီး ချစ်တဲ့ တစ်ဖက်သတ်ချစ်ခြင်းကလည်း အချစ်ပါပဲ 'နွေ'။

''နွေခဏပြန်ဦးမယ်''

''အင်း ... အင်း''





တံခါးဝဆီလျှောက်လာသည့် 'နွေ' က မတ်တပ်ရပ်လျက်သားရှိနေပါသည့် သူ့ကိုမြင်သွားလေ၏။ ခပ်အမ်းအမ်းမျက်နှာဖြင့် သူ ဘာပြောရမည်ကို ချက်ချင်းမစဉ်းစားနိုင်ပါ။ Night duty ထွက်ပြီမို့ အိမ်ပြန်ဖို့ 'နွေ့' ကိုလာခေါ်တာကိုတော့ သိနေပါသည်။

''နွေ''

''ဒေါက်တာပြန်တော့မလို့လား''

''ဟုတ်တယ်၊ နွေ့ကို လမ်းကြုံဝင်ပို့ပေးမလားလို့ပါ''

''နွေ စက်ဘီးပါလာပါတယ် ဒေါက်တာ''

''အိပ်ရေးပျက်ထားတာ စီးလို့ဖြစ်ပါ့မလား။ ပြီးတော့ ဒီရက်ပိုင်း မိုးစရွာတော့မယ်လို့ သတင်းကြားတယ်''

''စက်ဘီးနဲ့က ပိုအဆင်ပြေတာမို့ပါ ဒေါက်တာ။ အိမ်မှာ ခဏလောက်ပဲနေဖြစ်ပြီး ဒီကိုပြန်လာရတာ မြန်ဖို့လိုတယ်လေ''

''ပင်ပန်းလိုက်တာ နွေရယ်''

''မပင်ပန်းပါဘူးရှင်၊ ဒါ နွေ့ရဲ့တာဝန်ပါပဲ''

တာဝန်တဲ့လား။ အဲဒီထဲမှာ မေတ္တာတွေ၊ ကရုဏာတွေ၊ စေတနာတွေ၊ အနစ်နာတွေ၊ သနားညှာတာမှုအားလုံး ပျော်ဝင်နေတာကိုတော့ မသိစေချင်ဘူးတဲ့လား 'နွေ'။ အချစ်က အရာရာကို မေ့လျော့စေသလို 'နွေ' လည်း ကိုယ်ဆိုတဲ့အရိပ်ကြည့်လူကို ဘေးမှာထားပြီး မေ့နေသလိုပါပဲလား။

"Day တွေ Night တွေ စောင့်ပေးရလောက်အောင်
အရေးကြီးလူနာမှ မဟုတ်တာ"

"မှန်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ နွေ့အတွက်တော့ သူက
အရေးကြီးပါတယ်"

"သူက"

မေးမည်ဟု ပြင်လိုက်မိပေမယ့် သူ မမေးဝံ့ပါလေ။ 'နွေ့
ချစ်သူပါ'ဟု ပြောချလိုက်မှ သူ ရင်ကွဲပက်လက် ဖြစ်တော့မှာမဟုတ်
လား။ နှစ်ယောက်သား ဆေးရုံထဲမှ ထွက်လာသည့်အထိ စကားမပြော
ဖြစ်တော့ပါချေ။ သူ့ကားကိုယူပြီး ထွက်ခဲ့စဉ် 'နွေ့' သည်လည်း
စက်ဘီးနီနီလေးကို တွန်း၍ ထွက်လာလေတော့၏။

❋

အသံတွေတိတ်ဆိတ်သွားလေမှ မှိတ်ထားသည့်မျက်လုံး
သူ အသာဖွင့်ကြည့်လိုက်ပါသည်။ စောစောက စောင့်နေပါသည့်
နွေ့စ်က Toilet ဝင်သွားသဖြင့် အခန်းထဲမှာ သူတစ်ယောက်တည်း
ဖြစ်နေလေ၏။ အိပ်ဆေးမပြယ်သေး၍ သူ မနိုးလောက်သေးဘူး
အထင်ဖြင့် မိန်းမချင်း ခပ်တိုးတိုးရင်ဖွင့်သံကို သူ အတိုင်းသား
ကြားနေရတာပါ။ 'နွေ့' နှင့် စပြီးချစ်ကြကတည်းက မနက်တိုင်း





(၆) နာရီဆို သူ နိုးလေ့ရှိတာကို မေ့နေပြီထင်ပါရဲ့။

မထိုက်တန်လို့တဲ့လား။ 'နွေ့' ပေးခဲ့ဖူးတဲ့ အချစ်တွေက
အဆိပ်တွေဖြစ်သွားခဲ့တယ်ပေါ့နော်။ မှန်ပါတယ်၊ 'နွေ့' ကြောင့်
သူ တကယ်သေခဲ့ရတာပါလေ။ မချစ်တော့လို့ မဟုတ်ဘူးပေါ့။ ချစ်
လျက်နှင့် သူမုန်းသည်ဟု ပြောခဲ့တာကို အမှန်ဟုယူဆသတ်မှတ်ထား
တာတဲ့လား။

တကယ်ဆို 'မောင်' တို့နှစ်ယောက်က နီးနီးလေးရှိနေတာပါ
'နွေ့'။ 'မောင့်' ဘက်ကပဲ တစ်လှမ်းတိုးတိုး၊ ဒါမှမဟုတ် 'နွေ့' ဘက်
ကပဲတစ်လှမ်းရွေ့ရွေ့ အတူတူကပ်လိုက်တာနဲ့ 'မောင်' တို့နှလုံးသား
ချင်း နီးသွားမှာအမှန်ပါ။ မုန်းတယ်ဆိုတိုင်း အမှန်လို့ ထင်နေသလား။
မမြင်ချင်ဘူးဆိုတာနှင့် ရှောင်ပုန်းချင်ရတာပဲလား 'နွေ့'။

"ဟောတော်! နိုးပြီလား။ Breakfast စားဖို့ cleaning
လုပ်ပေးရမယ်"

"ဘာမှမစားချင်ဘူး"

"ရှင်, ဆေးသောက်ရမှာမို့ ဘာအစားမှမကျိုး [illegible]
နွားနို့ပဲဖြစ်ဖြစ် သောက်ရမယ်"

"မသောက်ချင်ပါဘူး"

"တွေ့လား၊ အဲဒါတွေကြောင့် ခက်တာ။ ရှင်ဟာလေ
အတော့်ကို ဂျီကျောင်များတဲ့လူပဲ၊ ပြောရတာအရမ်းခက်တယ်"

''နာဦးတယ် ပွစိပွစိနဲ့''

''ကြည့်! ... ဘာလဲ နွေလာမှလို့ ပြောဦးမှာမဟုတ်လား''

''သိရင်ပြီးတာပဲ''

''ဒီပုံစံနဲ့ ရှင်က လူနေကောင်းသွားပြီး ကျွန်မတို့နွေက ပင်ပန်းပြီး လုံးပါးပါးတော့မယ်ရှင့် သိရဲ့လား''

''စကားကို ကြည့်ပြောပါ။ နွေ့ကို ခင်ဗျားမပိုင်ပါဘူး''

နာ့စ်က သူ့ကို မျက်လုံးပြူး၍ ကြည့်လိုက်လေ၏။ အတော် လည်း အံ့ဩသွားပုံရပါသည်။ လေသံပျော့ပျော့လေးသာထွက်သည် လူမဟာက 'ကျွန်မတို့နွေ' ဟု သုံးလိုက်မိတာနှင့် လေသံမာပြီး ပြော အောင် မည်သို့သော အားတွေများရလို့ပါလိမ့်။

❋ ❋ ❋



# အခန်း (၂၄)

အခန်းတံခါးပွင့်သွားသဖြင့် မျှော်လင့်တကြီးဖြင့် သူ လှမ်း ကြည့်လိုက်မိ၏။ မျှော်နေသည့် 'နွေ' မဟုတ်ပါဘဲ ဝင်လာသည်က 'မျက်ဝန်း' ဖြစ်နေလေသည်။ အဆက်အသွယ်မလုပ်တော့တာတောင်မှ မျက်နှာပြောင်တိုက်ပြီး ဒီကိုလာဝံ့တာ အံ့ဩမိပါရဲ့။

''နေလို့သက်သာရဲ့လားဟင်''

''နင့်ကိုမြင်လို့ ပိုဆိုးသွားတယ်''

''သုတကလည်း''

''ဘာလာလုပ်တာလဲ၊ အလုပ်ဖွင့်ရက်ကြီး မသွားဘူးလား။ နင်အပျင်းကြီးပုံနဲ့ နင့်ဒက်ဒီ ဒေဝါလီခံသွားရလိမ့်မယ်''

''မှိုချိုး မျှစ်ချိုးပြောရလား။ ဒက်ဒီတို့လည်း ပါလာတယ်''

"ငါသေပြီလားလို့ လာကြည့်တာလား"

"ပြောပြန်ပြီ မဟုတ်တာတွေ"

လူနာသတင်းမေးလာကြတာက အကြောင်းမဟုတ်ပါ။ အခန်းမှာ စောင့်ကြည့်ပေးနေပါသည် 'နွေ' သာရောက်လာ မျက်နှာပူစရာတွေ ဖြစ်တော့မှာလေ။ 'နွေ့' အပေါ် စိတ်တိုင်း စော်ကားခဲ့ပါသည့် 'မျက်ဝန်းညို' တို့သားအမိက 'နွေ့' ကို မည် ပြောကြဦးမည်နည်း။ ဒီတစ်ခါတော့ သူ သည်းခံပြီးငြိမ်နေ မဟုတ်ပါလေ။

"Morning! သား၊ သားမေမေတို့ အောက်မှာရောက် ပြီ။ ဆေးရုံဆင်းရတော့မယ်ဆို"

"ဟုတ်ကဲ့"

"လောလောဆယ် အလုပ်ပြန်မဆင်းသေးဘဲ အားရှိအော နားလိုက်ပါ"

"ဆရာဝန်ကလည်း နားဖို့မှာထားပါတယ် အန်ကယ်"

"အန်ကယ်ဦးနေလင်း" က ဟန်မပျက် လာ၍ နှုတ်ဆ လေ၏။ ဘာမှသိမထားဘူးလား။ သူတို့ Engage ကိစ္စကို မေ အပြီးဖြတ်မည်ဟု ပြောခဲ့ပါလျက် သူငယ်ချင်းသံယောဇဉ်ဖြင့် စိတ်ပျေ ပြန်ပြီထင်ပါရဲ့။ သူ့မေမေက စိတ်ပျော့သည့် အမျိုးသမီးမို့ ဒီ သားလေးကို မွေးမိခဲ့ရတာပါလေ။





"ဘာဝယ်လာရမှန်းမသိတာနဲ့ တွေ့တာတွေ ဝယ်လာပေးတာပဲ"

"ဝယ်လာပေးလို့ ယူထားလိုက်ပါ့မယ်။ ဒါပေမဲ့ နောက်တစ်ခါ ဘာမှမဝယ်လာပါနဲ့"

'မျက်ဝန်းညို' မျက်နှာမကောင်းပါလေ။ သူချစ်သူကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ပါသည့် သူငယ်ချင်းကို မုန်းတီးစက်ဆုပ်မိတာမှန်ပေမယ့် အန်ကယ်တို့မျက်နှာကြောင့် စိတ်ကိုလျှော့ထားရတာပါ။ ပြီးတော့ သူ့ကို စိတ်သိပ်မလှုပ်ရှားမိစေဖို့ ဆရာဝန်ညွှန်ကြားထားသည် မဟုတ်ပါလား။

"ဘာပဲဖြစ်ဖြစ် မျက်ဝန်းတို့က သူငယ်ချင်းတွေပါ သုတရယ်"

"အဲဒီအဆင့်နဲ့သာ တင်းတိမ်တတ်ခဲ့ရင် ဒီလိုတွေဖြစ်လာမှာ မဟုတ်ဘူးလေ။ နင် လွန်ခဲ့တဲ့လုပ်ရပ်က ငါတို့ကြားက အကွာအဝေးကို ပိုပြီးဝေးကွာသွားစေတာ အမှန်ပဲ မျက်ဝန်း"

"မျက်ဝန်း သိပါတယ်"

"စကားပြောနှင့်ကြဦး။ အန်ကယ် သူတို့ကိုသွားကြိုလိုက်ဦးမယ်။ ဘာလို့ကြာနေမှန်းမသိတော့ပါဘူး"

"ဦးနေလင်း" က မျက်နှာပူ၍ထင့် သူတို့အနီးမှ ရှောင်ထွက်သွားလေတော့၏။ တောင်းပန်ရမှာက သူ့ကိုမဟုတ်ပါဘဲ 'နွေ့'

ကိုသာ ပြောရမှာပါ။ ပြုသူထက် ခံရသူကသာ နာကျင်ရတာ မသိကြဘူးလား။ သူငယ်ချင်းဆိုသည့်ခေါင်းစဉ်ဖြင့် နောက်တစ်ကြိမ် အနားတိုးဖို့ ကြိုးစားလည်း သူက လက်ခံပေးမည်မဟုတ်တော့ပါလေ။

"သုတ"

"ပြော"

"မျက်ဝန်း တောင်းပန်ပါတယ်။ မျက်ဝန်းတို့ရဲ့ကိစ္စကို"

"မေမေက မင်းတို့မိသားစုထဲ ကိုယ့်ကို ထည့်မပေးတော့ ဘူးလို့ စကားကုန်ပြောခဲ့ပြီးပါပြီ မျက်ဝန်း။ ဒါကြောင့် ကိုယ်တို့ကိစ္စ ဆက်မပြောပါနဲ့"

"မျက်ဝန်းက မျက်ဝန်းက ကို့ကို တကယ်သံယောဇဉ် ရှိ တာပါကွယ်။ မျက်ဝန်းဘက်ကို နည်းနည်းလေးတောင်မှ မငဲ့ညှာပေး နိုင်ဘူးလား"

"ကိုယ်ချင်းစာနာစိတ်ထားတတ်တဲ့သူမှသာ ငဲ့ညှာထော ထားတတ်တာပါ မျက်ဝန်း၊ နှလုံးသားကို မုန်းဗောလအော ပေး လောက်အောင် ငါ့မှာ နှလုံးအပိုမရှိလို့ပါ။ ပြီးတော့ မင်းတကယ် တောင်းပန်ရမှာက ကိုယ့်ကိုမဟုတ်ဘူး နွေတို့သားအမိကိုပါ"

"ပိုင်ဆိုင်လိုစိတ်များတာကို လောဘလို့ နွေပန်းချီ ပြော ပါတယ်။ ချစ်တာလေးတစ်ခုနဲ့ ဘာကိုမှမမြင်နိုင်အောင် မျက်ဝန်းကို အမှောင်တွေပဲ ဖုံးလွှမ်းထားခဲ့ကြလို့ပါ။ အပြစ်တွေရှိတာမှန်ပေမယ့်





မျက်ဝန်းနေရာမှာ ဘယ်သူမဆို ဒီလိုပဲလုပ်မိကြမှာပါလေ"

"အတ္တတွေမကြီးပြုပါနဲ့တော့ မျက်ဝန်းရယ်။ မင်းနဲ့ကိုယ် သူငယ်ချင်းအဖြစ်နဲ့တောင်မှ မဆုံချင်တော့တာ အမှန်ပါ"

"ရက်စက်လိုက်တာကွယ်"

မှုရာမာယာတွေများသည်ဟု အထင်မမှားစေချင်ပါ။ ရင်ထဲမှ လိုက်ခနဲတက်လာပါသည့် ခံစားချက်ကြောင့် သူမ မျက်ရည်တို့ ထိန်း မရနိုင်ခဲ့။ 'တိတ်ပါ' ဟု လေပြည်လေးနှင့်တောင် ဖြေသိမ့်မပေးချင် သည့် သူ့ကို စိတ်နာချင်မိတာအမှန်ပါ။ သို့သော် အချစ်သည် ဥပေက္ခာ လက်နက် မဟုတ်သဖြင့် နောက်ဆုတ်ဖို့ကြိုးစားရန် သူမမှာ ခွန်အား တို့ မရှိပါချေ။

မိန်းမတစ်ယောက်၏ချစ်ခြင်းက မြူမှုန်မျှပင် အရာမထင်လေ ပြီ။ 'နွေပန်းချီ' အပေါ်ပေးခဲ့သည့် နှလုံးသားကို မဆိုလေနှင့် တန်ဘိုး မရှိသည့်ပန်းလေးတစ်ပွင့်ကိုသော်မျှ သူမကို သူမပေးခဲ့တာလေ။ နှုတ် များက သူငယ်ချင်းဟု ရေရွတ်ခဲ့သော်ငြား လက်တွေ့ သူမရရှိခဲ့သည် က စိမ်းသက်ခြင်းလွင်ပြင်ကြီးတစ်ခုသာပါပဲ။ သံယောဇဉ်အပိုင်းအစ လေးလောက်နှင့်ပင် သူမတို့၏ အချစ်စံအိမ်လေးကို မတည်ဆောက် နိုင်ဘူးလား။ လိုချင်လျှင် ပုံပေးနိုင်ပါသည့် သက်ရှိသက်မဲ့အရာတို့က သူ့ရှေ့မှာ အရာမဝင်သလိုပါလေ။ ဩော် ... 'ကို' ရယ်။

"မျက်ဝန်း စောင့်နေပါရစေ။ ဘယ်လောက်အချိန်ကြာကြာ

စိတ်ရှည်ရှည်နဲ့ စောင့်နေမှာပါ''

''မောရုံပဲရှိလိမ့်မယ် မျက်ဝန်း။ မင်းမျှော်လင့်သလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်လို့ဘဲ''

''နွေပန်းချီနဲ့ သူက ပြတ်ပြီးသား မဟုတ်လားကွယ်''

''မှန်တယ်၊ ဒါပေမဲ့ ကိုယ်တို့ပြတ်အောင်လုပ်ခဲ့တဲ့တရားခံက မင်းတို့သားအမိပဲလေ''

''သူမှ နွေပန်းချီကမှ ကိုယ့်ကိုပြန်လက်မခံတော့တာပဲ၊ ဒါကို စောင့်နေဦးမှလား''

ရင်ဝမှ စူးအောင့်လာမှုက တစ်ရှိန်ထိုးနာကျင်လာလေတော့၏။ နှလုံးရောဂါသည်ကို ရောဂါပိုတိုးအောင် လာလုပ်ကြံလေသလား။ အသက်ရှူမဝမှုက ပိုဆိုးလာပြီး ခေါင်းထဲမှာပါ တရိပ်ရိပ်မူးလာလေတော့သည်။

''နွေ''

ရောက်မလာသေးဘူးလား။

'မောင်' သေဆုံးသွားရင်တောင် နောက်ဆုံးထွက်သက်မှာ 'နွေ' လက်ထဲမှာပဲ အသက်ရှူခြင်းရပ်တန့်သွားချင်တာပါကွယ်။

''မပြောနဲ့''

''ကိုယ့်ကို စွန့်ပစ်သွားမှန်း သိသိကြီးနဲ့ အရူးလို စောင့်နေမှာပဲလား''





''စောင့်မှာ၊ ဒီဘဝ မပေါင်းရလို့ နောက်ဘဝကူးသွားရင်တောင် အဲဒီအချိန်ထိ စောင့်နေဦးမှာ''

''သား!''

''သုတ!''

ခုတင်ထက် ထိုင်လျက်သားရှိရာမှ လဲကျစဉ် မေမေ ပြေးပွေ့လိုက်တာကိုသာ သူနောက်ဆုံးသိလိုက်ရပါ၏။ အရေးပေါ်ခလုတ်နှိပ်လိုက်သည့်အသံ၊ စိုးရိမ်တကြီး အော်ခေါ်နေကြတာတွေကို နားထဲမှာ တိုးသဲ့သဲ့မျှသာ ကြားရတော့သည်။

'မောင့်' ကမ္ဘာကြီး မှောင်အတိကျသွားရပါပြီ 'နွေ'။

''အို! ... ဘယ်လိုဖြစ်ရတာလဲ''

''ဘာမှမသိတော့ပါဘူး သမီးရယ်။ စကားပြောနေရင်း လဲကျသွားတာမြင်လို့ အန်တီ ပြေးထိန်းလိုက်မိတာ''

''ကျွန်မ ပြောထားတယ်လေ၊ လူနာကို စိတ်ချမ်းသာပါစေလို့ ... ဒုက္ခပါပဲ''

''အားလုံးပဲ ဖယ်ပေးပါ။ Patient နားမှာ လူသိပ်များနေပြီ''

'ဒေါက်တာမိုးဝသန်' ရောက်လာပြီမို့ ညွှန်သည်တွေကို အပြင်ထွက်ခိုင်းရပါ၏။ သတိလစ်သည်အထိ စိတ်ထိခိုက်ရအောင် ညည်သို့သောစကားတွေများ ပြောနေကြပါသလဲ၊ နှလုံးနှိုးစက်ယူလာပေးတာက အဆင်သင့်ဖြစ်နေသလို oxygen ထည့်ထားသည့်ဘူးကို

သူ့မျက်နှာထပ် Mask အုပ်ပေးလိုက်ရပါ၏။ လူက ထူပူနေတာ မှန်ပေမယ့် လက်ကဖြင့် လုပ်နေကျအလုပ်ကို နေသားတကျ လုပ်ပေးနေမိတာလေ။

''စက်မသုံးသေးဘူး''

သူက ရှေးဦးပြုစုနည်းကို ပထမဦးဆုံး သုံးလိုက်လေ၏။ ခေါင်းကို အနည်းငယ်မျှ မော့ပေးကာ ရင်ဘတ်ကို အမှတ်စဉ်ရေတွက်၍ ဖိနှိပ်ပေးနေပါသည်။ အခြေအနေကို ကြည့်၍ ခွဲစိတ်ရတော့မည် မှန်း ကျွန်မ သိနေပါ၏။ မသေပါနဲ့ဦးနော်၊ 'နွေ့' မျက်စိရှေ့မှာတင် 'နွေ့' ကို တစ်ချက်မှမကြည့်ဘဲ အခုလိုကြီး ရုတ်တရက် ထွက်မသွားပါနဲ့ 'မောင်' ရယ်။

'မောင့်' အပေါ်ထားရှိခဲ့ပါသည့် မေတ္တာနှင့်သစ္စာတရားတို့ အစစ်အမှန်ဖြစ်ခဲ့ပါက ယခုဘဝ၌ တပည့်တော်မထက် အရင်ဆုံး 'မောင့်'ကို အသက်ရှင်ခွင့် မရုပ်သိမ်းပါစေနှင့် မြတ်စွာဘုရား။ အကယ်၍သာ နှစ်ယောက်တည်းမှ တစ်ယောက်ကိုခေါ်မည်ဆိုပါက တပည့်တော်မ 'နွေပန်းချီ'ကိုသာ အရင်ဆုံးခေါ်တော်မူပါရှင်။

''နွေ''

''----''

''နွေ''

''ရှင်!''





''ဒုက္ခပါပဲ၊ လူနာသတိလစ်သွားတာနဲ့ နွေ့မျက်နှာက သွေးဆုတ်ဖြူဖျော့နေပြီ။ သတိလည်းထားပါဦး''

''ခွဲစိတ် ... ခွဲစိတ်''

''Operation လုပ်ဖို့ မလိုပါဘူး။ ဒီလောက်ကြီးစိုးရိမ်မနေနဲ့လေ။ နွေဖြစ်နေပုံက လူနာရှင်တွေထက်တောင်မှ လွန်နေပြီ''

''အဲဒါကြောင့် နွေ့ကို အနားယူဖို့ပြောနေတာပဲ ဒေါက်တာရယ်။ နွေက ခေါင်းသိပ်မာတယ် တာကယ်ပဲ''

''ဟုတ်ပါတယ် သမီးရယ်။ သားလည်း နေကောင်းတော့မှာပဲဟာ။ သမီး အနားယူဖို့လိုတယ်နော်''

ဝိုင်းပြောနေကြပြီမို့ 'မောင်' အနီးမှာရပ်နေလျက်မှ နောက်ကို ဆုတ်လိုက်မိပါ၏။ စက်ထဲမှ တီတီဟု မှန်မှန်ပြန်မြည်နေပါသည့် လုံးကြိမ်နှုန်းကို တစ်ချက်ကြည့်လိုက်သလို 'မောင့်' မျက်နှာကိုပါ ခပ်ကြာကြာလေး ကြည့်လိုက်မိလေ၏။

သွားပါတဲ့ 'မောင်'။ အနားမှာမရှိစေချင်လို့ နှင်နေကြပါပြီ။ 'မောင်' လည်း အတူတူပဲ မဟုတ်လား။ 'မျက်ဝန်းညို' တစ်ယောက် သားနားရောက်လာသည်နှင့် စိတ်လှုပ်ရှားပြီး နှလုံးက အခြေအနေ ပြောင်းကုန်တာလေ။ ကျွန်မသိလိုက်ပါပြီ 'မောင်'။

'နွေ' ဆိုတာ ဘယ်လိုပဲပူနွေးမှုပေးပါစေ နွေရာသီကို နှစ်ခြိုက်တဲ့ လူဦးရေက နည်းပါးလွန်းပါရဲ့။ ထို့အတူ 'နွေပန်းချီ' ဆိုတဲ့

ကျွန်မကို လိုလိုလားလား လက်ခံပေးမည့်သူကလည်း တစ်ဦးတလေ မရှိတော့တာလေ။

နေပါဆိုလို့ ဒီနှစ်ပတ်အတွင်း အနားမှာပဲ နေပေးခဲ့ပါတယ် ဘာမှ သိပ်မကြာလိုက်တဲ့ အခိုက်အတန့်လေးမှာ 'မောင့်' ဘေးနား ရှိခွင့်ရခဲ့တာပါ။ အခုတော့ သွားပါဆိုလို့ ကျွန်မ သွားရပါတော့မယ် 'မောင်'။ 'နွေ' ဆိုသည့်ကျွန်မက ထားရာနေ စေရာသွားရတဲ့ 'မောင့်' ကြိုးဆွဲရုပ်သေးလေးဖြစ်ခဲ့တာကို 'မောင်' အမှတ်ရနေပါစေကွယ်

''နွေ''

''ဒေါက်တာ''

''ပြောလေ နွေ''

''အန်ကယ်ပြောထားတဲ့ကိစ္စကို ကျွန်မ လက်ခံပါတယ်''

''ဘယ်လို''

''ဟင်!''

''ဒေါက်တာခေါ်တဲ့နောက်ကိုလည်း ကျွန်မ လိုက်မှာ လိုက်ပါရစေ''

''နွေက''

''လက်ခံမှာ မဟုတ်လားဟင်''

''ဟာ! ... သိပ်လက်ခံတာပေါ့ နွေရယ်။ ဘယ့်နှယ်ပြော လိုက်ပါလိမ့်။ ကိုယ်က ပိုဝမ်းအသာဆုံးဖြစ်တာပေါ့''





'ဒေါက်တာမိုးဝသန်' နှင့် ကျွန်မပြောသည့်စကားကို မည်သူမှ နားမလည်ကြပါ။ ဆေးရုံအုပ်ကြီးပြောထားသည့်ကိစ္စက တိုးတိုးတိတ်တိတ် plan အဖြစ်ပဲရှိသေးတာမဟုတ်ပါလား။ ဦးဦးနှင့်အန်တီ ဆွေပါမက 'ဖူးငုံ' ပင် နားမလည်ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေကြလေသည်။

'ဖူးငုံ' ကို လူနာစောင့်ကြည့်ဖို့ တာဝန်လွှဲခဲ့ပြီး အခန်းထဲမှ ကျွန်မထွက်လာခဲ့ပါ၏။ ဒီတစ်ကြိမ် ကျောခိုင်းခြင်းက အပြီးတိုင်ဖြစ်တော့မည် ထင်ပါရဲ့။ ချစ်ခြင်းကြောင့် အချစ်သင့်ခံရတာပါ။ လွမ်းခြင်းကြောင်လည်း အလွမ်းသင့်ဒဏ်ရာတွေ ရခဲ့ရပါတယ်။ 'မောင့်' ကြောင့် 'မောင့်' အနီးမှ ကျွန်မ ထွက်ခဲ့ရတာပါလေ။ 'မောင်' ချစ်တဲ့ 'မျက်ဝန်းညို' နဲ့ ပျော်ရွှင်နိုင်ပါစေနော်။

❋ ❋ ❋

# အခန်း (၂၉)

## တစ်လကျော်ကြာပြီးသည့်နောက်

မိုးစက်တို့ တဖြောက်ဖြောက်အသံမြည်၍ ရွာနေပါ၏။ ကောင်းကင်တစ်ခွင် တိမ်မည်းတို့ကြောင့် အလင်းရောင် သိပ်မရှိပါချေ။ မကြာသေးခင်က ပျဉ်ထောင်အိမ်လေးကိုဖြိုပြီး တိုက်ပုဖြူဖြူလေး ဆောက်ထားပြီမို့ သစ်ပင်တွေ အုံ့ဆိုင်းနေပါသည့် ခြံလေးထဲမှာ တိုက်ကလေးက သစ်လွင်နေပါသည်။

ထုံးစံအတိုင်း အကျင့်ဖြစ်နေပါသည့် မျက်လုံးတို့က မနက် (၅) နာရီထိုးသည်နှင့် နိုးနေကျအတိုင်း အိပ်ရာထဖြစ်ပါသည်။ ဆံပင်ကို ဘီးကျော့ပတ်ကာ ရေချိုးခန်းထဲဝင်၍ မျက်နှာသစ်၊ သွားတိုက်လိုက်ပါ၏။ ပြီးနောက် မီးဖိုချောင်ဝင်လျက် ချက်ဖို့ပြုတ်ဖို့ စီစဉ်ရလေသည်။ မနေ့က ဈေးသွားဖြစ်တာမို့ ဒီနေ့ သွားစရာမလိုတော့ပါ။





ဒီလိုမိုးအေးအေးမှာ စောင်ခြုံထဲကွေးပြီး နှပ်လို့ အတော်မှု ကောင်းလိုက်ပါမည်နည်း။ ဘဝကိုက အငြိမ်မနေရပါဘဲ လှုပ်ရှားရန် ကန့်ဖို့ဇာတာ ပါခဲ့ရတာလေ။ ထမင်းအိုးတည်ထားရင်း မနေ့က ဝယ် ထားပါသည့် ငါးမြစ်ချင်းခြစ်ကို ဂျင်း ကြက်သွန်ဖြူဖြင့် ရေဝေထောင်း လျက် ငါးဆုပ်လုပ်လိုက်၏။ အာလူးလေးငါးခြောက်လုံးခန့် ရေဆေး ကာ ပြုတ်ထားစဉ် ကန်စွန်းရွက်ခြွေလိုက်ပါသည်။ အရည်ချက်ရန် အတွက် ချဉ်ပေါင်မွှေကာ ဟင်းချိုချက်ဖို့ ပြင်ထားပါ၏။

ခရမ်းချဉ်သီးကို သုံးလုံးခန့် ဆေးကာ ပါးပါးလှီးလိုက်ပြီး နံနံပင်ပါ ရေဆေး၍ ထက်ဝက်ဖြတ်လိုက်ပါသည်။ ဆီဒယ်အိုးတည် ကာ ဇရုတ်ဆုံမှာ အရောင်တင်မှုန့်၊ ဂျင်း ကြက်သွန်ဖြူ ကြက်သွန်နီ ညက်အောင်ထောင်းထားလိုက်၏။ ငါးဆုပ်ထဲမှာ ဆားနှင့်ဟင်းချိုမှုန့် ထည့်ထောင်းထားတာမို့ ငါးဆုပ်ကြော်က အရသာရှိပြီးသားပါ။ ငါး ဆုပ်လုံးလေးတွေကို ဆီအိုးထဲမှ ဆယ်၍ ဆီသပ်လိုက်ပါ၏။ ပြီးနောက် ခရမ်းချဉ်သီးကျက်အောင် တည်ကာ ငါးဆုပ်ထည့်ရောချက်လိုက်ပါ သည်။

ငါးဆုပ်ဟင်းအိုးကို နံနံပင်အုပ်၍ ချပြီးနောက် ဟင်းချိုအိုး တည်ထားလိုက်၏။ နောက်ဆုံးမှ ကန်စွန်းရွက်ကြော်ရန်ပြင်ဆင်ပြီး ရေချိုးဖို့ပြင်ရလေတော့သည်။ အခုဆို အလုပ်နှစ်ခုလုပ်နေပြီမို့ ည မိုးချုပ်မှ အိမ်ပြန်ရောက်လေ၏။ မေမေ့ကျန်းမာရေးကောင်းနေသဖြင့်

ကျွန်မ အလုပ်ပိုလုပ်ဖြစ်တာပါ။ မေမေ့ကိုလည်း စက်မချုပ်တော့ဖို့ ပြောပေမယ့် နီးစပ်ရာ မျက်နှာနာရသည့်အပ်ထည်အနည်းငယ်ကို တော့ ချုပ်ပေးပါသည်။ အလုပ်မရှိလျှင် မနေတတ်တာကို အပြစ် ပြော၍ မရပါလေ။

"သမီးရေ"

"နွေ့, ရေချိုးခန်းထဲမှာပါ မေမေ"

"ဆွမ်းတော်တင်မလို့ မေးတာပါ"

"ဘုရားပန်းက မနေ့ကတည်းက နွေ့ လဲပေးထားပါတယ်။ ဟင်းတွေ ကျက်နေပါပြီ"

"အေး ... အေး"

မိုးလည်းအေးတာမို့ ရေမြန်မြန်ချိုးကာ uniform ဝတ်ရပါ၏။ မိုးတွင်းဆို လိုင်းကားပဲ စီးရတာမို့ အိမ်မှ စောစောထွက်ရလေသည်။ အိမ်ရှေ့ဝရန်တာလေးမှာ သူဝယ်ပေးခဲ့သည့် (ကျွန်မ ငွေပေးချေခဲ့ပါ သည့်) စက်ဘီးနီနီလေးက ငြိမ်ငြိမ်သက်သက် ရှိနေလေ၏။ အဝတ် အစားလဲရန် ထွက်ခဲ့စဉ် မီးဖိုခန်းထဲမှာ မေမေက ကန့်စွန်းရွက်ကြော် နေလေပြီ။

"မေမေကလည်းလေ ... နွေ့ပဲ ကြော်ပါမယ်ဆို"

"ဒါလောက်လေးနဲ့ မပင်ပန်းပါဘူးကွယ်။ မေမေ ဆွမ်းတော် ကပ်ဦးမယ်။ သမီး ထမင်းဘူးခူးနှင့်တော့"





"ဟုတ်ကဲ့"

မေမေ, ဘုရားဝေယျာဝစ္စပြုလုပ်ပြီး ဘုရားရှိခိုးစဉ် ကျွန်မက အလုပ်သွားဖို့ အဆင်သင့်ပြင်ပြီးချေပြီ။ ဟိုးအရင်ကဖြင့် ဒီလို မနက်စာ စားတိုင်း အပြေးရောက်လာတတ်ပါသည့် လူငယ်လေးကဖြင့် အခု တော့ မလာတော့ပြီ။ ဒီဟင်းကြိုက်တတ်၊ ဟိုဟာလေးစားမယ်ဆိုပြီး လက်ညှိုးထိုးပြခဲ့သည့်ပုံရိပ်တို့က တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ ချေပြီ။

နောက်ဆုံးတော့ ကျွန်မတို့အိမ်လေးက ထုံးစံအတိုင်း တိတ် ဆိတ်ငြိမ်သက်ပြီး အထီးကျန်နေခဲ့တာပင်။ ထမင်းချိုင့်ခူးပြီးနောက် ခြင်းတောင်းလေးထဲစီထည့်ကာ အခန်းထဲ၌ ထီးမေ့ကျန်ခဲ့သဖြင့် ဝင်ယူ ရပြန်၏။ ဖိုက်ထဲသိပ်မဆာ၍ အဆာပြေမစားဖြစ်တော့ပါ။

မေမေ ဘုရားရှိခိုးနေတာကို အနောက်ဘက်မှပင် ဦးချ ကန်တော့လိုက်ပါ၏။ ပြီးနောက် ဝရန်တာ (ဖိနပ်ချွတ်နေရာ) သို့ ဆင်းလိုက်ပြီး ဖိနပ်ဖြူလေးကို ဝတ်လိုက်ပါသည်။ ခြေလှမ်း၍ လှေကား ရှိရာတံခါးကို ဖွင့်မည်ပြုစဉ် ထောက်ခနဲ ပြတ်သွားသံကို ကြားလိုက် ရလေ၏။

"ဟာ! ... ကျစ်!"

ကံများမကောင်းချင်တော့ စောစောစီးစီး ဖိနပ်ပြတ်ပြီ မဟုတ် ပါလား။ ဖိနပ်စုတ်ကို အမှိုက်ပုံးထဲပစ်ထည့်လိုက်ကာ တိုက်လေးထဲသို့

ပြန်ဝင်ခဲ့ရပြန်ပါ၏။ အခန်းထဲမှာ အသစ်ဝယ်ပြီးသိမ်းထားပါသည့် ဖိနပ်ဘူးကို ဖွင့်ယူလိုက်ရပါသည်။ မိုးစီးဖိနပ်အပြာလေးက ခပ်ထူထူ ချော်မလဲစေရန် ကူညီတန်ကောင်းပါရဲ့။

*

ကားကို လမ်းထဲသို့ဝင်လိုက်စဉ် သူ့ရင်ခုန်သံက အလို မြည်သံကျယ်လောင်လာပြန်လေ၏။ ထောင့်ဆုံးခြံလေးဆီ ရော အောင်မောင်းခဲ့တာမို့ လမ်းက ခါတိုင်းထက်များ ပိုရှည်နေသည် ထင်မှတ်ရလေသည်။ အဘယ်မှ ရင်ခုန်ဖွယ်ရာ ကောင်းလိုက် သနည်း။

'မောင်' လာနေပြီ 'နွေ'။

စိတ်ထဲမှ တီးတိုးရေရွတ်ရင်း ပြုံးလိုက်မိလေ၏။ သူသ ဆေးရုံ အပတ်စဉ်သွားမပြဖြစ်ခဲ့လျှင်၊ သူသာ 'ဒေါက်တာမိုးဝသ နှင့် စကားအေးအေးဆေးဆေး ပြောဆိုမဆွေးနွေးဖြစ်ခဲ့လျှ ဒီအကြောင်းကိစ္စကို သေချာသိရမည်မဟုတ်ပါလေ။ မင်းက 'မော ကိုရင်ခုန်ပြီးသေစေနိုင်ပါရဲ့ 'နွေ' ရယ်။

ခြံဝင်းလေးရှေ့မှာ ကားကိုရပ်လိုက်ပါ၏။ ဖြောင့်ထီးရှည်ပြီ





ကိုယူ၍ ကားပေါ်မှဆင်းလိုက်ပါသည်။ 'နွေ' တို့ခြံတံခါးက အသေး လေးပဲ တပ်ထားတာမို့ အတွင်းကို လက်နှိုက်၍ ဖွင့်လိုက်ပါ၏ သော့မခတ်ထားသည့် ခြံတံခါးကို သူ လွယ်လင့်တကူ ဖွင့်၍ ရသွား ပါသည်။

ခြံထဲသို့ဝင်ချိန်အထိ တိုက်ပုလေးထဲမှာ ဘာသံမှကြားရပါဘဲ တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ဟိုအရင် ပျဉ်ထောင်အိမ်လေးကို သူ သတိရ တမ်းတမိပါသည်။ အဲဒီတုန်းကဆို 'နွေ့' အခန်းထဲကို လည်း သူမြင်နိုင်၏။ မီးဖိုခန်းထဲ ချက်ပြုတ်နေတာ၊ ရေကပြင်မှာ ဆေးကြောနေတာ၊ အိမ်ပြင်မှာ အဝတ်ထွက်လှန်းတာကိုကအစ တွေ့ ရတာပါ။

အခုတော့ တိုက်လေးဖြစ်သွားသည်နှင့် သူကြည့်နေကျ အရိပ်လေးကို တွေ့ခွင့်မရတော့ပြီ။ မိုးတွင်းမိုးရွာသည်မို့ အပြင်မှာ အဝတ်လှန်းတာကိုပါ မမြင်ရတော့ပါလေ။ တွေ့နေမြင်နေကျ အရိပ် လေးကို ပြန်မမြင်တော့သော်လည်း ဝေးဝေးကာငေးပြီး အလွမ်းဖြေခဲ့ရ တာမဟုတ်လား။ အုတ်လှေကားသုံးထစ်ရှေ့မှာ သူ မတ်မတ်ရပ်ရင်း ပြုံးလိုက်မိ၏။ အခုနေ 'နွေ' သာ ထွက်လာပါလျှင်' အဘယ်မျှ အံ့ဩသွားလိမ့်မည်နည်း။

'မောင်' ရင်တွေ အရမ်းခုန်နေပြန်ပြီ 'နွေ'။

"ဘယ်လို! ... နွေ့ကို အိမ်ဆောက်ပေးတယ် ဟုတ်လား"

"တိုက်ပုလေးဆောက်ပေးတာ ဒေါက်တာမဟုတ်ဘူးလား"

"ကြံကြံဖန်ဖန်လည်း တွေးတတ်ပ့ါ ကိုမင်းသုတရယ်။ ဒီလောက် မာနကြီးတဲ့နွေးက ကျွန်တော်ပေးတဲ့ငွေကို လက်ခံမှာတဲ့လား"

"ဒါဖြင့် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ လွန်ခဲ့တဲ့သုံးလလောက်က နွေး ထီဆုလေး အတွဲလိုက်ပေါက်တယ်ခင်ဗျ။ အဲဒီဆုငွေတွေနဲ့ သူစုထားတဲ့ငွေပါ ပေါင်းပြီး အဲဒီတိုက်လေးကို ဆောက်ဖြစ်ခဲ့တာပါဗျာ။ ကျွန်တော့် ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မပါပါဘူး"

"ဒါဆို ဆေးရုံအုပ်ကြီးပြောတာကို လက်ခံတယ်ဆိုတာကရော"

"မှန်တယ်လေ၊ ဒယ်ဒီ့ညီမဖွင့်ထားတဲ့ ဆေးခန်းမှာ part time သုံးရက်သွားကူပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေထပ်ရှာခဲ့တာပဲ။ အစက ဒယ်ဒီပြောတာကို မလုပ်ဘူးငြင်းခဲ့ပြီးမှ လက်ခံခဲ့တာ"

"ဟင်!"

သူ အံ့သြခြင်းမက အံ့သြနေရပါ၏။ မေမေတို့ကြားခဲ့ပါသည့် သတင်းက အမှားကြီးဖြစ်နေတာပေ့ါ။ ဘယ်လိုဖြစ်ပြီး သူ သတိလစ်သွားချိန်မှာ 'နွေး' ကို ဆုံးရှုံးရပြီဟူသည့် သတင်းကို ပြောခဲ့ကြတာပါလိမ့်။ ဆေးရုံရှိ စမ်းသပ်ခုတင်ထက်မှာ သူ ငုပ်တုတ်ထိုင်နေမိပါ၏။





"ဒါနဲ့ . . . ဒါနဲ့ . . . ဒေါက်တာ့နောက်ကို လိုက်ခဲ့မယ်ဆိုတာကရော"

"ဗျာ! . . . ဟား ဟား ဟား ဟား"

သူမေးတာကို ချက်ချင်းပြန်မဖြေပါဘဲ ရယ်မောနေပါသည့် ဆရာဝန်ကို ငေးကြည့်နေမိပါ၏။ ဤလူရဲ့လက်ထဲကို သူ့ချစ်သူလေး ပါသွားလေပြီဟု ထင်ခဲ့မိတာ မှားခဲ့ပြီတဲ့လေ။ ကံကြမ္မာ ကျီစားမှုက 'မင်းသုတ' ရဲ့နှလုံးသားကို ကပြောင်းကပြန်တွေ ဖြစ်စေကုန်ပါရောလား။

"ဟင်း ဟင်း . . . အဲဒါလည်း ကျွန်တော်တို့ဆေးရုံက ဆရာဝန်တွေ၊ နာ့စ်တွေ နယ်ကို ကွင်းဆင်းကုသရေး centre ဖွင့်လို့ အလှည့်ကျ သွားကုပေးတဲ့အဖွဲ့နဲ့ လိုက်ပ့ါမယ်လို့ ပြောခဲ့တာဗျ"

"ဟာ! . . . တကယ်လား"

"တော်တော်လေး စိုးရိမ်မှု မြင့်ခဲ့တာပါလားဗျာ . . . ဖြစ်ရလေ"

"ကျွန်တော်က . . . ကျွန်တော်က . . . ဒေါက်တာနဲ့နွေးကို"

"ကျွန်တော် နွေးကို စိတ်ဝင်စားခဲ့တာ မှန်ပါတယ်"

"ဗျာ!"

"ချစ်လည်း ချစ်ခဲ့တာကို ဝန်ခံပါတယ်၊ ဒါပေမဲ့ နွေးပန်းချီက သူ့မှာ တစ်ဦးတည်းသာ ချစ်ခဲ့တဲ့ချစ်သူ ရှိပါသတဲ့။ အဲဒီချစ်သူနဲ့

ခဏတာဝေးတာမျိုးမဟုတ်ဘဲ တစ်သက်တာဝေးခဲ့ရင်လည်း အဲ တစ်ယောက်တည်းကိုပဲ သူ့ဘဝရဲ့နောက်ဆုံးထွက်သက်အထိ ချစ်သွား မှာပါတဲ့ဗျာ။ ကဲ! ... ကျေနပ်ပြီလား။ အဲဒါ ဘယ်သူလဲဆိုတာကိုရော ပြောပြဦးမှာလား"

"ဟင့်အင်း"

သူ့စိတ်တွေ အဘယ်မျှ လှုပ်ရှားခဲ့ရပါသလဲ။ ဒါဖြင့် 'နွေ' က သူ့ကို မမုန်းဘူးပေါ့နော်။ သူ မမြင်ချင်ဘူးပြောရုံနဲ့ အလိုက်တသိ ရှောင်ပေးခဲ့တာပေါ့။ ဘယ်အထိများ ပြေးဖို့ ဘယ်အချိန်ထိ ပုန်းဖို့များ ရှောင်နေဦးမှာလဲ 'နွေ' ရယ်။

'မောင်'က 'နွေ့'ကို အသက်ထက်ပိုပြီး ချစ်နေတုန်းဆိုတာ 'နွေ' သိအောင်ပြောဖို့ အခုရောက်နေတာပါ။

'မောင်'တို့ဆုံကြပါစို့ 'နွေ'။

"နွေ, သွားပြီ မေမေ"

အိမ်လေးထဲမှထွက်ကာ ဖိနပ်စီးလိုက်တာကို ရိပ်ရိပ်လေးမျှ မြင်လိုက်ရလေ၏။ ဝရန်တာတံခါးကိုဖွင့်၍ လှေကားထစ်ဆင်းရန် ပြင်လိုက်ပါသည့် 'နွေ' က ခေါက်ထီးပြာလေးကိုဖွင့်လိုက်တာနှင့် လှေကားရင်းမှာ ရပ်နေပါသည့် သူ့ကိုမမြင်ဘဲ ထီးဖြင့်ကွယ်ထားသည် နှယ် ဖြစ်သွားပါသည်။

"အမလေး!"





"နွေ"

"ဟင်! ... မောင် ... အဲ!"

မိုးစက်တွေ တဖောက်ဖောက်ကျနေပါသည့်အောက်မှာ ဖြောင့်ထီးနက်လေးဆောင်း၍ ရပ်နေပါသည့် 'မောင်' ကို ကျွန်မ တအံ့တသြဖြင့်ကြည့်လိုက်မိပါ၏။ ထင်မထားချေသို့ ရုတ်တရက် မင်သက်နေမိတာပါ။ ဟိုတုန်းကလို ကြည့်ကောင်းပြီး အသားအရေ စိုပြေဖြူဝင်းနေသဖြင့် နေအတော်လေးကောင်းနေပြီဟု ယူဆမိလေ၏။

"လာကြိုတာ"

"ရှင်!"

"အလုပ်ကိုလိုက်ပို့ပေးမလို့လေ"

"အို! ... မဟုတ်တာ၊ နေလည်းကောင်းကောင်း ကောင်း သေးတာမဟုတ်ဘူး။ မိုးရွာနေတာ ချမ်းချမ်းစီးစီးနဲ့။ အနွေးထည် ထပ်မဝတ်အဲ ဒီလို T-shirt လေးနဲ့ အပြင်ထွက်လာရလား။ ဖျားနေမှ ဖြင့် ခက်လိုက်တာနော်"

"မောင် နေကောင်းပါတယ် နွေရယ်"

"ဒီနေ့ Monday လေ အလုပ်မသွားဘူးလား"

"ဟင့်အင်း ... မောင် Resign တင်လိုက်ပြီ၊ အခု ကိုယ်ပိုင် ဆိုင်လေးဖြစ်ဖြစ် ဖွင့်ဖို့ပြင်ဆင်နေတယ်"

''ဘာဆိုင်လဲ''

''Electronic ပစ္စည်းဆိုင်ပါ''

''စီးပွားတော့ဖြစ်ဦးမှာပဲ''

''နွေက အကြံပေးပေါ့''

''ဘာအကြံပေးရမှာလဲ''

''မောင့်ကို ဆရာဝန်က ပင်ပင်ပန်းပန်း မလုပ်ရဘူးလို့ မှာထားတယ်လေ။ အိမ်ထောင်ပြုရင်လည်း စိတ်ချမ်းသာအောင်ထားပေးပါ''

''ဘယ်သူ . . . နွေက''

''ဒါပေါ့''

''ဘယ်သူကယူမယ် ပြောလို့လဲ''

''ပြောနေတယ်လေ''

''ဟင်! . . . မပြောပါဘူး။ ဘယ်တုန်းက ပြောဖူးလို့လဲ''

''ဒီထဲက ပြောနေတာ မကြားဘူးလား''

''ဘာရယ်''

''မောင့်ရင်ထဲက အသည်းပန်းချီကားလေးက ပြောနေတယ်လေ။ မောင့်ကို နွေ လက်ထပ်မှ နှလုံးသားလေး ရှင်သန်ခွင့်ရမှာပါတဲ့''

ကျွန်မ ရယ်ချလိုက်မိလေတော့၏။ ဘယ်တုန်းကများ ဒီလို





စကားတွေ တတ်လာပြီး လာပြောနေပါလိမ့်နော်။ ရင်ခွင်ထဲက အသည်းပန်းချီက 'နွေ' ကို လက်ထပ်မိုင်းနေပါသတဲ့၊ သူက အသည်းယားလာပုံဖြင့် 'နွေ' လက်ကို လှမ်းဆွဲလိုက်လေ၏။ လှေကားနှစ်ထစ်မြောက်မှာ ရပ်နေပါသည့် ကျွန်မက 'မောင့်' ရင်ခွင်ထဲသို့ ထွေးခနဲကျသွားရလေသည်။ ထီးနှစ်ချောင်းလုံး ဘာမှ မလုံတော့သဖြင့် မိုးရေတို့ စိုကုန်လေတော့၏။ သို့သော် နှလုံးသားတို့ကဖြင့် နွေးနွေးလေး ရှိနေပါသည်။

လေးစားလျက် . . .



21st April 2016

PM (4:00)

# နောက်လာထွက်မည့်စာအုပ်

## (91) အုပ်ခြောက်

### "မင်း လက်ထဲက ရေလေး ငါ"

မျက်စောင်းလေးတစ်ချက်နဲ့ ကိုယ့်နှလုံးသားက အသက်ဝင်ပြီး ချစ်ခြင်းရဲ့ဒဏ္ဍာရီတစ်ပုဒ် စတင်ခဲ့ရတာပါ။ 'အချစ်' တွေ 'အသက်' တွေဆိုပြီး အရွယ်နဲ့မလိုက်ဖက်သည့် စကားလုံးတွေကို မပြောခဲ့ မပြောရဲပါလေ။ အရိပ်လေးကြည့်ရုံမျှဖြင့် စိတ်တွင်းမှာ နှစ်သိမ့်စေခဲ့တာပါ။ ဖွင့်ပြောဖို့ သတ္တိဆိုတာထက် မညီမျှ မလိုက်ဖက်သည့် အရွယ်၏ ခြားနားချက်ကြောင့် တစ်နေရာမှာပဲ ရှေ့မဆက်ဘဲ ရပ်တန့်နေမိတာကို နားလည်နိုင်ပါ့မလား။ သေချာတာတစ်ခုကဖြင့် ဒီလူရဲ့ရင်ထဲမှာ မင်းကို ချစ်မြတ်နိုးနေမိတဲ့ နှလုံးသားတစ်စုံ ရှိနေတယ်ဆိုတာပါလေ။

သိပ်ချစ်မိနေပြီ 'ကလေး' ရယ်။